

Asian Fame Media Group
MEDIA GROUP

Asian Fame Media Group

ငွေသော်တာ ၁၃၇၄

ဟိန်းလတ် ၃-၁၃၇၄

The YATI MAGAZINE

စာပေအနုပညာမဂ္ဂဇင်း

Vol. 9, No. 103, October, 2012

## နိုင်ငံတော်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး··· ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး··· ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး··· ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


| | |
|---|---|
| တာဝန်ခံအယ်ဒီတာ | **မိုးမိုးစောဝင်း** (moemoesawwin.1971@gmail.com) |
| အယ်ဒီတာ | **ယုယအိမ်၊ ဖြိုးစုပိုပို** |
| အယ်ဒီတာ(R & D) | **မြင့်သူဇာထွန်း** |
| ကဗျာအယ်ဒီတာ | **လွှမ်းရုံ** |
| သတင်းထောက် | **သီတာစိုး၊ မိုးသောက်ကြယ်** |
| ဒီဇိုင်းတာဝန်ခံ | **ပန်းရျာန်** (စီမံဒါရိုက်တာ) |
| ဒီဇိုင်းအဖွဲ့ | **ဇိုမြတ်လင်း၊ ထွန်းထွန်းလင်း**(ကြီးကြပ်ရေးမှူး) **ရွှေဇင်ဦး** |
| ကွန်ပျူတာအဖွဲ့ | **ဝင်းဝင်းလှိုင်၊ ခင်သက်လှိုင်** |
| စာပြင် | **သီဟထွန်း** |
| ကြော်ငြာအဖွဲ့ | **တင်စန္ဒာဝင်း**(ဒု-မန်နေဂျာ)၊ **သပြေဇင်ဇင်ချို**(ဒု-မန်နေဂျာ)၊ **နန်းအိအိခိုင်**(လ/ထ မန်နေဂျာ)၊ **ထွင့်မြတ်သူ**(ကြီးကြပ်ရေးမှူး) |
| Marketing Executive | **ခင်ငြိမ်းချမ်းဦး၊ ဌေးလင်းအောင်၊ ဌွန်သန္တာဦး၊ အောင်ကိုကိုစိုး၊ မေသဲဦး၊ ခိုင်ခိုင်လွင်** |
| ဘဏ္ဍာရေးအဖွဲ့ | **မိုးယုမာ** (မန်နေဂျာ)၊ **ခင်ငြိမ်းစုအေး** (ဒုမန်နေဂျာ)၊ **မိုးမိုးကျော်** (လ/ထ မန်နေဂျာ)၊ **နီလာဝင်း** (လ/ထ မန်နေဂျာ) |
| ဖြန့်ချိရေးအဖွဲ့ | **သူရဇော်၊ ကျော်လှိုင်ဝင်း၊ ထွန်းထွန်းဦး၊ ဇော်မင်းအောင်၊ ဇော်လင်းဦး၊ အောင်အောင်** |
| ရုပ်တီဓာတ်ပုံပညာရှင်များ | **ဝဏ္ဏခွာနီ၊ အေးဇော်မိုး**(စက်မှု)၊ **ကိုနိုင်** (ပေါ်ပြူလာ) |

| | |
|---|---|
| ထုတ်ဝေသူ | **ဒေါ်နန်းကလျာဝင်း (၀၄၃၀၈)** |
| ဥပဒေအကြံပေး | **ဦးအိနစ်** (တရားရုံးချုပ်ရှေ့နေ) |
| ဖလင် | **Eagle** |
| အတွင်းကာလာခွဲ | **ကမ္ဘာဦး** |
| စာအုပ်ချုပ် | **ဝင်းပပ** |
| တန်ဖိုး | **၂၀၀၀** |
| အုပ်ရေ | **၁၀၀၀** |

| | |
|---|---|
| မျက်နှာဖုံးပုံနှိပ် | **ငွေကံ့ကော် (မြ-၀၆၃၆၁)** |
| အတွင်းပုံနှိပ် | **အောင်သိန်းသန်း (မြ-၀၅၉၉၂)** |
| အယ်ဒီတာအဖွဲ့ရုံးခန်း | **အမှတ်-၁၅၀/၁၆၀၊ ၃၅ လမ်း(လယ်)ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့** **ဖုန်း-၂၄၉၁၆၅၊ ၃၈၅၄၉၅၊ ၃၇၂၈၃၄၊ စာတိုက်သေတ္တာအမှတ် - ၁၄၀** |
| Website | yatimagazine.com |
| Email | yati@popularmyanmar.com |
| မန္တလေးရုံးခွဲ | **အမှတ်** 3(A)၊ **လမ်း ၃၀၊ ၆၄×၆၅လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း ၀၁၀၅၀၀၀၃၈၀။** |
| Email | mandalayoffice@popularmyanmar.com |
| ကြော်ငြာကိုယ်စားလှယ် | **ထိုက်ကြော်ငြာလုပ်ငန်း (မန္တလေး)**(အမှတ်-၂၅၃၊ ၃၆ လမ်း၊ ၈၄×၈၅ လမ်းကြား၊ မန္တလေးမြို့၊ ၀၉-၂၀၀ ၅၅၇၂၊ ၀၉- ၉၁၀ ၄၆၇၇၂) |


Asian Fame Media Group

နှိုင်းချင့်ချိန်ဆ၊ ရသထွန်းလင်း၊ ပရိသတ်ရင်တွင်း၊ နှစ်သက်ခိုဝင် ရတီစွမ်းအင်

# အယ်ဒီတာ နှုတ်ခွန်းဆက်

ရတီပရိသတ်ကြီး မင်္ဂလာပါရှင်. . .။ ဒီလိုဒီအချိန်က ခါတိုင်းသော ကာလတွေထက်တော့ ပိုပြီးကျက်သရေမင်္ဂလာရှိနေမှာ အမှန်ပါပဲ။ ကျွန်မတို့ မြန်မာလူမျိုးတွေရဲ့ ဂါရဝတရားနဲ့ ထုံမွမ်းနေတဲ့ လတစ်လမို့ အရာအားလုံးဟာ မင်္ဂလာတရားနဲ့အညီ ကျက်သရေရှိနေမှာ ဖြစ်ပါတယ်။ နီးရက်နဲ့ ဝေးနေကြတဲ့ ဒါမှမဟုတ် ချစ်လျက်နဲ့စိမ်းနေကြတဲ့ ဒါ့အပြင် အကြောင်းအမျိုးမျိုးနဲ့ မတွေ့ဖြစ်ကြတဲ့ မိဘနဲ့သားသမီးကြား၊ ဆရာသမားနဲ့ တပည့်သားချင်းကြား၊ ညီအစ်ကို မောင်နှမကြား သီတင်းကျွတ်ပြီဆိုတာနဲ့ ပြန်လည်နွေးထွေးချစ်ခင်မှုတွေကို ရရှိစေတာဟာ အလွန့်အလွန်ချစ်ဖို့ကောင်းတဲ့ ယဉ်ကျေးမှုလေးတစ်ခုပဲ မဟုတ်ဘူးလား။ တစ်စုံတစ်ယောက်ကို ချစ်ခင်ကြည်ညိုလေးစားစွာနဲ့ ဦးနှိမ်ရိုကျိုးကန်တော့လိုက်ခြင်းရဲ့ ကျေနပ်ပီတိဟာ ဘယ်လောက်အရသာရှိတယ်ဆိုတာကို ကန်တော့ဖူးသူတိုင်း ခံစားမိမှာပါ။ ဒီလိုပဲ ကိုယ့်ကို ဦးနှိမ်ရိုကျိုးလာကန်တော့တာကို ခံစားရတဲ့အခါမှာလည်း ရင်ထဲ မြစ်တစ်စင်းဖြတ်စီးသလို ငြိမ်းအေးလို့ မေတ္တာတရားချင်းဖလှယ်မိတဲ့ ခံစားမှုကလည်း အင်မတန်ငြိမ်းချမ်းပါတယ်။ ထို့အတူပါပဲ ဆီမီးရောင်ထိန်ထိန်ညီးလို့ ပျော်စရာညချမ်းတွေကို ဖြတ်သန်းရတာဟာလည်း ဒီလိုအချိန်ခါပဲဖြစ်ပါတယ်။ အမှောင်ကျနေတာထက်စာရင် အလင်းရောင်တွေ လျှံဖိတ်ထွန်းလင်းနေတာဟာ မြင်ရတာ ပိုပြီးကျက်သရေရှိစေတာပဲ မဟုတ်လား။ ကျွန်မတို့တွေထဲမှာ အမှောင်ထဲမှာနေချင်သူ ဘယ်သူများရှိပါ့နော်။ ရှေးရှေးအခါများတည်းက ဒီလိုအချိန်ဆို ရပ်ကွက်အလိုက်၊ ရပ်ရွာအလိုက်၊ တိုင်းဒေသအလိုက် အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ ပျော်ပွဲရွှင်ပွဲတခြိမ့်ခြိမ့်နဲ့ အလှူအတန်းတွေစည်ပြောလို့ သာပါတဲ့ တို့မြန်မာလေ။ အခုလည်း ကျွန်မတို့ကြားချင်ပေါ့ စည်ဖြောသံ၊ မြင်ချင်ပေါ့ အလှူအတန်း၊ ဆုတောင်းပေါ့ လှူနိုင်ပါစေ တန်းနိုင်ပါစေကြောင်း။ ပင်ကိုစိတ်က စေတနာ၊ သဒ္ဓါတရားထက်သန်တဲ့ လူမျိုးတွေဟာ လက်ထဲနည်းနည်းရှိရုံနဲ့ များများလှူပစ်ချင်ကြတာလေ။ သို့သော်ငြား လက်ထဲနည်းနည်းတောင် မရှိခဲ့ဘူးဆိုတဲ့အခါမှာတော့ စည်ဖြောသံ တိတ်၊ ငုတ်တုတ်မေ့လို့ အရင်တုန်းကလေဆိုတဲ့ အပြောလေးတွေနဲ့ တင်းတိမ်နေခဲ့ရတာ ကြာခဲ့ပြီထင်ပါရဲ့။ သို့သော် လူဆိုတာ မျှော်လင့်ချက်များစွာနဲ့ ရပ်တည်ရှင်သန်နေကြတာပါ။ အရင်တုန်းက ဖြစ်နိုင်ခဲ့ရင် ဖြစ်ခဲ့တယ်ဆိုရင် အခုလည်းပဲ ဖြစ်နိုင်ရမယ် ဖြစ်ကိုဖြစ်ရမယ်ပေါ့။ တကယ်တော့ လှူတယ်ဆိုတာကလည်း ကိုယ့်အတ္တကို လျှော့ပါးအောင်လေ့ကျင့်ခြင်းတစ်မျိုးလို့ ကျွန်မခံယူပါတယ်။ အတိတ်အကြောင်းကံအရ၊ အခြေအနေတွေ ဘဝတွေဘယ်လိုပဲ ကွဲပြားနေပါစေ ကျွန်မတို့ တစ်နိုင်တစ်ပိုင် အတ္တကိုခြွေချနိုင်ခဲ့မယ်ဆိုရင်ဖြင့် နေ့စဉ်အလှူတော့ လုပ်ဖြစ်နေလိမ့်မယ်ထင်ပါတယ်။ လူတိုင်းလူတိုင်း စည်ဖြောတီးလို့ ငွဲမကြည့်စတမ်း အလှူကြီးတွေပေးနိုင်ခဲ့မယ်ဆိုရင်တော့ အကောင်းဆုံးပေါ့လေ။ ဒီလိုဘဝကို အားလုံးရောက်ရှိ ကြုံတွေ့နိုင်ဖို့လည်း မျှော်လင့်မိပါတယ်။ ဆရာနန္ဒာသိန်းဇံကတော့ စကားဆိုတာ ပျားလိုသင်းတဲ့စကားနဲ့ မြားလိုခွင်းမယ့်စကား၊ ပြီးတော့ ဓားလိုစင်းမယ့်စကား ရှိတယ်ဆိုပဲ။ ကျွန်မရဲ့ ဒီစကားကတော့ အကောင်းတရားတွေကို မျှော်လင့်မိတာမို့ ပျားလို သင်းတဲ့စကားလို့ ထင်ပါတယ်။ ဒီစကားကိုကြားတဲ့သူ ဒီစာကို ဖတ်မိတဲ့သူအားလုံး ပျားလိုသင်းတဲ့ နှုတ်ခွန်းခြွေစကားကို ထပ်တူထပ်မျှ ချိုမြိန်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းပါတယ်ရှင်။

မိုးမိုးစောဝင်း
တာဝန်ခံအယ်ဒီတာ







# the YATI contents

october 2012

2 အယ်ဒီတာနှုတ်ခွန်းဆက်

7 ကဗျာ

ဟိန်းမြတ်ဇော်၊ မောင်အောင်ပွင့်၊ ကွန်စစ်ကောင်း၊ ဘုန်းသက်ပိုင်၊ ပိုင်၊
မောင်ခင်သာမြင့်၊ နေယု(မတ္တရာ)

14 ကာတွန်း

ရွှေမင်းသား၊ မြေဇာ၊ ဝင်းအောင်၊ အေကေ

18 မမရတီအမေးအဖြေ

ရတီအထူးကဏ္ဍ

21 **Hit of the Season**
မင်းရာဇာ၊ ဖြိုးသီရိခေတ်
မိုးသောက်ကြယ်

26 **What's Hot**
ပြည့်စုံကို၊ ပက်ထရစ်ရှာ
ယုယအိမ်

30 **Yati Wedding**
မြတ်သူကျော်၊ ရဲမင်းသူ၊ အလင်းရောင်၊ ဆန်းတိုးနိုင်၊ M ဆိုင်းလု၊
ပက်ထရစ်ရှာ၊ ဆုရွှန်းလဲ့၊ နွယ်ဒါလီထွန်း၊ သဥ္ဇာနွယ်ဝင်း၊ ခိုင်သဇင်ယုဝါ၊
ခိုင်သဇင်ငုဝါ၊ ဝင့်ယမုံလှိုင်၊ Wedding Planner(ဗီဗီယန်ဝမ်)
အယ်ဒီတာအဖွဲ့

34 **Moe Yan Zon's profile as told by himself**
သီတာစိုး

42 အမေရိကန်ပွဲးရှင်းမျက်မှန်
မေဂရေစ့်၊ စိုင်းစိုင်းခမ်းလှိုင်



Asian Fame Media Group
af MEDIA GROUP







# the YATI contents
## october 2012


48 **Sweet Dream**
ပိုးအိမြူစင်၊ ဆုမြတ်နိုးကျော်
ယုယအိမ်

53 **Hottest Latest**
တင်မိုးလွင်
သီတာစိုး

58 **Mod Mom**
ယဉ်ယဉ်မင်း၊ အိုင်ကီ
ဖြိုးစုပိုပို

62 နနယ်ပျိုမျှစ်ရွှေရင်သိမ်းသစ်
ဟန်သီ
ယုယအိမ်

66 ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်
ဆုမြတ်

**Underneath The Step**
စံမဒီထူး၊ စွဲညို့ရှင်
ယုယအိမ်

ခံစားမိတ်ဆက်
ဟိန်း
မိုးသောက်ကြယ်

70 **Audience of Celebrities' Choice**
စန္ဒီမြင့်လွင်၊ ရှင်းသန့်
သီတာစိုး




Asian Fame Media Group
MEDIA GROUP



# the YATI contents

october 2012




78 **Music Plus Yati**
လွှမ်းပိုင်
ယုယအိမ်

ရတီမျက်နှာဖုံး
83 စိန်စမွယ်ဖူး စိန်ရွှေရတနာဆိုင်
စိုင်းစိုင်းခမ်းလှိုင်၊ သက်မွန်မြင့်

100 **Style of Rainy**
ရဲတိုက်၊ ဖြူဖြူကျော်သိန်း
မိုးသောက်ကြယ်

113 **Fanciful 3D**
ဆွိဝတ်ရည်သောင်း
ယုယအိမ်

118 လူတိုင်းအတွက် **JBS**
ယုယအိမ်

121 **Beyond The Women**
ယဉ်မင်းသိ
ဖြိုးစုပိုပို

127 **Designer's Idea**
လတ်လတ်
ဖြိုးစုပိုပို

169 သူတို့ပြောတဲ့ **'T'**
တင်မိုးလွင်၊ ခေမီကို၊ ဝဏ္ဏကျော်
ဖြိုးစုပိုပို

ဒေသသင်္ကေတ
ကရင်
လှမြင့်ဆွေ

ရတီကိုရီးယား
133 ကိုရီးယားကြယ်ပွင့် KWON SANG WOO
တင်လတ်သန္တာဖိုလ်
136 ချစ်သူနဲ့ အကောင်းဆုံးခရီးဆက်ချင်တဲ့ လီပျောင်ဟွန်း
ဇင်မြင့်စံ

140 ဖူးနသစ်လွင်ကဗျာဥယျာဉ်
အောင်မျိုးသက်၊ သော်ကမင်းခေါင်(ညောင်လေးပင်)၊ ငြိမ်းမင်းထက်၊
စမ်းသော်တာနင်း၊ မြစ်မော်ထီး၊ သျှင်နောင်းညို(တံတားဦး)၊
မင်းထက်သားညီ(တောင်ငူ)၊ ဇွန်ထက်


Asura Fame Media Group



# the YATI contents

october 2012


ရတီအသောအထေ့

144 မရေးမကောင်းရေးမကောင်း
ညီညီညာညာညက်ညက်ညောညော

213 မောင်ထမ်းလို့ ခေါ်ပါ့မယ်
ဂျက်ကွမ်းခြံကုန်း

ရတီဆောင်းပါး

148 အရွယ်တင်နုပျိုစေရေးအတွက် ဘဝနေဟန်
ဒေါက်တာအောင်ဆန်းဝင်း

151 ဖျောက်ဆိပ်ကြယ်ရဲ့ အလင်းတန်းလေး
နင်း

155 အညောင်းပြေစေမယ့် အကြောအခြင်လျှော့ လေ့ကျင့်ခန်း
ရွှေနေခြည်

157 ရေအကျိုး ခုနစ်ပါး
ကျော်ဦး

216 ကျောက်မျက်များ တူးဖော်ခြင်းနှင့်
သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လွှမ်းမိုးမှု(၃)
သိန်းပိုင် (M.Engg.Geol.)

ရတီဗေဒင်

159 ဒေါက်တာမြတ်သစ် (မန္တလေး)

ရတီနိုင်ငံတကာ

162 သတင်းစုံရာ အနုပညာကမ္ဘာ
စိုးသိဏ်း

166 ဂျွန်ထရာဗိုလ်တာနဲ့ အိုလီဗာစတုန်း လက်တွဲထားတဲ့
**SAVAGES**
ရဲသစ်

မန္တလေးအတွေး၊ မန္တလေးအရေး

175 ခလောက်ကလေးတွေ ကိုယ်စီနဲ့
ကိုထွန်း (လမ်း-ဂ၀)

ရတီဝတ္ထုတို

180 ယပက်လက်ဘဝပြောင်းရကောက်နှင့်
မောင်လွင်မွန် (ကသာ)

184 လူကြုံ
နိုင်မြင့်

188 အဲယားကွန်း
မေငွန်အေး

194 ပိုးဟပ်
ထက်နိုင်(တလုပ်မြို့)

200 တီအမ်တီ၏ အမေတရား
ဖူးသစ်မော်

206 လိုက်လို့ရယ်တဲ့မမီနိုင်
ထွန်းတောက်ထွင့် (သချာ)

ရည်ညွှန်းဖွဲ့သီချစ်သူဆီ

211 အပမှီခဲ့သော
မယ်ကိုး

ရတီစာအုပ်စင်

ရတီဝေဖန်ရေး

ဒါရိုက်တာကိုပေါက်၏ "ငါ့ကိုချစ်ရင် သူ့ကိုယူပါ"
မောင်အိမ်စံ


ပန်းချီသရုပ်ဖော်

မြတ်မင်းဟန်၊ ခေတ်ဘုန်းမို၊ ချစ်သူ၊ လူကြီးမင်း၊
ငအိမ်ထက်မြက်၊ မင်းသူရိန်၊ မိုးထက်မိုး၊ ပန်းစျာန်


af MEDIA GROUP
Asian Fame Media Group



## ရပ်စဲပါ၊ မရပ်စဲဘူး ....တရားက

အသံကုန်တဲ့အထိ အော်တယ်
မရပ်စဲဘူး
ခါးသီးတဲ့ ရေတံခွန်။
အားလုံးပဲ ရကြပါတယ်
မရပ်စဲဘူး
ခါးသီးတဲ့ ရေတံခွန်။ ။

ဟိန်းမြတ်ဇော်

MEDIA GROUP
Asian Fame Media Group



## ယင်မမဲရိုင်းအသား

လူ့သမိုင်းကို မလေ့လာဘဲ နေရဲရင် နေကြည့်စမ်းတဲ့
အိတ်ဂျီဝဲလ်ရေးတဲ့ အခြေပြုကမ္ဘာ့သမိုင်းလောက်တော့ ဖတ်ဖြစ်ပါတဲ့
ကမ္ဘာကျော်မြန်မာကြီး သမိုင်းဆရာ ဒေါက်တာသန်းထွန်းက
ကိုယ့်ကျောရိုးရဲ့အောက်ဘက်အဆုံး
မြီးညောင်းရိုးအငုတ်ကို ကိုယ့်ဘာသာတိတ်တိတ်လေး စမ်းကြည့်ဖူးလား
ဒါဝင်အယူအဆ လက်မခံနိုင်တဲ့ လူငယ်လေး
သူ့ သဘောမတူတာကို ငါ သဘောတူလိုက်တယ်
သူ့အသိဉာဏ် သူ့ယဉ်ကျေးမှု မြင့်မားသထက် မြင့်မားဖို့ပဲလိုတယ်
ဆိုကရေးတီးသောက်သေတဲ့ အဆိပ်ရည်ရတဲ့ ဟင်းမလောက်ပင်မြင်ဖူးလား
ခွေးတောက်ရွက်နဲ့ ဆင်ဆင်တူသဗျ
ယင်မမဲရိုင်းအသား စားဖူးကြလား
ကျွန်တော်စားဖူးတယ်
အပုပ်နံ့ ဟိန်းဟိန်းထ နံခါးခါးကြီးဗျ။ ။

မောင်အောင်ပွင့်



Asian Fame Media Group

# အကြောင်းကြောင်း

ကျွန်တော် ပြောချင်နေတာက
ကျွန်တော် ပြောကိုပြောချင်နေတဲ့အကြောင်း....
ကျွန်တော် ပြောချင်နေတာတွေက အထက်တစ်ဝက် အောက်တစ်ဝက်တွေ ဖြစ်နေတတ်တဲ့အကြောင်း
ဟိုလူ့အကြောင်း ဒီလူ့အကြောင်း ကျွန်တော့်အကြောင်း
ဟိုအကြောင်း ဒီအကြောင်း
ကျွန်တော်မှန်တဲ့အကြောင်း ကျွန်တော်မှားတဲ့အကြောင်း
ကျွန်တော်မှန်တာတွေက နောက်ကျောပေးလိုက်တဲ့အခါ မှားနေတတ်တဲ့အကြောင်း
ကျွန်တော်မှားတာတွေက မျက်နှာချင်းဆိုင်လိုက်တဲ့အခါ မှန်နေတတ်တဲ့အကြောင်း
ဟိုအကြောင်း ဒီအကြောင်း
ဟိုအကြောင်းတွေက အဖုံးဖွင့်ကြည့်လိုက်တဲ့အခါ ဟိုလိုမဟုတ်တာတွေ တွေ့ရတတ်တဲ့အကြောင်း
ဒီအကြောင်းတွေက ဓာတ်မှန်ရိုက်ကြည့်လိုက်တဲ့အခါ ဒီလိုမဟုတ်တာတွေ တွေ့ရတတ်တဲ့အကြောင်း




အမှန်တရားဆိုတာကလည်း
ကလေးတွေ ဝိုင်းပြီးလုစားခံရတဲ့ မုန့် တစ်ခု ကြုံတွေ့ရတဲ့အဖြစ်အပျက်လိုမျိုး
လူဆယ်ယောက်က ဝိုင်းလုရင်
အပိုင်းကြီး ဆယ်ပိုင်းဖြစ်သွားတတ်တယ်ဆိုတဲ့အကြောင်း
တာဝန်ဆိုတာကလည်း
အဲဒီအထဲကို ဆက်ကပ်လှူပြက်တစ်ယောက် (ဒါမှမဟုတ်) မျောက်တစ်ကောင်လောက်
ဝင်နေမယ်ဆိုရင်
အဲဒီတာဝန်ဟာလည်း
ပခုံးပေါ်မှာ ငြိမ်ငြိမ်သက်သက် မရှိနိုင်ဘူးဆိုတဲ့အကြောင်း
လမ်းပေါ်မှာ အယူအဆတွေ ပြန့်ကျဲနေပုံကလည်း
ကျောက်ခဲတွေ ဆူးတွေထက်ပိုပြီး
လူရဲ့ခြေဖဝါးကို ပိုပြီးထိခိုက်နာကျင်စေနိုင်တယ်ဆိုတဲ့အကြောင်း
ကမ္ဘာကြီးလုံးတယ်နဲ့ ကမ္ဘာကြီးပြားတယ်ဆိုတဲ့ နှစ်ခုကြားမှာ
လူသားတွေကိုတော့ လုံးပြားကြီးဖြစ်သွားအောင်
လုံးတုံးတုံး ပြားတားတားတွေ မလုပ်ကြဖို့ လိုအပ်တယ်ဆိုတဲ့အကြောင်း
အရူးက လူတိုင်းကို သူ့လိုပဲ အရူးလို့ထင်ပေမယ့်
အရူးမဟုတ်တဲ့ လူတွေကတော့ လုံးဝအရူးမဟုတ်ဘူးဆိုတဲ့အကြောင်း
သူ့ဘာသာသူ ထွက်လာတဲ့နေရောင်ကို မော့ကြည့်ပြီး
အောက်အီးအီးအွတ်လို့ တွန်သလိုမျိုးကတော့
ကြက်တိုင်းက တွန်တတ်ကြပါတယ်ဆိုတဲ့အကြောင်း
လမ်း ဆက်လျှောက်တယ်ဆိုတဲ့ ကိစ္စမှာလည်း
တောင်ပေါ်ကို ဆက်လျှောက်တာနဲ့ တောင်အောက်ကို ဆက်လျှောက်တာ
နှစ်မျိုးနှစ်စားတော့ ကွဲကွဲပြားပြားရှိနေတတ်ကြတယ်ဆိုတဲ့အကြောင်း
ကဗျာတွေထဲက အော်သံဟာ
ကဗျာဆရာတွေရဲ့အော်သံနဲ့ မတူသလိုလို သံသယဖြစ်နေမိတယ်ဆိုတဲ့အကြောင်း
အခု ဒီကဗျာဟာလည်း တစ်ခုခုဟာနေသလို ဖြစ်နေမှာကတော့ သေချာတဲ့အကြောင်း
အဲ့ဒီလို ဟာနေတဲ့ဟာကွက်ကိုလည်း တစ်နေ့နေ့မှာတော့
လှလှပပ ဖြည့်ဖြစ်အောင် ဖြည့်မှာဖြစ်တဲ့အကြောင်း
အခုတော့ အကြောင်းကြောင်းကြောင့် အဲ့ဒီလိုဟာနေတဲ့အတိုင်းပဲ
ဒီကဗျာကို ဒီနေရာမှာတင် ခေတ္တခဏ ရပ်နားလိုက်ရပါတယ်ဆိုတဲ့အကြောင်း။ ။

ကွန်စစ်ကောင်း



## စောင့်နေတဲ့ နေ့

အဲဒီ
ပိတ်ကွယ်နေတဲ့ နံရံရဲ့
ဟိုမှာဘက်မှာ
ခါတိုင်းလိုပဲ
နေရောင်ဟာ တောက်လက်လို့ နေမှာပေါ့။

ခါတိုင်းလိုပဲ
လူတွေ၊ ကိန်းဂဏန်းတွေ
ပွဲတော်ခေါ်သံတွေနဲ့
အနည်ကျသွားတဲ့ မျှော်လင့်ချက်တချို့လည်း
ရှိနေမှာပေါ့။

အခန်းလေးထဲ
တံခါးကို လုံလုံခြုံခြုံပိတ်လို့
တစ်ယောက်တည်း လဲလျောင်းနေမိရဲ့၊
ပြီး
မမြင်နိုင်တဲ့ ဟိုတစ်ဖက်ကို
ငေးမိပေါ့၊

အဲဒီမှာ
ပျော်ရွှင်မှုတွေ ရှိလိမ့်မယ် (ထင်တယ်)
ဒါမှမဟုတ်
ပျော်ရွှင်မှုကို စောင့်နေသူတွေ ရှိလိမ့်မယ်၊
မျှော်လင့်ချက်အသစ်
ယုံကြည်ချင်စရာ အသစ်အဆန်းတွေ၊
ပြန်လည်ထူမတ်ဖို့ရာ စီမံကိန်းတချို့၊
အချစ်၊ လွတ်လပ်မှုနဲ့ သေခြင်းတရားလည်း ရှိလိမ့်မယ်
ထင်ရဲ့၊


အကြိမ်ကြိမ် မက်ခဲ့ဖူးသမျှ အိပ်မက်တွေ
အိပ်ရာခင်းလို ကြေမွ၊
အကြိမ်ကြိမ်လွတ်ကျခဲ့တဲ့ ဘဝဟာလည်း
တစ်စစီ ကျိုးကြေလို့ပေါ့၊

ကြေကွဲမှုတွေနဲ့ သိပ်သည်းနေတဲ့
ဒီအခန်းလေးထဲ
မိတ်ဖြစ်ဆွေဖြစ် အရက်တစ်ခွက်ကို
အတူသောက်ဖို့၊
ဒါမှမဟုတ်
ဒီ ချွတ်ခြုံကျ ဘဝထဲ
စီရင်ချက်တစ်ခုကို သယ်ယူလာဖို့၊
အပြင်က တစ်ခုခုဟာ
ဝင်လာမှာလား
တံခါးခေါက်သံကို
နားစွင့်ရင်း၊

အထီးကျန်ဆန် လျောင်းစက်
ကျောက်တုံးတစ်တုံးလို ငြိမ်သက်လို့
နှစ်တွေ ဘယ်ရွေ့ဘယ်မျှ
မတွက်ဆနိုင်လောက်အောင်
နာကျင်ကြေကွဲမှုတွေထဲ။ ။

ဘုန်းသက်ပိုင်

Asian Fame Media Group
af MEDIA GROUP





## မေရီက အသားနည်းနည်းပေးဖို့ ငါ့ကို တောင်းဆိုနေရဲ့

ကယ်ဆယ်ရေးစခန်းမှာ မေရီရဲ့ ဆံပင်ဟာ
ဂစ်တာကြိုးတွေလို ရှည်လျားပြီး အသံမြည်တယ်
မေရီရဲ့ လက်နှစ်ဖက် မြှောက်တင်ထားတဲ့အခါ
မေရီရဲ့ ကိုယ်လုံးဟာ "ကားစင်" တစ်ခုလို
သေးသွယ်မြင့်မားပြီး ချောက်ချားစရာကောင်းနေ
မေရီဟာ လူတိုင်းနဲ့ ရင်းနှီးနေပြီး လူတိုင်းနဲ့
သူစိမ်းဆန်နေတဲ့ အနက်ရောင်အထိမ်းအမှတ် ပန်းတစ်ပွင့်
မေရီရဲ့ မျက်လုံးတွေဟာ မေရီမျက်နှာပေါ်မှာ ဟိုး ... အဝေးကြီးမှာ
မေရီရဲ့ ရယ်သံဟာ ဆာလောင်ခြင်းကို ရုပ်ဖျက်ထားတဲ့ ပျော်ရွှင်မှုသာဖြစ်တယ်
မေရီရဲ့ ယုံကြည်မှုဟာ သူ့မိသားစုရှစ်ယောက်ရဲ့ ညစာကို
ဘုရားသခင်က နောက်တစ်နေ့မှာ ပေးလိမ့်မယ်ဆိုတဲ့ ဆုတောင်းဖြစ်တယ်
ငါဟာ မေရီရဲ့ ကာလက်တက်တက်နိုင်မှုကို သဘောကျပေမယ့်
မေရီက အသားနည်းနည်းပေးဖို့ ငါ့ကို တောင်းဆိုနေရဲ့
မေရီပြန်ချိန်မှာ မေရီအတွက် အသား ဘယ်သူမှ ချန်မထား
ယောက်ျားတိုင်းဟာ မြင်းပိန်တစ်ကောင်လို ဆာလောင်နေတဲ့
မိန်းကလေးတစ်ယောက်ကို ခွန်အားပြည့်ပြည့်ဝဝစိတ်နဲ့ မပြစ်မှားသင့်ဘူး
မေရီဟာ ဘုရားသခင်ရဲ့ ကရုဏာကို ငါ့အား ပြောပြခဲ့သူဖြစ်တယ်
ငါ့ရဲ့ အသွေးအသား ဆူပွက်မှုကို ဓမ္မကျမ်းစာဖတ်ပြသူဖြစ်တယ်
ဘယ်သူတွေမှာ အသားတုံးအပိုတွေ ရှိသေးလဲ
မေရီက အသားနည်းနည်းပေးဖို့ ငါ့ကိုတောင်းဆိုနေရဲ့
အားလုံးအိပ်ချိန် ချောက်ကမ်းပါးအစွန်မှာ
မေရီတစ်ယောက်တည်း ကျောခိုင်းရပ်နေရဲ့
လေရဲ့ ရမ်းကားတဲ့ လက်ချောင်းဟာ
မေရီရဲ့ ဆံပင်ကို ဆော့ကိုင်ကစားနေရဲ့
ငါ မေရီ့ဆီ ထသွားရမလား
မေရီက အသားနည်းနည်းပေးဖို့ ငါ့ကို တောင်းဆိုနေရဲ့

ပိုင်

Asian Fame Media Group




## အဲဒါငါလား

"စာမတတ်တဲ့ ငတုံးတွေ
ရေလိုခန်းခြောက်ပါစေသား"
မြစ်ကမ်းနား လမ်းလျှောက်သွား
ကမ်းစပ်နားက ပုလင်းလေးတစ်လုံး
ပုလင်းလေးထဲက စာရွက်တစ်ရွက်
စာရွက်မှာ ရေးထားတဲ့စာသားများ
ငါ့ကို ပြောလိုက်တာများလား
"မြစ်ရေ…မြစ်ရေ
မြစ်ရေတွေကိုတော့
ဘယ်လိုနည်းနဲ့မှ မခန်းခြောက်ပါစေနဲ့ဗျာ"
ငါ အော်ပြောမိ။
အားကုန်အော်လိုက်မိ။
ငါ ရှက်မိ။
ငါ့အငေးထဲ ငါဝင်တွေး
ငါ့အတွေးထဲ ငါဝင်ငေး
တဖြည်းဖြည်း စိမ့်လာ
တစိမ့်စိမ့် ရှက်ခြင်းဟာ
မခြောက်တော့ဘူး။ ။

မောင်ခင်သာမြင့်

Asian Fame Media Group





## လွန်ကြိုး

စိတ်တွေက ခေါင်နေတော့
တစ်ဖက်နဲ့ တစ်ဖက်
အား အကုန် အဆွဲ
ပြတ်ထွက်သွားတဲ့ ဒဂ်ရာ
ဒီဘက်က မျက်ရည်
ဟိုဘက်မှာ စိုလို့ . . .။

နေယု (မတ္တရာ)

Asian Fame Media Group


ကိုယ်ပိုင်
စီးပွားရေး
စီးပွားရေး
ဆရာ့အားကိုးနဲ့
ပန်းချီကားထုတ်ကုန်
ကုမ္ပဏီထောင်မိတာ
မှားပါတယ်
မင်းတို့တောင်
ရက်လနှစ်ကြီးသေးတာ
ငါက ဘာသားထုတ်ထားရှိ
မကြီးရမှာလဲ
ကျေးဇူး
အတင်ခံရတာ
မသက်သာဘူး




Asian Fame Media Group
MEDIA GROUP




Asian Family Media Group


ဆီလျှော့စားဖို့ ...
အချိုမှုန့်တွေ မသုံးဖို့
ဟင်းသီးဟင်းရွက်
များများစားဖို့
ပြောလိုက်တာ ...
အိမ်က မိန်းမက
ကန်စွန်းရွက် ရေလုံပြုတ်
ချည်းပဲ ကျွေးတော့တယ် ...

# မမရတီ

**အချစ်ရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အနုပညာရေး**
**Questions & Answers**

မမရတီရေ. . . ကျွန်မက ရတီရဲ့ ပရိသတ်တစ်ယောက်ပါ။ ရတီမှာ ကဗျာ၊ ဝတ္ထုတို၊ ရည်ညွှန်းဖွဲ့သီကဏ္ဍလေးတွေကို အရမ်းသဘောကျပါတယ်။ စာရေးဆရာ သက်ဦးမောင်ရဲ့ ဝတ္ထုတိုလေးတွေဆို ကျွန်မ သိပ်သဘောကျတာ၊ ကျွန်မ သိချင်တာလေး တစ်ခုက ဆရာသက်ဦးမောင်က ဆရာလွန်းမောင်မောင်ဆိုတဲ့ နာမည်နဲ့များ ကလောင်ခွဲရှိသလားဟင်။ ဖြစ်နိုင်ရင် ဆရာ့လိပ်စာလေးများ ပေးလို့ရမလားရှင်။

*ရတီကို အမြဲအားပေးနေတဲ့*
*ခင်သီတာလွင်*
*မြိတ်မြို့*

**ဆရာသက်ဦးမောင်နဲ့ ဆရာ လွန်းမောင်မောင်နဲ့က တစ်ယောက်စီပါ ခင်သီတာလွင်ရေ။ ဆရာလွန်းမောင်မောင်က မန္တလေးကပါ။ စာလည်းရေးတယ်။ အာရုံကျတဲ့စာအုပ်တွေကိုလည်း ထုတ်ဝေသူအဖြစ် လုပ်ပါတယ်။ ဆရာသက်ဦးမောင်ကတော့ ချောက်မှာနေတဲ့ စာရေးဆရာပါ။ ဆရာ သက်ဦးမောင်ရဲ့ လိပ်စာကတော့ အမှတ် ၈ ရပ်ကွက်၊ ကွက်သစ်အနောက်၊ ချောက်မြို့၊ မကွေးတိုင်းဖြစ်ပါတယ်။**

မမရတီ. . ရတီကို ဝတ္ထုတိုလေးတွေ ကဗျာလေးတွေ ပို့ချင်ပါတယ်။ သမီးက ကလောင်သစ်ပါ။ မဂ္ဂဇင်းတချို့တလေမှာတော့ ပါဖူးပါပြီ။ သမီးတို့ ကလောင်သစ်တွေအနေနဲ့ တိုက်တစ်တိုက်ကို ပို့ပြီးရင် အရွေးခံရရင်ခံရ၊ မခံရရင် ကိုယ့်စာမူလေးတွေကို ပြန်လိုချင်ပါတယ်ရှင်။ ဘာဖြစ်လို့ မဂ္ဂဇင်းတိုက်တွေက ပြန်မပေးချင်ရတာလဲ။ မမရတီတို့ဆီမှာကော ပြန်ပေးလားဟင်။ ကျေးဇူးပြုပြီး သမီးစာကို ပြန်ကြားပေးပါနော်။

*ယွန်းသီတာအေး*

**ရတီကို ဝတ္ထုတွေ၊ ကဗျာတွေ ပေးပို့ချင်တယ် ဆိုတာကိုတော့ ကြိုဆိုပါတယ်။ ဒါပေမဲ့ မမရတီတို့ဆီမှာလည်း အသုံးမပြုဖြစ်တဲ့ စာမူတွေကို ပြန်ပို့ပေးဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး ယွန်းသီတာအေးရေ။ တစ်နေ့တစ်နေ့ မဂ္ဂဇင်းတိုက်ကို ရောက်လာတဲ့ စာမူတွေက များပါတယ်။ အဲဒီထဲကမှ ဖတ်ပြီး စာမူ၊ ရွေးထားတဲ့စာမူ၊ ပုံအပ်ထားတဲ့စာမူ စသဖြင့် အပိုင်းပိုင်း ခွဲခြား ထိန်းသိမ်းထားရပြီး မရွေးတဲ့စာမူတစ်နည်းအားဖြင့် ပယ်စာမူတွေကို ရေရှည်ထိန်းသိမ်းထားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ပြီးတော့ အစဉ်စဉ်အဆက်ဆက် မဂ္ဂဇင်းတိုက်တိုင်းလိုလိုမှာ စာမူပို့ရင် စာရေးသူဆီမှာပဲ လက်ခံထားကြရတာပါ။ မဂ္ဂဇင်းတိုက်က ပြန်ပို့ပေးဖို့ဆိုတာ မဖြစ်နိုင်ပါဘူးဆိုတဲ့အကြောင်း ပြန်ကြားလိုက်ပါတယ်။**

မမရတီ. . ကျွန်မက ဆရာမတစ်ယောက်ပါ။ ဆရာမဘဝကိုရောက်တာ သိပ်မကြာသေးတဲ့ ဆရာမပေါက်စ ဆိုပါတော့။ ကျွန်မလေ ဆရာမဘဝရောက်တာ မကြာသေးဘူး။ ဒီဘဝကို ခါးသီးနေပြီ မမရတီရယ်။ နာသုံးနာနဲ့ ပြည့်စုံရမယ့် ဆရာ၊ ဆရာမတွေအစား ဘယ်ကျောင်းသား ဘယ်ကျောင်းသူကို ဘယ်လို ကျူရှင်တက်အောင် ဆွယ်ရမလဲ ဖြစ်နေတဲ့ဘဝကို ကျွန်မ ရှက်တယ်။ အများမိုးခါးရေသောက်နေကြပေမယ့် ကျွန်မ မသောက်ချင်ဘူး။ လပတ် စာမေးပွဲတွေကျပြန်တော့လည်း ကိုယ့်ကျူရှင်မှာတက်တဲ့ ကျောင်းသားကျောင်းသူကိုမှ မေးခွန်းပေးတတ်ကြတာ ထုံးစံတစ်ခုလို



Asian Fame Media Group

ဖြစ်နေပြီ။ ဆရာမ အချင်းချင်းကလည်း ကျောင်းသားပိုရရေးအတွက်ပဲ ပြိုင်ကြဆိုင်ကြနဲ့ စိတ်ညစ်ပါတယ် မမရတီရယ်။ ကျွန်မတို့တိုင်းပြည် အလုံးစုံ တိုးတက်ဖို့ဆိုတာ မူလတန်းအရွယ်နဲ့ မူလတန်းပညာက စတာမဟုတ်လားဟင်။ ကျွန်မတို့ ဒီလို လုပ်နေကြတယ်ဆိုရင်ဖြင့် အခက်ကြီး ခက်ကုန်ကြတော့မှာ ပဲနော်။ ဒါတောင် ပညာရေးကဏ္ဍပဲ ရှိသေးတာနော်။ တချို့တချို့သော ကဏ္ဍ ပေါင်းစုံမှာလည်း ဒီလို ဖောက်ပြန်နေကြတယ် ဆိုရင်ဖြင့် ကျွန်မတို့တိုင်းပြည် တိုးတက်ဖို့ဆိုတာ ဘယ်လိုလုပ်တော့မှာလဲ။ အခု မမရတီကို ဒီအကြောင်းတွေ ပြောဖြစ်နေတာလည်း ရတီဟာ တစ်ထောင့်တစ်နေရာကနေ စာဖတ် ပရိသတ်ကို အကျိုးပြုနိုင်တယ် ထင်လို့ပါ။

*ရတီရဲ့ အမာခံပရိသတ်*

*ဆရာမတစ်ဦး*

**မင်္ဂလာပါ ဆရာမရေ. . ဆရာမ ပြောတာတွေကို မမရတီ နားလည်ပါ တယ်ရှင်။ ဖတ်ဖူးတဲ့ စာတစ်ပုဒ်ထဲက ဗဟုသုတလေးပါ။ ကဏန်းထည့်တဲ့ခြင်း ဟာ အဖုံးဖုံးစရာ မလိုပါဘူးတဲ့လေ။ ကဏန်းတစ်ကောင်က ဘေးကနေ တွားတက်ပြီး အဖုံးအပြင်ထွက်ဖို့ ကြိုးစားတာနဲ့ တခြားကဏန်းတွေက အဲဒီ ဂဏန်းကို အောက်ကို ဆွဲချကြတော့တာပဲတဲ့။ ဒီကဏန်းတွေ ပြင်ပကိုတိုးထွက် အောင်မြင်မှုရသွားဖို့ အချိန်ကုန်ခံပြီး စောင့်ကြည့်စရာမလိုဘူး၊ အဖုံးနဲ့ ပိတ် ပြီး ပိတ်ပင်တားဆီးစရာလည်း မလိုဘူး။ အချင်းချင်းကို အောက်ဆွဲချ လုပ်နေတာနဲ့ ဘယ်တော့မှ အထက်ကိုမရောက်ဘူးဆိုပဲ။ ကျွန်မ ဒီစာလေးကို ဖတ်ပြီး ဘာကို သွားစိုးရိမ်မိသလဲလို့ ဆရာမ သိတယ်မဟုတ်လား။ ကျွန်မတို့ လည်း စိုးရိမ်ပူပန်တာပါပဲ ဆရာမရယ်။ ကျွန်မတို့ နိုင်ငံသားတစ်ဦးချင်းဆီမှာ ကဏန်းတွေလိုဖြစ်မှာ ကြောက်တတ်တဲ့စိတ် ရှိဖို့လိုတယ်နော်။**





မမရတီ. . . ကြားရတဲ့ သတင်းက ရင်တုန်လိုက်တာနော်။ ဟို ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်မင်းသား သေးသေး ကွေးကွေးလေးနဲ့ ကိုကိုကာလသားတွေ အရမ်းအရမ်းအားပေးခဲ့တဲ့ ဖွံ့ဖွံ့ထွားထွား ရေဆေးငါး မင်းသမီးကြီး သတင်းက နတ်သျှင်နောင်နဲ့ ဓာတုကလျာ ဖြစ်နေပါလားဟင်။ သမီး သဘောမတူဘူးနော်။ သမီးက မင်းသားကို အရမ်း အရမ်း အားပေးနေတာ။ အခုတော့ စိတ်ညစ်သွားပြီ။ မင်းသား အရင်က သတင်းထွက်နေတဲ့ မင်းသမီးငယ်ငယ်လေးနဲ့တုန်းက သမီး သဘောတူတယ်၊ အခု အရွယ်မတူတာကြီးကို ဘာဖြစ်လို့ ကြိုက်ရတာလဲလို့။ မုန်းတယ်၊ တကယ်ပဲ။ ' . . 'ကို အားမပေးတော့ဘူး မမရတီရေ။

*ခင်သူသူမိုး (တာမွေ)*

**ဩော် ကိုယ့်ဒုက္ခ ကိုယ်ရှာနေပါလား ခင်သူသူမိုးရဲ့၊ ချစ်ခြင်းအစ မျက်စိကတဲ့၊ '. . 'လည်း မျက်စိနဲ့ကြည့်လိုက်တာ ဟတ်ထိသွားတယ် ထင်ပါတယ်။ မင်းသမီးကြီးကလည်း လှတာကိုးကွယ်။ မမရတီ သူငယ်ချင်း တစ်ယောက်ဆိုလည်း အဲဒီ့မင်းသားကို သိပ်ကြိုက်တာ။ ရယ်စရာပြောရဦးမယ်။ သူက ဒီသတင်းကိုကြားတော့ ဘာပြောလဲဆိုတော့ မင်းသားလေးက အဲ့လို ခပ်ကြီးကြီးကြိုက်မှန်းသိရင် ငါလည်း ကြံပါတယ်တဲ့လေ။ ထားပါတော့ ခင်သူ သူမိုးရေ. . မမရတီပြောချင်တာက ကန့်လန့်ကာနောက်က အနုပညာရှင် တွေရဲ့ အတွင်းရေးကို စိတ်မဝင်စားဘဲနေတာဟာ ပိုပြီး စိတ်အေးလက်အေး မရှိဘူးလားဟင်။ ကိုယ်က သူ့အနုပညာကိုကြိုက်တာ သူ့အနုပညာကို အားပေးတာပဲဟာ။ တကယ်ဆို သူများအရေး ကိုယ့်အရေးလုပ်နေတာကိုက ပရိသတ်အလွန်ဖြစ်သွားပြီမို့ ခင်သူသူမိုးရေ ချစ်စကိုရှည်စေဆိုတဲ့အတိုင်း မင်းသားလေးကို ဆက်ချစ် အဲ ဆက်အားပေးလိုက်ပါဦးလို့။**

မမရတီ. . . ကျွန်တော်က အနုပညာအလုပ်မှန်သမျှ အကုန် ဝါသနာပါတယ်ဗျာ။ အထူးသဖြင့်ကတော့ သရုပ်ဆောင်အလုပ်ကို ပိုဝါသနာ ပါတာပေါ့။ ကျွန်တော်တို့လို နယ်ကဝါသနာရှင်အနေနဲ့ အဆက်အသွယ်ရဖို့ ကလည်း အရေးကြီးတာပဲနော်။ ကျွန်တော် ရတီမဂ္ဂဇင်းမှာပါတဲ့ မျက်နှာသစ် မိတ်ဆက်ကဏ္ဍလေးကို စိတ်ဝင်စားပါတယ်။ ဒီကဏ္ဍကနေတစ်ဆင့် ကျွန်တော့် ဝါသနာတွေကို အကောင်အထည် ဖော်ချင်ပါတယ်။ ရတီရဲ့ မျက်နှာသစ်မိတ်ဆက် ကဏ္ဍမှာပါဖို့ ဘာတွေလိုအပ်ပါသလဲ ခင်ဗျာ။ ကျွန်တော် ဘယ်ကို ဆက်သွယ်ရပါ့မလဲ။

*လမင်းကို (တောင်ကြီး)*

**တောင်ကြီးကမောင်ကြီး အဲ မဟုတ်ပါဘူး တောင်ကြီးက လမင်းရေ။ မျက်နှာသစ်မိတ်ဆက် ကဏ္ဍကနေ ကိုယ့်အနုပညာအတွက် အဆက်အသွယ် ကောင်းတွေ အများကြီးရရှိနိုင်တယ်ဆိုတာ မှန်ပါတယ်။ လမင်းကို စိတ်ဝင် စားမယ်ဆိုရင် ရတီမဂ္ဂဇင်းရဲ့ ဖုန်းနံပါတ် ၃၇၇၄၈၂ ကို ဖုန်းဆက်မေးနိုင် ပါတယ်။ တာဝန်ခံမမတွေက လမင်းကိုသိချင်တဲ့ အသေးစိတ် အချက်အလက် တွေကို ဖြေကြားပေးပါလိမ့်မယ်။**

Asian Fame Media Group



မမရတီရေ. . စန္ဒီမြင့်လွင်ဆီကို သူ့သီချင်းတွေနဲ့ပတ်သက်ပြီး အကြံပေးစာလေး ရေးချင်လို့ သူ့လိပ်စာလေး ဖော်ပြပေးပါလားဟင်။ သမီးချစ်တဲ့ ဒီးဒီကို အဆိုပိုင်းမှာ ပိုပိုပြီးကောင်းစေချင်လို့ပါ။ ပြီးတော့ သမီးက ဒီးဒီဆိုရင် အဆိုပိုင်းရော သရုပ်ဆောင်ပိုင်းမှာပါ ကြိုက်တာ။ သူ့ကို အမြဲအားပေးနေမှာ ဆိုတာလေး ပြောချင်လို့ ဖြေပေးပါနော်။

မြတ်ဝတ်ရည်စိုး (ပဲခူး)

**ပဲခူးသူရေ. . ဒီးဒီရဲ့လိပ်စာက အခန်း E၊ ၁၂၂၅ အိုးရှင်း စူပါစင်တာ အပေါ်ထပ်၊ တော်ဝင်ကွန်ဒို၊ ကိုးမိုင်၊ မရမ်းကုန်းပါ။**

မမရတီရေ. . ရတီအဖွဲ့သားတွေ ကျန်းမာပါစလို့ နှုတ်ဆက်လိုက်ပါတယ်။ တကယ်လည်း ကျန်းမာစေချင်ပါတယ်ဗျာ။ ရန်ကုန်မှာတော့ မသိဘူး၊ ကျွန်တော်တို့နယ်မှာတော့ မိုးတွေစွတ်ကောင်း၊ လူတွေဖျားနာနဲ့ ဒီနှစ်က ကျန်းမာရေး ချူချာတယ်။ ရိုးရိုးဖျားနာလို့ သွားကုလိုက်ရင်လည်း တခြား နောက်ဆက်တွဲ ဝေဒနာတွေကပေါ်လာပြီး မပြီးနိုင်တော့ဘူးဗျာ။ ဘာဖြစ်လို့ ခုနောက်ပိုင်းမှာ လူတွေက ကျန်းမာရေးညံ့၊ ရောဂါတွေကလည်း အမည် စုံနေရတာလဲ မသိဘူးနော်။ ရတီမဂ္ဂဇင်းမှာ ကျန်းမာရေး အင်တာဗျူးလေးလုပ်ပြီး ဒီအကြောင်း ဆွေးနွေးဖို့ အကြံဉာဏ်ပေးချင်ပါတယ်။

ခင်မောင်လတ်

**ကိုခင်မောင်လတ်ရေ. . ရောဂါတစ်ခုဖြစ်ရင် နောက်ဆက်တွဲတွေက ထွက်ချင်လည်း ထွက်မထွက်ချင်လည်း ထွက်ရတာတော့ ရန်ကုန်မှာလည်း အတူတူပါပဲ၊ ဘာလို့လဲဆိုတော့ ဆေးခန်းတစ်ခုရောက်တိုင်း ဆေးစစ်ချက်တွေ တန်းစီစစ်ခိုင်းတာက ထုံးစံလို ဖြစ်နေပြီကိုး။ ဒါပေမဲ့ စိတ်မာတ်မကျနဲ့ ကိုခင်မောင်လတ်ရေ။ ကျွန်မတို့ သတင်းတစ်ခုကြားတယ်။ အခု ဆေးတစ်တောင့်သောက်လိုက်ရုံနဲ့ ခန္ဓာကိုယ်ထဲက ရောဂါတွေအကြောင်း ပြန်လည်တုံ့ပြန်သတင်းပို့နိုင်တဲ့ ဒစ်ဂျစ်တယ်ဆေးတောင့် ပေါ်နေပြီဆိုပဲ၊ ဆေးတောင့်မှာ အလွန်သေးငယ်တဲ့ အာရုံခံ ကိရိယာပါသတဲ့။ သောက်ချိန်မှာ ဆေးတောင့်က ကိရိယာက ရောဂါရှာဖွေ၊ ပြီးရင် လူနာရဲ့ စမတ်ဖုန်းဖြစ်ဖြစ်၊ သက်ဆိုင်ရာ ဆရာဝန်ရဲ့ စမတ်ဖုန်းဖြစ်ဖြစ် ဖုန်းတစ်လုံးလုံးကို ပြန်သတင်းပို့သတဲ့။ ဘယ်လောက် ကောင်းလိုက်သလဲနော်။ ဒီဆေးတောင့်ကို ထုတ်လုပ်ဖို့အတွက် အမေရိကန် အစားအသောက်နဲ့ ဆေးဝါးကြီးကြပ်မှုဌာနက ခွင့်ပြုလိုက်ပြီမို့ မကြာခင် ကမ္ဘာတစ်ခွင် ပျံ့တော့မှာသေချာပါတယ်။ ဒါပေမဲ့ ဆင်ဖိုးထက် ချွန်းဖိုးကြီးမကြီး ဆိုတာတော့ ဆက်လက်နားစွင့်လိုက် ကြတာပေါ့နော်။ ဒါပေမဲ့ သေချာတာက ဒီဆေးပေါ်လာတာကို အထူးကုဆေးခန်းကြီးတွေနဲ့ အထူးစမ်းသပ်ကိရိယာ ပိုင်ရှင်တွေကတော့ ကျေနပ်မှာမဟုတ်တာ သေချာပါရဲ့ရှင်။**

မမရတီ. . ကျွန်မက စာဖတ်ဝါသနာပါတယ်။ ကျွန်မကလေးတွေကိုလည်း စာဖတ်စေချင်တယ်။ အခုသူတို့အားရင် ဖန်သားပြင်နဲ့ မျက်နှာအပ်နေကြတာ။ စာဖတ်ပါဆိုလည်း သူတို့က E-book ပဲ ဖတ်သတဲ့။ အသည်းယားလိုက်တာလေ။ စာအုပ်ကို လက်နဲ့ကိုင်ပြီး ဖတ်ရမှတ်ရ တွေးရတာထက်များ ဘာက ပိုအရသာရှိမှာတဲ့လဲ။ ကျွန်မကတော့ တိုးတက်တိုင်း ကောင်းတာမဟုတ်ဘူးလို့ ထင်တာပဲ။

မိခင်တစ်ဦး

**ဩော် မေမေလည်း ကျွန်မလို တွေးနေတဲ့သူပဲ၊ ဒါပေမဲ့ ခေတ်ကာလ တိုးတက်ပြောင်းလဲမှုကိုတော့ ငြင်းလို့မရဘူး မေမေရေ။ ကမ္ဘာတစ်ဝန်းမှာ ရိုးရိုးစာအုပ်ထက် E-book ကို ပိုဖတ်သူ ဦးရေများနေတယ်ဆိုတာ ကျွန်မတို့ လက်မခံချင်လို့ မရတော့ဘူး။ ဗြိတိန်မှာရှိတဲ့ အကြီးဆုံးစာအုပ် အရောင်းဆိုင် အမေဇုန်က စစ်တမ်း ထုတ်ပြလိုက်တာများ သူတို့ဆိုင်မှာ ရိုးရိုးစာအုပ် ၁၀၀ ရောင်းရင် E-book က ၁၁၄ အုပ်ရောင်းရသတဲ့။ အရောင်းရဆုံး E-book အချစ်ဝတ္ထုဖြစ်တဲ့ Fifty shades of Grey က နံပါတ်တစ်စွဲပြီး စာအုပ်ပေါင်း ၃၁ သန်းတောင် ရောင်းရသတဲ့။ ကျွန်မတို့ဆီက ဘက်စ်ဆဲလားတွေနဲ့ မကွာပါဘူး။ ကျွန်မတို့ဆီမှာ ရောင်းအား သိပ်ကောင်းပါတယ်ဆို ငါးထောင်လောက်တော့ ရှိတာကိုးရှင့်။ ကဲ ဒီတော့ မေမေရေ အသာနှုတ်ဆိတ်ပြီး ကိုယ်သန်ရာသန်ရာ အားပေးလိုက်ကြတာကောင်းပါတယ်။**

Asianfame Media Group



# HIT
## OF THE SEASON

**MODEL :** MIN YARZAR & PHYOE THIRI KHIT
**MAKE-UP :** M KYAW KYAW
**UMBRELLA :** ASAHI
**PHOTO :** AH FUNT (09-5408222)
ARRANGED BY MOE THAUT KYAL

Asian Fame Media Group
MEDIA GROUP




# HIT OF THE SEASON

MODEL : MIN YARZAR & PHYOE THIRI KHIT
MAKE-UP : M KYAW KYAW
UMBRELLA : ASAHI
PHOTO : AH FUNT (09-5408222)

Asian Fame Media Group



# HIT
## OF THE SEASON

**MODEL :** MIN YARZAR & PHYOE THIRI KHIT
**MAKE-UP :** M KYAW KYAW
**UMBRELLA :** ASAHI
**PHOTO :** AH FUNT (09-5408222)

AsianFame Media Group
MEDIA GROUP




Asian Fame Media Group
af MEDIA GROUP






**Model -** Pyae Sone Ko & Patricia/ **Make-up -** May Oo (Taw Win Thu)/ **Designer -** Ma Gyi+Ma Lay (Kool Fashion) / **Eyewear -** CHARLES & KEITH/ **Photo -** Ko Naing (Popular)
arranged by yu ya eain

Asian Fame Media Group



Asian Fame Media Group
AF MEDIA GROUP



**Model -** Pyae Sone Ko & Patricia/ **Make-up -** May Oo (Taw Win Thu)/ **Designer -** Ma Gyi+Ma Lay (Kool Fashion) / **Eyewear -** CHARLES & KEITH/ **Photo -** Ko Naing (Popular)




Asian Fame Media Group
af MEDIA GROUP

# WHAT'S HOT



**Model -** Pyae Sone Ko & Patricia/ **Make-up -** May Oo (Taw Win Thu)/ **Designer -** Ma Gyi+Ma Lay (Kool Fashion) / **Eyewear -** CHARLES & KEITH/ **Photo -** Ko Naing (Popular)



Asian Fame Media Group


Wedding Special
model : Myat Thu Kyaw & Patricia
make-up,Dress, photo : FOREVER
Asian Pyramid Media Group




## Wedding Special

**model :** Myat Thu Kyaw & Patricia
**make-up,Dress, photo :** FOREVER

Asian Prime Media Group




Asian Fame Media Group



# MOE YAN ZON'S profiles

## AS TOLD BY HIMSELF

Model - Moe Yan Zon, Photo - Ko Naing (Popular)
Arranged by Thida Soe


Asian Fame Media Group

## Confidence

'ယုံကြည်မှု' က အရေးပါပါတယ်။ အလုပ်တစ်ခုကို မလုပ်ရသေးပေမယ့် အဲဒီအလုပ်အပေါ်မှာ ယုံကြည်မှုရှိတယ်ဆိုရင် သေချာတယ်၊ အလုပ်အပေါ် သူ တစ်ပိုင်းနိုင်နေပြီ။ တကယ်လုပ်တဲ့အခါကျရင်တော့ လုံးဝအပြည့်နိုင်သွားပြီပေါ့။ 'ယုံကြည်မှု' ဆိုတာ ငါဒါလုပ်ရင် ဒါဖြစ်မယ်ဆိုပြီး ပေါ့ပေါ့လေးတွေးလို့ မရဘူးလေ။ စိတ်ဝင်စားမှုလည်းလိုသေးတယ်။ သူ့အနေနဲ့ ဒီလုပ်မယ့်အလုပ်အပေါ်မှာ စိတ်ဝင်စားမှု ရှိမယ်ဆိုရင် သူ့ကိုယ်သူယုံကြည်မှု ရှိတာကလည်း အလိုလိုပါလာပြီပေါ့။ စိတ်ဝင်စားမှုပြီးမှ ယုံကြည်မှုဆိုတာ နောက်ကလိုက်လာတာလေ။ တကယ်လို့ အလုပ်တစ်ခုကို စိတ်မဝင်စားဘူးဆိုရင် ယုံကြည်မှု မရှိဘူး။ ကိုယ့်ကိုယ်ကိုယ် မယုံသင်္ကာဖြစ်နေတာ။ "ဖြစ်မှ ဖြစ်ပါ့မလား၊ ဟုတ်မှ ဟုတ်ပါ့မလား" ဆိုပြီး စမ်းတဝါးဝါးဖြစ်နေတဲ့ အချိန်ပေါ့နော်။ လူငယ်တွေအနေနဲ့ အဖေအမေ ခိုင်းတာထက် ကိုယ်လုပ်ချင်တာ၊ ကိုယ်ဖြစ်ချင်တာကို ယုံကြည်မှုရှိရှိနဲ့ အဖေအမေတွေ နားလည်အောင် ပြောရဲတဲ့သတ္တိ ရှိရပါမယ်။ ကိုယ်ဝါသနာပါတာကို ယုံကြည်မှုရှိရှိနဲ့ လျှောက်လှမ်းမှ ဘဝအတွက် အဆင်ပြေနိုင်မယ်လေ။ ကိုယ်ဝါသနာ မပါတာကို ရွေးချယ်မိရင် ဘဝတစ်လျှောက်လုံး စိတ်ညစ်ရမှာပေါ့။

## Discipline

စည်းကမ်းကတော့ သူ့နေရာနဲ့သူ ရှိသင့်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် စည်းကမ်းမရှိအောင်နေပေမယ့်လည်း ကိုယ်နေတဲ့ ပတ်ဝန်းကျင်မှာ ချမှတ်ထားတဲ့ စည်းကမ်းလေးတွေကိုတော့ လိုက်နာကျင့်သုံးသင့်တယ်လို့ ထင်ပါတယ်။



## Time

'အချိန်' ကတော့ ကုန်နေတာပါပဲ။ တစ်ခါတလေမှာ အလုပ်လုပ်နေရင်းနဲ့ အချိန်ကုန်သွားတော့ ဘာမှန်းတောင်မသိလိုက်ဘူး။ တစ်ခါတလေ ဘာအလုပ်မှ မရှိတဲ့အခါမှာ အိမ်မှာ ထိုင်နေရင်းနဲ့ အချိန်တွေက အရမ်းကြာတယ်ပေါ့။ မြန်မြန်ကုန်စေချင်ပေမယ့် မကုန်နိုင်ဘူး။ လူတိုင်းလူတိုင်းမှာ တန်းတူအခွင့်အရေး ရှိပါတယ်။ ဆင်းရဲသားလည်း ၂၄ နာရီပဲ၊ ချမ်းသာတဲ့ လူလည်း ၂၄ နာရီပဲ ရှိတာလေ။ ဘယ်လိုအကျိုးရှိအောင် သုံးမလဲဆိုတာ အရေးကြီးပါတယ်။ ကျွန်တော်ဆိုရင်တော့ ကျွန်တော့်အချိန်တွေကို တစ်ခါတလေ အလုပ်မှာ ကုန်ဆုံးတယ်။ တစ်ခါတလေ သူငယ်ချင်းတွေနဲ့ ဂိမ်းဆော့ရင်း အချိန်ကုန်တယ်ပေါ့။ ကျွန်တော် ရထားတဲ့ ၂၄ နာရီမှာ ဘယ်လိုပဲဖြစ်ဖြစ် ၁ နာရီ၊ ၂ နာရီလောက်တော့ စာဖတ်ပါတယ်။

## Parents

အပြင်မှာဆိုရင်တော့ ကျွန်တော် လူကြီးတစ်ယောက်လို နေပါတယ်။ အိမ်မှာဆိုရင်တော့ ကလေးတစ်ယောက်လိုနေပြီး အဖေနဲ့အမေကို တစ်ခါတလေမှာ ဆိုးတယ်။ အဖေနဲ့အမေကို သူငယ်ချင်းလိုလည်း စနောက်တတ်ပါတယ်။ အဖေနဲ့အမေက ကျွန်တော့်ကို ဂရုစိုက်တဲ့အတွက် ကျွန်တော် ပျော်တယ်။ အခုအချိန်မှာ ကျွန်တော် ဘာလုပ်လုပ် အဖေနဲ့အမေကို တိုင်ပင်ပါတယ်။ အဖေနဲ့အမေသာ မရှိရင် ဘာဖြစ်မလဲဆိုပြီး ကျွန်တော် အမြဲတမ်းတွေးတယ်။ အဲဒီအခါကျတော့ အဖေ၊ အမေတန်ဖိုးက ပိုလေးနက်လာပါတယ်။ အဖေနဲ့အမေ လူ့ဘဝကနေ မထွက်သွားခင်မှာ ကျွန်တော် အနည်းနဲ့အများလေးတော့ ကုသိုလ်ယူပြီး ကျေးဇူးဆပ်ချင်ပါသေးတယ်။ အဲဒီလို ဆပ်နိုင်ဖို့အတွက်လည်း ကျွန်တော် ကြိုးစားနေပါတယ်။

## Love

၁၅၀၀ နဲ့ ၅၂၈ က အဝေးကြီးပါ။ နှိုင်းယှဉ်လို့လည်း မရပါဘူး။ မိသားစုက မိသားစုပါ။ ကျွန်တော်ကတော့ ၁၅၀၀ နဲ့ ၅၂၈ ကို မနှိုင်းယှဉ်ဖူးပါဘူး။

## Hatred

လိမ်တာကို မုန်းပါတယ်။ လိမ်ပြီးရင် ဝန်မခံတာကိုလည်း မုန်းတယ်။ ကတိပေးပြီး ကတိမတည်ရင်လည်း မုန်းတယ်။ အပြောတစ်မျိုး၊ အလုပ်တစ်မျိုး လုပ်တတ်တဲ့လူတွေနဲ့ အကြွေးမဆပ်တဲ့လူတွေကို မုန်းပါတယ်။

## Life

ကျွန်တော် ရွှံပြီးလုပ်လိုက်တဲ့ အလုပ်တစ်ခုက ကျွန်တော့်ဘဝမှာ အလုပ်ဖြစ်သွားတယ်ပေါ့။ အဲဒီအပေါ်မှာ ကျွန်တော် အကောင်းဆုံးဖြစ်အောင် ကြိုးစားတယ်။ ကျွန်တော် ပုံဖော်ချင်တာ



Asian Fame Media Group

ကို ဖော်ခွင့်မရဘဲ ကျွန်တော် မဖော်ချင်တဲ့အရာကို ပုံဖော်ပြီးတော့ နေလိုက်ရတဲ့အတွက် မဖော်ချင်ဘဲ ဖော်လိုက်ရတဲ့ပုံကို ဒီထက်ပိုပြီး မလှလှအောင် ကျွန်တော် ပုံပြန်ဖော်နေတယ်ပေါ့။ အဲဒီလို နေနေရတဲ့ ဘဝပါ။

## Friendship

သူငယ်ချင်းတွေကတော့ ကျွန်တော့်ဘဝမှာ တော်တော်အရေးပါပါတယ်။ တစ်ခါတလေမှာ အိမ်က ဆူလိုက်တဲ့အခါ၊ အလုပ်မှာ အဆင်မပြေတဲ့အခါ၊ ၁၅၀၀ နဲ့ အဆင်မပြေတဲ့အခါမျိုးတွေမှာ ကျွန်တော့်သူငယ်ချင်းတွေက ကျွန်တော့်အတွက် Perfect ပါပဲဗျာ။ အမြဲတမ်းဘေးမှာရှိတဲ့အတွက် ပျော်ဖို့ကောင်းပါတယ်။

## Book

ကျွန်တော် စုဆောင်းတဲ့ စာအုပ်တွေကတော့ ဦးအောင်သင်းစာအုပ်နဲ့ လူထုစိန်ဝင်းစာအုပ်တွေကို အများဆုံးစုဆောင်းပါတယ်။ ကျွန်တော် ဖတ်လည်း ဖတ်ပါတယ်။ ဘာသာပြန်တွေလည်း ဖတ်ပါတယ်။ နောက်ပိုင်း ကျွန်တော်ဖတ်တဲ့စာတွေက စာရေးဆရာဖေမြင့်နဲ့ စာတွေလည်း ပါပါတယ်။

## Motto

ကျွန်တော့်မှာ လက်ကိုင်ဆောင်ပုဒ်တော့ မရှိပါဘူး။ ဒါပေမဲ့ ကျွန်တော့်အဖေ ကျွန်တော့်ကို အမြဲတမ်းဆုံးမတဲ့ စကားလေးတော့ရှိပါတယ်။ ဘယ်အရာ ဘယ်အလုပ်ပဲလုပ်လုပ် ခြသေ့်လိုစိတ်ထားမျိုးထားပြီး လုပ်လို့ အမြဲပြောပါတယ်။ ခြသေ့်က သားကောင်ဖမ်းတဲ့အခါမှာ သားကောင်ငယ်၊ သားကောင်လတ်၊ သားကောင်ကြီးပဲဖြစ်ဖြစ် ခွန်အားသုံးတာက အတူတူပဲသုံးတယ်လေ။ ကျွန်တော့်အဖေက အမြဲမှာတယ်။ ဘယ်အလုပ်ပဲလုပ်လုပ် ဒီဝီရိယ၊ ဒီလုံ့လတွေကိုပဲသုံးလို့ မှာထားပါတယ်။ အနုပညာအလုပ်မှ မဟုတ်ပါဘူး။ တက္ကသိုလ်တက်တုန်းက စာမေးပွဲတွေဖြေတုန်းကလည်း ခြသေ့်လို စိတ်ထားမျိုးထားပြီး လုပ်ခဲ့တာပါ။



## Collections

ကျွန်တော် ငယ်ငယ်တုန်းက စုဆောင်းထားတဲ့ စစ်သားအရုပ်လေးတွေတော့ ရှိပါတယ်။ အခုထက်ထိလည်း ကျွန်တော်သိမ်းထားတုန်းပါပဲ။ ဩော် . . . ကြုံတုန်းကြွားလိုက်ဦးမယ်။ အဲဒီစစ်သားရုပ်လေးတွေက ၂၁ လက်မ တီဗီပုံးအပြည့်ရှိပါတယ်။ ကျွန်တော့်အဖေ နယ်တွေမှာ တာဝန်ကျလို့ လိုက်နေရတဲ့အခါမှာ သူတို့တွေက ကျွန်တော့်အဖော်ပေါ့။ အခုနောက်ပိုင်းကျတော့ ဇာတ်ကားရိုက်တဲ့အခါမှာ ဇာတ်ဝင်ခန်းအတွက် အဆင်ပြေရင် အသုံးတည့်မယ့်ဟာကို ဝယ်လိုက်တယ်ပေါ့။ Fancy ဆိုရင်တော့ 925 တွေကို စုဆောင်းဖြစ်ပါတယ်။ Crazy ဖြစ်ပြီး စုဆောင်းတာတွေ မရှိပါဘူး။

## On Art

နာမည်ကသာ 'အနုပညာ'ပါ။ ဘာတစ်ခုမှ မနုပါဘူး။ ဖြစ်နိုင်ရင် 'အကြမ်းပညာ'လို့တောင် နာမည်ပေးလိုက်ချင်ပါတယ်။ ဒီလောကက တော်တော်ကြမ်းပါတယ်။

## Other Hobbies

အားကစားကို ဝါသနာပါတယ်။ Gym ဆော့တယ်၊ ပြေးတယ်။ ကျွန်တော် တကယ်ဝါသနာပါခဲ့တဲ့ စစ်ဗိုလ်ကတော့ မလုပ်ဖြစ်ခဲ့ဘူးပေါ့။ ဒါပေမဲ့ ဒီသရုပ်ဆောင် လောကထဲမှာ ဇာတ်ဝင်ခန်းအရ ကျွန်တော် ယူနီဖောင်းဝတ်ပြီး ရိုက်ရရင် ပျော်ပါတယ်။

## Food of Taste

ကျွန်တော်က မြန်မာအစားအစာကို နှစ်သက်ပါတယ်။ မုန့်ဟင်းခါး၊ မုန့်စိမ်းပေါင်း၊ ကောက်ညင်းပေါင်း၊ မုန့်ကြာစေ့သာဂူတွေကို ကျွန်တော်ကြိုက်တယ်။ နောက်ပြီးတော့ ကြေးအိုးဆီချက်၊ ဟမ်ဘာဂါ၊ ပီဇာတွေကိုလည်း ကြိုက်ပါတယ်။

**သီတာစိုး**

Asian Fame Media Group



# MOE YAN ZON

**Photo** - Ko Naing (Popular)

Asian Fame Media Group



# WEDDING *special*

မော်ဒယ် / ရဲမင်းသူ၊ ဝင့်ယမုံလှိုင်
မိတ်ကပ် / ထက် ( POP SOUL )
ဝတ်စုံ၊ လက်ဝတ်ရတနာ၊ ပန်း / မွှေးမြသင်း
ဓာတ်ပုံ / ကိုနိုင် (ပေါ်ပြူလာ)
ဖြိုးစုပိုပို

Asian Fame Media Group



# WEDDING *special*

မော်ဒယ် / ရဲမင်းသူ၊ ဝင့်ယမုံလှိုင်
မိတ်ကပ် / ထက် ( POP SOUL )
ဝတ်စုံ၊ လက်ဝတ်ရတနာ၊ ပန်း / မွှေးမြသင်း
ဓာတ်ပုံ / ကိုနိုင် (ပေါ်ပြူလာ)
ဖြိုးစုပိုပို

Asian Fame Media Group




Asian Fame Media Group
MEDIA GROUP




Asian Fame Media Group




sponsor by AMERICAN VISION
PROFESSIONAL EYE CARE CENTER
MONT
BLANC



Asian Fame Media Group




Asian Fame Media Group




Asian Fame Media Group
MEDIA GROUP



# SWEET DREAM

MODEL : POE EI PHYU SIN & SU MYAT NOE KYAW
DRESS : YUMMY YO (CLASSIC COLLECTIONS
MAKE-UP : HTET (POP SOUL)
MAKE-UP SERIES : MISSHA COMETICS (KOREA)
PHOTO : LIN TUN (LEOPARD)
PLACE : MYA YEIK NYO STREET BAR.

Asian Fame Media Group






Asian Fame Media Group


Hottest LATEST
modeL . TIN MOE LWIN / make up . KANEBO/ bag . BONIA/dress. MANGO
photo . KO NAING (POPULAR)



# Hottest LATEST

**modeL . TIN MOE LWIN / make up . KANEBO/bag . BONIA**
**dress. MANGO / photo . KO NAING (POPULAR)**

Asian Fame Media Group



# Hottest LATEST

model. TIN MOE LWIN / make up . KANEBO
bag . BONIA /dress&accessories. MANGO
photo . KO NAING (POPULAR)

Asian Fame Media Group




Hottest LATEST

**model . TIN MOE LWIN**
**make up . KANEBO**
**bag . BONIA /dress. MANGO**
**photo . KO NAING (POPULAR)**

Asian Fame Media Group



# MOD MOM

Model : Yin Yin Min & Ike, Photo : Ko Naing (Popular), Arranged by Phyoe Su Po Po

Asian Fame Media Group



# MOD MOM

**Model** : Yin Yin Min & Ike, **Photo** : Ko Naing (Popular)





# Mod Mom

**Model** : Yin Yin Min & Ike, **Photo** : Ko Naing (Popular)



Asian Frame Media Group


MOD MOM
Model : Yin Yin Min & Ike,
Photo : Ko Naing (Popular)



# နုနယ်ပျိုမျစ် ရွှေရင်သိမ်းသစ်

စိမ်းစိုနေတဲ့သဘာဝပတ်ဝန်းကျင်ရဲ့အလှ တရားထဲမှာ နုနယ်ပျိုမျစ်တဲ့ ဆယ်ကျော်သက်လေးရဲ့အလှယှဉ်တွဲလို့ပြီးပြည့်စုံတဲ့ပုံရိပ်လေးတစ်ခုကို Miss Confidence, Miss Beautiful Mind ဆုတွေ ရရှိထားတဲ့မော်ဒယ် 'ဟန်သီ' နဲ့ရတီအဖွဲ့သားများက စုစည်းပုံဖော် တင်ဆက်လိုက်ပါတယ်။

ယုယအိမ်

မော်ဒယ် - ဟန်သီ/မိတ်ကပ် - ရွှေမြင့်မိုရ်
ဓာတ်ပုံ - ကိုနိုင်(ပေါ်ပြူလာ)

Asian Fame Media Group



# Han Thi

MAKE UP : SHWE MYINT M

PHOTO : KO NAING (POPULAR)

Asian Fame Media Group
af MEDIA GROUP


HAN THI
MAKE-UP : SHWE MYINT MO
PHOTO : KO NAING (POPULAR)
Asian Family Media Group



# ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်

မော်ဒယ်- ဆုမြတ်၊ မိတ်ကပ်-ဆံပင်-လင်းလင်း(တော်ဝင်သူ)

ဓာတ်ပုံ- ဝဏ္ဏာခွာနီး

Asian Media Group



ဆုမြတ်

မိတ်ကပ်-ဆံပင် - လင်းလင်း(တော်ဝင်သူ)

ဓာတ်ပုံ- ဝဏ္ဏာခွာနီး

Asian Family Media Group



Asian Fame Media Group

ဆုမြတ်

မိတ်ကပ်၊ ဆံပင် - လင်းလင်း(တော်ဝင်သူ)

ဓာတ်ပုံ- ဝဏ္ဏာခွာနီး




Asian Fame Media Group




Asian Fame Media Group



*audience of celebrities' choice*

**Model :** Sandi Myint Lwin, Shin Thant
**Make-up :** Wai Yan (Irene Aung Aung) & Nge Nge (Aye Chit Maw)
**Dress of Audience :** Dream Fashion
**Location :** noize city recording studio (Htain Win)
**Photo :** Ko Naing (Popular)

Asian Fame Media Group



# *audience of celebrities' choice*

**Model :** Sandi Myint Lwin, Shin Thant
**Make-up :** Wai Yan (Irene Aung Aung) & Nge Nge (Aye Chit Maw)
**Dress of Audience :** Dream Fashion
**Location :** noize city recording studio (Htain Win)
**Photo :** Ko Naing (Popular)

Hip Hop လောကမှာ အသံမာမာနဲ့ Rap စာသားတွေ ရွတ်ဆိုပြီး လူငယ်တွေရဲ့ အားပေးမှုကို ပိုင်ဆိုင်ထားသူလေး Rapperစန္ဒီမြင့်လွင်နဲ့ Hip Hop Music ကို ဝါသနာပါတဲ့ မိတ်ဆွေလာကရှင်းသန့်တို့ရဲ့ တွေ့ဆုံမှုလေးပါ။ ဝါသနာတူသူနှစ်ယောက်ရဲ့စကားဝိုင်းနဲ့အတူ Fashion လန်းလန်းလေးတွေနဲ့ Style ခပ်မိုက်မိုက်လေးတွေကို ကိုနိုင် (ပေါ်ပြူလာ) က အမိအရရိုက်ကူးပေးခဲ့ပါတယ်။ လူတိုင်းအတွက် အခွင့်အရေးဆိုတာ ရှိပါတယ်။ ကဲ...ပရိသတ်ကြီးရေ နောက်လမှာ Celebrity နဲ့တွဲရိုက်ဖို့ အခွင့်အရေးကို ဘယ် Audience က ရရှိနိုင်မယ် ဆိုတာကတော့...

သီတာစိုး



Asian Fame Media Group
ay MEDIA GROUP

# *audience of celebrities' choice*

**Model :** Sandi Myint Lwin, Shin Thant
**Make-up :** Wai Yan (Irene Aung Aung) & Nge Nge (Aye Chit Maw)
**Dress of Audience :** Dream Fashion
**Location :** noize city recording studio (Htain Win)
**Photo :** Ko Naing (Popular)



Asian Fame Media Group

## ပရိသတ်အမေး အနုပညာရှင်အဖြေ

● ဓာတ်ပုံပို့တဲ့ လူတွေအများကြီးထဲကမှ အစ်မအနေနဲ့ ကျွန်တော့်ကို ဘယ်လို ရွေးချယ်ဖြစ်ခဲ့တာလဲ။

✣ မောင်လေးဓာတ်ပုံကို ကြည့်လိုက်တဲ့ အချိန်မှာ အစ်မနဲ့အဆင်ပြေမယ် ထင်လို့ ရွေးလိုက်တာပါ။ မောင်လေးသီချင်းဆိုနေတာကို အစ်မ မသိဘူး။ မောင်လေးဝတ်ပုံစားပုံက အစ်မပုံစံနဲ့တူတော့ အဝတ်အစားဝတ်ရတာကို ပြောစရာ သိပ်လိုမယ်လို့ မထင်ဘူး။ အစ်မနဲ့လည်း အဆင်ပြေလောက်ပါတယ်ဆိုပြီး ရွေးလိုက်တာ။

● 'SHORK' အယ်လ်ဘမ်က တော်တော်လန်းတယ် အစ်မ။ အစ်မအနေနဲ့လည်း 'SHORK' VCD ကို တော်တော်လန်းလန်း လုပ်ထားတယ်လို့ ကြားပါတယ်။ ကျွန်တော်လည်း အစ်မရဲ့ VCD အခွေကို စောင့်နေတာ ဘယ်တော့လောက် ထွက်မှာလဲဟင်။

✣ ဟုတ်လား. . . ။ 'SHORK' ကိုတော့ ၁၀ လပိုင်းလောက် ထုတ်ဖို့ရည်ရွယ်ထားတယ်။ အခုလောလောဆယ်တော့ Sponsor နဲ့ စကားနည်းနည်း ပြောနေလို့ပါ။ အဲဒါပြီးရင်တော့ ၁၀ လ ပိုင်းနဲ့ ၁၀ လပိုင်း ကုန်လောက်တော့ ထုတ်မယ်။ 'SHORK' အခွေထဲမှာဆိုရင် သီချင်းက ကော်မာရှယ်လည်းပါတယ်။ အမြူးလည်းပါတယ်။ အနှေးလည်းပါတယ်ဆိုတော့ မျှအောင်ဆိုထားပါတယ်။ မျှအောင်ဆိုထားတဲ့အတွက် သီချင်းပေါ်မှာလည်း မူတည်ပြီး ရိုက်လို့ရတယ်။ အနှေးဆိုရင် အနှေးပုံစံ၊ အမြူးဆိုရင်လည်း အမြူးပုံစံပေါ့။ 'SHORK' သီချင်းဆိုရင် Snare နဲ့ ဆိုထားတယ်။ Snare နဲ့ရော ဒါရိုက်တာဇော်ကိုကိုနဲ့ရော အရင်ဆုံး Meeting တွေလုပ်ပြီး အမိုက်စားပုံစံဖြစ်အောင် ဘယ်လိုလုပ်ကြမလဲဆိုပြီး တိုင်ပင်ကြတယ်ပေါ့။ 'SHORK' အခွေမှာ အစ်မကိုယ်တိုင် ဒါရိုက်တာလုပ်ထားတာတော့ မရှိပါဘူး။ ကိုယ့်ရဲ့ တစ်ကိုယ်တော်အခွေမှာ ကိုယ့်ဘာသာသီချင်းရေးတာကိုတော့ ကိုယ့်ကိုယ်ကိုယ် အားမပေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျန်တာတွေ လစ်ဟင်းသွားမှာစိုးလို့ပါ။ အစ်မရဲ့ အရေးကြီးတဲ့ တစ်ကိုယ်တော်အခွေမှာတော့ သူများတွေရဲ့ အိုင်ဒီယာကို ယူပါတယ်။ အားလုံးနဲ့ ယှဉ်ရမှာလေ။ ဥပမာ. . . ကိုယ့်နိုင်ငံတိုးတက်လာပြီဖြစ်တဲ့အတွက် နိုင်ငံတကာနဲ့ယှဉ်နိုင်ရမယ်ပေါ့။ ကိုယ့်မှာရှိတဲ့ အရည်အချင်းနဲ့ ကိုယ့်မှာရှိတဲ့ နာမည်နဲ့ အကောင်းဆုံးသီချင်းတစ်ပုဒ်ပဲ ဖြစ်ရမယ်။ ဒါကြောင့်မို့လို့ သီချင်းတွေလုပ်ရင် ဘယ်တော့မှ ပေါ့ပေါ့လေး မလုပ်ပါဘူး။ အဲဒါကြောင့် ဒါရိုက်တာလည်း မလုပ်ချင်ပါဘူး။ ကိုယ်လိုချင်တဲ့ Idea လေးကိုပဲ ပြောပြပြီး အားလုံးတိုင်ပင် ညှိနှိုင်းပြီး Teamwork ပုံစံမျိုးလေးနဲ့ လုပ်ထားပါတယ်။

● အရင်တုန်းက အစ်မဆိုတဲ့ပုံစံက hard ဘက်ကို သွားတယ်လေ။ 'ဆေးရောင်လှလှခြယ်ရအောင်' အခွေနဲ့ 'SHORK' အခွေမှာ Melody ပိုင်းကို တော်တော်ဆိုထားတာ တွေ့ရတယ်။ အစ်မအနေနဲ့ လုပ်နိုင်တယ်ဆိုတာကို ပရိသတ်ကို ပြချင်တာလား။

✣ အစ်မ. . . ဆိုတတ်တယ်ဆိုပြီး ဆိုပြတာပါ။ တချို့ကတော့ အစ်မက Melody မဆိုတတ်ဘူးဆိုပြီး ပြောကြတယ်။ 'ဆေးရောင်လှလှခြယ်ရအောင်' မှာစပြီး တစ်ပုဒ်၊ နှစ်ပုဒ်ထည့်ဆိုတယ်ပေါ့။ မဆိုတတ်ဘူးပြောလို့ ဆိုပြတဲ့ အနေအထားလည်း ပါတယ်။ ဒါပေမဲ့ အဆိုတော်တစ်ယောက်ဖြစ်ရင်



Asian Fame Media Group

ဘယ်သီချင်းအမျိုးအစားကိုမဆို ဆိုနိုင်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်လည်း ပါပါတယ်။ အစ်မတို့ သီချင်းဆိုရင် တစ်ခွေလုံးမှာ အကြမ်းတွေချည်း မဖြစ်ရဘူး။ ပရိသတ်ကြိုက်မယ့် သီချင်းလေးတွေလည်း ပါရမယ်။ ကာရာအိုကေဆိုရင် လိုက်ဆိုလို့ရမယ့် သီချင်းတွေပေါ့။ အဲဒါကြောင့် အခုနောက်ပိုင်းမှာ Melody ပိုင်းလေးတွေ ထည့်တာပေါ့နော်။ ပထမဆုံး 'ဆေးရောင်လှလှ ခြယ်ရအောင်' အခွေထဲက 'ခေါက်ပစ်လိုက်' သီချင်းက ပေါက်သွားတယ်။ အဲဒီ 'ခေါက်ပစ်လိုက်' သီချင်း ပေါက်သွားတာကို အားကိုးပြီးတော့ 'SHORK' မှာ Melody ပိုင်းလေး နည်းနည်းပိုပြီး ထည့်ခဲ့တယ်။ အစ်မမှာရှိတဲ့ R & B နဲ့ Hip Hop ဘောင်ကိုတော့ ကျော်ပြီး မလုပ်ပါဘူး။

● အစ်မ Music လောကကို ဝင်လာတဲ့အချိန်မှာ ကြုံရတဲ့ အခက်အခဲလေးတွေနဲ့ ရင်ဆိုင်ကျော်ဖြတ်ခဲ့ပုံလေးတွေကို ပြောပြပါဦး။

✣ အခက်အခဲကတော့ အများကြီး ကြုံရမှာပါပဲ။ ဥပမာ - စက်ဘီးစီးသင်မယ်ဆိုရင် စက်ဘီးနဲ့လူ တူတူချော်လဲပြီးမှ စက်ဘီးကို စီးတတ်မှာလေ။ အခက်အခဲဆိုတာကြီးတယ်၊ သေးတယ်မရှိဘူး။ ကိုယ့်ကုသိုလ်ကံနဲ့လည်း ဆိုင်လိမ့်မယ်။ အနှောင့်အယှက်၊ အတိုက်အခိုက်၊ အခက်အခဲဆိုတာကတော့ နေရာတိုင်းမှာ ကြုံရမှာပဲလေ။ အဲဒီလို ကြုံပြီးတော့မှ မောင်လေးက အောင်မြင်မှုတွေရှိတဲ့ နေရာကို ရောက်မှာပေါ့။ စိတ်ညစ်စရာလည်း ကြုံမှာပဲ၊ ဝမ်းနည်းစရာလည်းကြုံမှာပဲ၊ ပျော်ရွှင်စရာလည်း ကြုံမှာပဲ၊ အဲဒါတွေ အားလုံးကို ကိုယ့်ဘက်က ခံနိုင်ရည်ရှိအောင် လုပ်ထားဖို့ပဲ လိုအပ်တယ်လို့ ထင်တယ်။ အစ်မလည်း ဒီလိုနည်းနဲ့ပဲ ဖြတ်သန်းခဲ့ရတယ်။ အခက်အခဲကတော့ လူတိုင်းကြုံဖူးပါတယ်။ ကိုယ့်ဘက်က ခံနိုင်ရည်ရှိဖို့က အရေးအကြီးဆုံးပဲ။ အစ်မကတော့ စိတ်ညစ်တာကို ခေါင်းထဲမှာ မထည့်ထားတတ်ဘူး။ စိတ်ညစ်ရင်လည်း အများကြီးမညစ်တတ်ဘူး။ တစ်နေ့လုံး အားတယ်ဆိုရင်တောင် ဦးနှောက်က အလုပ်လုပ်နေပါတယ်။ တစ်ခုခုကို တွေးမနေရင်တောင် ဘုရားရှိခိုးနေလိုက်တယ်။ ဘယ်တော့မှ အချိန်ကို အအားမပေးဘူး။ အကျိုးရှိတာတစ်ခုခုကို အမြဲတမ်းလုပ်နေတယ်။ အစ်မက အချိန်ကို ဘယ်တော့မှ အလဟဿမထားဘူး။ မောင်လေး ဆိုရင် အခု အသက်က (၁၇) နှစ်ဆိုတော့ ခဏလေးနဲ့ကြီးသွားမှာလေ။ အခုအသက်အရွယ်မှာ အများကြီး လုပ်ထားမယ်ဆိုရင် အသက် ၂၀ ကျော်ရင် အရမ်းကောင်းသွားမယ်။

● ဟုတ်ကဲ့ပါ. . . . အစ်မ။ ဒါနဲ့ အစ်မမှာ ချစ်သူရှိနေပြီလား။ ပြီးတော့ အစ်မအနေနဲ့အချစ်ကို ဘယ်လိုနားလည်ထားလဲ။

✣ အင်း ရည်းစားတော့မရှိပါဘူး။ အချစ်ကို စိတ်ထဲမှာတော့ သိပ်ပြီး အာရုံမထားထားဘူး။ အချိန်တန်လို့ သူဖူးစာရှိလာရင် တွေ့မှာပဲ။ တစ်ခုခုကိုအာရုံထားလိုက်ရင် တစ်ခုခုက လစ်ဟင်းသွားမှာလေ။ အစ်မ လောလောဆယ် စိတ်ထဲမှာဖြစ်နေတာက အလုပ်ပိုလုပ်ချင်တယ်။ 'အချစ်'ကို ရှာနေမယ်ဆိုရင် 'အလုပ်'ကို မရှာနိုင်တော့ဘူး။ 'အချစ်' ကိုရှာမယ်ဆိုရင် 'အလုပ်' ကို မရှာနဲ့။ 'အလုပ်'ကိုရှာမယ်ဆိုရင် 'အချစ်' ကိုမရှာနဲ့။ အားလုံး ဘက်စုံကောင်းဖို့ဆိုတာ တော်တော်ကြီးကို ကံကောင်းမှဖြစ်မှာ။ အစ်မဆိုလည်း အဆိုတော်ရော၊ သရုပ်ဆောင်ရော လုပ်တယ်လေ။ အစ်မ ဇာတ်ကားတွေ ရိုက်ထားပေမယ့် သီချင်းဆိုတာကို ပိုအားရတဲ့အတွက် သီချင်းဘက်ကို ဖိပြီးပိုလုပ် ဖြစ်ပါတယ်။ သီချင်းဆိုတာ နည်းတဲ့အချိန်မှာ ကားပိုရိုက်ဖြစ်တယ်။ သီချင်းဆိုတာ များတဲ့အချိန် မှာ ကားရိုက်နည်းသွားတယ်ပေါ့။ အဲဒီလို မအားတော့ 'အချစ်' ကိုမရှာဖြစ်ဘူးပေါ့။ (ရယ်လျက်)



Asian Fame Media Group

## အနုပညာရှင်အမေး ပရိသတ်အဖြေ

● မောင်လေးက ကျောင်းတက်နေတုန်းလား။ ပြီးတော့ မောင်လေးက ဂီတမှာ Hip Hop ကို ဝါသနာပါတယ်ဆိုတော့ ဒီဂီတလောကထဲကို လုံးဝခြေစုံပစ်ဝင်ဖို့ ရည်ရွယ်ချက်တွေ ရှိပြီလား။

✣ ဟုတ်ကဲ့. . . ။ ကျွန်တော်က ပထမနှစ် (အဝေးသင်) တက်နေပါတယ်။ အစတုန်းကတော့ မိဘတွေပိုင်းက ကျွန်တော် ဒီအလုပ်လုပ်တော့ မကြိုက်သလို ဖြစ်နေတာပေါ့။ အခုနောက်ပိုင်း နမူနာခွေလေးထွက်ပြီးတဲ့ အချိန်မှာတော့ ကျွန်တော့်အနေနဲ့ ဂီတလောကထဲကို လုံးဝခြေစုံ ပစ်ပြီးဝင်မယ် ပေါ့နော်။ အစတုန်းကတော့ စီးပွားရေးလည်း လုပ်ချင်သေးတော့ ဒီဂီတလောကထဲကိုဝင်ဖို့ မဆုံးဖြတ်ရသေးဘူး။ အဝေးသင် တက်တာကလည်း ဒီအနုပညာနဲ့ စီးပွားရေးကို ဖောက်ချလုပ်ချင်လို့ အဝေးသင်တက်ခဲ့တာပါ။ အရင်ဆုံးတော့ ဒီအနုပညာအလုပ်ကို အောင်မြင်မှုတစ်ခု ရအောင်လုပ်ပြီးမှ စီးပွားရေးအနေနဲ့ လုပ်သင့်လုပ်ထိုက်တာကို လုပ်မယ်ပေါ့နော်။

● Hip Hop အဆိုတော် ဖြစ်ချင်တာက မောင်လေးရဲ့ အိပ်မက် အစစ်လား။

✣ ဩော်. . . ဟုတ်ကဲ့ လုံးဝ အစစ်ပါ။ ကျွန်တော် သူငယ်တန်းတုန်းက Acid အခွေထွက်လာတော့ လုံးဝကြိုက်သွားတာ၊ ပြီးတော့ ၅ တန်း ၆ တန်းလောက်မှာ သူများတွေဆိုတာ နားထောင်နေရင်းနဲ့ ကျွန်တော် ကိုယ်တိုင်ဆိုချင်စိတ်တွေ ပေါက်လာတယ်။ အဲဒီကစပြီး Hip Hop ဂီတကို ကျွန်တော့်အိပ်မက်အဖြစ် သတ်မှတ်ခဲ့ပါတယ်။

● ဒီအနုပညာလောကထဲ ဝင်မယ် ဆိုရင် ဆိုးတာတွေကော၊ ကောင်းတာတွေကော ရှိတယ်လေ။ 'အခု ရေတွင်းတူး အခုရေကြည်သောက်' လို့ မရဘူးလေ။ ကြုံလာရမယ့် အခက်အခဲတွေ၊ အနှောင့်အယှက်တွေကိုရော ခံနိုင်ရည်ရှိပါ့မလား။

✣ ဟုတ်ကဲ့ . . . ခံနိုင်ရည်ရှိပါတယ်။ အခက်အခဲဆိုတာ ငယ်ငယ်ကတည်းက တွေ့ခဲ့ရတာပါပဲ။ အဆိုတော်အလုပ်မှ မဟုတ်ပါဘူး။ ကျောင်းစာတွေကလည်း ခက်ခဲတာပါပဲ။ ကျွန်တော် ကျောင်းတက်တုန်းကတည်းက အခက်အခဲရှိရင် အခြေအနေတစ်ခုအထိရောက်အောင် ကျော်လွှားခဲ့ပါတယ်။ ဒီအနုပညာလောကကို ဝင်လာတဲ့ အချိန်မှာ ကြုံရမယ့်အခက်အခဲတွေကိုလည်း တွေ့နေကျ အခက်အခဲတွေလိုပဲ စိတ်ရှည်ရှည်နဲ့ ရင်ဆိုင်ကျော်ဖြတ်သွားမှာပါ။

● ပြည်ပမှာဆိုရင် ဘယ် Rapper တွေကို ကြိုက်လဲ။ ပြည်တွင်းမှာဆိုရင်ရော. . .

✣ မြန်မာပြည်ကဆိုရင် ယောက်ျားလေးထဲက ကိုစိုင်းစိုင်းနဲ့ ကိုလွှမ်းပိုင်ကို ကြိုက်ပါတယ်။ မိန်းကလေးထဲမှာတော့ မဒီးဒီနဲ့ ထက်ထက် (Bobby Soxer) ကို ကြိုက်ပါတယ်။ ကိုစိုင်းရဲ့ ဆိုပုံဆိုဟန်တွေနဲ့ Fashion တွေကို ကြိုက်တယ်။ ကိုစိုင်းရဲ့ သီချင်းတော်တော်များများကိုလည်း ကြိုက်ပါတယ်။ ကိုလွှမ်းပိုင်ကျတော့ Twist ရွတ်တာကို ကြိုက်တာပါ။ မဒီးဒီကို ကြိုက်တာက 'ငါ့ သမီးလေးတော်လိုက်တာ' သီချင်းကနေပါ။ အခု နောက်ပိုင်း SHORK ထဲမှာ R & B စတိုင်လေးတွေဆိုထားတာကိုလည်း ကြိုက်တယ်။ ထက်ထက် (Bobby Soxer) ကျတော့ Twistတွေ အမြန်ရွတ်တာကို ကြိုက်လို့ပါ။ ပြည်ပမှာဆိုရင်တော့ ကျွန်တော်ကြိုက်တာတွေက B.O.B၊ Wiz Kalifa နဲ့ အာရှမှာဆိုရင် G Dragon ကို ကြိုက်ပါတယ်ဗျာ။

● အနုပညာလောကမှာ နေဖို့အတွက် ဘယ်လောက်အထိ မျှော်မှန်းထားလဲ။ ကိုစိုင်းစိုင်းလိုမျိုး အဆိုတော်တစ်ယောက်အဖြစ် အောင်မြင်မှုအကြာကြီး ထိန်းထားနိုင်တဲ့လူမျိုး ဖြစ်ချင်တာလား။ ဒါမှမဟုတ် ကိုလွှမ်းပိုင်လို Twist တွေ အများကြီးဆိုတတ်တဲ့ လူတစ်ယောက်ဖြစ်ဖို့လား။ ကိုထိန်ဝင်းတို့လို စတူဒီယိုပိုင်ရှင်ဖြစ်ဖို့ထိလား။





Asian Fame Media Group



✣ ကျွန်တော်မှန်းထားတာကတော့ မြန်မာပြည်မှာ ကိုစိုင်းစိုင်းလို နာမည်ကြီးတစ်ယောက်ဖြစ်ချင်ပါတယ်။ ကိုထိန်ဝင်းတို့လိုလည်း စတူဒီယို လုပ်ဖို့ အစီအစဉ်ရှိပါတယ်။ ကိုယ့်ရဲ့ စီနီယာတွေလိုမျိုး ဖြစ်ချင်ပါတယ် အစ်မရယ်။ ကျွန်တော်ကတော့ ဒီအနုပညာလောကကို စဝင်လာကတည်းက မျှော်လင့်ထားတာလေးတွေတော့ ရှိပါတယ်။ ဘာပဲဖြစ်ဖြစ် ကြိုးစားပြီး လုပ်သွားမှာပါ အစ်မရယ်။

## Audience of Celebrities' Choice ကဏ္ဍအတွက် Celebrity စန္ဒီမြင့်လွင်ရဲ့ စကား

အခုလိုရိုက်ရတာ ပျော်ပါတယ်။ ဒီးဒီလည်း ဒီကဏ္ဍလေးကို သဘောကျပါတယ်။ ပရိသတ်နဲ့ ရိုက်တာပဲဖြစ်ဖြစ်၊ အသစ်တွေနဲ့ တွဲရိုက်တာပဲ ဖြစ်ဖြစ် ဒီးဒီက ပိုပြီးလုပ်ပေးချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမြင်လည်းဆန်းတယ်။ သူတို့ကိုလည်း ကိုယ်တတ်နိုင်တာလေး ကူညီရာရောက်တာပေါ့နော်။

ဒီကဏ္ဍလေးက ကောင်းပါတယ်။ ဒီမောင်လေးနဲ့ တွဲရိုက်ရတာ အဆင်ပြေပါတယ်။ သူက ပါရမီရှိတော့ ဘာမှ ထွေထွေထူးထူး ပြောစရာ မရှိပါဘူး။ မရွေးဖြစ်တဲ့ ပရိသတ်တွေကို ပြောချင်တာက မရွေးချင်လို့၊ မကောင်းလို့၊ မလှလို့၊ မကြိုက်လို့ဆိုတာတွေ တစ်ခုမှ မဟုတ်ပါဘူး။ အားလုံး အဆင်ပြေမယ့်လူကို ရွေးလိုက်တာပါ။ ကျန်တဲ့ပရိသတ်တွေကိုလည်း အားမလျှော့စေချင်ဘူး။ နောက်ထပ် မင်းသား၊ မင်းသမီးတွေ၊ အဆိုတော်တွေ အများကြီးရှိပါသေးတယ်။ အဲဒီအတွက် ပုံစံတွေ ဆက်ပြီးပို့ကြပါလို့ ပြောချင် ပါတယ်။ အားမလျှော့နဲ့နော်။

## Audience ရှင်းသန့်ရဲ့ အတွေ့အကြုံ

ကျွန်တော် ဒီကဏ္ဍလေးကို ကိုရဲလေးကတည်းက စပြီးသတိထားမိတာပါ။ ကိုစိုင်းစိုင်းနဲ့ မဒီးဒီအလှည့်ရောက်ရင်တော့ ရတီကို ပုံစံပို့မယ်ဆိုပြီး ဆုံးဖြတ်ထားခဲ့တာလေ။ မဒီးဒီနဲ့ တွဲရိုက်ဖို့ ဖိတ်ခေါ်ထားတာလည်းတွေ့ရော ကျွန်တော်လည်း တွဲရိုက်ချင်တယ်ဆိုပြီး အိမ်ကို ခွင့်တောင်းပြီး ပုံစံတင်ခဲ့တာပါ။ Form တင်ထားပြီးတဲ့ နောက်ပိုင်းမှာလည်း စိတ်လှုပ်ရှားနေပါတယ်။ ဒါပေမဲ့ မသိစိတ်ကတော့ ရွေးခံရမယ်လို့ ယုံကြည်မှုရှိနေတယ်။ အရွေးခံရတယ်ဆိုပြီး ဖုန်းဆက်တော့ တအားပျော်သွားတာ။ အစ်မဖုန်းဆက်တော့ ကျွန်တော်က အဒေါ်အိမ်မှာ ရောက်နေတာလေ။ အဖေ အမေနဲ့နေတဲ့ အိမ်က ၂ လမ်းခြားတော့ အဒေါ်အိမ်ကနေအမြန်ပြန်ပြီး အဖေတို့ အမေတို့ကို ပြောတယ်။ ပြီးတော့ သူငယ်ချင်းတွေ ကို ဖုန်းဆက်ပြောပါတယ်။ အခုလို မဒီးဒီနဲ့ ရိုက်ရတဲ့အတွက် ကျွန်တော်အရမ်းစိတ်လှုပ်ရှားပြီး ပျော်ပါတယ်။ အဆင်ပြေတယ်လို့လည်း ထင်ပါတယ်။ ဒီကဏ္ဍလေးကို ကျွန်တော် ကြိုက်ပါတယ်။ တော်တော်လည်းလန်းပါတယ်။ နယ်ကပရိသတ်အတွက် ပို အဆင်ပြေတယ်လို့ ထင်ပါတယ်။ နယ်ကလူတွေက မင်းသား၊ မင်းသမီး၊ အဆိုတော်တွေနဲ့တွေ့ဖို့ ခက်ခဲတယ်လေ။ ဒီလို တွေ့ဆုံပေးတဲ့ကဏ္ဍလေးက တော်တော်များများရှိသင့်ပါတယ်။ နောက်ထပ် ပုံစံတင်မယ့် သူငယ်ချင်းတွေလည်း ပုံစံတင်ဖြစ်အောင်တင်ပါလို့ အကြံဉာဏ်ပေးချင်ပါတယ်။ ကံဆိုတာ မမြင်ရပါဘူး။ Celebrity နဲ့ တွဲရိုက်ရတဲ့ပျော်ရွှင်မှုကို ကျန်တဲ့ သူငယ်ချင်းတွေကိုလည်း ခံစားမိစေချင်ပါတယ်ဗျာ။ ။

**သီတာစိုး**

Asian Fame Media Group

MUSIC PLUS YATI

# နှုတ်မဆက်ချင်ဘူး အနားနားနံဘေးမှာ ခုန်လိုက်. . . လွှမ်းပိုင်

၂၁ ရာစုရဲ့ တိုးတက်ပြောင်းလဲမှုဟာ ကျန်ရာစုနှစ်တွေထက် ပိုမိုမြန်ဆန်သလို ခံစားရပါတယ်။ လူသားတိုင်းရဲ့ရင်ကို ဖန်တီးမှုအသစ်တွေနဲ့ နင့်နင့်နဲနဲရိုက်ခတ်စေခဲ့တာ အကြားအာရုံတစ်ခုတည်းကလွဲပြီး မြင်နိုင်ခွင့်မရတဲ့ သံစဉ်တွေနဲ့ ထိတွေ့စေခဲ့တာကတော့ ဂီတပါ။ ကမ္ဘာပေါ်မှာ ရှိကြတဲ့ ဂီတပညာရှင်တွေဟာ ရိုးရာတေးဂီတကို ဖော်ထုတ်ခဲ့သလို ဂီတသစ်တွေကိုလည်း ရှာဖွေခဲ့ကြပါတယ်။ ကမ္ဘာနဲ့ ရင်ပေါင်တန်းပြီး မြန်မာလူငယ်တွေရဲ့ ဂီတသစ်ကို ဖော်ထုတ်နေတာကလည်း ချီးကျူးစရာပါ။ ရာစုသစ်အကူးအပြောင်းမှာ ပိုင်ဆိုင်ခွင့်တွေရလာတဲ့ ဂီတစာမျက်နှာတွေထဲက ဂီတသစ်စာမျက်နှာလေးတစ်ခုကို ရေးသားနေတဲ့ တေးရေးတေးဆို "လွှမ်းပိုင်" နဲ့ "ရတီ" စာဖတ်ပရိသတ်ကြီးရဲ့ နွေးထွေးစွာ ရင်းနှီးခွင့်တစ်ခု ဖန်တီးမိခဲ့ပါပြီ။

ယုယအိမ်

ဓာတ်ပုံ - ကိုနိုင်(ပေါ်ပြူလာ)



Asian Fame Media Group



Asian Fame Media Group

**လွှမ်းပိုင်က မွေးဖွားကြီးပြင်းရာနဲ့ သူ့မိသားစုလေးအကြောင်း စကားလေးစပြီး . . . .**

ဇာတိတစ်ခုလို စပြီးပြောရရင် ကျွန်တော်မွေးတာက ရှမ်းပြည်မှာ။ ဒါပေမဲ့ အဖေကဝန်ထမ်းဆိုတော့ ဟိုမြို့မှာ ၂ နှစ်၊ ဒီမြို့မှာ ၃ နှစ်နဲ့ နယ်တွေမှာပြောင်းရွှေ့ပြီး နေလာခဲ့ကြတာ ၁၀ တန်းလောက်အထိပေါ့။ ခုတော့ ရန်ကုန်တာမွေမှာနေပါတယ်။ မိသားစုအနေနဲ့ကတော့ အဖေက ဦးသိန်းအောင်၊ အမေက ဒေါ်အေးအေးခိုင်၊ ကျွန်တော့်မှာ အစ်ကိုတစ်ယောက်၊ အစ်မတစ်ယောက် ရှိပါတယ်။

**လွှမ်းပိုင်က သူ့ငယ်ဘဝတည်းက ဂီတနဲ့ပတ်သက်တဲ့ ဗီဇလေးတွေအကြောင်းပြောပြတာက . . . .**

ကျွန်တော် ငယ်ငယ်လေးတည်းက သီချင်းလေးတွေ လိုက်ဆိုရတာကို ကြိုက်တယ်။ တစ်ချိန်မှာ အဆိုတော်ကြီးဖြစ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်တော့ မရှိဘူး။ သီချင်းတွေဆို၊ ပျင်းတဲ့အခါသီချင်းတွေရေး။ အဲဒီလို သံစဉ်တွေလျှောက်ရေးရတာကို ဝါသနာပါတယ်။ ငယ်ငယ်က ရေချိုးတဲ့အခါပဲဖြစ်ဖြစ်၊ အရုပ်နဲ့ဆော့တဲ့အခါပဲ ဖြစ်ဖြစ်၊ ဇာတ်လမ်းလေးလို ဇာတ်ဝင်တေးကို ကိုယ့်ဟာကိုယ်လုပ်ပြီး ဆော့တယ်။ နောက်ကိုးတန်းအောင်ပြီး ၁၀ တန်းအတွက် ကျူရှင်တွေတက်တော့ သူငယ်ချင်းတွေနဲ့ သူများတွေလည်း အဖွဲ့တွေ အဖွဲ့တွေလုပ်နေကြတော့ ကျွန်တော်တို့လည်း လုပ်ကြမယ်ဆိုပြီး သီချင်းတွေလုပ်ရင်းလုပ်ရင်းနဲ့ ၁၀ တန်းတွေဘာတွေပြီးသွားတော့ သူငယ်ချင်းတွေ သေချာ ပြန်စုပြီး ၂၀၀၈ ခုနှစ်မှာ အန်ဒါဂရောင်း မစ်စတိတ်အခွေကို ထုတ်တယ်။ အဲဒီအခွေကို ရှော့စတား အဖွဲ့တို့၊ ကိုရဲလေးတို့နားထောင်မိရာက ရှော့စတားအဖွဲ့ထဲ ရောက်သွားတယ်။ နောက် ကိုရဲလေးရဲ့ တတိယကာရန်မှာ featuring ဝင်ဆိုခဲ့တယ်။

**အရေး၊ အဆို၊ အတီးဆိုတဲ့ ဇယားကို လွှမ်းပိုင်ဆွဲခဲ့ပုံလေးက . . . .**

ကျွန်တော်တို့က အရေးရော၊ အဆိုရော တစ်ပြိုင်တည်းစတယ်လို့ ပြောရမှာပဲ။ စလုပ်တည်းက ကျွန်တော်က အိမ်မှာလုပ်တယ်ဆိုတော့ ကိုယ့်ဟာကိုယ်ရေး၊ ကိုယ့်ဟာကိုယ်ဆို၊ ကိုယ့်ဟာကိုယ်တီး၊ ကိုယ့်ဟာကိုယ်သွင်းဆိုတော့ ဒါကိုလုပ်ဖို့လေ့လာတာကစပြီး အားလုံးပြီးမြောက်ဖို့ ရေး၊ ဆို၊ တီး၊ သွင်း၊ အကုန်လုံးတစ်ပြိုင်တည်း စခဲ့ရတာ။ သိပ်အရေးတကြီးတွေကိုတော့ ဂစ်တာကို ကိုမျိုးကျော်၊ စန္ဒရားကို ကိုငွေဇာတို့ကတီးပြီး ကျန်တာတွေကိုတော့ ကျွန်တော်ပရိုဂရမ်နဲ့ပဲတီးပါတယ်။

**ပထမဆုံး ရေးခဲ့ဆိုခဲ့တဲ့ သီချင်းလေးအကြောင်းကိုတော့ . . . .**

ကျွန်တော်ပထမဆုံး ဆိုခဲ့တဲ့သီချင်းက ကျွန်တော် ၁၀ တန်းဖြေပြီး ၂၀၀၆ လောက်က ဘာရယ်ညာရယ်တော့ မဟုတ်ပါဘူး။ သူများတွေက ဟာစ်ပော့ကို ပညာပေးအနေနဲ့ ရေးကြတော့ ကိုယ်လည်း လိုက်ရေး၊ ကျွန်တော်က ပိုက်ဆံဆိုတဲ့အကြောင်းကို ရေးပြီးဆိုခဲ့တာ။ ဒါပေမဲ့ အဲဒီသီချင်းက အပြင်မရောက်ခဲ့ဘူး။ ကျွန်တော်ရေးပေးခဲ့တာကတော့ ဒီးဒီရယ်၊ နောက်ရှိတယ်၊ ကျွန်တော် သိပ်မမှတ်မိတော့ဘူး။ သူများရေးတဲ့ သီချင်းဆိုလို့ ကိုယုန်လေးနဲ့တူတူဆိုထားတဲ့ သီချင်းတစ်ပုဒ်တော့ ရှိတယ်။

**လွှမ်းပိုင်က ဆုံးဖြတ်ချက်တစ်ခုနဲ့ ဂီတကို လုပ်ဖြစ်ခဲ့တာနဲ့ ပတ်သက်ပြီး . . . .**

၂၀၀၈ လောက်က ဖြစ်လိမ့်မယ်။ ကျွန်တော်တို့ underground mix tape အခွေတွေ ဝေတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ကလည်း ဆုံးဖြတ်ထားတယ်။ ဒီအခွေကို ကျွန်တော်တို့ အချိန်ယူပြီး လုပ်ထားတာ၊ ၃ နှစ်လောက်ကြာတယ်။ ငါလည်း ဒီအချိန်မှ မဖြစ်လာဘူးဆိုရင်လည်း ဖြစ်လာစရာအကြောင်းမရှိဘူးဆိုပြီး အခွေတွေကို ဝေလိုက်တာ။ အမြန်ဆုံးထွက်မှလည်း ဖြစ်တော့မယ်လေ။ အဲဒီဆုံးဖြတ်ချက်နဲ့အတူ ဒီအခွေဟာ ကျွန်တော့်ဘဝ၊ ကျွန်တော့်ဂီတကို ဖွင့်လှစ်ပေးခဲ့တဲ့ သော့တစ်ချောင်းဖြစ်ခဲ့တယ်။ အဲဒီအခါကျတော့မှ လူတွေက သဘောကျကြပြီး သူတို့အဖွဲ့ထဲ ခေါ်တယ်။ သူတို့အခွေထဲ featuring တွေ ဝင်ဆိုဖြစ်တယ်။ အဲဒီကနေစပြီး ဆုံးဖြတ်ခဲ့တယ်။ ဒီဟာကိုပဲ လုပ်တော့မယ်လို့ ဆုံးဖြတ်ချက်ချခဲ့တာ၊ ၂၀၀၈ လောက်က။

**လွှမ်းပိုင် ပါဝင်သီဆိုခဲ့တဲ့ အခွေတွေအကြောင်း မေးမိတော့ . . . .**

ကျွန်တော် ပထမဆုံးပါတာက တတိယကာရန်၊ ပျော်စရာကြီး၊ လက်လက်ကိုထလို့၊ ချစ်တယ် မုန်းတယ် ဆိုလို လိုက်ဖ်ရှိုး၊ ချီးယား၊ ကြားထဲမှာ ဝေလျှံ အခွေတို့ ဘာတို့ရှိတယ်။ မမှတ်မိတော့ဘူး၊ နောက် ဒိုးပျံအခွေ၊ ကျွန်တော်နဲ့



Asian Fame Media Group

Bobby Soxer နဲ့ နှစ်ယောက်အတွဲခွေထွက်တယ်။

**ရှူးသွပ်စွာယစ်မူးခဲ့တဲ့ ဂီတအကြောင်း. . .**

ကျွန်တော် လုပ်ခဲ့တဲ့တစ်လျှောက်က ဟစ်ဟော့ဂီတကို လုပ်ခဲ့တာဆိုတော့ ဟစ်ဟော့ဂီတကို အရူးသွပ်ဆုံးနဲ့အကြိုက်ဆုံးပဲ။ အခုလုပ်နေတဲ့ ဂီတတွေရိုးသွားရင် နောက်ထပ်အသစ်တွေလုပ်ကြ၊ အသစ်တွေထွင်ကြ။ ဘယ်တော့မှ ရိုးမသွားအောင် အသစ်တွေကိုတွေးပြီး လုပ်နေရတာကို ပျော်တယ်၊ လေ့လာရတယ်ဆိုတာလည်း ကုန်မသွားဘူး။ အဲဒါ အပျော်ဆုံးပဲ။

**ဂီတပရိသတ်ကြားရောက်ခဲ့ သတိထားမိခဲ့တဲ့ သီချင်းအကြောင်း သူပြောပြခဲ့တာက . . .**

ကျွန်တော်က တစ်ပုဒ်တည်းနဲ့ ထပေါက်တဲ့ထဲမှာမပါတော့ ကျွန်တော်တို့ဆိုတဲ့ အခွေတွေကိုနားထောင်ကြတယ်။ ဘယ်သူမှန်းတော့ မသိဘူးပေါ့။ အဲလိုနဲ့ ပြန့်သွားတာ၊ မုဒ့်မှာ သီချင်းသွား ဆိုတော့ ပရိသတ်က သီချင်းတွေ တောင်းကြတယ်။ ကျွန်တော် တောင် မထင်ဘူး။ ပရိသတ်ကတော် တော်သိနေကြတယ်။ ပရိသတ်သတိထားမိတဲ့ သီချင်းတွေအကြောင်းပြောရရင်တော့ ကိုရဲလေးရဲ့ နှုတ်မဆက်ချင်ဘူး သီချင်း၊ ကျွန်တော်ရော ထက်ထက်ပါ အသစ်နှစ်ယောက်လုံးကို သတိထားမိသွားတယ်။ နောက်ခုန်လိုက်၊ အနားနားဘေးမှာ၊ တစ်ရာတန်တို့ အဲလိုပဲ တစ်ပုဒ်တည်းနဲ့ပေါက်တာမဟုတ်တော့ သတိထားမိတာကိုပဲ ပြောလို့ရတာပေါ့။

**ရေးခဲ့ဆိုခဲ့တဲ့ ရည်ရွယ်ချက်အပေါ် မှာ**

ရင်ထဲမှာ ပိုင်းခြားထားတာ နှစ်ခုပဲရှိတယ်။ တစ်ခုက ရှိုးအတွက် ပျော်လို့ပါးလို့ ခုန်လို့ပေါက်လို့ ဆိုလို့ကောင်းတာမျိုး။ နောက် တစ်ခုကအခွေနားထောင်တဲ့ ပရိသတ်အတွက် သာသာယာယာနဲ့ အေးအေးလေးတွေ အဲလိုပုံစံမျိုးလေးတွေ လုပ်ပါတယ်။

**ရေးသားသီဆိုခဲ့တဲ့သီချင်းအကြောင်းအရာနဲ့ ပတ်သက်ပြီး . . . .**

ကျွန်တော်ရေးတာက လူငယ်ဘဝ အပျော်နဲ့ အချစ်အကြောင်းလေးတွေပဲ ရေးဖြစ်ပါတယ်။ ရေးတဲ့အခါမှာလည်း ဘာပဲလုပ်နေလုပ်နေ ရေးချင်စိတ်ရှိရင် ရေးလိုက်တာပဲ၊ သီချင်းနားထောင်နေရင်းနဲ့လည်း အကြောင်းအရာတစ်ခုပေါ်ရင် ရေးလိုက်တာပဲ၊ စိတ်ထဲမှာ အကြောင်းအရာတစ်ခုခုပေါ်လာရင်လည်း ရေးတယ်။ ကိုယ်ဆိုတာပဲဖြစ်ဖြစ်၊ သူများအတွက် ရေးပေးတာပဲဖြစ်ဖြစ်၊ အကောင်းဆုံးဖြစ်အောင် ရေးပါတယ်။ အတီးလာအပ်ရင်လည်း အကောင်းဆုံးဖြစ်အောင် တီးပါတယ်။

**သွားရင်းလာရင်း ကိုယ့်သီချင်းသံ ကိုယ်ပြန်ကြားမိရင် ရောလို့ ပြောလိုက် တော့ . . . .**

ကျွန်တော် အဲဒီလိုကြား လိုက်ရရင် မမြင်ရတဲ့တစ်နေရာကို သွားနေချင်တယ်။ အဲလိုမျိုးကြီးကျတော့ တစ်မျိုးကြီးပဲ။

**အဆိုတော် မဖြစ်ခဲ့ရင် . . . .**

ကျွန်တော် အဆိုတော် မဖြစ်ခဲ့ရင် GTC တက်ပြီး အင်ဂျင်နီယာနဲ့ ပတ်သက်တဲ့ အလုပ်တစ်ခု လုပ်ဖြစ်လိမ့်မယ်ထင်ပါတယ်။

**ပရိသတ်ကြီး အတွက် ပြောပြချင်တာ . .**

ပရိသတ်ကြီး ကျန်းမာချမ်းသာပါစေ၊ လိုရာဆန္ဒလည်း ပြည့်ဝကြပါစေလို့လည်း တောင်းဆုပြုပါတယ်။

ဂီတတစ်ခုကို မျိုးရိုးမရှိဘဲ အောင်မြင်အောင် ကြိုးစားစွမ်းဆောင်ခဲ့တဲ့ 'လွှမ်းပိုင်' တစ်ယောက် ကျင်လည်ရာ ဂီတခရီးမှာ ထာဝရအခွန့်ရှည်ပါစေလို့ 'ရတီ' က ဆုတောင်းလိုက်သလို စာဖတ်ပရိသတ်ကြီးရဲ့ မေတ္တာများလည်း ခံစားရပါစေ။

**ယုယအိမ်**



# Wanlima Co.,Ltd ၏ ပစ္စည်းသစ်မိတ်ဆက်ပွဲနှင့် ညစာစားပွဲ



ဟောင်ကောင် အမှတ်တံဆိပ် ဒီဇိုင်းဖန်တီး ထုတ်လုပ်ရောင်းချမှုနှင့် တံဆိပ်စုံစီမံခန့်ခွဲမှု လုပ်ငန်းများကို ဆောင်ရွက်နေသော Wanlima Co.,Ltd ၏ ပစ္စည်းသစ်မိတ်ဆက်ပွဲနှင့် ညစာစားပွဲကို စက်တင်ဘာလ ၇ ရက် ညနေ ၆ နာရီက မန္တလေး ဆီဒိုးနားဟိုတယ် (Pool Side) တွင် ကျင်းပခဲ့ပါသည်။ အဆိုပါ ညစာစားပွဲသို့ တာဝန်ရှိသူများနှင့်အတူ အဆိုတော် ဝိုင်းစုခိုင်သိန်း လည်း တက်ရောက်အားပေးခဲ့သည်။ Wanlima ကုမ္ပဏီကို ၁၉၈၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ခေတ်မီဆန်းသစ်သော ကုန်ပစ္စည်း ထုတ်လုပ်မှုဆိုင်ရာ စက်ရုံနှင့် စက်ကိရိယာများနှင့် အမှတ်တံဆိပ် (Brand) စီမံခန့်ခွဲရောင်းချမှုနည်းများကြောင့် ISO - 9001-2000 ပထမရရှိထားသော ကုမ္ပဏီဖြစ်ကြောင်း သိရသည်။ ယခုအခါ အမျိုးသား၊ အမျိုးသမီး လက်ကိုင်အိတ်၊ ပိုက်ဆံအိတ်၊ ခရီးဆောင်အိတ်၊ ခါးပတ်အစရှိသည့် အမျိုးပေါင်းများစွာကို ထုတ်လုပ်ရောင်းချနေပြီး နိုင်ငံပေါင်း ၂၃ နိုင်ငံတွင် တံဆိပ်မူပိုင်မှတ်ပုံတင်ဖြင့် အောင်မြင်မှု ရရှိနေပြီဖြစ်ကြောင်း သိရသည်။

# MCTA International Academy ၏ ၇ နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနား



မန္တလေးမြို့ရှိ ပထမဆုံးသော iPSLE နှင့် Cambridge IGCSE Exam Centre အဖြစ် အသိအမှတ်ပြုခံရသော MCTA ၏ ၇ နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားကို စက်တင်ဘာလ ၁ ရက်နေ့က ကျင်းပခဲ့သည်။ အိန္ဒိယ ကောင်စစ်ဝန်ချုပ်နှင့် တရုတ်ကောင်စစ်ဝန်တို့ အထူး ဧည့်သည်အဖြစ် တက်ရောက်ခဲ့ကြပြီး Cambridge IGCSE စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသူ ကျောင်းသားများအား ဆုပေးပွဲကိုလည်း တစ်ပါတည်း ကျင်းပခဲ့ကြသည်။ အခမ်းအနားတွင် Art Studio နှင့် Apple iMac Lab ဖွင့်ပွဲပြုလုပ်ခဲ့ပြီးနောက် University of Cambridge Examination မှ စစ်ဆေးသည့် စာမေးပွဲတွင် Cambridge IGCSE Additional Mathematics ဘာသာရပ် ကမ္ဘာ့တစ်ဝန်းလုံး အမှတ်အမြင့်ဆုံး ရရှိခဲ့သော မောင်မင်းခန့်မောင် (ခ) Ronald အား ဆုချီးမြှင့်ခဲ့သည်ဟု သိရှိရသည်။ MCTA သည် Pre-School မှစကာ တက္ကသိုလ်ဝင်တန်း အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအတွက် စင်ကာပူ၊ ဩစတြေးလျ၊ UK၊ USA များသို့ သွားရောက်ပညာ သင်ယူလိုသော လျှောက်ထားခြင်းများအတွက် ဝန်ဆောင်ပေးနေကြောင်း သိရသည်။




# Total Skin Repair ၏ ဆိုင်သစ်ထပ်မံဖွင့်လှစ်

Total Skin Repair ၏ ဆိုင်သစ်ကို ဩဂုတ်လ ၂၈ ရက်နေ့ကစပြီး အခန်း ၀၁၊ တိုက် ၄/၄၊ ရန်ရှင်းလမ်းမကြီး၊ ရွှေအုန်းပင်အိမ်ရာ (၃)၊ ရန်ကင်းမြို့နယ်တွင် ထပ်မံဖွင့်လှစ်လိုက်ပြီဖြစ်သည်။ အလှအပ နှစ်သက်သူများ အရေပြား ပြဿနာနှင့် အသားအရေထိန်းသိမ်းမှု ခံမင်တတ်သူများအတွက် ဝန်ဆောင်မှုပေးနေသည့် Total Skin ဆိုင်သစ်မှ မိတ်ဟောင်း မိတ်သစ်များကို ကြိုဆိုကာ စိတ်တိုင်းကျ ဆောင်ရွက်ပေးနေကြောင်း သိရသည်။



# မိုးနတ်မယ်ပိုးထည် ဆိုင်သစ်ထပ်မံဖွင့်လှစ်

အရည်အသွေးကောင်းမွန်လှပတဲ့ ပိုးထည်ပစ္စည်းများကို ကြိုက်နှစ်သက်ကြသူတွေအတွက် မိုးနတ်မယ်ဆိုင်သစ်ကို ထပ်မံဖွင့်လှစ်လိုက်ပါပြီ။ မိတ်ဟောင်းမိတ်သစ်များအနေနဲ့ ဆိုင်သစ်တည်ရှိရာ အမှတ် ၂၄၇၊ ၃၃ လမ်း × ၃၄ လမ်းကြား၊ ၈၄ လမ်း၊ မန္တလေး၊ ဖုန်း - ၀၉ - ၂၀၀၅၃၀၈ သို့ ဆက်သွယ်နိုင်ကြကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

Asian Fame Media Group



Asian Fame Media Group



Asian Home Media Group




Asian Fame Media Group
MEDIA GROUP



Asian Fame Media Group
af MEDIA GROUP
စိန်စပယ်ဖူး
စိန်တိုက်
အမှတ်(၁၆၉)၊ ၈၄ လမ်း၊ ၃၁-၃၂ ကြား၊ မန္တလေး။
ဖုန်း ၀၂-၃၃၄၇၄၊ ၀၂-၆၉၉၈၂၊ ၀၉-၂၀၀၁၁၉၃၊ ၀၉-၂၀၀၂၆၂၁
www.seinsabaiphoo.com Email : office@seinsabaiphoo.com

# စိန်စမွယ်ဖူး
## စိန်ရွှေရတနာဆိုင်

စိန်စမွယ်ဖူးဆိုတဲ့နာမည်ကို စိန်ကြိုက်နှစ်သက်စိတ်ဝင်စားတဲ့သူတိုင်း မသိတဲ့သူ မရှိကြပါဘူး။ ဝယ်ယူသူတိုင်း ယုံကြည်စိတ်ချပြီး အားပေးမှုအပြည့်အဝရရှိခဲ့တာ ယခုဆို (၁၅) နှစ်တိုင်ရောက်ခဲ့ပါပြီ။

ယခုကဲ့သို့ (၁၅) နှစ်တိုင်တိုင် အောင်မြင်ပြီး လူတိုင်းယုံကြည်စိတ်ချမှုအပြည့်နဲ့ အားပေးနေကြတဲ့ အဓိကအချက်ကတော့ အာမခံချက်အပြည့်အဝရှိလို့ပဲ ဖြစ်ပါတယ်။ အာမခံချက် အပြည့်အဝရှိတယ်ဆိုတာမှာ အရည်အသွေး၊ စံချိန်၊ အမျိုးအစားကို သူ့တန်ဖိုးအလိုက် အမှားအယွင်းလုံးဝမရှိအောင် အာမခံပါတယ်။ ဒ့ါအပြင် ဝယ်ယူပြီးသားစိန်ထည်များကို ပြန်လည်လဲလှယ်ခြင်း၊ ရောင်းချခြင်းပြုလုပ်ရာမှာလည်း အာမခံအပြည့်အဝထားပြီး ဆောင်ရွက်ပေးပါတယ်။ ဒီလို အာမခံချက်အပြည့်အဝရှိလို့ ဝယ်ယူအားပေးသူတိုင်းရဲ့ စိတ်ချမ်းသာ၊ စိတ်ကျေနပ်မှု၊ ယုံကြည်စိတ်ချမှုတွေကို အပြည့်အဝရရှိပိုင်ဆိုင်ခဲ့တာဖြစ်ပါတယ်။

ဒီလို အာမခံချက်ပြည့်ဝရုံသာမကဘဲ ဒီဇိုင်း၊ အရည်အသွေးနဲ့ ပတ်သက်ရင်လည်း စိန်အဖြူအသန့်များကို ခေတ်မီဒီဇိုင်းများဖြင့် အဓိကထားပြီး ရောင်းချပေးပါတယ်။ လက်ရာ ဒီဇိုင်းဆိုရင်လည်း နိုင်ငံတကာအဆင့်မီ လှပဆန်းပြားတဲ့ စိန်စမွယ်ဖူးရဲ့ ကိုယ်ပိုင်ဟန်နဲ့ သီးသန့်လက်ရာ ဒီဇိုင်းများကိုသာ ပြုလုပ်ရောင်းချပေးပါတယ်။ ဒီလို ကိုယ်ပိုင်သီးသန့်ဒီဇိုင်းများ ရနိုင်အောင်လည်း ကိုယ်ပိုင်ပန်းထိမ်အလုပ်ရုံမှာ အဆင့်မြင့်ပညာရှင်များနှင့် ဒီဇိုင်းလက်ရာများကို ပြုလုပ်ပေးပါတယ်။ စိန်စမွယ်ဖူးမှာ အသင့်ပြုလုပ်ပြီးသား စိန်ထည်ပေါင်းများစွာကို စိတ်တိုင်းကျကြည့်ရှုပြီး ဝယ်ယူနိုင်ပါတယ်။ စိန်စမွယ်ဖူးကိုရောက်တာနဲ့ များပြားလှတဲ့ စိန်ထည်ရွေးချယ်စရာများကြောင့် မယူဘဲနဲ့ မပြန်နိုင်အောင် ဖြစ်ရမှာပါ။



ယခု (၁၅) နှစ်ပြည့်အထိမ်းအမှတ်အဖြစ် စိန်ဖြူသန့် ၁ ပွင့်စိန်များကို ဆန်းသစ်သောဒီဇိုင်းများနဲ့ ထပ်မံတိုးချဲ့ပြုလုပ်ထားပါတယ်။ ဒီလိုစိတ်တိုင်းကျ စိတ်ကျေနပ်မှုရရှိနိုင်တဲ့ ရွေးချယ်စရာဒီဇိုင်းပေါင်းများစွာရဲ့ လှပခန့်ညားတဲ့ အရည်အသွေး၊ အာမခံချက် အပြည့်အဝနဲ့ ရောင်းချပေးနေတာတွေကို (၁၅)နှစ်တိုင်တိုင် သက်သေထူပြီးဖြစ်ပါတယ်။ ရွှေ့ဆက်ပြီး မိတ်ဟောင်း၊ မိတ်သစ်များ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြင့် စိန်ထည်ပစ္စည်းများကို စိတ်တိုင်းကျ ရွေးချယ်ဝယ်ယူလိုပါက အာမခံချက် အပြည့်အဝ ပေးနိုင်တဲ့ စိန်စမွယ်ဖူးကို ကြွလှမ်းခဲ့ပါလို့ ဖိတ်ခေါ်လိုက်ပါတယ်။




Asian Fame Media Group









## အလှပဆုံးမင်္ဂလာပွဲဖြစ်လာအောင် ကူညီပေးမယ့်

# VIVIENNE WANG

## The Wedding Planner

ကိုယ့်စိတ်ကူးထဲကအတိုင်း လှပတဲ့မင်္ဂလာပွဲ လေးဖြစ်ဖို့ ဆိုတာ စီစဉ်စရာတွေက များလှပါတယ်။ အောင်မြင်ခမ်းနားတဲ့ မင်္ဂလာပွဲတစ်ပွဲဖြစ်အောင် မင်္ဂလာမောင်နှံစိတ်ကြိုက် ပုံဖော်ပေးနိုင်တဲ့ Wedding Planner ရှိနေပါပြီ။ မြန်မာပြည်ရဲ့ ပထမဆုံး Wedding Planner ဖြစ်တဲ့ VIVIENNE WANG မှ မဗီဗီယန်က ဝန်ဆောင်မှုတွေအကြောင်းကို ရှင်းပြပေးခဲ့ပါတယ်။

arranged BY phyoe su po po

**VIVIENNE WANG ကို စတင်အသက်သွင်းဖြစ်ခဲ့ပုံလေးကိုလည်း ပြောပြပေးပါဦး . . .**

အသက်သွင်းဖြစ်ခဲ့ပုံဆိုရင်တော့ Wedding Planner ဆိုတာက မြန်မာပြည်မှာမရှိဘူးလေ။ နိုင်ငံခြားမှာတော့ မင်္ဂလာကိစ္စဆိုတာနဲ့ Wedding Planner ကို အပ်လိုက်တာပဲ။ ဒီမှာက အဲဒီလိုမရှိတော့ မင်္ဂလာဆောင်မယ့် သတို့သားလောင်း၊ သတို့သမီးလောင်းက ဘာကိုဘယ်က စလုပ်ရမှန်း မသိကြဘူး။ တချို့ကဆိုရင် မိတ်ကပ်ဘယ်သူနဲ့ လိမ်းရမှန်း၊ ဓာတ်ပုံက ဘယ်သူနဲ့ရိုက်ရင် ကောင်းမလဲဆိုတာတောင် မသိကြဘူး။ တချို့တွေကတော့ အစ်ကို၊ အစ်မလိုဆွေမျိုးသားချင်းထဲက မင်္ဂလာဆောင်လုပ်ထားဖူးတဲ့ သူတွေကတော့ အနည်း အကျဉ်းသိကြတယ်။ ဒါပေမဲ့ ဒါကလည်း ရှားတယ်။ စမ်းတဝါးဝါးနဲ့ပဲ သတို့သား၊ သတို့သမီးတွေကလုပ်ကြရတယ်။ သူတို့ကိုယ်တိုင်ကလည်း မင်္ဂလာပွဲဆင်နွှဲရတော့မယ်ဆိုတော့ စိတ်လှုပ်ရှားတာတွေ၊ ရင်ခုန်တာတွေရှိတယ်။ အဲဒီတော့ ကိစ္စတစ်ခုကို ဆုံးဖြတ်ရင် ဝေဝါးသွားတာမျိုး နဂိုက မှန်းထားတာတွေကို မလုပ်ဖြစ်တာမျိုးတွေ ဖြစ်လာတယ်။ နိုင်ငံခြားမှာကျတော့ အဲဒီလိုမဟုတ်ဘူး။ မင်္ဂလာဆောင်တော့မယ်ဆိုရင် Wedding Planner မှာ အပ်လိုက်တယ်။ ကိုယ်လုပ်မယ့် idea လေးနဲ့ Wedding Planner က ချပြတဲ့ အစီအစဉ်တွေနဲ့ ချိန်ကိုက်ပြီး အပ်လိုက်တယ်။ မင်္ဂလာကိစ္စအဝဝအကုန်လုံးကို Wedding Planner ကပဲ စီစဉ်ပေးပြီး မင်္ဂလာဆောင်တဲ့နေ့ကျမှ သတို့သား၊ သတို့သမီးက အရန်သင့်လေး မင်္ဂလာဆောင်လိုက်ရုံပဲ။ အဲဒီတော့ ဘာ stress မှ မဖြစ်ရဘူး။ အရမ်းသက်သာတယ်။ မြန်မာပြည် မှာလည်း အရင်တုန်းက beauty spa တွေမရှိဘူး။ အခုတော့ရှိလာပြီ။ လက်သည်းခြေသည်းဆိုးတာတောင် beauty spa မှာပဲ ဆိုးတော့တယ်။ အိမ်မှာ မဆိုးတော့ဘူး။ ဒီခေတ်က service ခေတ်ကို ရောက်လာပြီ။ ဒါကြောင့် မြန်မာပြည်မှာ မရှိသေးတဲ့ Wedding Planner ဆိုတာကို စပြီးလုပ်ဖြစ်တာပါ။





**စီးပွားရေးလုပ်ငန်းတွေ အများကြီးထဲမှာမှ ခေါင်း ရှုပ်ထွေးရတဲ့ အလုပ်ဖြစ်တဲ့ မင်္ဂလာကိစ္စတွေ စီစဉ်ရတဲ့အလုပ်ကို ဘာကြောင့်ရွေးချယ်ဖြစ်ခဲ့တာလဲ။**

စောစောက ပြောသလိုပေါ့။ service ခေတ် ကို ရောက်ပြီလေ။ အခုခေတ်မှာက မိုးလင်း ၇ နာရီလောက်ကနေ ည ၈ နာရီလောက်အထိက သူဌေးသူကြွယ်ရော၊ ဝန်ထမ်းရောဘာရော အားလုံးက တစ်ပတ်မှာ ၆ ရက် မအားကြဘူး။ တနင်္ဂနွေလို ပိတ်ရက်ကျတော့လည်းကိုယ်ရေး ကိုယ်တာကိစ္စတွေ၊ မိသားစုကိစ္စတွေနဲ့ မအားကြဘူး။ အဲဒီမှာ မင်္ဂလာဆောင်မယ့် သတို့သား၊ သတို့သမီးတွေလည်း အလုပ်ကိစ္စတွေနဲ့ မအားကြဘူး။ ဒါကြောင့် မြန်မာပြည်မှာက ဒီလိုကိစ္စတွေကို စီမံဆောင်ရွက်ပေးမယ့် Wedding Planner တွေ လိုအပ်နေပြီ။ ဒါကြောင့်လူတွေရဲ့ အခက်အခဲကိုလည်း ပြေလည်သွားစေဖို့ စေတနာနဲ့ ရွေးချယ်လိုက်တာပါ။

**VIVIENNE WANG က မင်္ဂလာကိစ္စကို အစအဆုံး တာဝန်ယူပြီး ဆောင်ရွက်ပေးတယ်ဆိုတော့ ဘယ်လိုဝန်ဆောင်မှုမျိုးတွေပါဝင်ပါသလဲ။**

အစ်မတို့ဆီကို မင်္ဂလာဆောင်မယ့် သတို့သား၊ သတို့သမီးက လာပြီးဆွေးနွေးဖို့ပဲလိုပါတယ်။ ကျန်တာ အစ်မတို့က အားလုံးစီစဉ်သွား မှာပါ။ ဘာတွေဆွေးနွေးရမလဲဆိုတော့ သူတို့က budget ဘယ်လောက်သုံးမှာလဲ။ ဘယ်လိုနေရာမှာ ဆောင်ချင်တာလဲ။ ဘုန်းကြီးကျောင်းမှာလား၊ ဟိုတယ်လား၊ Western Park လိုဆိုင်မျိုးမှာလား။ ဘယ်နေ့မှာ ဆောင်ချင်တာလဲ ဆိုတာတွေပေါ့။ ဒါဆို အစ်မတို့က ဒီလိုနေရာတွေရှိတယ်။ ဘယ်လိုဧည့်ခံလို့ရတယ်ဆိုတာကစပြီး အကြံဉာဏ် ပေးပါမယ်။ အစ်မတို့ပေးတဲ့ အကြံကို လက်ခံ ပြီဆိုတာနဲ့ သတို့သား၊ သတို့သမီးကဘာမှမလိုတော့ဘူး။ ကျန်တာကို ဒီကပဲအားလုံး စီစဉ်သွားမယ်ပေါ့။ မင်္ဂလာဖိတ်စာ၊ ဝတ်စုံ၊ မိတ်ကပ်၊ ဓာတ်ပုံ၊ ဗီဒီယို၊ ဧည့်ခံမယ့် နေရာ၊ နေ့ရက်၊ တီးဝိုင်းအားလုံး အားလုံးပေါ့။ နောက်ဆုံး မင်္ဂလာပွဲပြီးလို့ သတင်းစာထဲမှာ ကျေးဇူးတင်ကြောင်း ထည့်တာအထိပေါ့။ Church မှာ ဆောင်မှာဆိုရင်လည်း ဘယ် church ပေါ့။ မင်္ဂလာပွဲလာတဲ့ သူတို့တွေကို ဒီမှာ door gift လို့ခေါ်တဲ့ wedding favours လက်ဆောင်ကမ်းတာရောပေါ့။ ဘယ်လောက်အထိ လုပ်ပေးလဲဆိုရင် မင်္ဂလာ လက်ဖွဲ့ လက်ခံတဲ့ နေရာမှာတောင် အစ်မတို့ဆီက ဝန်ထမ်းတွေက လှလှပပလေးတွေ ဝတ်စားပြီး ထိုင်ပေးမယ်။ ပစ္စည်းသတ်သတ်၊ လက်ဖွဲ့ငွေသတ်သတ်ကို သေသေချာချာ စာရင်းနဲ့လုပ်ပြီးအပ်ပေးမယ်။ ဘာလို့လဲဆိုရင် မင်္ဂလာပွဲဆိုရင် ရှိရှိသမျှ မိသားစု၊ ဆွေမျိုးသားချင်းအားလုံးက ပျော်ပျော်ရွှင်ရွှင်နဲ့ ဆင်နွှဲချင်ကြတာလေ။ ဒါကြောင့် ဘာတာဝန်မှမရှိဘဲ လွတ်လွတ်လပ်လပ်နဲ့ ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲလို့ရမှာပေါ့။ door gift ဆိုလည်း သူများနဲ့ မတူချင်ဘူး။ ဆန်းဆန်းပြားပြားပေးချင်တယ်ဆိုလည်း သူများ နိုင်ငံတွေ မှာ ဘာတွေကမ်းလဲ ရှင်းပြပေးပါတယ်။ သူတို့ဆီမှာတော့

ခန်းမ၊ အကျွေးအမွေးအားလုံး Supplier တွေနဲ့ ချိတ်ထားတာပါ
ဝတ်စုံဆိုရင်လည်း ပိုးထည်အတွက် ရွှေကုံကော်က ကောင်းတာကို ဒီမှာလာပြီး ဖွင့်ထားပေးတယ်
အဲဒီအတွက် သတို့သမီးအပြင် မိဘမောင်ဖွားတွေက တစ်ခါတည်းဝယ်ပြီး

Vivienne Wang
the wedding planner



Asian Fame Media Group

# Vivienne Wang
*the wedding planner*



ချောကလက်တွေ ဘာတွေလည်း ကမ်းတာပဲ။ ဘယ်လိုပစ္စည်းမျိုးပေးရင် သတို့သား၊ သတို့သမီးဘဝက ချိုမြိန်တယ်။ ဘယ်ပစ္စည်းဆိုရင်တော့ ချမ်းသာကြွယ်ဝတယ်။ ဘာဆိုရင်တော့ သားသမီး ပွားစည်တယ်။ ဒါမျိုးတွေပေါ့။ အဲဒီလို အကြံမျိုးလည်း ပေးပါတယ်။

**အစ်မတို့က မင်္ဂလာဝတ်စုံလည်း စီစဉ်ပေးနေတယ်ဆိုတော့ ဘယ်လိုဝတ်စုံမျိုးတွေကို စီစဉ်ပေးဖြစ်ပါသလဲ။**

အစ်မတို့ဆီမှာက ဝတ်စုံအတွက်က ကိုယ်ပိုင် Designer ရှိတယ်။ Thinzar Tun (Royal Fashion) က မသဉ္ဇာထွန်းကိုယ်တိုင် customer နဲ့ ဆွေးနွေးတိုင်ပင်ပြီး မြင်ရသူတိုင်း ဟာခနဲဟင်ခနဲ နှစ်သက်အားကျရမယ့်ဝတ်စုံတွေ ချုပ်ပေးပါတယ်။ သတို့သမီးလေးတွေအတွက် သူများနဲ့လည်းမတူတဲ့ လှပတင့်တယ်ပြီး သတို့သမီးရဲ့ အရပ်အမောင်း၊ မျက်နှာအသွင်အပြင်၊ အသားအရေတို့နဲ့လိုက်ဖက်မယ့် design တွေကို ဖန်တီးပေးပါတယ်။ သတို့သားဝတ်စုံ၊ နှစ်ဖက်မိဘတွေ အတွက် မင်္ဂလာပွဲ တင်မယ့်ဝတ်စုံ၊ သတို့သားအရံ၊ သတို့သမီးဝတ်စုံတွေကိုလည်း သူများနဲ့မတူတဲ့ ပုံဆန်းဆန်းလေးတွေကို စိတ်ကြိုက်ဖန်တီးပေးပါတယ်။ ဝတ်စုံတွေနဲ့ လိုက် ဖက်မယ့် ပုံတော်ဖိနပ်ကို တောင် အဝတ်အစားနဲ့ one set ဖြစ်အောင် design ထွင် order ချုပ်ပေးပါတယ်။ ဒါမှမဟုတ် အနောက်တိုင်း ဂါဝန်ဝတ်ချင်တယ်ဆို ရင်လည်း အစ်မတို့ဆီမှာ အစုံရှိတယ်။ church မှာ ဆောင် မယ်ဆိုရင်လည်း church wedding အတွက် အဖြူစွတ်စွတ်ဂါဝန်တွေရှိတယ်။ ညနေခင်းမှာ dinner ကျင်းပမယ်ဆိုရင်လည်း hollywood က celebrities တွေ red carpet လျှောက်တဲ့ elegant ဖြစ်တဲ့ evening dress design စုံအရောင်စုံရှိတယ်။ ဒါမှမဟုတ် fairy tale ထဲက ရွှေမင်းသမီးလေးလို ဝတ်ချင်တယ်ဆိုရင်လည်းprom dress မျိုးစုံရှိပါတယ်။ အဲဒီလိုလည်း မဟုတ်ဘူး။ တကယ့်ကို အနောက်တိုင်းက Celebrities တွေရဲ့ဝတ်စုံလို ဥပမာ Grace Kelly ရဲ့ မင်္ဂလာဝတ်စုံ သို့မဟုတ် အင်္ဂလန်ပြည် ကြီးရဲ့ အိမ်ရှေ့စံသားတော်ကြီး William ရဲ့ ကြင်ယာတော် Katherine Middleton ရဲ့ မင်္ဂလာဝတ်စုံမျိုးကိုမှ ဝတ်ချင်ပါတယ်ဆိုရင် အဲ့ဒီ အင်္ကျီနဲ့ တစ်ပုံစံတည်း၊ တစ်ထပ်တည်းတူတဲ့ ဝတ်စုံကို သတို့သမီးရဲ့ ကိုယ်တိုင်းနဲ့ နိုင်ငံခြားကနေ အထူး order ပေးပြီး ချုပ်လုပ်တင်သွင်းပေးပါ တယ်။ Wedding မင်္ဂလာဝတ်စုံကို ကိုယ့်ဟာကိုယ် စီစဉ်ပြီးသားဖြစ်နေဖို့ wedding planner service သီးသန့်ပဲ အပ်ချင်တယ်ဆိုရင်လည်း ဝမ်းမြောက် ဝမ်းသာနဲ့ service ပေးပါတယ်။



**အစ်မတို့ချိတ်ဆက်ထားရတဲ့ Linkတွေတော့ ရှိမှာပေါ့နော်။**

Supplier တွေနဲ့ ချိတ်ထားပါတယ်။ ဖိတ်စာဆိုရင်လည်း ဖိတ်စာလုပ်တဲ့ သူတွေနဲ့ပေါ့။ ပန်းအလှဆင်တာ၊ Hotel ကိစ္စရော ၊ ခန်းမ အကျွေးအမွေး အားလုံး Supplier တွေနဲ့ ချိတ်ထားတာပါ။ ဝတ်စုံဆိုရင်လည်း ပိုးထည်အတွက် ရွှေကံ့ကော်က ကောင်တာကို ဒီမှာလာပြီး ဖွင့်ထားပေးတယ်။ အဲဒီအတွက် သတို့သမီးအပြင် မိဘမောင်ဖွားတွေက တစ်ခါတည်းဝယ်ပြီး ဒီက Designer နဲ့ တစ်နေရာတည်းမှာပဲအပ်ပြီး ချုပ်သွားလို့ရတာပေါ့။ သတို့သမီးကလည်း သူ့စိတ်ကြိုက်ပိုးထည်Design ကို ရွေးလို့ရတယ်။ ဒီအလုပ်ကတော့ တစ်ဦးတစ်ယောက်တည်း လုပ်လို့ရတာ မဟုတ်ဘူးလေ။ အားလုံးရဲ့ အကူအညီတွေနဲ့ လုပ်ရတာပါ။

တီးဝိုင်းဆိုလည်း မိတ်ဆွေတွေ၊ အဆိုတော်တွေက ကူညီပေးပါတယ်။ ဒါကြောင့် မင်္ဂလာမောင်နှံ စိတ်ကြိုက်အဆိုတော်၊ တီးဝိုင်းရွေးလို့ ရပါ တယ်။

**မင်္ဂလာအခမ်းအနားကို ဆန်းဆန်းပြားပြားနဲ့ အများနဲ့မတူအောင် ဆင်နွှဲချင်ကြတဲ့ မင်္ဂလာစုံတွဲမျိုးတွေအတွက်ရော အစ်မတို့က idea ဆန်းဆန်းလေးတွေ စီစဉ်ပေးတာမျိုးရော လုပ်ပေးပါသလား။**

မြန်မာနိုင်ငံအနေအထားနဲ့ လိုက်လျောညီထွေရှိမယ့်ဟာမျိုးဆိုရင်တော့ စီစဉ်ပေးပါတယ်။ နိုင်ငံခြားမှာဆိုရင် ရေအောက်မှာဆောင်တာမျိုးတို့၊ လေယာဉ်ပေါ်ဆောင်တာမျိုးတို့လို အဆန်းအပြားတွေ ရှိကြတယ်လေ။ ဒီမှာတော့ အဲဒီလောက် ဖန်တီးဖို့မဖြစ်နိုင်ဘူး။ ဒါပေမဲ့ မင်္ဂလာမောင်နှံစိတ်ကျေနပ်မှုရဖို့ အတတ်နိုင်ဆုံးကြိုးစားပေးမှာပါ။ ပြီးတော့ ဒီအလုပ်က အခုမှ မြန်မာပြည်မှာ စလုပ်တာဆိုတော့ ဒီမှာ သိပ်ပြီးမရင်းနှီးကြသေးဘူး။ အမှန်က နိုင်ငံခြားမှာဆိုရင် Package အလိုက်လုပ်တာ။ ဒီဈေးနဲ့ဆိုရင် ဒီ Package ဆိုတာမျိုးပေါ့။ လာတဲ့သူက Package တွေအလိုက် ကိုယ်နိုင်တာကို ရွေးပြီးလုပ်တာလေ။ အခုတော့ အစ်မတို့က အားလုံးဆွေးနွေးပေးပြီး တစ်ခုချင်း လိုက်လုပ်ပေးရတယ်။ နောက်ပိုင်းတော့ အစ်မလည်း Package တွေနဲ့ လုပ်သွားဖို့ အစီအစဉ်ရှိပါတယ်။

**အစ်မတို့ရဲ့ ဆိုင်ကို ဘယ်တုန်းကစပြီး ဖွင့်လှစ် ဖြစ်ခဲ့တာပါလဲ။**

ဆိုင်ဖွင့်ပွဲကို ပြီးခဲ့တဲ့ ဩဂုတ်လ ၁ ရက်နေ့က ဖွင့်ပါတယ်။ ဆိုင်ဖွင့်ပွဲကို ကိုပြေတီဦးနဲ့ မအူဝဲတို့ အကယ်ဒမီဇနီးမောင်နှံကိုယ်တိုင် တက်ရောက် ပြီး မေတ္တာနဲ့ ကူညီဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒီလို ကြီးမားတဲ့ အထောက်အပံ့ကိုရလို့လည်း သူတို့ဇနီး မောင်နှံကို လှိုက်လှိုက်လှဲလှဲ အထူးပဲကျေးဇူးတင်ပါတယ်။ ဒါကြောင့်လည်း ကိုပြေတီဦး၊ မအူဝဲတို့ဇနီး မောင်နှံ သာယာချမ်းမြေ့တဲ့ မိသားစုဘဝလေးနဲ့ ဘဝ တစ်သက်တာ ပျော်ရွှင်ကြည်နူးကြပါစေလို့ အစ်မတို့က မေတ္တာပို့ ဆုတောင်းပေးနေပါတယ်။ Happily ever after . . . ကြပါစေလို့။

ပြီးတော့ ဖွင့်ပွဲကြီးဖြစ်မြောက်အောင်မြင်အောင် အစအဆုံးကူညီစီစဉ်ပေးတဲ့ Plus Three Band က ပြီးတော့ ကိုဥက္ကာဦးသာနဲ့ ကိုမင်းမင်းဦးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ တခြားကျေးဇူးတင်ရမယ့်သူတွေလည်း အများကြီးပါပဲ။ အားလုံးရဲ့ အကူအညီပံ့ပိုးမှုတွေရလို့ ဆိုင်ဖွင့်ပွဲက ထမြောက်အောင်မြင်ခဲ့ရတာဆိုတော့ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အခု ၂၀၁၂ ဝါကျွတ်မင်္ဂလာအချိန်မှာရော VIVIENNE WANG က အထူးအစီအစဉ်အနေနဲ့ ဘယ်လိုတွေ စီစဉ်ထားတာ ရှိပါသလဲ။**

အစ်မတို့က ၂၀၁၂ ဩဂုတ်လမှစပြီး ဖွင့်တာပါ။ အခု ဝါကျွတ်မင်္ဂလာအချိန်မှာ အထူးအစီအစဉ်အနေနဲ့ဆိုရင်တော့ အစ်မတို့က ဝန်ဆောင်မှုတိုင်းကို အကောင်းဆုံးလုပ်ပေးသွားမှာပါ။ စိတ်တိုင်းကျတဲ့ ဝန်ဆောင်မှုတွေကိုပေးဖို့က အစ်မတို့ရဲ့ အထူးအစီအစဉ်ပါပဲ။

**ဖြိုးစုပိုပို**

Asian Fame Media Group



# *Yati Wedding Special*

Model - နွယ်ဒါလီထွန်း
Make up - ထက် ( pop soul )
Dress & Photo - 7Picture Wedding Dress & Photo Studio
Location - မြို့တော်ခန်းမ
Arranged by - မိုးသောက်ကြယ်

Asian Fame Media Group
af MEDIA GROUP




# 7 PICTURE Wedding Dress & Photo Studio

No. (SA-8), Aung Zayya Housing, Kannar (Strand) Road,Corner of Ahlone Road, Yangon, Myanmar.
Tel : (01) 2300392, 09 737 77708, 09 737 77008, 09 730 77708, ,  www.7Picturestudio.com, Email : 7picturestudio@gmail.com





af MEDIA GROUP
Asian fame Media Group


## *Yati Wedding Special*

Model - နွယ်ဒါလီထွန်း
Make up - ထက် ( pop soul )
Dress & Photo - 7Picture Wedding Dress & Photo Studio
Location - CHOCOCITY SHOP, Frolick ( တော်ဝင်စင်တာ )
Arranged by - မိုးသောက်ကြယ်



# Yati Wedding Special

Model - နှယ်ဒါလီထွန်း

Make up - ထက် ( pop soul )

Dress & Photo - 7Picture Wedding Dress & Photo Studio

Location - Mori Ramen (.Ramen.Kushiyaki) တော်ဝင်စင်တာ

Arranged by - မိုးသောက်ကြယ်

Asian Fame Media Group

MEDIA GROUP



# Wedding Special

ModelSU SHWUN LE'
Make-Up SOE DARLI (KSW)
Designer MA HONEY (RADHAR)
Floral JUNO FLORAL SERVICE
Location THE GOVERNOR'S RESIDENCE
Photo Ah FUNT (09 - 5408222)
Arranged by Thida Soe

Asian Fame Media Group
MEDIA GROUP




Asian Fame Media Group
MEDIA GROUP




Asian Family Media Group



# STYLE OF RATTY

MODEL . YE DEIGHT . PHYU PHYU KYAW THEIN
MAKE UP . THIN THIN (NYINYIMAUNG – SANCHAUNG)
DRESS DESIGNER(FOR LADY) . HTAY HTAY TIN (SHIMIZU)
PHOTO . AH FUNT (095408222)
ARRANGED BY MOE THAUT KYAL




# STYLE OF RAINY

MODEL . YE DEIGHT , PHYU PHYU KYAW THEIN
MAKE UP . THIN THIN (NYINYIMAUNG - SANCHAUNG)
DESIGNER(FOR LADY) . HTAY HTAY TIN (SHIMIZU)
DRESS FOR LADY . ASAHI
PHOTO . AH FUNT (095408222)
ARRANGED BY MOE THAUT KYAL



# STYLE OF RAINY

MODEL . YE DEIGHT . PHYU PHYU KYAW THEIN
MAKE UP . THIN THIN (NYINYIMAUNG – SANCHAUNG)
DESIGNER(FOR LADY) . HTAY HTAY TIN (SHIMIZU)
RAINCOAT BRAND NAME . BEAUTY & I
RAINCOAT.DESIGNER . CAROLIN
PHOTO . MICHAEL AUNG (ART)ART FRAMING WORK(0943086270)
ARRANGED BY MOE THAUT KYAL

Asian Family Media Group

# STYLE OF RAINY

MODEL . YE DEIGHT , PHYU PHYU KYAW THEIN
MAKE UP . THIN THIN (NYINYIMAUNG – SANCHAUNG)
DESIGNER(FOR LADY) . HTAY HTAY TIN (SHIMIZU)
DRESS FOR LADY . ASAHI
PHOTO . MICHAEL AUNG (ART)ART FRAMING WORK(0943086270)
ARRANGED BY MOE THAUT KYAL



# STYLE OF RAINY

MODEL . YE DEIGHT . PHYU PHYU KYAW THEIN
MAKE UP . THIN THIN (NYINYIMAUNG – SANCHAUNG)
DESIGNER(FOR LADY) . HTAY HTAY TIN (SHIMIZU)
RAINCOAT BRAND NAME . BEAUTY & I
RAINCOAT DESIGNER . CAROLIN
PHOTO . MICHAEL AUNG (ART)ART FRAMING WORK(0943086270)
ARRANGED BY MOE THAUT KYAL





# Wedding Special

**model :** khing thazin yu war & khing thazin ngu war/**make-up :** lin lin (taw win thu) /**hair style :** ko mar
**wedding dress :** royal princess/ **jewelry :** royal princess/ **photo :** ko naing (popular)
arranged by phyoe su po po

Asian Fame Media Group



# Wedding Special

**model :** khing thazin Yu War/**make-up :** lin lin (taw win thu) /**hair style :** ko mar
**wedding dress :** royal princess/ **jewelry :** royal princess/ **photo :** ko naing (popular)
arranged by phyoe su po po

Asian Fame Media Group


Asian Fame Media Group

# Wedding Special

**model :** khing thazin ngu war /**make-up :** lin lin (taw win thu) /**hair style :** ko mar
**wedding dress :** royal princess/ **jewelry :** royal princess/ **photo :** ko naing (popular)
arranged by phyoe su po po


Asian Fame Media Group

# Wedding **Special**

**model :** A Lin Yaung, Thin Zar Nwe Win/**hair :** Yuzana (Lin Lin -Taw Win Thu)
**wedding dress :** Bellay Wedding Dress/ **photo :** Bellay Wedding Studio
arranged by Moe Thaut Kyal




Asian Fame Media Group
af MEDIA GROUP

# Wedding **Special**

**model :** A Lin Yaung, Thin Zar Nwe Win/**hair :** Yuzana (Lin Lin -Taw Win Thu)
**wedding dress :** Bellay Wedding Dress/ **photo :** Bellay Wedding Studio
arranged by Moe Thaut Kyal


Wedding Special
model : A Lin Yaung, Thin Zar Nwe Win/hair : Yuzana (Lin Lin -Taw Win Thu)
wedding dress : Bellay Wedding Dress/ photo : Bellay Wedding Studio
arranged by Moe Thaut Kyal
Asian Fame Media
MEDIA GROUP





# Fanciful 3D

လောကကြီးက ဘဝတစ်ခုအတွက် ခန္ဓာ တစ်ခုကိုဖန်ဆင်းပေးထားပြီးသားပါ။ ခန္ဓာရဲ့အစိတ်အပိုင်းတစ်ခုစီဟာလိုအပ်လို့အသုံးဝင်လို့ ပါဝင်လာတာဖြစ်တဲ့အတွက် ဒီအစိတ်အပိုင်းတွေရဲ့ သန့်ရှင်းမှု၊ ကျန်းမာမှုကိုတော့ ကိုယ်ကိုယ်တိုင်က စောင့်ရှောက်ရမှာပါ၊ အဲဒီအစိတ်အပိုင်းတွေထဲကတစ်ခုဖြစ်တဲ့ လက်သည်းရဲ့ သန့်ရှင်းကျန်းမာမှုနှင့်အတူ၊ ပြောင်းလဲတိုးတက်လာတဲ့ဖန်တီးမှု အလှတရားအပေါ် မော်ဒယ် "ဆွိဝတ်ရည်သောင်း" နဲ့ "ရတီ" အဖွဲ့သားများက စာဖတ်ပရိသတ်ကြီးအတွက် လောကရဲ့အလှတရားတွေထဲကတစ်ခုကို တင်ဆက်ပေးလိုက်ပါတယ်။

MODEL . SWEET WOUT YE THAUNG
MAKE UP . SWEET ANGEL/ NAIL ARTIST . NAYCHI (SWEET ANGEL)
PHOTO . KO NAING (POPULAR)
ARRANGED BY YUYA EAIN



# Fanciful 3D

လက်သည်းကို အတုကပ်ပြီး ဖောင်းကြွပန်း (3D) ရေးဆွဲတော့မယ်ဆိုရင် -





STEP - 1

လက်သည်းအား လက်သည်းဖျက်ဆေးဖြင့် သန့်ရှင်းသွားအောင် ပြုလုပ်ပေးရပါတယ်။



STEP - 2

မူရင်းလက်ပေါ်မှာ နစ်သက်သင့်တော်တဲ့ လက်သည်းအတုကို ရွေးချယ်ပြီး ကပ်ပေးရပါတယ်။



STEP - 3

မိမိလိုသလို ဖြတ်တောက်ပေးရပါတယ်။



STEP - 4

လက်သည်းဘေးသားများကို ပြန်ချောပါ။

# Fanciful 3D



STEP - 5

လက်သည်း
အပေါ်ယံလွှာကို
ဖော့နန်နှင့်
ပွတ်တိုက်ပါ။



STEP - 6

သန့်ရှင်းပြီးသား လက်သည်းပေါ်မှာ ဒီဇိုင်းပြုလုပ်ရန် အောက်ခံကာလာ ဆိုးပါ။



STEP - 7

အောက်ခံကာလာနှင့် လိုက်ဖက်တဲ့ 3 Dဖောင်းကြွပန်းကို ဖောင်းကြွကျောက်ရည်၊ ကျောက်မှုန့်တို့ကို အသုံးပြုပြီး အဆင့်ဆင့် ပုံဖော် ရေးဆွဲပါ၊



STEP - 8

3D ဖောင်းကြွပန်းကို ရေးဆွဲပြီးသွားတဲ့အခါ မိမိစိတ်ကူးအတိုင်း ကျောက်များကပ်လို့ အလှဆင်လိုက်ပြီဆိုရင် အံ့သြဖမ်းသာစရာ လှပတဲ့ လက်သည်းလေးများကို ပိုင်ဆိုင်နိုင်ပါပြီ။

ရတီစာဖတ်ပရိသတ်ကြီးလည်း အတူတူ လှနိုင်ဖို့ "ဆွိဝတ်ရည်သောင်း"ရဲ့လက်သည်းနဲ့ အလှကိုရွေးချယ်တင်ဆက်ပေးလိုက်ပါတယ်။



MEDIA GROUP
Asian Fame Media Group



# လူတိုင်းအတွက် JBS

■ ယုယအိမ် ■



GM ဦးကျော်ဟိန်း

မီးကိုကမ္ဘာဦးလူသားတွေ စတင်တွေ့ရှိခဲ့ချိန်ကနေသုံးစွဲခဲ့တာ တိုးတက်မှုတွေနဲ့ ခေတ်အဆက်ဆက် ပြောင်းလဲလာသလို နည်းပညာတွေရဲ့ သယ်ဆောင်မှုတွေကြောင့် လူနေမှု အဆင့်ဆင့်ကိုပါ မြင့်တက်စေခဲ့ပါပြီ။ အခုဆို Electronic လောကထဲက ကိုယ်ပွားတစ်ခုဖြစ်တဲ့ digital နည်းပညာနဲ့ ပေါင်းစပ်တီထွင်ထားပြီး သုံးစွဲသူအတွက် လျှပ်စစ်အန္တရာယ်လည်းကင်း၊ ဓာတ်အားခလည်း သက်သာ၊ အချိန်တို အတွင်းမှာ လွယ်ကူလျင်မြန်စွာလည်း ချက်ပြုတ် နိုင်တဲ့ JBS အမှတ်တံဆိပ် လျှပ်စစ်မီးဖိုရဲ့အကြောင်း မြန်မာပြည် တစ်ဦးတည်းကိုယ်စားလှယ်စွမ်းအား (လှထွန်း) International trading Co.Ltd ကို သွားရောက်တွေ့ဆုံပြီး ရတီစာဖတ် ပရိသတ်ကြီးအတွက် JBS Digital Hotplate က ပြန်ပေးတဲ့ အရည်အသွေးလေးတွေရဲ့ အကြောင်းကို တင်ပြပေးလိုက်ပါတယ်။

စွမ်းအား (လှထွန်း) International trading Co.ltd တည်ရှိရာ အမှတ် ၁၆၃ (ပထပ်)၊ ၃၄ လမ်း၊ အထက်ကျောက်တံတားမြို့နယ်ကို ရောက်သွားတော့ ကုမ္ပဏီမှ GM ဖြစ်သူ ဦးကျော်ဟိန်းနှင့် အတူ ဝန်ထမ်းများက နွေးထွေးပျူငှာစွာ ကြိုဆိုကြပါတယ်။

**ဦးကျော်ဟိန်း** - ရတီက လာမယ်ဆိုတာနဲ့ ကျွန်တော်တို့လည်း ဝမ်းပန်းတသာ စောင့်နေတာ၊ ပြည်သူလူထုနဲ့ ဆက်သွယ်ပေးနေတဲ့ ရတီမဂ္ဂဇင်းကို ပြည်သူတွေအတွက် အထောက်အကူပြုပေးမယ့် ထုတ်ကုန်ပစ္စည်းတစ်ခုအကြောင်း ပြောပြခွင့်ရတဲ့ အတွက်တော့ ဝမ်းသာကျေးဇူးတင်ရပါတယ်။ သိလိုသမျှ အားလုံးအတွက်လည်း ပြောပြဖို့ အဆင်သင့်ပါ။

**မေး - အစ်ကိုတို့အနေနဲ့ JBS Digital Hotplate ကို စတင်တွေ့ရှိတင်သွင်းဖြစ်ခဲ့ပုံလေး သိပါရစေ အစ်ကို။**

Asian Fame Media Group

**ကျော်** - စတင်တွေ့ရှိတာက ကျွန်တော်တို့ MDဦးလှထွန်းပါ။ MD က ကျွန်တော်တို့ကို ပြောပြခဲ့တာကတော့ တကယ်ဆို MD က ထိုင်ဝမ်ကို အလည်သွားကြတာ၊ ဟိုရောက်တော့ ဒီမီးဖိုလေးကို အမှတ်မထင် တွေ့လိုက်ရာက စိတ်ဝင်စားပြီး လေ့လာတာ၊ သူ့ရဲ့အရည်အသွေးကိုလည်း သဘောကျတော့ ထုတ်လုပ်တဲ့ကုမ္ပဏီကို ဆက်သွယ်လိုက်တဲ့အခါ သူတို့ကလည်း လိုလိုလားလားပဲ လာခဲ့ဖို့ ပြန်လည်ဖိတ်ခေါ် ပါတယ်။ MDရောက်သွားတဲ့ အချိန်မှာ ပစ္စည်းနဲ့ပတ်သက်ပြီး အသေး စိတ်တစ်ခုချင်းစီကစပြီး ရှင်းပြတယ်။ အချိန်အတိုင်းအတာ တစ်ခုအထိ ကိုယ်တိုင်ကိုယ်ကျ သုံးစွဲကြည့်ဖို့ နမူနာပစ္စည်းတွေ ပေးလိုက်တယ်။ တစ်နှစ်လောက် သုံးကြည့်လိုက်တဲ့အခါ ဒီမီးဖိုရဲ့ အားသာချက်တွေကို အများကြီးတွေ့လိုက်ရတယ်။ ထင်ထားတာထက် သူတို့ရဲ့ ထုတ်လုပ်မှု ကပိုပြီး ပြည့်စုံ နေတယ်။ ရေရှည်သုံးစွဲ ကြည့်လိုက်တော့ ဒီမီးဖို အပေါ်မှာ ယုံကြည်မှုက ရာနှုန်းပြည့်နေပြီ။ ဒီလိုကောင်းတဲ့ ပစ္စည်းလေးကို တို့တိုင်းသူပြည်သားတွေများ သုံးခွင့်ရလိုက်ရင်ဆိုတဲ့ အတွေးကလည်း ဝင်လာတော့ ဒီပစ္စည်းကို တင်သွင်းလို့ရအောင် ကြိုးစား ကြည့်မယ်လို့ MD က ဆုံးဖြတ်လိုက်တယ်။ ပြီးတော့ ကုမ္ပဏီကို ဆက်သွယ်တယ်။ မြန်မာပြည်အတွက် တစ်ဦးတည်း ကိုယ်စားလှယ်လိုချင်ပါတယ်ဆိုတော့ သူတို့ကလည်း MDကိုပဲ တစ်ဦးတည်း ကိုယ်စားလှယ်ပေးမယ်ဆိုတော့ လုပ်ငန်းစာချုပ်တွေ ချုပ်တယ်၊ မြန်မာ ပြည်မှာလည်း လုပ်ငန်း မှတ်ပုံတင်တွေ တင်တယ်၊ ၂၀၁၀ လောက်ကနေ စတင်ခဲ့တာပေါ့။



Sales and Marketing Manager
ကိုအောင်ကိုဇင်



**ဈေးကွက် ဖန်တီးမှုကိုတော့ Sale and Marketing Manager ကိုအောင်ကိုဇင်နဲ့ မေးမြန်းဖြစ်ခဲ့ပါတယ်။**

**မေး - JBS Digital Hotplate ပျံ့နှံ့စွာ ပြည်သူ တွေသုံးစွဲနိုင်ဖို့ ဖြန့်ချိပုံနဲ့ ဈေးကွက်ထိုးဖောက် ဖန်တီးပုံလေးကို ပြောပြပေးပါဦး။**

**အောင်ကိုဇင်** - ကုန်ပစ္စည်းပျံ့နှံ့ဖို့အတွက် ကုန်စည်ပြပွဲကြီးတွေမှာ ခင်းကျင်းပြသပြီး ပြည်သူတွေ အသုံးပြုနိုင်အောင် ရှင်းလင်းပြသတယ်။ Super market တွေမှာလည်း ပြသရောင်းချတယ်။ နေရာစုံ၊ ဒေသစုံမှာ ဝယ်ယူရရှိနိုင်အောင် Electronic Shop တွေမှာ တင်သွင်းရောင်းချပါတယ်။ ဂျာနယ်မဂ္ဂဇင်းတွေမှာလည်း ကြော်ငြာသလို နယ်မြို့ကြီးတွေမှာ ကိုယ်စားလှယ်ယူ ဖြန့်ချိလိုသူတွေအတွက်လည်း စီစဉ်ရောင်းချပေးပါတယ်။ ဈေးနှုန်းအနေနဲ့လည်း သူ့အရည်အသွေးပေါ် လိုက်ပြီး ခွဲခြားပေးထားပါတယ်။ အနိမ့်ဆုံး ဆန်းလေးလုံးချက်၊ အသားပိဿာချိန် တစ်ပိဿာခွဲ ခံနိုင်ရည်အသုံးပြုနိုင်ခြင်းကစပြီး အမြင့်ဆုံး ဆန်တစ်ပြည်ခွဲ၊ အသားပိဿာချိန် ၄ ပိဿာခွဲထိ အသုံးပြုနိုင်တဲ့အထိ အဆင့်ဆင့် ထုတ်လုပ်ပေးထားပါတယ်။ ဈေးနှုန်းကလည်း အဲဒီအပေါ်မှာဘဲ ကွာခြားသွားတာ၊ ကျွန်တော်တို့ ပစ္စည်းကို ကျွန်တော်တို့ ယုံကြည်မှုအပြည့်နဲ့ ၃ နှစ်အာမခံပေးထားတယ်။

တကယ်ဆိုရင် JBS လျှပ်စစ်မီးဖိုဟာ အိမ်ရှင်မတိုင်းအတွက် မရှိမဖြစ် တစ်သက်တာလုံး အသုံးပြုရမယ့် အလိုအပ်ဆုံးသောပစ္စည်းတစ်ခုပါ။ ထိုင်ဝမ်ကနေပြီး ခေတ်မီနည်းပညာသစ်တွေ ထပ်မံပေါင်းစည်းပြီး အရည်အသွေးတိုးမြှင့် ထုတ်လုပ်ထားတဲ့ လျှပ်စစ်မီးဖိုတစ်ခု ဖြစ်ပါတယ်။ မော်ဒယ်သတ်မှတ်ချက်အားဖြင့် No. BS - 273, BS - 277, BS - 815, BS - 548, BS - 906 ဆိုပြီး ထုတ်လုပ်ထားပါတယ်။ ကျွန်တော်တို့ အာမခံပေးထားတဲ့ သုံးနှစ် အတွင်းမှာလည်း တစ်ခုခုချို့ယွင်းပျက်စီးခဲ့ရင် ပစ္စည်းတန်ဖိုးနဲ့ လက်ခကို လုံးဝပေးစရာမလိုဘဲ ပြုပြင်ပေးမှာပါ။ မျက်နှာပြင်ပေါ်မှာပါတဲ့ မှန်ကာဗာကလည်း မိမိသုံးတဲ့အပူရှိန်ကြောင့် ကွဲအက်မှုမရှိကြောင်းလည်း သုံးစွဲသူတွေ သိစေချင်ပါတယ်။ နောက် အာမခံသက်တမ်း ၃ နှစ် ကျော်သွားပေမယ့် အာမခံကတ်ပြားရှိနေသရွေ့ ပြုပြင်ခ လုံးဝပေးစရာ မလိုပါဘူး။ ချက်ပြုတ်ရာမှာလည်း လျင်မြန်၊ လျှပ်စစ် အန္တရာယ်လည်းကင်း၊ လျှပ်စစ် ဓာတ်အားခလည်း သက်သာကောင်းမွန် မှန်ကန်တဲ့ ဝန်ဆောင်မှုတွေနဲ့ စတင်ခဲ့တဲ့ အချိန်ကနေပြီး တစ်နှစ်ကျော်အတွင်းမှာ Customer တွေရဲ့ ယုံကြည်မှုကြောင့် နာမည်ရလာခဲ့တဲ့ ထုတ်ကုန်တစ်ခုလည်း ဖြစ်ပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ဖြန့်ချိတဲ့ JBS မီးဖိုကို အသုံးပြု ခြင်းအားဖြင့် သဘာဝဘေးပတ်ဝန်း ကျင်ကို ထိခိုက်ခြင်း လုံးဝမရှိဘူး ဆိုတာကိုလည်း သိစေချင်ပါတယ်။ လာပြင်ကြတဲ့ သူတွေ အနေနဲ့လည်း ပစ္စည်းထားခဲ့စရာမလိုဘဲ မျက်စိရှေ့မှာတင် တစ်ခါတည်းပြင်ပြီး ပြန်ပေးလိုက်တာပါ။

**မေး - တခြား လျှပ်စစ်မီးဖိုတွေနဲ့ အစ်ကိုတို့ တင်သွင်းနေတဲ့ JBS မီးဖိုရဲ့ အားသာချက်လေးတွေနဲ့ ကွာဟချက်လေးတွေလည်း ပြောပြပေးပါဦး။**

**အောင်ကိုဇင်** - တခြားမီးဖိုတွေလည်း သူ့နည်းပညာနဲ့သူ ကောင်းကြပါတယ်။ ကျွန်တော်တို့ တင်သွင်းတဲ့ JBS Digital Hotplate ကတော့ ထိုင်ဝမ်နိုင်ငံက အဆင့်မြင့် နည်းပညာနဲ့ထုတ်လုပ်ထားတဲ့ အဆင့်မြင့်မီးဖို ဖြစ်တယ်။ သာမန် လျှပ်စစ်မီးဖိုတွေလို အသုံးပြုလို့ရပြီး ချက်ပြုတ်ရတာ လျင်မြန်လွယ်ကူတယ်။ ဘယ်အိုးနဲ့မဆို အသုံးပြုနိုင်တယ်။ ဥပမာ - ဒန်အိုး၊ သတ္တုအိုး၊ စတီးအိုး၊ သံအိုး၊ မြေအိုးတွေပေါ့။

ချက်၊ ပြုတ်၊ ပေါင်း၊ ကြော်၊ လှော်၊ ကင်စတဲ့ နည်းမျိုးစုံနဲ့ ချက်ပြုတ်နိုင်တယ်။ ဘယ်စားပွဲမှာမဆို တင်ပြီး ချက်ပြုတ်နိုင်တယ်။ အပူချိန်အားလိုအပ်သလို အတိုးအလျှော့ပြုလုပ်ပြီး အသုံးပြုနိုင်တဲ့ အတွက်ကြောင့် လျှပ်စစ်ဓာတ်အား စားခြင်း သက်သာတယ်။ Timer ပါရှိပြီး မိနစ်ပြည့်ရင် Auto Cutout လုပ်ပေးနိုင်တယ်။ မီးအား (Over) အထိ တက်သည်ဖြစ်စေ၊ ကျသည်ဖြစ်စေ အလိုအလျောက် ဖြတ်တောက်ပေးတယ်။ ချက်ပြုတ်ရင်း မီးပျက်သွားပြီး ခလုတ်မပိတ်မိရင်လည်း Auto power off လုပ်ပေးတယ်။ ရေဆူကျရင်လည်း

ခာတ်လိုက်ခြင်းမရှိဘဲ လျှပ်စစ်အန္တရာယ်ကင်းဝေးတယ်၊ ဆီကျရင်လည်း မီးတောက်လောင်ခြင်းမရှိဘဲ မီးဘေးအန္တရာယ်ကင်းဝေးတယ်။ အသုံးပြုတဲ့အပူချိန်ကြောင့် မျက်နှာပြင်ဖန်ကာဗာ ကွဲအက်ခြင်းမရှိလို့ ကြံ့ခိုင်မှုရှိတယ်။ အသုံးပြုပြီးရင် မျက်နှာပြင်ဖန်သား၊ body နဲ့ အတွင်းက စက်ပစ္စည်းအားလုံးအေးစေဖို့ အောက်ဘက်မှာ Fan ပါပြီး အေးသွားရင် Fan Auto ပိတ်စေတဲ့ System ပါရှိတယ်။ ချမ်းအေးတဲ့အချိန်မှာလည်း Heater အဖြစ်အသုံးပြုနိုင်တယ်။ warranty ကာလ (၃) နှစ်ကျော်သွားရင်လည်း နှစ်ကာလဘယ်လောက်ပဲကြာပါစေ Model အဟောင်း၊ Model အသစ်အားလုံးအတွက် Service Centre မှာ စက်အပိုပစ္စည်း အပြည့်အစုံ ရရှိနိုင်သက်ဆိုင်ရာကားဂိတ်ကို သွားယူတယ်၊ ချက်ချင်းပြင်တယ်၊ ချက်ချင်းပြန်ပို့ပေးတယ်၊ နှစ်ရက်အတွင်းပြီးအောင်ပြင်ပြီး ပိုင်ရှင်လက်ထဲအရောက် တာဝန်ယူပေးပါတယ်။ ပြုပြင်ဖို့ပို့ပေးတာရော၊ ကျွန်တော်တို့ ပြန်ပို့ပေးတဲ့ စရိတ်တွေအားလုံးကို ကျွန်တော်တို့ကုမ္ပဏီကပဲ ကျခံပေးပါတယ်။ ဈေးနှုန်းကိုလည်း တည်ငြိမ်မှုရှိအောင် ကြိုးစားထားပါတယ်။ ကျွန်တော်တို့က ပစ္စည်းတစ်ခုကို ရောင်းပြီးရင် ၃ နှစ်လုံးကို တာဝန်ယူထားတာပါ။ ၃ နှစ်ကျော်သွားတဲ့ ပစ္စည်းကိုလည်း အာမခံသက်တမ်းကုန်သွားပြီဆိုပြီး တာဝန်မဲ့တဲ့လုပ်ရပ်ကို မလုပ်တဲ့အပြင် အသက်သာဆုံး ပစ္စည်းတန်ဖိုးကလွဲပြီး လက်ခမယူဘဲ ကောင်းနေသမျှ သုံးကြရပါစေဆိုပြီး မေတ္တာတရားနဲ့ ပြုပြင်ပေးပါတယ်။



**အောင်ကိုဇင်** - အစီအစဉ်တွေတော့ ရှိပါတယ်။ ပြည်တွင်းသုံးစွဲသူတွေအတွက် အလိုအပ်ဆုံး ဖြစ်လာမယ့် ပစ္စည်းကဘာတွေဖြစ်မလဲဆိုတာတွေ အားလုံးကို လေ့လာနေတယ်။ Electronics ပစ္စည်းတွေပါပဲ ဈေးကွက်ရဲ့ လိုအပ်ချက်လည်း ဖြစ်နေရမယ်။ ပြည်သူတွေ မသုံးဖူးသေးတဲ့ မသုံးရဲသေးတဲ့ ပစ္စည်းသစ်တွေကို တင်သွင်းပြီးကုန်စည်ပြပွဲကြီးတွေမှာ သရုပ်ပြတင်ဆက်မှုတွေနဲ့အတူ Customer တွေကို အသေးစိတ် တိတိကျကျ သိရှိစေပြီးမှ ရောင်းမှာပါ။ ကျွန်တော်တို့ပေးတဲ့ ဝန်ဆောင်မှုကောင်းမှ ကျွန်တော်တို့ကို ယုံကြည်မှ ကျွန်တော်တို့တင်သွင်းတဲ့ ကုန်ပစ္စည်းတွေကို သုံးစွဲမှာဆိုတော့ ကျွန်တော်တို့လုပ်တဲ့ အလုပ်ပေါ်မှာ ကတိတည်၊ သစ္စာရှိပြီး သုံးစွဲသူတွေအပေါ် အကောင်းဆုံး ပေးဆပ်မယ်ဆိုတဲ့ စိတ်နဲ့ ရှေ့ဆက်သွားမှာပါ။

**မေး - အခုလိုအချိန်ပေးပြီး စိတ်ရှည်လက်ရှည် ရှင်းပြပေးတာ ကျေးဇူးတင်ပါတယ်အစ်ကို၊ Customer တွေကိုရော သိစေချင်တဲ့ စကားလေးများရှိသေးလား။**

**အောင်ကိုဇင်** - ကျွန်တော်တို့ ကုမ္ပဏီကိုကိုယ်စားပြုပြီးပြောရရင် ကျွန်တော်တို့ ကုမ္ပဏီကိုရော ကျွန်တော်တို့တင်သွင်းတဲ့ ကုန်ပစ္စည်းတွေပေါ်မှာ ယုံကြည်မှုအပြည့်နဲ့ လက်ခံသုံးစွဲကြည့်ကြပါ။ ကျွန်တော်တို့က အလုပ်နဲ့ သက်သေပြနေတဲ့ ကုမ္ပဏီပါ။ ကျွန်တော်တို့ ကတိတည်မှုနဲ့ စွမ်းဆောင်ချက်တွေကို ကျေနပ်မှုရှိတယ်ဆိုရင် မိတ်တာကြောင့် Customer တွေအနေနဲ့ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါတယ်။

**မေး - JBS Digital Hotplateရဲ့ ရှေ့ဆက်မယ့် ဈေးကွက်တွေအကြောင်းလည်း ပြောပြပေးပါဦး။**

**အောင်ကိုဇင်** - ရှေ့ဆက်ထိုးဖောက်မယ့် ဈေးကွက်ကိုပြောရရင် ကျွန်တော်တို့ မြန်မာပြည်မှာရှိတဲ့ ဈေးကွက်ကြီးတွေအကုန်လုံးကို ဖြန့်ချိနိုင်အောင် ကြိုးစားနေတယ်။ City Mart တွေမှာလည်း တင်နိုင်အောင် ကြိုးစားနေပါတယ်။ နယ်တွေအတွက်လည်း အရောင်းကိုယ်စားလှယ် တွေခေါ်ထားတယ်။ ပြည်သူတွေကြားမှာလည်း ပျံ့နှံ့သင့်သလောက်ပျံ့နှံ့နေပြီဆိုတော့ ကျွန်တော်တို့ရဲ့ ပစ္စည်းပေါ်မှာလည်း ယုံကြည်မှုရလာတာနဲ့ အမျှ နယ်ကလူတွေအတွက် အဆင်ပြေစွာသုံးစွဲနိုင်အောင် ကိုယ်စားလှယ်လိုချင်သူတွေလည်း ကျွန်တော်တို့ ကုမ္ပဏီကိုဖော်ပြထားတဲ့ ဖုန်းနံပါတ်တွေအတိုင်း ဆက်သွယ်ပူးပေါင်းနိုင်ပါတယ်။ နယ်မှာ အသုံးပြုသူတွေအတွက် Service က အစ လိုလေသေးမရှိအောင် စီစဉ်ပေးထားပါတယ်။ နယ်က ဝယ်ယူထားသူတစ်ဦး တစ်ခုခု ချို့ယွင်းသွားလို့ ပြုပြင်ချင်ရင် ကျွန်တော်တို့ကို ဖုန်းဆက်ပြီး ကိုယ်နေထိုင်ရာ တိုင်းဒေသကြီးကနေ ကားနဲ့ တင်ပေးလိုက်ရုံပါပဲ။ ကျွန်တော်တို့ကုမ္ပဏီက



ကျွန်တော်တို့ သွားချင်တဲ့လမ်းက ထာဝရသွားချင်တာပါ။ ထာဝရရပ်တည်နိုင်ဖို့အတွက် မှန်ကန်တဲ့ စိတ်ထားပေါ်က ရောင်ပြန်ဟပ်လာတဲ့ မေတ္တာတရားနဲ့ စွမ်းအား(လှထွန်း) International Trading Co.,Ltd ရဲ့ အနာဂတ်သမိုင်းကို ဆက်ရေးမှာပါ။

**မေး - အစ်ကိုတို့ ကုမ္ပဏီအနေနဲ့ Digital Hotplate တွေအပြင် တခြား Electronics နဲ့ပတ်သက်တဲ့ ဘာပစ္စည်းတွေများ တင်သွင်းဖို့ ရှိပါသေးလဲ။**

ဆွေတွေကို ပြောပြပေးပါ။ ကျွန်တော်တို့တွေရဲ့ ကြိုးစားမှုဟာ အားနည်းချက်တွေ ရှိနေတယ်ဆိုရင်လည်း အကြံပေးစာများပေးပို့နိုင်ပါတယ်ဆိုတာကိုတော့ ပြောပြချင်ပါတယ်။ အားပေးဝယ်ယူသော Customer များကိုလည်း ကျေးဇူး အထူးပဲ တင်ရှိပါတယ်။

**ယုယအိမ်**

Asian Fame Media Group

# BEYOND THE WOMEN

## မယဉ်မင်းသီ

### (EMERALD BOUTIQUE HOUSE)

arranged BY phyoe su po po

photo . aung naing soe

သဘာဝတရားကို ကိုယ်စားပြုတဲ့ အရောင် ဆိုရင် အစိမ်းရောင်ပါပဲ။ အစိမ်းရောင်ရဲ့ ငြိမ်းချမ်းမှုတွေနဲ့ လူတွေရဲ့တန်ဖိုးထားမှုကိုပိုင်ဆိုင်ထားတဲ့ 'မြ' ကျောက်ကလည်း တွင်းထွက် ရတနာတွေထဲက တစ်ခုပါပဲ။ အေးချမ်းတဲ့အပြုံး နဲ့ ငြိမ်းချမ်းစွာ စကားပြောတတ်တဲ့ မယဉ်မင်းသီ ဆိုတာကလည်း 'မြ' ကျောက်လေးလို အရည် အသွေးတွေ၊ အရည်အချင်းတွေနဲ့ ပြည့်ဝနေသူတစ်ဦးပါပဲ။ သူမရဲ့ Emerald Boutique House က အမျိုးသမီးတွေအတွက် လှပတဲ့အိမ်လေးတစ်အိမ် ဖြစ်နေပါတယ်။ ဒါကြောင့် ဒီလှပတဲ့အိမ်လေးအကြောင်းကို မယဉ်မင်းသီနဲ့ တွေ့တဲ့တစ်နေ့ ဆွေးနွေးမိတဲ့အခါမှာတော့ . . .

**အရင်ဆုံး အစ်မငယ်ငယ်က ဖြစ်ချင်ခဲ့တဲ့ ရည်မှန်းချက်နဲ့ အိပ်မက်အကြောင်းလေးပြောပြပေးပါ။**

အစ်မငယ်ငယ်က ၅ တန်း၊ ၆ တန်းအရွယ်တုန်းကတော့ ဆရာဝန်မဖြစ်ချင်ခဲ့တာပေါ့။ ဒါပေမဲ့လည်း အသက် အရွယ်ရလာတော့ ပြောင်းလာပြီး အစ်မ ၁၀ တန်းရောက် တဲ့အချိန်မှာတော့ အလှအပဆိုတာကို ဝါသနာပါခဲ့တယ်။ အဲဒါနဲ့ အစ်မတို့ ၁၀ တန်းအောင်ချိန်ကျတော့ ကျောင်း ပိတ်ရက်တွေနဲ့သွားတိုက်တယ်။ အဲဒီတော့ အစ်မက အပြင်မှာ သင်တန်းတွေပဲ လိုက်တက်တယ်။ Manage-ment တို့၊ Secretary သင်တန်းတို့ လိုက်တက်ဖြစ်တယ်။ အဲဒီလိုသင်တန်းတွေ တက်ပြီးတော့ အတွေ့အကြုံတစ်ခု ရအောင် အလုပ်တစ်ခုဝင်လုပ်ရင် ကောင်း မှာပဲဆိုပြီး Loreal Co.,Ltd မှာ အလုပ်လုပ်



Asian Fame Media Group

MEDIA GROUP

ဖြစ်ခဲ့ပြီး တဖြည်းဖြည်းနဲ့ ဒီလို စီးပွားရေးလုပ်ငန်းတွေ လုပ်ဖြစ်ခဲ့တာပါပဲ။



**Emerald ဆိုင်ကိုစပြီး အကောင်အထည်ဖော်ဖြစ်ခဲ့တာကရော အစ်မ။**

အစ်မ Second Year လောက်ရောက်ရင် ကိုယ်ပိုင်အလုပ်တစ်ခုကို လုပ်မယ်ဆိုပြီး ဆုံးဖြတ်ဖြစ်တယ်။ အစ်မမိဘတွေကလည်း အလုပ်လုပ်ဖို့ ခွင့်ပြုတယ်။ အဲဒီအချိန်မှာ ဘာလုပ်မလဲဆိုပြီး စဉ်းစားတော့ Beauty နဲ့ဆိုင်တဲ့ အလုပ်ကိုလည်း ကိုယ်ကဝါသနာပါတော့ Beauty Spa ပဲလုပ်မယ် ဆိုပြီး Emerald ဆိုင်ကို စလုပ်ဖြစ်ခဲ့တာ။ အစ်မ ဆိုင်စလုပ်တော့ ၉၉-၂၀၀၀ ပေါ့။ အဲဒီ အချိန်တုန်းက Lasource Spa က အရမ်းအောင်မြင်နေတဲ့အချိန်ပေါ့။ အစ်မ အဲဒီကနေ အများကြီး Copy လုပ်ခဲ့တာပါ။ Emerald Beauty Spa စလုပ်တော့ အစ်မအသက်က ငယ်သေးတယ်။ အဲဒီတော့ အခက်အခဲတွေကတော့ တွေ့ခဲ့တာပေါ့လေ။ ဒါပေမဲ့ အစ်မကောင်းကောင်း ကျော်လွှားနိုင်ခဲ့ပါတယ်။ အလုပ်တစ်ခုလုပ်ရင် ကိုယ်က တကယ်လည်း ဝါသနာပါရမယ်။ တကယ်လည်း ဒီအလုပ် ထဲမှာ နှစ်မြှုပ်ပြီးလုပ်နိုင်တယ်ဆိုရင်အောင်မြင်နိုင်ပါတယ်။ ပြီးတော့ ကိုယ်တွင်း ပါရမီဆိုတာလည်း ပါရမယ်။ ဒါမှလည်း ကိုယ့်အလုပ်မှာ သူများနဲ့ မတူတဲ့ အမြင်တွေရှိမှာလေ။ ကံအားလျော်စွာပဲ အစ်မကြိုးစားမှုကြောင့်ရော၊ အစ်မဝန်ထမ်းတွေရဲ့ ကြိုးစားမှုကြောင့်ရော Emerald က အောင်မြင်ခဲ့ပါတယ်။

**နောက်ပြီး Emerald Fash ဆိုပြီး Lady Wear လေးတွေ ထုတ်သေးတယ်နော်။ အဲဒါကရော ဘယ်လိုကြောင့် လုပ်ဖြစ်ခဲ့တာပါလဲ။**

၂၀၀၃မှာ Fashion ကို စခဲ့တာပေါ့။ အစ်မက ဖန်တီးမှုလုပ်ရတာကို ဝါသနာပါတယ်။ အိမ်မှာဆိုလည်း အစ်မက လှလှပပပြင်ဆင်ရတာ ကို ငယ်ငယ်တည်းက ဝါသနာပါတယ်။ ကိုယ် က တီထွင်ရတာကို လည်း ဝါသနာပါတယ်။ ပြီးတော့ အစ်မက ၉ တန်း နွေရာသီကျောင်းပိတ်ရက်မှာ Dozo မှာ သင်တန်းတွေဘာတွေ တက်ခဲ့ဖူးတယ်။ အဲဒါကလည်း အစ်မက အဘွားနဲ့နေရတာဆိုတော့ အဘွားက အရမ်းစည်းကမ်းကြီးတယ်။ အစ်မကိုလည်း မိန်းကလေးတွေတတ်ထားသင့်တဲ့ အချက်အပြုတ်၊ အိမ်သန့်ရှင်းရေး အားလုံးသင်ပေးတယ်။ အကျီချုပ်တာရော တစ်ချောင်းထိုးတို့ ဘာတို့ရော အားလုံးသင်ရတယ်။ အဲဒီလိုအခြေခံလေးတွေ ရှိထားတော့ Emerald Fashion ကိုလုပ်တော့လည်း အစ်မဝါသနာနဲ့ တော်တော်လေးကိုက်ညီခဲ့တယ် ပြောရမယ်။ အကျီဒီဇိုင်းတွေကို အစ်မပဲ ဆွဲခဲ့တာပါ။ ဖက်ရှင်ကို လုပ်ဖြစ်ခဲ့တာကလည်း နိုင်ငံခြားဖြစ်အကျီတွေထဲမှာ လီနင်သားနဲ့ချုပ်ထားပေမယ့် ဈေးအရမ်းကြီးကြတယ်။ ဒီလီနင်သားကိုပဲ အစ်မက ယိုးဒယားကနေသွင်းပြီးတော့ အစ်မရဲ့ ကိုယ်ပိုင်ဖန်တီးမှုရယ် ပြီးတော့ ခေတ်အလိုက်ပေါ်နေတဲ့ ဒီဇိုင်းတွေပေါ်မှာ မူတည်ပြီး တော့ထွင်လိုက်ရင် မြန်မာပြည်မှာရှိတဲ့ မိန်းကလေးတွေက ဈေးသက်သက်သာသာနဲ့ ဖက်ရှင်ကျကျလည်း ဝတ်ရမယ်။ ဝန်ထမ်းမိန်းကလေးတွေဆိုလည်း အကျီအဖြူလေးတွေကို သပ်သပ်ရပ်ရပ်နဲ့ စမတ်ကျကျလေး ဝတ်ရမယ်ဆိုတဲ့ စိတ်ဆန္ဒလေးတစ်ခုနဲ့ပဲ Emerald Fash ကို လုပ်ဖြစ်ခဲ့တာပါ။ ဖက်ရှင်အလုပ်ကလည်း အောင်မြင်မှုရခဲ့ပါတယ်။ ၂၀၀၆ မှာ အစ်မက Ivy ရယ်၊ Emerald ရယ်၊ Belly ရယ်ပေါင်းပြီး Sedona Hotel မှာ Fashion Show တစ်ခု လုပ်ခဲ့တယ်။ အဲဒီ Fashion Show ကလည်း အောင်မြင်ခဲ့တယ်။ သူများတွေတင်ဆက်ခဲ့ဖူးတဲ့ ပုံစံနဲ့မဟုတ်တဲ့ ပုံစံနဲ့ Show ပွဲကို လုပ်နိုင်ခဲ့တယ်။

**အဲဒီလိုကနေ အခု Emerald Jewellery ဆိုင်ကိုလည်း ဖွင့်ခဲ့တာပေါ့။ ရတနာဆိုင်ကိုရော ဘာကြောင့် ဖွင့်ဖြစ်ခဲ့တာပါလဲ။**

အစ်မက မိန်းကလေးတွေအတွက် အလှအပနဲ့ ဆိုင်တာတွေကို တစ်နေရာတည်းမှာ ရနိုင်တဲ့ Boutique House လေးတစ်ခု ဖွင့်ချင်ခဲ့တာက



Asian Prime Media Group



BEYOND THE WOMEN

အစ်မရဲ့ အဓိကရည်မှန်းချက်ဖြစ်ခဲ့တယ်။ အဲဒီတော့ အစ်မက Beauty Spa လည်း ရှိပြီ။ ဖက်ရှင်ဆိုင်လေးလည်း လုပ်ဖြစ်ပြီဆိုတော့ မိန်းကလေးတွေအတွက် အလှအပအဆင်တန်ဆာထဲမှာ ဖက်ရှင်ရယ် မျက်နှာအလှပြင်တာရယ် Jewellery ပဲရှိတာလေ။ အစ်မက ထပ်လုပ်ဖို့ ရည်ရွယ်တော့ Jewellery ပဲ လိုတော့တာလေ။ အဲဒါနဲ့ Emerald ရတနာဆိုင်ကို ထပ်ပြီးဖွင့်ဖြစ်ခဲ့တာပါ။ ကိုယ်တိုင်ကလည်း ရတနာတွေကို အရမ်းတန်ဖိုးထားပြီး မြတ်နိုးတယ်။ အဲဒါကြောင့်လည်း အစ်မက ရတနာပစ္စည်းတွေ တော်တော်များများကို စုဖြစ်ခဲ့တယ်။ Boutique House ဆိုတာက လှပတဲ့အိမ်လေးပေါ့။ အဲဒီမှာ အလှပြင်တာရော ဖက်ရှင်ရော ဒီရတနာပစ္စည်းတွေရော ရှိစေချင်တယ်။ အဲဒီရည်ရွယ်ချက်နဲ့ ၂၀၁၂ ဇန်နဝါရီမှာ Boutique House ဆိုင်ကို စဖွင့်ဖြစ်ခဲ့တာပေါ့။ Boutique House စဖွင့်တော့မှပဲ Jewellery ဆိုင်ကို ထပ်ဖွင့်ဖြစ်ခဲ့တာပါ။ အခု မြန်မာပြည်မှာက Jewellery ဆိုင်တွေက အများကြီးပဲလေ။ အဲဒီတော့ Emerald က Jewellery ကို သူများနဲ့မတူတဲ့ ဖန်တီးမှုမျိုးကို စဉ်းစားရတာပေါ့။ မြန်မာပြည်မှာရှိတဲ့ ပတ္တမြားနီလာစသဖြင့် တွင်းထွက်ကျောက်တွေမှာ စက်သွေးသေးသေးလေးတွေရှိတယ်။ အဲဒီ သေးသေးလေးတွေက တကယ်တော့ ပစ္စည်းတစ်ခုဖြစ်အောင်ခတ်ဖို့ဆိုတာက တော်တော်ခဲယဉ်းတယ်။ အဲဒါတွေကို အစ်မက Invisible Desi-gn ဆိုပြီး လုပ်လိုက်တယ်။ အဲဒီလို ဖန်တီးပြီး စခဲ့တာပေါ့။ Invisible Design က မြန်မာပြည်မှာ အခုချိန်ထိလုပ်လို့ မရသေးဘူး။ အစ်မကကုန်ကြမ်းတွေ အကုန်လုံးကို ဘန်ကောက်တို့ ဟောင်ကောင်တို့ကိုပို့ပြီး အစ်မပေးတဲ့ဒီဇိုင်းအတိုင်း သူတို့ 'မို' လုပ်ရတယ်။ 'မို'လုပ်ပြီးမှ ကျောက်သွေးပြီး တပ်ဆင်မှ ဒီလိုဒီဇိုင်းတွေ ဖြစ်လာတာပေါ့။ ဈေးနှုန်းအနေနဲ့လည်း အရမ်းသင့်တော်တယ်။ ရတနာပစ္စည်းဆိုတာက တခြားပစ္စည်းဝယ်သလို ကောက်ဝယ်လိုက်တာမျိုးမဟုတ် ဘူးလေ။ ကိုယ့်အတွက်လည်း လှပြီးတန်ဖိုး ရှိတဲ့ ပစ္စည်းဖြစ်စေချင်ကြတာကိုး။ ဝယ်နိုင်တဲ့ ဈေးနှုန်း လည်းဖြစ်စေချင်ကြတာလေ။ အစ်မက Invisible Design လေးတွေကို ဈေးနှုန်းသင့်တာနဲ့ လုပ်ပေးတော့ အခုတော့အထိုက်အလျောက်တော့အောင်မြင်နေပါတယ်။

**အခု Emerald Jewellery ဆိုင်စဖွင့်တုန်းကရော ဘယ်လိုအခက်အခဲမျိုးတွေနဲ့ ကြုံတွေ့ခဲ့ရပါသေးလဲ။**

အလုပ်တစ်ခုမှာ အခက်အခဲဆိုတာတော့ အများကြီးပဲပေါ့လေ။ ကိုယ်မှ မဟုတ်ပါဘူး။ လူတိုင်းမှာ အခက်အခဲတွေ အများကြီးရှိကြပါတယ်။ ဒီအခက်အခဲကို ကျော်ဖြတ်နိုင်ပါ့မလား။ အောင်မြင်နိုင်ပါ့မလားဆိုပြီး တွေးကြောက်နေရင်တော့ လုံးဝဖြစ်မှာမဟုတ်ဘူး။ အဲဒီတော့ အခက်အခဲကို ခဏမေ့ထားပြီး ကိုယ့်ရဲ့ရည်ရွယ်ချက်ကိုပဲ အစ်မက စဉ်းစားပြီးလုပ်ခဲ့တာပါ။ လုပ်ငန်း အသစ်ပဲလုပ်လုပ် ဘာပဲလုပ်လုပ် အခက်အခဲတွေကတော့ အများကြီးပါပဲ။ အစ်မဆိုလည်းရတနာ ပစ္စည်းတွေကို နိုင်ငံခြားပို့ပြီး ခတ်ရတော့ အဲဒီမှာလည်း အခက်အခဲတွေမျိုးစုံတွေ့ရတာပဲ။ အခက်အခဲကို ပြဿနာတစ်ခုလို့ပဲ မြင်လိုက်တယ်။ ပြဿနာဆိုတာက ဖြေရှင်းရတာလေ။ ဒီတစ်ခု ဖြေရှင်းပြီးတာနဲ့ နောက်ပြဿနာက ရောက်လာတတ်တာပဲလေ။ ပြဿနာတွေကို ဖြေရှင်းရင်းနဲ့ပဲ အလုပ်တွေကို လုပ်ရတာပါပဲ။ အစ်မကတော့ အခက်အခဲကို မကြောက်တတ်ဘူး။ တွေ့လာရတဲ့ အခက်အခဲ တွေအားလုံးကို ခေါင်းအေးအေးနဲ့ပဲ ဖြေရှင်းလိုက်တယ်။

**Emerald ဆိုတာက အစိမ်းရောင် "မြ" ကျောက်ကို ပြောတာလေ။ အစ်မအကြိုက်ဆုံး အရောင်ကလည်း အစိမ်းရောင်ပဲ။ အစိမ်းရောင်က အေးချမ်းခြင်းကိုလည်း ဆောင်တယ်။ ရဲရင့် စိတ်တွေကိုလည်း ပေးတယ်။ အစိမ်းရောင်ကို မြင်လိုက်တာနဲ့ အေးချမ်းတယ်၊ ငြိမ်းချမ်းတယ်၊ ခွန်အားတွေရတယ်။**

**Emerald ဆိုတဲ့နာမည်ကို အစ်မက Beauty Spa ဖွင့်တည်းက ပေးခဲ့တာနော်။ တစ်ချိန်မှာ Jewellery ဆိုင်ဖွင့် မှာဆိုပြီး ရည်ရွယ်ချက်နဲ့ အဲဒီနာမည်ကို ပေးဖြစ်ခဲ့ တာလား။**

Emerald ဆိုတာက အစိမ်းရောင် 'မြ' ကျောက်ကို ပြောတာလေ။ အစ်မအကြိုက်ဆုံး အရောင် ကလည်း အစိမ်းရောင်ပဲ။ အစိမ်းရောင်က အေးချမ်းခြင်းကိုလည်း ဆောင်တယ်။ ရဲရင့်စိတ်တွေကိုလည်း ပေးတယ်။ အစိမ်းရောင်ကို မြင်လိုက်တာနဲ့ အေးချမ်းတယ်၊ငြိမ်းချမ်း

Asian Fame Media Group

တယ်၊ ခွန်အားတွေရတယ်။ ကျောက်တွေထဲမှာလည်း အစ်မက 'မြ' ကျောက်ကို အရမ်းတန်ဖိုးထားတယ်။ မိန်းကလေးတစ်ယောက်အနေနဲ့ လိုအပ်တာက ငြိမ်းချမ်းဖို့ပဲလေ။ ဒါကြောင့် အစ်မက ၉၉ -၂၀၀၀ မှာ Beauty Spa စဖွင့်တည်းက ဒီ Emerald ဆိုတဲ့ နာမည်လေးပဲ ရွေးချယ်ဖြစ်ခဲ့တာပါ။ ဖက်ရှင်လုပ်တော့လည်း Emerald ပဲ Brand လုပ်ခဲ့တယ်။ အခု Jewellery ဆိုင်ကျတော့လည်း ဒီနာမည်လေးနဲ့ ပိုပြီးအဆင်ပြေသွားတာပေါ့။

**လုပ်ငန်းအတွေ့အကြုံမှာ အစ်မက တစ်ခုထက်မက လုပ်ခဲ့ဖူးတော့ အစ်မအတွက် ခက်ခဲတဲ့ လုပ်ငန်းဆိုရင် ဘယ်လုပ်ငန်းဖြစ်မလဲ။**

လူတွေအကုန်လုံးက စားဝတ်နေရေးအတွက် ပိုက်ဆံရှာကြရတာလေ။ အဲဒီလိုရှာကြတဲ့အခါမှာ ကိုယ်လုပ်တဲ့အလုပ်က ကိုယ်ဝါသနာပါတဲ့ အလုပ်ဖြစ်ဖို့လိုအပ်တယ်။ ကိုယ်ဝါသနာပါပြီး အဲဒီအလုပ်မှာ ကိုယ်ကဘယ်လောက်အထိ စွမ်းဆောင်နိုင်လဲ။ ကိုယ့်ဘဝကို ဘယ်လောက် အထိ နှစ်မြှုပ်နိုင်လဲဆိုတာနဲ့မှ အောင်မြင်မှာလေ။ တချို့ဆိုရင် သူတို့က ဆရာဝန်မလုပ်ချင်ကြဘူး။ ဒါပေမဲ့ မိဘတွေက အတင်းအကျပ်နဲ့ လုပ်ဆိုပြီး လုပ်ရတော့ သူတို့အလုပ်မှာ မအောင်မြင်ကြ ဘူး။ ကိုယ်က စာရင်းကိုင်မလုပ်ချင်ဘဲ လုပ်မိရင်လည်း ပျော်ရမှာ မဟုတ်ဘူး။ အဓိကကတော့ အလုပ်တစ်ခုလုပ်မယ်ဆိုရင် ဘယ်လောက် ဝါသနာပါလဲပေါ့။ ပြီးရင် ဘယ်လောက်ရင်းနှီးမြှုပ်နှံနိုင်လဲ။ ရင်းနှီးမြှုပ်နှံတာမှာငွေအင်အား၊ လူအင်အား၊ အချိန် အားလုံးပါပါတယ်။ အစ်မ ကတော့ ကိုယ်ရွေးပြီးလုပ်ခဲ့တဲ့ အလုပ်တွေက ကိုယ်က ရည်မှန်းချက်ထားပြီး သေချာကို လုပ်ခဲ့တာဆိုတော့ အစ်မလုပ်ငန်းတွေနဲ့ပတ် သက်ပြီး ပိုခက်ခဲပါတယ်ဆိုပြီးတော့ မရှိပါဘူး။ ပုံမှန်တွေ့ရတတ်တဲ့ အခက်အခဲမျိုးတွေပဲ ရှိခဲ့ တာပါ။

**အစ်မက Beauty Spa မှာရော Fashion Brand မှာရော အောင်မြင်ခဲ့ပြီး အခုလို Jewellery ဆိုင်ကျတော့လည်း အောင်မြင်နေပြီဆိုတော့ အစ်မရဲ့လုပ်ငန်းအောင်မြင်မှု သော့ချက်က ဘာဖြစ်မလဲ။**

စောစောက ပြောခဲ့သလိုပါပဲ။ အစ်မက အလုပ်တစ်ခုလုပ်မယ်ဆိုရင် မလုပ်ခင်မှာ သေချာစဉ်းစားတယ်။ ဒီအလုပ်ကို ကိုယ်က တကယ်ဝါသနာပါတာလား။ ဒီအလုပ်ကို ဆက်လုပ်မှာလားဆိုတာစဉ်းစားတယ်။ ကိုယ့်အလုပ်နဲ့ ပတ်သက်ပြီး ဆက်နွှယ်ပတ်သက်ရမယ့်သူတွေကို ဘယ်လိုရင်ဆိုင်မလဲဆိုတာလည်း စဉ်းစားတယ်။ ကြုံတွေ့လာ ရနိုင်တဲ့ အခက်အခဲတွေကိုလည်း ကြိုတွေးတယ်။ ပြီးလို့ လုပ်ရင်တော့ အဲဒီအလုပ်ကို မအောင်မြင်မချင်း အစ်မက နှစ်မြှုပ်လိုက်တာ။ ပြီးတော့ အစ်မက အဘွားရဲ့လမ်းညွှန်မှုတွေလည်း အများ ကြီးရခဲ့တယ်။ စည်းကမ်းတို့ ဘာတို့အပြင် မိန်းကလေးတစ်ယောက်မှာရှိသင့်တဲ့ အရည်အချင်းတွေကို အဘွားက သင်ပေးခဲ့တာ။ အစ်မက မလုပ်တတ်ဘူးမသိဘူးပြောရင် ငယ်ငယ်ကဆိုရင် အဘွားက ရိုက်တာခံရတယ်။ မသိတာကို သိအောင် လုပ်ရမယ်။ မလုပ်တတ်တာကို လုပ်တတ်အောင် လုပ်ရမယ်။ ဒါက အဘွားရဲ့အမြင်ပဲ။ ဒါကြောင့် အခုလုပ်ငန်းတွေ လုပ်တော့လည်း အစ်မက အဲဒီလို ဆိုဆုံးမမှုတွေကြောင့် အခုလို လုပ်နိုင်ခဲ့တာပါ။

**အစ်မက ခုနကပြောခဲ့တယ်နော်။ ၉ တန်း ကျောင်းပိတ်ရက်မှာ Dozo မှာ Design သွားတက်ခဲ့တယ်လို့၊ ဒါပေမဲ့ ၁၀ တန်းအောင် တော့ ဘာကြောင့် Fashion Designer အလုပ်ကို မလုပ်ခဲ့တာပါလဲ။**

အစ်မ ၁၀ တန်းအောင်တော့ သင်တန်းတွေလျှောက်တက်တာပေါ့။ အစ်မ သူငယ်ချင်းတစ်ယောက်ရှိတယ်။ မချိုသက်နွယ်လေ။ သူနဲ့ အစ်မက ၉ တန်းတည်းက သူငယ်ချင်းပါ။ ချိုသက်နွယ်က Loreal မှာ အလုပ်သွားလျှောက်မယ်။ နင်လည်းလုပ်ပါလားဆိုတော့ ကိုယ်ကလည်း သူငယ်ချင်းနဲ့အတူတူ အလုပ်လုပ်ချင်တယ်ဆိုပြီ အဲဒီမှာ သွားလုပ်ဖြစ်ခဲ့တာပါ။ အစ်မတို့ အဲဒီမှာ စလုပ်တုန်းက လူတွေသိပ်မများသေးဘူး။ Sale Department မှာ ဝင် လုပ်ခဲ့တာပါ။

**လူတစ်ယောက်ရဲ့ ဘဝမှာ အောင်မြင်ဖို့ဆိုရင် ဘာက အရေးအကြီးဆုံးလို့ အစ်မထင်ပါသလဲ။**

အဓိကကတော့ စိတ်နေစိတ်ထားပါ ပဲ။ သူ့မှာ ဖြစ်ချင်တဲ့ စိတ်ရှိရမယ်။ ဖြစ်ချင်တဲ့ စိတ်ရှိမှ စလို့ရမှာလေ။ ငါ တစ်နေ့ ဘာဖြစ်ရမယ်ဆိုတဲ့ အစီအစဉ်လေး ရှိရမယ်။ ငါ တစ်နေ့ ဘာဖြစ်ချင်တယ်ဆိုတဲ့ စိတ်လေးရှိရမယ်။ ဒီတော့ ဘာအရေးကြီးဆုံးလဲဆိုရင် ဖြစ်ချင်တဲ့ ဆန္ဒနဲ့ စိတ်က အရေးကြီးဆုံးပါပဲ။



**လူတစ်ယောက်က လုပ်ငန်းခွင်မှာ အောင် မြင်ဖို့အတွက်စာရိတ္တက ဘယ်လောက် အတိုင်း အတာ အထိအရေးကြီးပါသလဲ။**

လူတစ်ယောက်မှာ ယုံကြည်မှုပေးနိုင်ဖို့ လိုတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကိုယ်နဲ့ အလုပ်လုပ်တဲ့သူတွေနဲ့ အဆင်ပြေနိုင်မှာလေ။ စီးပွားရေးမှာ အောင်မြင်ဖို့ ဆိုတာလည်းတစ်ယောက်အပေါ်မှာ တစ်ယောက်က ယုံကြည်မှုရှိမှပဲ ဖြစ်မှာလေ။ အစ်မတို့ အခုလုပ်နေတဲ့ Jewellery လုပ်ငန်းဆိုရင်ပိုဆိုးတယ်။ သူ့ကိုမှ မယုံကြည်ရရင် ဘယ်လိုအလုပ်လုပ်ကြတော့မလဲနော်။ Customer က ဒီဆိုင်ကို ဘယ်လောက် ယုံကြည်မှုရှိလဲ။ ကိုယ့်ကို ယုံကြည်လာအောင် ကိုယ်က ဘယ်လိုတွေလုပ်ပေးရမလဲ အစ်မအမြဲစဉ်းစားတယ်။ အစ်မဆိုင်ရင် Customer တွေကို Certificate လေးတွေ ထုတ်ပေးတယ်။ စိန်ထည်တွေဆိုရင် အစ်မက World Wide လက်ခံထားတဲ့ Certificate လေးတွေ ထုတ်ပေးတယ်။ အစ်မဆိုင်မှာ စိန်ဆိုလည်း လေဆာထိုးထားတာတွေလည်းရှိတယ်။ ပတ္တမြားဆိုလည်း မိုးကုတ်နဲ့ မိုင်းရှူးဆိုပြီးရှိတယ်။ အစ်မက ဒါက ဘာဆိုပြီး ပြောရောင်းတယ်။ နီလာဆိုလည်း ဒါက သဘာဝ၊ ဒါကမီးဖုတ်ဆိုပြီး Certificate လေးတွေ ထုတ်ပေးတယ်။ အစ်မဆိုင်မှာ ဝယ် သွားတဲ့ Customer တွေအတွက် ကိုယ်ဝယ်သွားတဲ့ ပစ္စည်းရဲ့အရည်အသွေးကို စိတ်ချလက်ချဖြစ်စေအောင် ဦးစားပေးထား တာပေါ့။ ဒါကြောင့် ယုံကြည်မှုပေးတာက အလုပ်အတွက် အကောင်းဆုံးပါပဲ။

**ကိုယ့်ရဲ့ ကိုယ်ကျင့်တရားကိုရော ဘယ်လောက်အထိ တန်ဖိုးထားပြီး ဘယ်လို ထိန်းသိမ်းတတ်ပါသလဲ။**

ကိုယ်ကျင့်တရားက ကိုယ့်ပေါ်မှာပဲ မူတည်တာပါ။ လူတစ်ယောက်က ကိုယ့်တန်ဖိုးကို ကိုယ့်ဘာသာပဲ ဖြတ်တာပါ။ ပစ္စည်းတစ်ခု တန်ဖိုးက လူတွေအများကြီး ဝိုင်းဖြတ်တာပါ။ လူရဲ့တန်ဖိုးကတော့ ကိုယ်တိုင်ပဲ ဖြတ်ရတာပါ။ အဲဒီတော့ ကိုယ်က တန်ဖိုးရှိအောင်နေချင်တယ်ဆိုရင် ကိုယ့်ဟာကိုယ်တိုင်းရတာပါ။ ကိုယ်ကျင့်တရားမှာ ခုနက

BEYOND THE WOMEN MEDIA GROUP
Asian Fame Media Group

ပြောခဲ့တဲ့ လူတွေကိုယ့်အပေါ်မှာ ဘယ်လောက်ယုံကြည်မှုရှိလဲ။ ပြီးတော့ ဘယ်လောက်အထိ ကိုယ့်အပေါ်မှာ လေးစားလဲဆိုတာတွေက ပါပါနေတာပါ။ အစ်မကတော့ ကိုယ့်ရဲ့ကိုယ်ကျင့်တရားကို အရမ်းတန်ဖိုးထားပါတယ်။ ပြီးတော့ အစ်မနဲ့ အလုပ်လုပ်နေတဲ့ Customer တွေ၊ အစ်မဝန်ထမ်းတွေ မယုံမကြည်ဖြစ်အောင် အစ်မ ဘယ်တော့မှ မလုပ်ပါဘူး။ ဒါကို အစ်မအမြဲ ထိန်းသိမ်းပါတယ်။

**အစ်မဆိုင်က ဝန်ထမ်းတွေရဲ့ Personal Development လို့ခေါ်တဲ့ တစ်ကိုယ်ရေဖွံ့ဖြိုးမှုအတွက်ရော အစ်မဘက်က စီစဉ်ပေးထားတာမျိုးတွေ ရှိပါသလား။**

အစ်မရဲ့ ဝန်ထမ်းတွေနဲ့ ပတ်သက်လာရင်တော့ သူတို့မှာလည်း အခက်အခဲလေးတွေ ရှိတတ်ပါတယ်။ စီးပွားရေးနဲ့ ပတ်သက်ပြီး လခမလောက်တာ။ မိဘလုပ်ကျွေးနေရတာ။ ကျန်းမာရေးမကောင်းတာ အစုံပေါ့လေ။ သူတို့အပေါ်မှာ အစ်မအဓိက လုပ်ပေးတာက သူတို့ရဲ့ကျန်းမာရေးပေါ့။ အစ်မဆီမှာက မိန်းကလေးဝန်ထမ်းတွေပဲ ရှိကြတာလေ။ တချို့က မီးဖွားတာတွေ ဘာတွေ ရှိကြတယ်။ ကျန်းမာရေးနဲ့ ပတ်သက်လာရင်တော့ အစ်မက ကုန်ကျစရိတ်ကို အစ်မရဲ့ အလှူဒါနတစ်ခုလိုပဲ အစ်မအားလုံးလုပ်ပေးပါတယ်။ တခြားတော့ အခုလောလောဆယ် မလုပ်ဖြစ်သေးပါဘူး။ ဒါပေမဲ့ စဉ်းစားထားတာလေးတွေတော့ ရှိပါတယ်။

**အမျိုးသမီးတစ်ဦးဖြစ်နေတဲ့အစ်မအတွက် လုပ်ငန်းလုပ်တဲ့အခါ တွေ့ရတတ်တဲ့ အခက်အခဲတွေများ ရှိတတ်လား။**

အစ်မအနေနဲ့ မကြုံဖူးပါဘူး။ ဒါပေမဲ့ အခုလက်ရှိ အစ်မလုပ်နေတဲ့ အလုပ်တွေကလည်း မိန်းကလေးတွေနဲ့ပဲပတ်သက်ပြီး လုပ်နေရတဲ့ အလုပ်ဖြစ်နေလို့လားတော့ မသိဘူးပေါ့။ လောကကြီးမှာ မိန်းမနဲ့ယောကျ်ားနှစ်မျိုးပဲ ရှိတာလေ။ ဒါကြောင့် မိန်းမတွေပဲ ဆက်ဆံလို့မရသလို ယောကျ်ားတွေပဲ ဆက်ဆံလို့ မရဘူးလေ။ ယောကျ်ားလေး Customer ပဲဖြစ်ဖြစ်၊ မိန်းကလေး Customer ပဲဖြစ်ဖြစ် အစ်မရဲ့ ဝန်ဆောင်မှုကတော့ အတူတူပါပဲ။

**အခုနောက်ပိုင်း မြန်မာပြည်မှာ Gender Equality ဆိုပြီး တော်တော်များများက ပြောလာနေကြပြီနော်။ Gender Equality က မြန်မာပြည်က စီးပွားရေးလောကမှာ တကယ်ရောရှိနေရဲ့လား။**

အစ်မအမြင်နဲ့ ဆိုရင်တော့ ကြိုးစားနေကြဆဲပါပဲ။ အစ်မတို့ဆီမှာ သူများနိုင်ငံနဲ့ယှဉ်ရင် ပညာရေးပိုင်းမှာ အားနည်းကြသေးတယ်။ ဒါပေမဲ့ တစ်ချိန်ချိန်တော့ ဖြစ်လာမှာပါ။ အခုနောက်ပိုင်းကလေးတွေကျရင် အစ်မတို့ထက် ပိုပြီး ပညာရေးပိုင်းမှ ကောင်းကြမှာပါ။ အစ်မတို့ သူတို့အရွယ်တုန်းက မစဉ်းစားတတ်တဲ့အရာတွေကို သူတို့တွေက စဉ်းစားနေတတ်ကြပြီလေ။ အချိန်တော့ စောင့်ရမှာပါ။ အစ်မတို့ မြန်မာတွေက ကြိုးစားမှုပိုင်းမှာ တအားကောင်းတယ်။ တခြားနိုင်ငံသားတွေနဲ့ မတူဘူး။

**ရုန်းကန်ကြိုးစားရတဲ့ အမျိုးသမီးတွေက ဘဝကိုရင်ဆိုင်ဖို့ ပိုပြီးသတ္တိရှိကြတယ်လို့ ပြောကြတဲ့အပေါ် အစ်မရဲ့အမြင်ကိုလည်း ဆွေးနွေးပေးပါဦး။**

ဟုတ်ပါလိမ့်မယ်။ တချို့ အိမ်ထောင်ရှင်မတွေအနေနဲ့ဆိုရင် သူတို့အမြင်၊ သူတို့အတွေးထဲမှာ သူတို့ကိုယ်တိုင်ဆိုတာ မရှိဘူး။ ဘယ်အချိန်မှာ ငါ ဘာလုပ်ရမယ်ဆိုတာ မရှိကြဘူး။ သူတို့နောက်မှာ ခင်ပွန်းက ရှိတာကိုးနော်။ တစ်ယောက်တည်း ရုန်းကန်ရတဲ့အမျိုးသမီးတွေကျတော့ အမြဲကိုယ့်ဘဝရှေ့ရေးကို စဉ်းစားနေရတယ်။ သူတို့မှာက နောက်မှာ ဘယ်သူမှ မရှိဘူးလေ။ အိမ်ထောင်ရှင်မတွေရဲ့ အတွေးထဲမှာတော့ သူတို့ခင်ပွန်းနဲ့ သူတို့သားသမီးတွေအကြောင်းပဲ ရှိတာလေ။ ရုန်းကန်ရတဲ့ အမျိုးသမီးတွေကတော့ ပိုပြီးကြိုးစားရတယ်ပေါ့။ ကိုယ့်မိသားစုကို ကိုယ်ဘယ်လိုပံ့ပိုးရမလဲ။ ကိုယ့်ဝန်ထမ်းတွေကို ကိုယ်ဘယ်လိုစီမံရမလဲဆိုတာတွေကို ထည့်စဉ်းစားရတယ်လေ။ အဲဒီတော့ သတ္တိတွေလည်း ပိုရှိကြတယ်။

**လူတစ်ယောက်ရဲ့ အရည်အချင်းတိုးတက်မှုက သူ့ဘဝရဲ့အချိုးအကွေ့၊ အလှည့်အပြောင်းအတွေ့အကြုံတွေပေါ်မှာ မူတည်တယ်လို့လည်း ပြောကြတယ်။ အစ်မရဲ့ဘဝမှာရော ဘယ်လိုအလှည့်အပြောင်းတွေနဲ့ ကြုံခဲ့ရဖူးပါသလဲ။**

အချိုးအကွေ့အလှည့်အပြောင်းနဲ့တော့ မမူတည်ပါဘူး။ ကိုယ့်မှာ ရည်မှန်းချက်၊ ရည်ရွယ်ချက်တစ်ခုခုရှိနေခဲ့ရင် ဘယ်လိုအလှည့်အပြောင်းအချိုးအကွေ့နဲ့မှ မဆိုင်တော့ဘူး။ ဒီလမ်းကို ရောက်အောင် သွားမယ်ဆိုတဲ့စိတ် ဆုံးဖြတ်ထားရင် ဘယ်လိုအခက်အခဲကိုမဆို ကျော်လွှားသွားနိုင်တယ်။ အခက်အခဲတွေကြောင့် ဒီလမ်းရောက်သွားရတာမျိုး မဟုတ်ရပါဘူး။ ရောက်အောင်သွားရမယ်ဆိုတဲ့ စိတ်ပဲလိုတာပါ။ ရည်ရွယ်ချက်ခိုင်မာဖို့ပဲ လိုတာပေါ့။ တွေ့လာရတဲ့ အတွေ့အကြုံတွေကတော့ သင်ခန်းစာပေါ့။

**လက်ရှိကမ္ဘာမှာ Win Win Theory လို့ခေါ်တဲ့ နှစ်ဦးနှစ်ဖက်အကျိုးရရှိမှုနဲ့ လုပ်ဆောင်မှုတွေက များလာတာဆိုတော့ အစ်မရဲ့ Emerald ဆိုင်ကနေရော Customer နဲ့ အစ်မကြားက အပြန်အလှန်အကျိုးရရှိမှုမျိုးတွေနဲ့ လုပ်ဆောင်နေတာမျိုး ရှိပါသလား။**

ရတနာနဲ့ပတ်သက်ရင်တော့ အခုဆိုရင် ကမ္ဘာ့စိန်ဈေးက ပြန်ကျသွားပြီ။ အစ်မဆီမှာ ဝန်ဆောင်မှုတစ်ခုရှိတယ်။ အဲဒါက Certificate Stone တွေ ဝယ်သွားခဲ့ရင် ပြန်ရောင်းမယ်ဆိုရင် အဲဒီအချိန်က ပေါက်ဈေးအတိုင်း ပြန်ဝယ်ပေးတယ်။ အစ်မရောင်းလိုက်တဲ့အချိန်တုန်းက ဆယ်ရာခိုင်နှုန်း ဈေးလျှော့ပေးခဲ့တယ်ဆိုရင် သူတို့ပြန်ရောင်းတဲ့အချိန်ကျရင်လည်း အစ်မကို ဆယ်ရာခိုင်နှုန်းဈေးလျှော့ပေးရမယ်ဆိုတဲ့ သဘောတူညီမှုရှိထားတယ်။ ဒါက နှစ်ဦးနှစ်ဖက် အကျိုးပေါ့လေ။ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုရှိအောင် လုပ်ထားပါတယ်။ ယုံကြည်မှုဆိုတာလည်း Win Win Theory ပါပဲ။

**မြန်မာနိုင်ငံကို ကမ္ဘာ့စီးပွားရေးမှာ ကောင်းစွာယှဉ်ပြိုင်နိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်စေဖို့ဆိုရင် ဘာတွေလိုအပ်မယ်လို့ ယူဆမိပါသလဲ။**

အစ်မအနေနဲ့ ပြောရရင်တော့ စည်းကမ်းရှိကြဖို့ပါပဲ။ အစ်မတို့ မြန်မာတွေအများစုက စိတ်ပျော့တယ်၊ သဘောကောင်းကြတယ်။ အားနာတတ်ကြတယ်။ အဲဒါတွေက အားနည်းချက်တွေပါပဲ။ ပညာရေးကိုလည်း ကောင်းအောင်လုပ်ရမယ်။ ဗဟုသုတလည်း နိုင်ငံတကာဗဟုသုတတွေကို စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး အဲဒီလိုတွေ သိထားအောင် လုပ်ရမယ်။ အစ်မတို့ မြန်မာတွေက အာရှမှာဆိုရင် ကြိုးစားမှုက အကောင်းဆုံးလို့တောင် ပြောလို့ရတယ်။ ဂျပန်တို့၊ တရုတ်တို့ကတော့ အရမ်းကြိုးစားကြပါတယ်။ ဒါပေမဲ့ မလေးရှားတို့၊ အင်ဒိုနီးရှားတို့နဲ့ယှဉ်ရင်တော့အစ်မတို့မြန်မာတွေကသာပါတယ်။ နောက်ပြီး ရည်ရွယ်ချက်၊ ရည်မှန်းချက်တွေ မပျောက်သွားဖို့လည်း လိုသေးတယ်။

**စီးပွားရေးလုပ်နေတဲ့ အမျိုး သမီးလုပ်ငန်းရှင်တစ်ဦးအနေနဲ့ တိုင်းပြည်ရဲ့အနာဂတ်ကို ဘယ်လိုမျှော်လင့်သုံးသပ်မိပါသလဲ။**

တိုင်းပြည်ရဲ့ အနာဂတ်စီးပွားရေးကတော့ ပြောင်းလဲမှုတွေ အများ ကြီးလိုပါသေးတယ်။ ရာနှုန်းပြည့် ပြောင်းလဲမှုတွေ မရှိမချင်းက တိုးတက်မှာ မဟုတ်ပါဘူး။ ပြောင်းလဲမှုဆိုတာ လူတွေရဲ့ အသိအမြင်၊ အတွေးအခေါ်တွေ ပြောင်းလဲရမယ်။ အဲဒီလို ပြောင်းလဲမှုမရှိရင်တော့ ဘယ်လိုလူတွေပြောင်းပြောင်း၊ ဘယ်လိုမူတွေပဲပြောင်းပြောင်း ဒီတိုင်းက ဒီတိုင်းပဲဖြစ်နေမှာပါပဲ။ စိတ်ဓာတ်ကစပြီး ပြောင်းရမယ်။ လူတစ်ဦးချင်း စည်းကမ်းရှိဖို့၊ လူတိုင်းရည်ရွယ်ချက်မြင့်ဖို့က တိုင်းပြည်စီးပွားရေးကို ဦးတည်နေတာပါပဲ။ တစ်ယောက်ချင်းပြောင်းမှ အားလုံးစုပြီး ဖြစ်လာမှာလေ။

**မြန်မာအမျိုးသမီးတစ်ဦးအနေနဲ့ ကမ္ဘာမှာ**

Asian Family Media Group



**ရဲဝံ့စွာနဲ့ ယှဉ်ပြိုင်ရင်ပေါင်တန်းနိုင်ဖို့ ဘယ်လို အရည်အချင်းမျိုးတွေ ရှိထားရမလဲလို့ အစ်မ ယူဆထားပါသလဲ။**

အိမ်မှာနေတဲ့ အိမ်ထောင်ရှင်မပဲဖြစ်ဖြစ်၊ အလုပ်လုပ်နေတဲ့ အမျိုးသမီးပဲဖြစ်ဖြစ် အားလုံးက ကိုယ့်ရဲ့အချိန်တွေကို မဖြုန်းမိဖို့ပဲ လိုတာပါ။ ကိုယ့်မှာရှိတဲ့အချိန်တိုင်းကို ကိုယ့်ရဲ့တိုးတက်မှုအတွက် အသုံးချနေရမယ်။ အိမ်ထောင်ရှင်မဖြစ်နေပေမယ့်လည်း ကိုယ့်ခင်ပွန်းသားသမီးကိုပဲ ပြုစုနေရတယ်ဆိုတာမျိုးမဟုတ်ဘဲ ကိုယ်တိုင်လည်း တစ်ကိုယ်ရေစိတ်ပိုင်းအတွက်ရော၊ ရုပ်ပိုင်းအတွက်ရော တိုးတက်အောင်လုပ်ရမယ်။ အရာရာတိုင်းကိုသိချင်အောင်လုပ်ရမယ်။ သိချင်စိတ်များမှပိုတိုးတက်မှာ။ လူ့ဘဝက မွေးဖွားခြင်းကနေ သေဆုံးခြင်းပါပဲ။ ဒါပေမဲ့ ကြားထဲမှာ ရှင်သန်ရတဲ့ဘဝဆိုတာရှိတယ်။ ကိုယ့်ဘဝ ရှင်သန်နေစဉ်မှာ ဘာတွေလုပ်ခဲ့လဲ ဘာတွေ လုပ်နိုင်လဲ ဆိုတာက အရေးကြီးတယ်။

**အခု မြန်မာနိုင်ငံရဲ့ အခြေအနေက စီးပွားရေးအခွင့်အလမ်းတွေ ရှိနေပြီမို့ အစ်မအနေနဲ့ရော တခြားဘယ်လိုလုပ်ငန်းမျိုးတွေ ထပ်မံတိုးချဲ့သွားဖို့ ပြင်ဆင်ထားသေးလဲ။**

အစ်မမှာ ရည်မှန်းချက်က ရှိပြီးသားပါ။ ဘယ်အသက်အရွယ်မှာ ဘာလုပ်မယ် ဘာဖြစ်ရမယ်ဆိုတာမျိုး အစီအစဉ်ရှိတယ်။ အခု မြန်မာပြည်ရဲ့နိုင်ငံရေးက ပြောင်းလဲတိုးတက်လာလို့ စီးပွားရေးအခွင့်အလမ်းတွေ များလာတာက ကောင်းတဲ့လက္ခဏာပါပဲ။ အားလုံးစီးပွားရေးတွေ ကောင်းပြီး ချမ်းသာလာကြရင်တော့ ကောင်းတာပေါ့။ အစ်မကတော့ အခုကနေ နောက် ၁၀ နှစ်ကြာရင်အစ်မလုပ်ငန်းတိုးတက်မှုက ဘယ်လောက်အတိုင်းအတာ ထိရှိရမယ်ဆိုပြီး မှန်းထားတာရှိပါတယ်။ အဲဒီလို ဖြစ်အောင် အစ်မက ကြိုးစားသွားမှာပါ။ အစ်မက အခု Middle Age ပါ။ ဒီအသက်အရွယ်မှာ အစ်မနေရာတစ်နေရာတော့ ရနေပြီပေါ့လေ။ စလုပ်ခဲ့တဲ့အချိန်ကနေ အခုချိန်ထိဆိုရင် ၁၅ နှစ်ရှိသွားပြီ။ အခုချိန်ထိ ဒီလုပ်ငန်းကို အစ်မ ထိန်းသိမ်းထားနိုင်သေးတယ်။ ဒါကြောင့် ဒီထက်အသက်အရွယ်ရလာခဲ့ရင်လည်း ဘယ်လောက်အောင်မြင်နိုင်အောင် လုပ်မလဲဆိုတာက အစ်မရဲ့ မျှော်မှန်းချက်ပဲပေါ့။ အစ်မ အောင်မြင်မှုက အစ်မဝန်ထမ်းတွေရဲ့ အောင်မြင်မှုပါပဲ။ လုပ်ငန်းတိုးချဲ့ဖို့ကတော့



Jewellery နဲ့ ပတ်သက်ပြီး တိုးချဲ့သွားဖို့တော့ ရှိပါတယ်။

**အစ်မရဲ့ ကျန်းမာရေးနဲ့ ပတ် သက်ပြီးတော့ရော အစ်မဘာတွေလုပ်ဖြစ်နေပါသလဲ။ အစ်မက အရမ်းနုပျိုနေတော့ လျှို့ဝှက်ချက်များရှိနေလို့လား။**

အစ်မက ကျန်းမာရေးအတွက် Yoga ကို တစ်ပတ် သုံးကြိမ်ကစားတယ်။ ပြီးတော့ အစ်မက အဆီပါတာတွေ မစားဖြစ်ဘူး။ အသီးအရွက်များများစားတယ်။ ငါးများများစားတယ်။ နေ့တိုင်း ဘုရားရှိခိုးပြီးတိုင်း ၁၅ မိနစ် တရားထိုင်တယ်။

အလှအပအတွက်ကတော့ အစ်မက Facialကို တစ်ပတ်မှာ တစ်ကြိမ်လုပ်ဖြစ်တယ်။ Nuskin product ကိုသုံးတယ်။ USA made ပေါ့။ Body Scrub ကိုတော့ နှစ်ပတ်တစ်ကြိမ်လုပ်တယ်။

**စီးပွားရေးလောကထဲကို ဝင်ချင်ပေမယ့် အကြောင်းပြချက်တွေနဲ့ မလုပ်ဖြစ်ဘဲ မှီခိုသူအနေနဲ့ပဲ နေနေကြတဲ့ အမျိုးသမီး တွေကိုရော အစ်မ ဘယ်လို စကားလက်ဆောင်လေး ပြောချင်ပါသေးလဲ။**

အစ်မပြောချင်တာကတော့ မှီခိုသူမှာလည်း မိဘဆီမှာပဲ မှီခိုရင်ပဲဖြစ်ဖြစ် ခင်ပွန်းကိုပဲ မှီခိုရင်ပဲဖြစ်ဖြစ်ပေါ့။ တာဝန်ကျေသင့်တယ်။ မိဘအပေါ်မှာ ဘယ်လောက်တာဝန်ကျေနိုင်မလဲ။ မိဘက ဘာဖြစ်စေချင်တာလဲ။ မိဘကိုရော ကိုယ်က ဘယ်လောက်ပြန်ပြီး စောင့်ရှောက်နိုင်မလဲဆိုတာ စဉ်းစားရမယ်။ ခင်ပွန်းအပေါ်မှာရော ကိုယ်က ဘယ်လောက်တာဝန်ကျေနိုင်မလဲ။ မိသားစုအပေါ် ဘယ်လောက်ပြန်ပေးဆပ်မလဲဆိုတာလိုပေါ့။ အဲဒါကလည်း ရည်ရွယ်ချက်ပဲပေါ့။ ငါ့မိသားစုကို ဘယ်လိုစောင့်ရှောက်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်လေးရှိရင်ကိုပဲ အချိန်တွေကို မဖြုန်းဖြစ်တော့ဘူးပေါ့။ အမျိုးသမီးတစ်ယောက်က စီးပွားရေးလုပ်မှလည်း မဟုတ်ပါဘူး။ တကယ်ကို စီးပွားရေးလုပ်ချင်တယ်ဆိုရင်တော့ ကျန်တာတွေ မစဉ်းစားသင့်ဘူး။ ဘယ်လိုအခက်အခဲကိုမဆို ရင်ဆိုင်ပြီး ဖြေရှင်းသင့်တယ်။ အကြောင်းပြချက်တွေ ရှိနေတယ်ဆိုရင်တော့ အောင်မြင်မှာမဟုတ်ပါဘူး။

ဖြိုးစုပိုပို



Asian Fame Media Group








# အနုပညာလက်ရာမြောက်

## ပန်းချီ Design တွေနဲ့ စတင်မိတ်ဆက်ခဲ့သူ

### Designer လတ်လတ် (Lady Boutique)ရဲ့

# Designer's Idea



လူတွေက Design တွေကို စိတ်ဝင်စားကြပါတယ်။ Design တစ်ခုမှာ လှပမှု၊ ဆန်းသစ်မှု ဆွဲဆောင်မှုတွေအပြင် အသုံးချစရာ သတင်းအချက် အလက်တွေပါ ပါနေပါတယ်။ ဒီနေ့ခေတ်ရဲ့ လူမှုဘဝတွေမှာလည်း တီထွင် ဖန်တီးမှုနဲ့ အနုပညာတွေက လွှမ်းမိုးနေပါတယ်။ ဒါကြောင့် မျိုးစုံသော Design များထဲက တစ်ခုဖြစ်တဲ့ ဝတ်စားဆင်ယင်မှု Design (အများက လက်ခံထားကြတဲ့ Fashion Design) တွေကို ထုဆစ်နေတဲ့ အနုပညာဆန်တဲ့ Design များကို ဖန်တီးနေသူ Designer လတ်လတ် (Boutique)နဲ့ တွေ့ဆုံပြီး Fashion Design တစ်ခုရဲ့ အနုပညာဆန်ခြင်း အကြောင်းတွေကို ဆွေးနွေးဖြစ်ခဲ့ပါတယ်။

ဖြိုးစုပိုပို

Asian Fame Media Group




**Designer တစ်ယောက် ဘဝကို ဖြစ်လာစေတဲ့ မလတ်ရဲ့ ဘဝအစလေးကို ပြောပြပေးပါလား။**

လွန်ခဲ့တဲ့ ၁၅ နှစ်တည်းက ဒီအလုပ်ကိုလုပ်ခဲ့တာ။ ဆယ်တန်း အောင်တည်းက ဒီအလုပ်ပဲ လုပ်မယ် ဆိုပြီး ဆုံးဖြတ်ပြီးလုပ်ခဲ့တာ။ အစ်မတို့ ခေတ်တုန်းက Designer ဆိုတာလည်း မရှိသေးပါဘူး။ ၂၀၀၄ လောက်မှ Designer ဆိုတာ ဖြစ်လာခဲ့တာပေါ့။ အစ်မ ဆယ်တန်း အောင်ပြီး ကျောင်းနားနေတဲ့ အချိန်မှာ အစ်မအမေက ဒီအလုပ်လုပ်တော့ အမေ့ဆီကနေပဲ ဒီပညာကို လေ့လာပြီး လုပ်ဖြစ်ခဲ့တာပေါ့။ အစ်မ အသက် ၁၆ နှစ်တည်းက လုပ်ခဲ့တာပါ။ အမေ့ပညာကို ဆက်ပြီးလုပ်ချင်တယ်ဆိုတဲ့ စိတ်နဲ့ပဲ လုပ်ဖြစ်ခဲ့တာ ဆိုတော့ ဒီလောက်ကြီးအထိ ဖြစ်လာလိမ့်မယ်လို့လည်း မထင်ထားမိဘူး။ ဆယ်တန်းပြီးမှ အမေက Detail သင်ပေးပြီး ဒီအလုပ်ကို စလုပ်ဖြစ်ခဲ့ပေမယ့် ငယ်ငယ်တည်းကတော့ ဒီအလုပ်ကို ဝါသနာပါခဲ့တာပါ။ ကောလိပ်တက်ရင်း လုပ်တော့ လည်း အစ်မနောက်မှာ Staff တွေက ကူပေးခဲ့တယ်။ အစ်မက ပံ့ပိုးမှုကောင်းခဲ့တယ် ပြောရမယ်။ အသက် ၁၆၊ ၁၇ အချိန်မှာ အစ်မ Staff တွေက ၃၀ ကျော် အရွယ်တွေလေ။ လုပ်ရည်ကိုင်ရည် တွေ ရှိကြတယ်။ အဲဒီတော့ အစ်မက ဝန်ထမ်းကောင်းတွေ ရခဲ့တယ်။ ဒါကြောင့်လည်း အစ်မက ကျောင်းတစ်ဖက်နဲ့ပဲ ဒီအလုပ်ကို ကောင်းကောင်း လုပ်နိုင်ခဲ့တယ်။ ကျောင်းပြီးတော့မှ ဒီပညာကို ဇောက်ချပြီး လုပ်ဖြစ်ခဲ့တယ်။





**မလတ်က ဒီပညာအမွေကို အစ်မအမေဆီက ရခဲ့တယ်လို့ သိရတော့ အစ်မရဲ့လက်ဦးဆရာက အစ်မအမေပေါ့ဟုတ်လား။**

ဒါပေါ့။ လက်ဦးဆရာက အစ်မအမေပဲ။ အမေက အခုထိလည်း သင်ပေးနေတုန်းပဲ။ အစ်မက အခုဆိုရင် Hand Paint တွေရော၊ စက်ကြီးပန်းထိုးတွေရော လုပ်တော့ အမေက အကုန်တတ်တယ်။ Crochet ပညာလည်း တတ်တယ်။ အဲဒီတော့ အမေက အခုထိ အစ်မကို သင်ပေးနေတုန်းပဲ။ လက်ဦးဆရာဆိုသလို ဘဝတစ်လျှောက်လုံး ဒီလုပ်ငန်း တစ်ခုလုံးအတွက် အမြဲတမ်းအမေကပဲ သင်ပေးနေတာပါ။ အစ်မက ဝန်ထမ်းတစ်ယောက်ကို လက်ထိုးသင်တော့မယ်ဆိုရင် အစ်မက အမေ့ဆီကနေ အရင်သင်ရတယ်။ ပြီးမှ ဝန်ထမ်းကို သင်ရတာ။ ပန်းချီဆိုလည်း အမေက ကောင်းကောင်းဆွဲတတ်တယ်။ အစ်မဆွဲထားတဲ့ ပန်းချီဒီဇိုင်းတွေဆိုရင်လည်း အမေက လိုတဲ့ အကြံဉာဏ်တွေ ပေးတယ်။ အမေရဲ့ အထောက်အပံ့က အများကြီး ရခဲ့တာပါ။ ဒါကြောင့် အစ်မက အရမ်းကံကောင်းတယ် ပြောရမယ်။ အမေဆီကပဲ အများဆုံးသင်ယူခဲ့ရတာပေါ့။ ကျန်တာကတော့ ပန်းချီအတွက်တော့ ဗီယက်နမ်မှာ သွားလေ့လာဖူးတယ်။ နိုင်ငံခြားထွက်တိုင်းတော့ ရောက်တဲ့နေရာမှာ ရောက်သလို လေ့လာတာပါ။ ကိုရီးယား ရောက်ရင်လည်း ရောက်သလို လေ့လာဖြစ်တယ်။ FTV ကလည်း လေ့လာရတာပဲလေ။ တခြားကတော့ ကြုံရင်ကြုံသလို လေ့လာရတယ်။

**အစ်မက ပန်းချီပညာမှာလည်း ထူးချွန်တယ်လို့ ပြောကြတယ်။ ပန်းချီနဲ့ ပတ်သက်ပြီးတော့ရော ဘယ်မှာ သင်ယူခဲ့တာပါလဲ။**

Asian Fame Media Group

အစ်မက ၂ တန်းတည်းက ပန်းချီပညာကို သင်ခဲ့တာပါ။ အစ်မက ကမာရွတ် (၂) မှာ တက်တာလေ။ ငယ်ငယ်တည်းက ပန်းချီပဲ သင်ခဲ့တာ။ အစ်မဆရာက ဦးမြင့်သန်းတဲ့။ ငယ်ငယ်တည်းက အဲဒီဆရာနဲ့ပဲ သင်ဖြစ်ခဲ့တာ။ ကြီးတဲ့အထိပေါ့။ ဆရာက ပန်းချီကို အခြေခံစပြီး သင်ပေးခဲ့တာ။ အစ်မက ၁၀ တန်းအထိ ဆရာ့ဆီမှာပဲ သင်ဖြစ်ခဲ့တယ်။ ကျောင်းမှာ ပန်းချီပြိုင်ပွဲတိုင်းလည်း ဝင်ပြိုင်ဖြစ်ခဲ့တယ်။ ဆရာက အိန္ဒိယမှာ ကလေးပန်းချီပြိုင်ပွဲရှိတယ်ဆိုပြီး ပြောတော့ အစ်မက ပြိုင်ခဲ့တယ်။ ပန်းချီ ၅ ပုံဆွဲပြီး အိန္ဒိယကို ပို့ပေးခဲ့ရတယ်။ အဲဒီမှာ အစ်မက အထူးချွန်ဆုံး ဆုရခဲ့တယ်။ အစ်မ ၈ တန်းမှာပေါ့။ ဒါပေမဲ့ ပို့တုန်းကတော့ ၆ တန်းနှစ် တည်းကပေါ့။ ဆုရတော့ ၈ တန်းကျမှ ရတာ။ ပန်းချီကတော့ ငယ်ငယ်တည်းက ဝါသနာပါပြီး ပန်းချီပွဲတိုင်းလည်း ဝင်ပြိုင်ဖြစ်တယ်။ ၈ တန်းလောက်ကျတော့ ဝင်မပြိုင်ဖြစ်တော့ဘူး။ အစ်မ အဖေက စာဘက်ပဲ ဦးစားပေးရမယ်ဆိုပြီး ပန်းချီပွဲတွေ ဝင်မပြိုင်ဖြစ်တော့ဘူး။ ငယ်ဘဝမှာ ပန်းချီက အရမ်းရူးသွပ်ခဲ့တယ်။ ကိုယ်စိတ်ကူးယဉ်တာလေးကို ပန်းချီနဲ့ ပုံဖော်ပြီး ဆွဲလိုက်တာပဲ။ အစ်မက ပန်းချီအခြေခံတော့ ကောင်းကောင်း ရခဲ့ပါတယ်။ အခု ဒီ Fashion တွေ လုပ်တော့လည်း အစ်မက လူတစ်ယောက်အတွက် ဒီဇိုင်းဆွဲတာနဲ့ ပန်းချီအမြင်နဲ့ပဲ ဖန်တီးပေးဖြစ်တယ်။ ဘယ်လိုလေးဆို သူ့ကောက်ကြောင်းက ပိုလှသွားမလဲ။ ဘယ်လို ဆိုရင်တော့ ပိုပြီး အနုပညာဆန်သွားမလဲ ဆိုတာတွေ ထည့်စဉ်းစားပေးဖြစ်တယ်။ ပန်းဆိုလည်း အစ်မက အရိုးမာမာနဲ့ မကြိုက်ဘူး။ ပျော့ပျောင်းတာကိုပဲ ကြိုက်တယ်။ အစ်မက ပန်းချီကို အခြေခံပြီး ဒီဇိုင်း လေးတွေ ထွင်ဖြစ်တော့ အစ်မဒီဇိုင်းတွေမှာ နည်းနည်းတော့ ထူးခြားချက်လေးတွေ ပါသွားတာပေါ့။








Asian Fame Media Group

**အနုပညာ အစစ်အမှန်ဆိုတာ ပန်းချီပညာလို့ ပြောကြတယ်။ အဲဒီအပေါ် အစ်မရဲ့ အမြင်ကို ဆွေးနွေးပေးပါဦး။**

အဲဒါက မှန်ပါတယ်။ အစ်မ ဝတ်စုံဒီဇိုင်းလေး ဆွဲတာမှာ ပန်းချီနဲ့ပေါင်းပြီး ဖန်တီးလိုက်တယ်ဆိုရင်ပဲ Customer တွေက အနုပညာမြောက်တယ်ဆိုပြီး ကြိုက်သွားတတ်တယ်။ ပန်းချီဆိုတာ အနုပညာဆန်တာကိုး။ အင်္ကျီတစ်ထည်ချုပ်တော့မယ်ဆိုရင် အရင်ဆုံး Pattern ချရတယ်။ အဲဒီ Pattern ကလည်း အနုပညာပဲ။ ပြီးတော့ ဒီဝတ်စုံပေါ်မှာ Creation တွေ ထပ်ထည့်လိုက်ရင် ပိုပြီးအနုပညာမြောက်သွားပြီ။ တချို့ဆိုရင် အင်္ကျီပေါ်မှာ ပန်း Designဆွဲတာ မာနေတာမျိုးရှိတယ်။ အစ်မက ပန်းဆွဲရင် မာနေရင်မကြိုက်ဘူး။ အင်္ကျီ ဒီဇိုင်းမှာ မာရမယ့်ဒီဇိုင်းက သတ်သတ်ရှိတယ်။

**Fashion ကို ပန်းချီပညာနဲ့ ပေါင်းစပ်ဖို့ စိတ်ကူးကိုရော ဘယ်လိုရရှိခဲ့တာပါလဲ။**

အစ်မက နှစ်တိုင်းမှာ ထူးခြားမှုရှိတဲ့ ဒီဇိုင်းလေးတွေ လုပ်ဖြစ်တယ်။ ကိုယ်က အလုပ်လုပ်ခဲ့တဲ့ နှစ်ကလည်း ကြာလာတော့ နောက်ပိုင်းမှာ လုပ်စရာက မရှိတော့ဘူး။ အစ်မလုပ်သက် ၁၅ နှစ်မြောက်မှာ အစ်မက Solo Show လုပ်တော့ ထူးခြားချက် တစ်ခုကို အရမ်းလုပ်ချင်တယ်။ အဲဒီတုန်းက အထည်ပေါ်မှာ ပန်းချီဆွဲတာက ခေတ်မစားသေးဘူး။ အဲဒါနဲ့ အစ်မ ဗီယက်နမ်ကို တစ်ပတ်သွားပြီး ပန်းချီနဲ့ပတ်သက်တာ သွားလေ့လာဖြစ်တယ်။ ဗီယက်နမ်မှာက ပန်းချီနဲ့ ပတ်သက်တာတွေ အများကြီးရှိတယ်။ သူတို့နိုင်ငံက ပန်းချီ အနုပညာကို သိပ်အလေးထားတယ်။ အဲဒီမှာ



အစ်မသွားလေ့လာပြီး အထည်မှာ ပန်းချီဆွဲပြီး Fashion တစ်ခုကို ဖန်တီးဖြစ်ခဲ့တယ်။ ၂၀၀၆ မှာ စလုပ်တာပေါ့။ ဗီယက်နမ်မှာပဲ ပန်းချီနဲ့ပတ်သက်တဲ့ဆေး၊ Materials တွေအသုံးပြုပုံ၊ ပြုနည်းတွေ လေ့လာဖြစ်ခဲ့တာပေါ့။ အဲဒီပန်းချီအခြေခံနဲ့ ဒီဇိုင်းလေးတွေက အစ်မရဲ့ Trade Mark တစ်ခု ဖြစ်ခဲ့တယ်။ အစ်မလည်း ၂၀၀၆ ကနေ ဒီနေ့အထိ တစ်နှစ် တစ်နှစ်ကို Creation တွေ ပြောင်းတယ်။ သုံးတဲ့ Accessories တွေ ပြောင်းတယ်ဆိုပေမယ့် ပန်းချီအခြေခံကိုတော့ အစ်မရဲ့ Trade Mark တစ်ခုအနေနဲ့ အမြဲထည့်ဖြစ်တယ်။

**ပန်းချီဆိုတာမှာ ပန်းချီကား တစ်ချပ်ပေါ်မှာ ရေးဆွဲတာနဲ့ Fashion တစ်ခုရယ်လို့ ဖြစ်လာဖို့အတွက် Fabric တွေပေါ်မှာ ရေးဆွဲရတာနဲ့ ဘယ်လိုကွာခြားမှုတွေ ရှိပါသလဲ။**

အစ်မ Feeling ကတော့ အထည်ပေါ်မှာ ဆွဲတာက ဝတ်မယ့်သူနဲ့ ဝတ်ရမယ့်နေရာဒေသနဲ့ ဆိုင်သွားတယ်။ သူ့ရဲ့ခန္ဓာကိုယ်ပေါ်မှာ ပေါ်မယ့် Pattern ကို ခံစားပြီးဆွဲရတယ်။ လူ့ခန္ဓာကိုယ်မှာ ဖြစ်နေမယ့်ပုံကိုမှန်းပြီး ခံစားဆွဲရတယ်။ လုံချည်ပေါ်မှာ ဆွဲမယ်ဆိုလည်း ဒီပန်းခက်လေးက ဘယ်လိုလေး နွယ်နေရမယ်။ သူက ဝနေခဲ့ရင် ဒီပန်းခက်လေးကို ဘယ်လိုလေး ပတ်လိုက်မယ်။ အဲဒါကို စဉ်းစားရတာပေါ့။ ပန်းချီကားပေါ်မှာ ဆွဲတာကတော့ ဘာအနှောင်အဖွဲ့မှ မရှိဘူးပေါ့။ ကိုယ့်ရဲ့ စိတ်ကူးတွေကို လွတ်လွတ်လပ်လပ်နဲ့ ရေးဆွဲနိုင်တယ်။ ဘာမှ ထည့်မစဉ်းစားရတော့ဘူး။ လူတွေဝတ်မယ့် အဝတ်ပေါ်မှာ ပန်းချီဆွဲတာကတော့ အစစအရာရာ စဉ်းစားပြီး အလှဆုံးပန်းချီလေးဖြစ်အောင် ဖန်တီးရတာပေါ့။

**Designer ဆိုတာ အတတ်ပညာရှင်တစ်ယောက်လို့ပြောရင် မှန်မလားအစ်မ။**

အစ်မတော့ လက်ခံပါတယ်။ ဒီအလုပ်ကို လုပ်တဲ့သူတွေက လုပ်ငန်းရှင်တွေ မဟုတ်ကြဘူး။ ပညာရှင်တွေပေါ့။ ကိုယ်တတ်ထားတဲ့ အတတ်ပညာကို အသုံးပြုပြီး အသက်မွေးဝမ်းကျောင်းရတာလေ။ ဒါကြောင့်လည်း ကိုယ့်ပညာကို တန်ဖိုးထားရတယ်။

**ပန်းချီပညာကို အခြေခံထားတဲ့ Fashion Design နဲ့ ပန်းချီနဲ့ မသက်ဆိုင်ပါဘူးဆိုတဲ့ Design မှာ ဘယ်လိုကွဲပြားမှုတွေ ရှိတတ်ပါသလဲ။**

အဲဒါက Design တွေ အများကြီးရှိတယ်။ တချို့ Design တွေက ပန်းချီတွေ အများကြီး တင်ထားလို့ မလှတော့တာလည်း ရှိတယ်။ ပန်းချီ Creation နည်းနည်းလေးနဲ့ လှတဲ့ Design တွေ





ရှိတယ်။ တချို့ Classic Design တွေကကျတော့လည်း ဘာ Creation မှမပါမှပဲ လှတာမျိုးတွေ ရှိတယ်။ အစ်မတို့ မြန်မာတွေက ပွဲတက်မှာ Design တစ်ခု၊ ရိုးရိုး Casual Wear ကတစ်ခု၊ အဲဒီ Casual မှာပဲ ဈေးသွားမယ်၊ Shopping ထွက်မယ့် ဒီဇိုင်းဆိုရင် သိပ်အများကြီး Create လုပ်လို့ မရဘူး။ တချို့ Design တွေက ကျတော့ ကျောက်ကလေးတစ်လုံးလောက် ထည့်လိုက်တာနဲ့ လှသွားတာတွေ ရှိတယ်။ တကယ်ကို လိုအပ်တဲ့ ပွဲမျိုးကျတော့လည်း ပန်းချီထည့်ရတာပေါ့။ သတို့သမီးအတွက် ထည့်ရတဲ့ပုံစံနဲ့ ပွဲတက် မယ့်သူ့ရဲ့ ဝတ်စုံမှာ ထည့်ရတာလည်း မတူဘူး။ အများကြီး ကွဲပြားမှုတွေရှိပါတယ်။

**မြန်မာပြည်က Customer အများစုကရော ဘယ်လို ဒီဇိုင်းမျိုးတွေကို နှစ်သက်လေ့ရှိကြပါသလဲ။**

အစ်မတို့ မြန်မာပြည် က လွတ်လပ်ပါတယ်။ ဝတ် တဲ့ ဒီဇိုင်းရော၊ ကာလာရွေးချယ်မှုရော ရာသီအလိုက်လည်း မလိုဘူး။ အောက်သွားတဲ့ ဒီဇိုင်းမျိုးလည်း မရှိဘူး။ ဒါပေမဲ့ အခု လွန်ခဲ့တဲ့နှစ် ၂၀ လောက်က ဒီဇိုင်းတွေ ပြန်ပြီးခေတ်စားနေတယ်။ အစ်မ Customer အများစုကတော့ အစ်မက ဒီနှစ်မှာ ဘာထွင်လိုက်လဲ။ ဘာထူးခြားမှုရှိလဲ ကြည့်ပြီး ထူးခြားမှုရှိရင်တော့ ကြိုက်ကြပါတယ်။ Customer တစ်ယောက်က အစ်မ စိတ်ကြိုက်လုပ် ဆိုပြီး အပ်ရင်တော့ အစ်မတို့မှာ လုပ်ပိုင်ခွင့် အများကြီး ရှိတာပေါ့။ အများ ကြိုက်ကြတဲ့ ဒီဇိုင်းကတော့ Elegant Design မျိုးတွေ ကြိုက်ကြတယ်။ အစ်မမှာက နယ် Customer တွေလည်း ရှိတယ်။ နယ်ကကျတော့ Celebrity ဝတ်တာကို Detail လိုချင်ကြတယ်။ ရန်ကုန်က ကျတော့ ဒီထက်ပိုပြီး ထူးခြားတဲ့ ဒီဇိုင်းမျိုးကို ကြိုက်ကြတယ်။ Oversea က Customer တွေကျတော့ မြန်မာဆန်ပြီး မြန်မာမှုပါတဲ့ ဝတ်စုံမျိုးတွေ ကြိုက်ကြတယ်။

**အစ်မက စွဲလမ်းနှစ်သက်လေ့ ရှိတတ်တဲ့ ဒီဇိုင်းမျိုးကရော ဘယ်လိုပုံစံမျိုးတွေပါလဲ။**

အစ်မက မင်္ဂလာဆောင်သွားမယ့် အခါတော့ ရင်ဖုံးလေးတွေ ဝတ်ရတာ ကြိုက်တယ်။ ရင်ဖုံးကလည်း နောက်ကွဲကို ရှေ့မှာ ရင်ဖုံးလို့ထင်ရစေတဲ့ ဒီဇိုင်းမျိုးလေးတွေ ဝတ်တယ်။ လုံချည်ကို Plain လေးတွေပဲ ဝတ်တယ်။ အကျႌမှာလည်း Accessories တွေ မထည့်ဖြစ်ဘူး။ ကိုယ့်ရဲ့ Customer တွေကိုတော့ အများကြီးထွင်ပေးဖြစ်ပေမယ့် ကိုယ်တိုင်ကတော့ ရိုးရိုးရှင်းရှင်းလေးတွေပဲ ဝတ်ဖြစ်တယ်။ သာမန်ချိန်ဆိုရင်တော့ လွတ်လပ်တဲ့ ဒီဇိုင်းမျိုးတွေပဲ ကြိုက်တယ်။ အလုပ်

Asian Fame Media Group

လုပ်နေတဲ့အချိန်ဆိုရင်တော့ လုံးဝ Free ဖြစ်တာမျိုးပဲ ဝတ်ဖြစ်တယ်။ အလုပ်လုပ်နေရင် Design ဆွဲရင် Stress တွေက အရမ်းများတယ်လေ။ ဒါကြောင့် စိတ်အိုက်တာမျိုးတွေဆိုရင် မကြိုက်ဘူး။ ကိုယ်ထွင်တဲ့ အခါမှာတော့ အစ်မက Evening Gown ထွင်ရတာကို ပိုပြီးနှစ်သက်တယ်။ သတို့သမီး ဝတ်စုံကိုလည်း ထွင်ရတာ ကြိုက်ပါတယ်။ သူများမလုပ်သေးတဲ့ ဒီဇိုင်းမျိုးလေးတွေ စဉ်းစားပြီး လုပ်ရတာကို သဘောကျပါတယ်။ Evening Gown ကတော့ အစ်မက Creation လုပ်ပေးရတာ ပိုပြီးစဉ်းစားဉာဏ် ကွန့်မြူးလို့ရတာပေါ့။ ဒါကြောင့် Evening Gown တွေ ထွင်ရတာကို ပိုပြီးနှစ်သက်တယ်။

**ဒီဇိုင်နာတစ်ယောက်က ခေတ်မီနေရမယ်၊ ခေတ်ရှေ့ပြေးနေရမယ်ဆိုတဲ့ စကားအပေါ် ဆွေးနွေးပေးပါဦး။**

အဲဒီစကားက ဟုတ်ပါတယ်။ အစ်မတို့ ဒီဇိုင်နာတွေ အများစုက ကိုယ်ကသာ ထွင်ပေးတာ။ ကိုယ်တိုင်ကျတော့ အထူးအဆန်းတွေ မဝတ်ဖြစ်ဘူး။ ဒီဇိုင်နာဆိုတဲ့ Title ကြောင့် ကိုယ်တိုင်လည်း Fashion ကျကျလေး နေထိုင်ရတာပေါ့။ ကိုယ့်အသက်အရွယ်နဲ့ လိုက်မယ့် ဒီဇိုင်းမျိုးတော့ ပြန်ချိန်ပြီး ဝတ်ရတာပေါ့။

**ကမ္ဘာမှာ မြန်မာပြည်က ယဉ်ကျေးမှုတွေ ဓလေ့ထုံးစံတွေကို အလေးထားတဲ့ နိုင်ငံဆိုတော့ ဒီလိုနိုင်ငံမှာရှိတဲ့ ဒီဇိုင်နာတွေအတွက် ဖန်တီးဖို့ အခွင့်အလမ်းတွေ ဆုံးရှုံးရတာမျိုးရော ရှိမနေဘူးလား။**

ဆုံးရှုံးတယ်ဆိုတာ သူ့ရဲ့ပွဲနဲ့ ဆိုင်တယ်။ ဥပမာ - အမျိုးသမီးရေးရာပွဲ ဆိုပါတော့။ Title ကိုက အမျိုးသမီးရေးရာ ဖြစ်နေတဲ့အတွက် သိပ်ပြီး ထွင်လို့မရဘူး။ ယဉ်ကျေးမှုကိုပဲ အခြေခံပြီး ထွင်ရမယ်။ အရမ်းကြီးထွင်ပြီးလုပ်လိုက်ရင် စည်းတွေ ဘောင်တွေကျော်ကုန်မှာပေါ့။ Up Date ဖြစ်တာတွေ ထွင်ရမယ့်ပွဲမျိုးဆိုတာလည်း သတ်သတ်ရှိတယ်။ ဒီဇိုင်နာတစ်ယောက်က သူ့ရဲ့ပညာတွေကိုပြတဲ့ ပွဲမျိုးလည်းရှိတယ်။ အစ်မဆိုရင် Designer Show ကြည့်ရင် အဲဒီလိုပဲ ကြည့်တယ်။ ဒီဇိုင်နာတစ်ယောက်က သူဘယ်လောက်အထိ ထွင်နိုင်လဲဆိုတာကို ပြတာရှိတယ်။ ဒီဝတ်စုံက ဝတ်ဖို့မဟုတ်ဘူး။ သူ ဘယ်လောက်ထိတီထွင်နိုင်လဲဆိုတာကို ပြရုံပြတာလည်း ရှိတယ်။ အစ်မ ကိုယ်ပိုင်ပွဲဆိုလည်း လုပ်ဖြစ်ပါတယ်။ ဒီဇိုင်နာတိုင်းမှာ သူ့ရဲ့ Feeling ဆိုတာရှိတယ်။ ကိုယ် ဘယ်လိုလုပ်ချင်တယ်ဆိုတဲ့ ဆန္ဒလေးရှိတယ်။ ဒါပေမဲ့ ယဉ်ကျေးမှုနဲ့ ညီအောင်တော့ ပြရမယ်ဆိုရင်တော့ မဟုတ်ပြန်ဘူး။ ဝတ်စုံက ဝတ်ဖို့မဟုတ်ဘူး။ ကိုယ့်ပညာကို ပြရုံပဲဆိုရင်တော့ ပြဖို့ထွင်လို့ရပါတယ်။ လုပ်ပိုင်ခွင့်ရှိပါတယ်။ နိုင်ငံတကာပွဲတွေကို သွားရင်တော့ အစ်မတို့က နိုင်ငံတကာနဲ့ ညီအောင် လုပ်လို့ရပါတယ်။ လုပ်လည်း လုပ်ကြပါတယ်။ အရမ်းကြီး ဘောင်ထဲက လုပ်တော့လည်း ကိုယ့် Design Update မဖြစ်ဘဲ အောက်နေမှာပေါ့။ အစ်မ ၂၀၀၆ တုန်းက ပွဲလုပ်တုန်းကတော့ Title လေးတွေ ခွဲပြီးပြတယ်။ Squin ဆိုပြီးတစ်ခု၊ Spring ဆိုပြီး တစ်ခု၊ အဲဒီတုန်းက Spring တွေက မသုံးကြသေးဘူး။ အစ်မက အဲဒါတွေသုံးပြီး ပြတယ်။ နောက်ဆုံးကတော့ ဘယ်သူမှမဝတ်တဲ့ ဒီဇိုင်းပေါ့။ အဲဒါကတော့ အစ်မ ဘာတွေလုပ်နိုင်လဲ၊ ဘယ်လိုတွေလုပ်တတ်လဲဆိုတာ ပြတာပေါ့။ ဝတ်ဖို့မဟုတ်ဘူးပေါ့။ အဲဒီလိုတွေ ပြခဲ့ဖူးတယ်။ ကြည့်တဲ့သူရဲ့ အမြင်ပဲလိုလိမ့်မယ်။ ဪ ဒါက သူ့ပညာကို သိစေချင်လို့ ပြတာပဲ ဆိုတာပေါ့။ FTV ကပွဲတွေမှာလည်း




ဒီလိုပဲလေ။

**ကမ္ဘာမှာပဲ ဖြစ်ဖြစ်၊ မြန်မာမှာပဲဖြစ်ဖြစ် အစ်မက လေးစားအားကျတဲ့ ဒီဇိုင်နာတွေဆို ရင် ဘယ်သူတွေကို ကြိုက်ပါသလဲ။**

ကမ္ဘာမှာ ဆိုရင်တော့ Valentino ပေါ့။ သူ့ဒီဇိုင်းတွေဆိုရင် အစ်မ အရမ်းကြိုက်တယ်။ ပြီးတော့ Christian Dior လည်းကြိုက်တယ်။ Valentino Design တွေက Elegant ဖြစ်တယ်။ သူ့ ဒီဇိုင်းတွေက Class တစ်ခုကို ကိုယ်စားပြုတဲ့အတွက် ကြိုက်တယ်။ မြန်မာပြည်မှာတော့ ဒီဇိုင်နာအကုန်လုံးက တစ်ယောက်ချင်းစီမှာ အားသာချက်တစ်ခုစီ ရှိပြီး တော်ကြတော့ အစ်မ ကြိုက်ပါတယ်။ ဒါပေမဲ့အစ်မလေးစားတဲ့ ဒီဇိုင်နာဆိုရင်တော့ တစ်ယောက်ပဲရှိတယ်။ အဲဒါကတော့ အစ်မမေမေပဲပေါ့။ မေမေကပဲ အစ်မကို ဒီနေ့အထိ ပံ့ပိုးပေးနေခဲ့တာလေ။

**အခုအချိန်မှာ အစ်မရဲ့ အိပ်မက်တွေနဲ့ လက်တွေ့ဘဝက တစ်ထပ်တည်းကျနေပြီလား။**

ပြောလို့ရပါတယ်။ နေရာတစ်နေရာလည်း ရနေပြီဆိုတော့ ကိုယ့်ရဲ့ Quality မကျသွားဖို့ပဲ ကြိုးစားနေရပါတယ်။ ကိုယ်ရည်မှန်းထားသလောက်တော့ ရနေပါပြီ။ ငယ်တည်းက အစ်မက ဒီဇိုင်နာပဲ ဖြစ်ချင်ခဲ့တာဆိုတော့ အခုလည်း ဒီအလုပ်ကိုပဲ တစိုက်မတ်မတ် လုပ်နေတာဆိုတော့ အိပ်မက်နဲ့ လက်တွေ့က တစ်ထပ်တည်း ဖြစ်နေပါတယ်။

**အစ်မတို့ ခေတ်တုန်းက ဒီဇိုင်နာဘဝဖြစ်ဖို့ ကြိုးစားခဲ့ရမှုနဲ့ ဒီဘက်ခေတ်ကလူတွေရဲ့ ကြိုးစားရပုံမှာရော ဘယ်လိုကွဲပြားမှုတွေ ရှိနေတယ်လို့ အစ်မမြင်မိပါသလဲ။**

အစ်မတို့ ခေတ်တုန်းကတော့ အစ်မတို့က အသက် ၁၆ နှစ်လောက်တည်းက ကြိုးစားခဲ့ရတယ်။ မမဥ္စူတို့ အန်တီသီတာတို့ အစ်မတို့ပေါ့။ ဒီဇိုင်နာရယ်လို့ဖြစ်လာဖို့ အစ်မတို့က နှစ် ၂၀ လောက် ကြိုးစားပမ်းစား ပေးဆပ်ခဲ့ရတာ။ အခု ခေတ်မှာ ဒီဇိုင်နာဖြစ်ဖို့က အဲဒီလောက် Experience မလိုတော့ဘူး။ သင်တန်းတစ်ခု တက်လိုက်မယ်၊ ကိုယ်ကလည်း အရည်အချင်း ရှိမယ်ဆိုရင် အခုခေတ်က မဂ္ဂဇင်းတွေ မီဒီယာတွေကလည်း ပေါတော့ ချက်ချင်းကြီး လူတွေသိသွားအောင် လုပ်လို့ရတယ်။ အစ်မတို့တုန်းကလို နှစ်တွေ အကြာကြီး လမ်းဖောက်နေစရာ မလိုတော့ဘူး။ အခုခေတ်က လမ်းမြန်မြန်ရောက်တယ်ပေါ့။ တစ်နှစ်၊ နှစ်နှစ်အတွင်း ရောက်အောင် သွားလို့ရတယ်။ ကိုယ့်ရဲ့ Quality နဲ့ Own Creation ပိုင်း ကောင်းဖို့ပဲလိုတယ်။ အဲဒါလေး ကြိုးစားလိုက်ရင်ရပြီပေါ့။ အစ်မတို့ တုန်းကတော့ နှစ်တွေ အများကြီး ပေးဆပ်ခဲ့ရပြီး ၂၀၀၄ နောက်ပိုင်းမှ လူတွေက ဒီဇိုင်နာဆိုတာကို လက်ခံတဲ့ နှစ်တွေ ဖြစ်လာတာလေ။ ဒီဇိုင်နာကို အပ်လိုက်ရင် ဘယ်လို ဒီဇိုင်းဆိုတာကို ယုံကြည်လက်ခံလာကြတယ်။ အခု ခေတ်ကတော့ လွယ်တာပေါ့။



Asian Fame Media Group

**မလတ်ရဲ့ Hand Paint တွေက လက်ရာသိပ်ကောင်းတယ်လို့ အများက လက်ခံထားကြတယ်နော်။ အဲဒီလိုလက်ရာတွေ ဖြစ်လာဖို့ အစ်မ ဘယ်လို ကြိုးစား အားထုတ်ခဲ့ရပါသလဲ။**

အဲဒီအပိုင်းမှာလည်း ကြိုးစားခဲ့ရတာပေါ့။ လေ့လည်း လေ့လာရတယ်။ အစ်မ ဒီပန်းချီကို စပြီးလုပ်တုန်းက Paint လုပ်တယ်ပြီးတော့ Squin နဲ့ ဒီဇိုင်းထပ်ဖြည့်တယ်။ ဒီလောက်ပဲ ရှိခဲ့တာလေ။ နောက် ပိုင်းကျတော့ 3D ဆိုတာပေါ် လာတယ်။ စုတ်တံနဲ့သုံးပြီး Quality ကောင်းအောင် ဘယ်လိုသုံးရမလဲဆိုတာ ဗီယမ်နမ်မှာ လေ့လာပြီး သိခဲ့ရတယ်။ ၂၀၀၆ တုန်းက အစ်မရှိမှာ သုံးခဲ့တဲ့ပစ္စည်းတွေနဲ့ အခုသုံးနေတာတွေနဲ့ဆိုရင် အရမ်းကွာသွားပြီ။ ပစ္စည်းတွေကို လေ့လာပြီး Creation နဲ့ ဒီဇိုင်းကို ပိုပြီးကွဲအောင် လုပ်ရတာပေါ့။ စုတ်တံနဲ့ ဆွဲလိုက်တာက မျက်စိ ရှေ့မှာ လှတယ်။ အဝေးမှာ မလှဘူး။ အဲဒါကို ကွဲအောင် Squin တင်ရင် ပိုပြီးကွဲလာတယ်။ အခုဆိုရင် Emboss နဲ့ ထပ်တာတို့ ဘာတို့နဲ့ ထပ်ထွင်ရတာပေါ့။ Crystal နဲ့ ဆေးနဲ့ ပေါင်းလိုက်ရင် ပိုပြီးလှသွားပြန်ရော။ Squin နဲ့ ကျောက်နဲ့ ထပ်ကွန့်လိုက် တော့လည်း မတူတဲ့ အရသာ ဖြစ်သွား ပြန်ရောပေါ့။ နှစ်တိုင်း လေ့လာပြီး ပိုကောင်းအောင် ကြိုးစားရတာပေါ့။

**Hand Paint ကို အလေးထားပြီး ဖန်တီးနေတဲ့ အစ်မအတွက် မြန်မာပြည်က ထွက်တဲ့ Sewing Accessories တွေနဲ့ ပတ်သက်ပြီး ဆွေးနွေးချင်တာများ ရှိပါသလား။**

ကွာလတီတိုင်းကတော့ အဓိက ပေါ့လေ။ ကွာလတီကောင်းတဲ့ ပစ္စည်းတွေက ဒီမှာ ပေါပေါနဲ့များများ မရသေးဘူး။ အဲဒါပါပဲ။

**အခုတစ်လောမှာ မြန်မာဆိုတဲ့ အငွေ့အသက်ပါတဲ့ ဒီဇိုင်းမျိုးကို လူတွေတော်တော်များများက စိတ်ဝင်စားလာကြတယ်။ အဲဒါ ဘာကြောင့်လို့များ အစ်မယူဆမိပါသလဲ။**

အထိအတွေ့နဲ့ ဆိုင်လိမ့်မယ်။ မီဒီယာတွေမှာ Celebrity တွေ ဝတ်တာကိုကြည့်ပြီး လက်ခံလာကြတာပေါ့။ မြန်မာဝတ်စုံ ဆိုပေမယ့် အခုနောက်ပိုင်းမှာ အဲဒီမြန်မာဝတ်စုံလိုပဲ ဒီဇိုင်းလေးတွေထွင်ပြီး ဝတ်ကြတာလေ။ အစ်မတို့လည်း ထွင်ဖြစ်ပါတယ်။ ရင်ဖုံးလေး ဝတ်လိုက်ရင်ဘယ်လို လှသွားတယ်ဆိုတဲ့ အမြင်လေးကိုလည်း ရသွားတော့ ကြိုက်သွားပြီး ဝတ်ကြတာပေါ့။ အရမ်းရိုးရင်လည်း မကြိုက်ကြဘူးပေါ့။ ရိုးရင်လည်း လုံးဝ Simple ကိုပဲ ကြိုက်ကြတယ်။ ဆန်းတယ်ဆိုရင်လည်း အနုပညာဆန်အောင် ဆန်းတာလေးတွေကို ကြိုက်ကြတယ်။

**ဒီဇိုင်နာအလုပ်ဆိုတာ စိတ်ရော၊ လူရော ပင်ပန်းရတဲ့အထဲမှာ ပါတယ်နော်။ အဲဒီတော့ ဖြစ်လာတဲ့ Stress တွေကို ဘယ်လိုရင်ဆိုင်လေ့ ရှိပါသလဲ။**

ဟုတ်တယ်။ အစ်မတို့အလုပ်က စိတ်ဖိစီးမှုများတယ်။ ဒီဇိုင်းတစ်ခုကိုထွင်ဖို့ စဉ်းစားရ တယ်။ ဒီနေ့ ဘယ် Customer ကတော့ အထည်တွေ လာယူမယ်စသဖြင့် ပေါ့လေ။ ဖိစီးမှုတွေများတယ်။ အစ်မကတော့ ကိုယ့်ရဲ့ Stress ပြေဖို့ဆိုရင် တစ်နှစ်တစ်ခါ ခရီးထွက်လိုက်တယ်။ ကမ်းခြေတို့ ဘာတို့ကို မိသားစုနဲ့ သွားလိုက်တယ်။ကျန်တဲ့ရက်တွေမှာတော့ ညပိုင်းဆိုရင် Relax လုပ်ရတာပေါ့။

**အစ်မရော ကိုယ့်ရဲ့ ကိုယ်ပိုင် Brand Name နဲ့ Mass Production လုပ်ဖို့ အစီအစဉ် မရှိဘူးလား။**

ကိုယ့်ဆိုင်မှာပဲ ကိုယ့် Logo နဲ့တော့ ဒီဇိုင်းတော့ ထုတ်ဖြစ်တယ်။ Fabric Design ပေါ့။ အဓိကကတော့ One Set Hand Paint ဒီဇိုင်းရှိတယ်။ Computer ပန်းထိုးလေးတွေ ရှိတယ်။ Squin နဲ့ဟာတွေ ရှိတယ်။ တခြားတော့ မလုပ်ဖြစ်ဘူး။ မလုပ်ဖြစ်ဘူး ဆိုတာက အစ်မ အလုပ်မနိုင်လို့ပါ။ အပ်တဲ့ Customer တွေရှိတော့လည်း တခြားတွေမှာ အချိန်သိပ်မပေးဖြစ်ဘူးပေါ့။

**အစ်မက ဒီပညာကို အစ်မအမေဆီက တစ်ဆင့် ဆက်ခံခဲ့တယ်ဆိုတော့ အစ်မကနေ ဒီပညာကို ထပ်ဆင့်ဖို့ရော သင်တန်းတို့၊ ဘာတို့ မဖွင့်ချင်ဘူးလား။**

သင်တန်းတော့ နောင်နှစ်နှစ်လောက်ကြာရင်တော့ အစ်မ ဖွင့်ဖြစ်မလား မသိဘူး။ လက်ဆင့်ကမ်းပေးဖို့တော့ သမီးရှိတယ်။ သမီးကို အစ်မက ၄ တန်းလောက်တည်းက Train နေတာပါ။ အဓိကကတော့ ပန်းချီကိုပဲ သင်ပေးနေတယ်။ ကျန်တာကတော့ ဒီပညာကို တတ်ချင်စိတ်ရှိအောင် ကိုယ့်အမေရဲ့အလုပ်ကို တန်ဖိုးထားတတ်အောင်တော့ စိတ်ပိုင်းဆိုင်ရာနဲ့ပဲ သင်ပေးဖြစ်တယ်။ အစ်မ သူ့ဆီက Idea လေးတွေတောင်းတယ်။ သမီးတို့ လူငယ်တွေ ကြိုက်တတ်တဲ့ ဒီဇိုင်းလေးတွေ ပြောခိုင်းတယ်။ ပြီးတော့ သူ့ Idea လေးတွေကို ပေါင်းပြီး ထည့်ပေးတယ်။ ပညာရေးကတော့ အဓိကပေါ့။ ပညာရေးကတော့ မဖြစ်မနေ လုပ်ကိုလုပ်ရမှာပေါ့။ အင်တာနက်က ဒီဇိုင်းလေးတွေ လေ့လာဆိုရင်လည်း အစ်မက အချိန်မရှိတော့ သူ့ကိုပဲ အစ်မက ကြည့်ခိုင်းတာပေါ့။ သူ့ဦးနှောက်ကို သွေးခိုင်းထားတာပေါ့။ သူပြောတာကိုတော့ ကိုယ်က လက်ခံပေးရတယ်။ ဒါမှ သူ Color စပ်တာလေးတွေ၊ Idea လေးတွေကို အမေက လက်ခံတယ်ဆိုမှ သူက ဒီအလုပ်ကို ဝါသနာပါပြီး စိတ်ဝင်စားလာမှာလေ။ အခုတော့ ၈ တန်းရောက်ပြီ။ နောက် ၂ နှစ်လောက်နေရင်တော့ ဒီလောကထဲ လုံးဝခေါ်သင်တော့မယ်။

**ရတီပရိသတ်အတွက် အစ်မ ဘာများစကားလက်ဆောင်ပြောချင်သေးပါလဲ။**

အစ်မ ဒီနှစ်မှာတော့ ရင်ဖုံးနဲ့ ချိတ်ဒီဇိုင်းလေးတွေ ထွင်ထားတယ်။ Customer တွေ ကြိုက်ကြဖို့ မျှော်လင့်ပါတယ်။ အစ်မရဲ့ တစ်နှစ်နဲ့ တစ်နှစ် ပြောင်းလာတဲ့ ဒီဇိုင်းလေးတွေကို ဝေဖန်ပေးကြပါလို့ ပြောချင်ပါတယ်။

**ဖြိုးစုပိုပို**



## အကြည့်များ

ဒီနေ့
အကြည့်တွေနဲ့ ရင်မှာ ပီးစွဲနေတယ်
နှလုံးသားက ဆာလောင်နေတာ
အကြင်နာဝါဂွမ်းစများ
ဒါပေမဲ့
တည့်တည့်လာမှန်တာက
သံသယအကြည့်
အနီရောင်အကြည့်
အပြာရောင်အကြည့်။
မဟုတ်သေးပါဘူး
လမ်းမပေါ်မှာ လမ်းလျှောက်တော့လည်း
လူတချို့က
ပဟေဠိပုစ္ဆာကို ကြည့်တဲ့အကြည့်တွေနဲ့ကြည့်ကြ
TVထဲက ပုံရိပ်တွေကို ကြည့်သလိုမျိုးကြည့်ကြ
နှလုံးသားမှာ တောင့်တနေတာက
ချစ်သူရဲ့ ပျားရည်အကြည့်များ။
ဒီနေ့
ဘယ်လိုဖြစ်မှန်း မသိဘူး
လူကာလာစုံတွေရဲ့ အကြည့်တွေကြောင့်
ရင်အစုံဟာ တဒိန်းဒိန်းခုန်နေတယ်
ညီမလေးက မြင်မြင်ချင်းပဲ
စံပယ်ပွင့်အကြည့်လေးနဲ့ကြည့်လို့
ပီးစွဲနေတဲ့ ရင်ဟာ
ခဏတာ စမ်းချောင်းလေးဖြစ်သွားတယ်
အကြည့်တွေရဲ့ ကဗျာကို ဖတ်ရတာ
ဒီနေ့အဖို့ မွန်းကျပ်လိုက်တာ
အရမ်းပဲဗျာ. . . ။

မင်းထက်သားညီ(တောင်ငူ)





## ငါသိတဲ့ စာမျက်နှာ

ဘဝ
တစ်ကနေ စပေါင်းလည်းများပြီ။
မာတိကာကို ကြိုရေးခွင့်မရှိပေမယ့်
အမှားဆိုတာမရှိရင်
အမှန်ရဲ့ တန်ဖိုးတွေ. . .
ပုပ်သိုးကုန်လိမ့်မယ်
"ငါ မမှတ်သေးဘူးလား"ဆိုတဲ့ မေးခွန်းက
မာနကို ခဏခဏလျှောင်ရယ် . . .။
အိပ်မက်ကို အိပ်မက်ထဲ ထည့်မက်တာတောင်
မပီပိုးတဝါး. . .။
သွေးလေ ချောက်ချားနေတဲ့ ဝါဒအချို့ရဲ့
နာရီလက်တံကို ပြောင်းပြန်လည်စေချင်တဲ့ အယူအဆတွေကြောင့်
ဘဝဆိုတဲ့ စာအုပ်ထဲကို ချရေးဖို့ကြိုးစားနေတဲ့
ဆန္ဒနဲ့ ခံယူချက်တွေက
ကာလရဲ့ ဓားစာခံ. . .။

သျှင်နှောင်းညို(တံတားဦး)

Asian Fame Media Group
MEDIA GROUP

## ကောင်းကင်ရဲ့ တေးတစ်ပုဒ်

လွတ်လပ်နေတဲ့ ကောင်းကင်ကြီးလည်း
တစ်နေ့ ရှုပ်ထွေးမှုတွေနဲ့
ဝေခွဲမရတဲ့ အလှတရားတွေနဲ့
ကမ္ဘာမြေကြီးကို တန်ဆာဆင်မြန်း
တွေ့မြင်ရသမျှအားလုံး
နှင်းထုတွေနဲ့ ဖုံးလွှမ်း
အတ္တတွေရဲ့ အောက်မှာ
ရှင်သန်နေတဲ့ နှလုံးသားပိုင်ရှင်ဟာ
သာယာနေတဲ့ တိုင်းပြည်ကို
စစ်မြေပြင်အဖြစ် ပြောင်းလဲပစ်ချင်တဲ့
စိတ္တဇ အရူးသမား တစ်ယောက်ပေါ့
နေရောင်အောက်မှာ ပျောက်ကွယ်နေတဲ့
ကြယ်ကလေးများလို
လင်းလက်မှုတွေ လျော့နည်းနေ
သာမန်မျက်စိနဲ့ မမြင်နိုင်တဲ့ အရပ်ပမာ
လွန်ခဲ့တဲ့ အတိတ်က ဖြစ်ရပ်လည်းမဟုတ်
နောင်လာမယ့် အနာဂတ် ဇာတ်လမ်းတစ်ပုဒ်လည်းမဟုတ်
ယခုဖြစ်ဆဲ ပစ္စုပ္ပန်ရဲ့ တေးသွားတစ်ပုဒ် …။

ငွန်ထက်





## မှန်ကြည့်ပြီးရေးတဲ့ကဗျာ

ကိုယ်နဲ့မကိုက်တဲ့အင်္ကျီ ဝတ်ထားရသလို
ခေတ်နဲ့ သူနဲ့ အဆင်မပြေဘူး
လူဆိုတာ အရည်အသွေးအမျိုးမျိုးနဲ့ဆိုတော့
တချို့ကယုတ်ညံ့တဲ့နေရာမှာ ထူးချွန်တယ်
သူတွေ့ရှိထားတာက ပေါ့ပါးခြင်းရဲ့ အရသာ
ကဗျာတစ်ပုဒ်ပြီးတိုင်း ပြီးတိုင်း
ကိလေသာ တစ်ဖတ်ကွာကျသွားသလို သူခံစားတယ်
ဒါပေမဲ့ သူ့စိတ်က အမ်မာရောဘတ်နဲ့ ရှယ်တူ
ဒီလိုနဲ့ သူ့စိတ်တစ်ပြင်လုံးမည်းမှောင်လိုက်
ဆိုင်းလတ်မာနာ ရွှေအိုးဖွင့်ရတွက်သလို
သူ့ကဗျာသူ ခဏခဏ ပြန်ဖတ်လိုက်နဲ့
ပျော်ရွှင်မှုကို အနာဂတ်ဘဏ်မှာ အပ်နှံထားသလို
ထင်လာတယ်
မျိုးစေ့မဲ့ယာကွက်တွေလို မျက်နှာတွေက
အဲဒီမီးခလုတ်ကို လာလာပိတ်တယ်
သူအရိုးတွေပျော့နေတယ်
မိဘအိမ်မှာ မှီခိုနေရတယ်(အခုဆို ၃၇ နှစ်ကျော်ခဲ့ပြီ)
အဲဒီလူဟာ… သူ့ကိုယ်သူ ဘယ်သွားနေလဲလို့
မေးမြန်းရင်း စူးစမ်းခြင်းတွေနဲ့
ပစ္စုပ္ပန် သံသရာမှာလည်နေတော့တယ်။ ။

အောင်မျိုးသက်

Asian Fame Media Group
MEDIA GROUP

## ချန်ခဲ့သူ မသိပါ

တစ်ယောက်တည်း ငေါင်းစင်းစင်း
တစ်ခြမ်းပဲ ပဲ့ပါသွားသလိုလို
တစ်ထမ်းပဲ ပိုထမ်းနေရသလိုလို
သံသယကြောင့် တဖြည်းဖြည်းပဲ
ဝေးနေရသလိုလို
ဒေါသနဲ့ အလွမ်း ရက်ဖောက်ထားတဲ့စိတ်ဟာ
နေ့တိုင်းကို အုပ်စိုး
ဘာကိုမှလည်း အလိုမကျခဲ့...

စာလည်းမလာ သတင်းလည်းမကြား
ခြားနေတဲ့မြစ်ကို ဖြတ်ကူးချင်စိတ်ပေါက်လာ
တားနေတဲ့ အကွာအဝေးကို ပြေးထွက်ချင်စိတ်ပေါက်လာ

အချစ်ရယ်...
ခဏလေး ခွဲသွားတဲ့မင်းကြောင့်
တစ်သံသရာလုံး နစ်မယ့်အမှားမျိုး
မလုပ်ဖြစ်အောင် သတိနဲ့ထိန်းရင်း
အလွမ်းရဲ့ တာဝန်ကို ကိုယ်ဟာ...
မနိုင်မနင်း ထမ်းဆောင်နေလျက်ပေါ့...။ ။

ငြိမ်းမင်းထက်





## ဝတ္တရား

'သောက်ရရင်ပြီးရော' တဲ့
အသွေးအသားက သပိတ်မှောက်တော့
မိန်းမရဲ့ နားကပ်တစ်ဖက်က အပေါင်ဆိုင်နေရာ ဝင်ယူတယ်
ဝမ်းနည်းမှုတွေနဲ့ ကျန်ရစ်ခဲ့တဲ့ မိန်းမက
သားငယ်ကို ဖက်ပြီး ငိုတယ်
သိတတ်နားလည်တဲ့ သမီးကြီးက
ထွက်သွားသူရဲ့ ကျောပြင်ကိုကြည့်ရင်း
ပြောမပြတတ်တဲ့ ခံစားမှုတွေက အထွတ်အထိပ်
နောက်တော့ မိန်းမက ပူဆွေးမှုတွေနဲ့
စကားလုံးတချို့ ထွက်ကျလာတယ်
'ရှင်ရယ်လုပ်ရက်လိုက်တာ'
စကားသံဆုံးတော့ ရင်ခွင်ထဲက ကလေးငိုမဲ့မဲ့ဖြစ်
သားနဲ့မိခင် ကူးလူးဆက်နွယ်မှုက အတိုင်းသား
နောက်ဆုံး သိုင်းကွက်နင်းပြီးပြန်လာတဲ့
သူ့အတွက်တောင် ထမင်းပွဲက အဆင်သင့်။ ။

မြစ်မော်ထီး

Asian Tome Media Group
MEDIA GROUP

## ပုံပျက်ခြင်း

ညနေဆည်းဆာကို
ကော်ဖီ တစ်ခွက်နဲ့ မြည်းလို့
မိုးကလေး တဖွဲဖွဲ
လူခပ်ကျဲကျဲ လက်ဖက်ရည်ဆိုင်လေးရဲ့
ကြေကြေကွဲကွဲ ရှိုက်သံမှာ
ငါ ...

တွေးရင်း...ငေးရင်း
အဓိပ္ပာယ်တချို့ ငါ့အပေါ် ခုန်အုပ်
ချုပ်ရိုးပြုတ် ပွင့်ထွက်လာတဲ့ အတိတ် စာမျက်နှာတွေရယ်
ဝင်ပူးလာတဲ့ ကဗျာနတ်ရယ်
တွေးခေါ်မှုကို အရှိန်မြှင့်တင်လို့
ချစ်ခြင်းမေတ္တာမှာ
အတတ်ပညာတွေ လိုအပ်သလား
အသိပညာ ဘယ်လောက်ပါရမလဲ
တွက်ချက်ထုဆစ်ပုံဖော်ခွင့် ရှိမလား
ငါ ...

စကားလုံးတွေနဲ့ မှုားယူခဲ့မိတဲ့ အချစ်က
သစ္စာတရားကို ငြင်းပယ်လို့
ပြန်လည်ရရှိခဲ့တဲ့ ဘဝတစ်ခုကလည်း
အတု စစ်စစ်သာဖြစ်ရဲ့ ... ။ ။

သော်ကမင်းခေါင်(ညောင်လေးပင်)





## အနိစ္စ ရုပ

တည်ငြိမ်တိတ်ဆိတ်တဲ့ နေရာလေးတစ်ခုမှာ
တစ်ယောက်တည်းထိုင်ပြီး ကောင်းကင်ပြာကြီးကို မော့အကြည့်
အဖြူရောင်တိမ်တိုက်တွေက လေနှင်ရာကို မျှောလွင့်လို့
လေငြိမ်တဲ့အခါတည်ကာနေသလို လေပြည်ညင်းတော့ အဝေးလွင့်ပေါ့။
အပြာရောင်ကောင်းကင်ကြီးကတော့ မတည်မြဲတဲ့သဘောတွေကို တည်ငြိမ်စွာကြည့်လို့။
နေမင်းကြီးကလည်း လူသားတွေကို နေရောင်ခြည်ဖြာချပေးပို့
တိမ်တိုက်တွေကို အားယူဖြတ်သန်းနေလေရဲ့။
ကျေးငှက်ကလေးတွေကလည်း တေးသီရင်း အစာရှာနေကြလေပြီ။
စက္ကန့်တွေကိုဖြတ်လို့ မိနစ်တွေကိုကျော်ရင်း နာရီတွေကုန်ပြီး
တစ်နေ့တာရဲ့ နောက်ဆုံးအချိန်မှာတော့
အဖြူရောင်တိမ်တိုက်တွေက မိုးကုပ်စက်ဝိုင်းရဲ့ အဝန်းမှာ ရွှေအိုရောင်သန်းလို့
ကျေးငှက်ကလေးတွေကလည်း
တစ်ကောင်နဲ့တစ်ကောင် အော်ခေါ်ရင်းအိပ်တန်းတက်ကြလေပြီ
နေမင်းကြီးလည်း တောင်စွယ်တောင်တန်းတွေကြားက လက်ပြနှုတ်ဆက်နေလေပြီ
တစ်ယောက်တည်းသစ်ပင်ကိုကျောမှီရင်း မတည်မြဲတဲ့ သဘောတွေကို တွေးနေတုန်း
ညနေခင်းရဲ့ လေညင်းလေးက ဖြတ်တိုက်ပြီး တိုးတိုးလေး အသိပေးသွားတယ်
သင်လည်း “အနိစ္စလူသား”ပဲတဲ့။

စမ်းသော်တာနှင်း

ကဗျာချစ်သူ၊ ကဗျာဝါသနာရှင်မည်သူမဆို **‘ဖူးနုသစ်လွင်ကဗျာဥယျာဉ်’**ကဏ္ဍသို့ လိပ်မူပြီး ကဗျာများပေးပို့နိုင်ပါသည်။ ကဗျာပေးပို့ရာတွင်
ကလောင်အမည်၊ အမည်ရင်း၊ နိုင်ငံသားကတ်ပြားအမှတ်၊ နေရပ်လိပ်စာနှင့် **ဖုန်းနံပါတ်**ကို အပြည့်အစုံထည့်ပေးပါရန်။
(ရွေးချယ်ခံရသည့် စာမူရှင်များကို စာမူခ ချီးမြှင့်မည်ဖြစ်ပါကြောင်း)

Asian Fame Media Group
af MEDIA GROUP

# မရေးမကောင်း ရေးမကောင်း

ညီညီညာညာညက်ညက်ညောညော



## အံ့ဖွယ်နည်းအသစ်

ညီညီက ဗုဒ္ဓဘာသာပါ၊ ဘာသာတရားကို လေးစားပါတယ်။ ဘုရားကျောင်းကန်လည်း သွားပါတယ်။ အခါကြီးရက်ကြီးတွေမှာလည်း ဥပုသ်စောင့်၊ တရားထိုင်၊ ပုတီးစိပ်လုပ်ပါတယ်။ ဒါပေမဲ့ ညီညီကိုယ်တိုင် ဒီလို ပုတီးမစိပ်ဖူးပါဘူး။ ပြီးတော့ ကြုံဖူးသမျှ၊ ကြားဖူးသမျှ၊ မြင်ဖူးသမျှထဲမှာလည်း ဒီလိုပုတီးစိပ်နည်း မပါပါဘူး။ အခုတော့ ဂျာနယ်တစ်စောင်မှာ မော်ဒယ်လ်သရုပ်ဆောင်မလေးတစ်ယောက်က အောက်က ဂျင်းဘောင်းဘီတိုလေး၊ အပေါ်က စွပ်ကျယ်သာသာ လက်ပြတ်လေးနဲ့ ပုတီးကို ကင်မရာရှေ့ထိုးပြပြီး ပုတီးစိပ်တဲ့အကြောင်းပြောပြနေတာ စိတ်နဲ့လူနဲ့ နည်းနည်းမကပ ညစ်သွားမိပါတယ်။ဒီလိုဝတ်စားဆင်ယင်ထားမယ်ဆိုရင်လည်း ဘာသာတရားကို လေးစားသောအားဖြင့် ပါးစပ်က ဂုဏ်တော်ပဲရွတ်နေလည်း ရပါတယ်ဗျာ။ ပုတီးကိုင်ထားစရာမလိုပါဘူး။ အခြေအနေ အချိန်အခါအလျောက် သင့်တင့်စွာ ဝတ်ဆင်နေထိုင်ရမယ်ဆိုတာကိုတော့ မော်ဒယ်လ်လေး သဘောပေါက်သင့်ပါတယ်။ ပြီးတော့ ဖော်ပြမယ့်သူတွေကလည်း တော်၏၊ မတော်၏ ခွဲခြားဖို့ကောင်းပါတယ်ဆိုတဲ့ အကြောင်းပြောရင်း အံ့သြပါဘိတောင်းလို့ ရှေးရှေးတုန်းကလို ရေရွတ်မိပါတော့တယ် ခင်ညာ။



## ကိုရီးယားလိုလား၊ ဖာတစ်လုံးခေါင်းကျားလိုလား

အခုတစ်လော ရေပန်းစားနေတာကတော့ မော်ဒယ်မမလေး တစ်ယောက်ရဲ့ မင်္ဂလာသတင်းပါပဲ။ ရွေးချယ်မှုတော်တဲ့ မမလေးက ဥစ္စာပေါရုပ်ချောကိုကိုတစ်ယောက်ကို ပန်းကုံးစွပ်ပြီး ရွေးလိုက်ပြီးသကာလ မင်္ဂလာရက်မြတ် လက်ထပ်ဖို့ ပြင်ဆင်ကြပါတယ်။ ပတ်ဝန်းကျင်မှာလည်း မော်ဒယ်လ်လေးကို အရွေးတော်လေခြင်းဆိုပြီး လက်ဖျားတခါခါအားကျနေခိုက် ဗြုန်းဆို မိုးနတ်မင်းကြီးက ကျီစားချက်ရက်စက်ပါသတဲ့။ သတို့သားဘက်က ရှိသမျှ အမွေးဖြတ် ဝတ်ပါဘူး။ ရှိသမျှ အမွေဖြတ်လုပ်ချလိုက်တဲ့အခါ လက်ရှိစီးနေတဲ့ ကားတောင်မှ အခြေမခိုင် ယိုင်နဲ့လို့သွားသမို့ ချစ်စ၊ ကြင်စ၊ ကြင်နာစလေးတွေ ဖတ်သော ဖတ်သပ် ဖြစ်ကုန်ကြပါတယ်။ စောင့်ကြည့်နေတဲ့ ပတ်ဝန်းကျင်ကတော့ ဒါကိုရီးယားကားတွေထဲကလို အချစ်စစ် မစစ် စမ်းတာလို့လည်း ပြောကြရဲ့၊ ရွှေမင်းသားလေးရဲ့ ဖူးစာရှင်အစစ်အမှန်ဖြစ်ဖို့ဆိုတာ မှန်ကန်သော ချစ်ခြင်း၊ ရဲရင့်သော မေတ္တာတရား ဒါတွေကို စမ်းချင်နေတာလို့လည်း သုံးသပ်ကြရဲ့။ ဒါများ ညီညီတို့က ဗမာတွေပဲ၊ ဗမာလို ဖူးစာရှင်ရွေးရောပေါ့။ ဖာတစ်လုံးခေါင်းကျားလို အို အသင်လောကဆိုပြီး ရွာစဉ်လျှောက် ရှာလိုက် ပြီးတာပဲဗျာနော်။

Asian Fame Media Group



## ပြောစရာလား ပြောစရာလား

တီဗီကလာပါတယ်။ ဘာလဲလို့ ကြည့်မိပါတယ်။ လူမျိုးခြားကြီးတစ်ယောက် ဖန်ခွက်တွေကိုင်လိုက် ရေတွေရောလိုက်နဲ့ စမ်းသပ်ချက်တွေ လုပ်ပြနေလေသဗျ။ နောက်ခံစကားပြောအသံက မြန်မာစကားပြောသံထည့်ထားတာမို့ အဆန်းပါလားဆိုပြီး ဆက်ကြည့်မိပါတယ်။ ဂျပန်လိုလို တရုတ်လိုလိုထင်မိတဲ့ လူကြီးက “ကျွန်တော်တို့ ကိုရီးယား”လို့ နောက်ခံစကားပြောမှာ ပါနေတာမို့ ဒါ ကိုရီးယားပဲလို့ သဘောပေါက်လိုက်ရင်း ဆက်ကြည့်ဖြစ်ပါတယ်။ ရေဆိုး၊ ရေညစ်ဆိုတာ ဘယ်လောက်နည်းနည်း ရေသန့် ဘယ်လောက်နဲ့ပဲရောရော ရေဆိုး၊ ရေညစ်ဓာတ်တွေ ပျောက်မသွားဘူးဆိုတာကို သူက ဖန်ခွက်တွေ၊ ပုလင်းတွေနဲ့ ပြောလိုက်၊ စမ်းလိုက်လုပ်ပြနေတာပါ။ ကြည့်မိတဲ့အတူ မထူးပါဘူး ဗဟုသုတပေါ့ဆိုပြီး ဆက်ကြည့်ရင်း ဆက်ကြည့်ရင်းနဲ့ သူက တော်တော်လွန်လာပါတယ်။ အပြောတွေထဲမှာ နောက်ခံစကားပြောအရ သိရတာပေါ့လေ။ “ကျွန်တော်တို့ ကိုရီးယားမှာလည်း အရင်တုန်းက မြန်မာနိုင်ငံလိုပါပဲ၊ အခုတော့ တော်တော်သန့်ရှင်းသွားပါပြီ၊ ခုလိုမိုးတွင်းမှာ မြန်မာနိုင်ငံမှာ ကြုံတွေ့နေရတဲ့ ရေဆိုး၊ ရေညစ်မျိုး” ဆိုတာတွေကို အပီအပြင်ကြီး ရင့်ကျူးပြောဆိုနေတာဗျာ၊ ကြည့်ရင်းကြည့်ရင်း ဒေါသများထွက်မိပါရဲ့၊ မြန်မာပိုင် အသံလွှင့်ချန်နယ်လ်မှာ သူတို့နိုင်ငံနဲ့ကိုယ့်နိုင်ငံ နှိုင်းယှဉ်ပြီး ကောင်းခြင်း၊ ဆိုးခြင်းတွေ ပြောပြနေစရာလား။ ရေဆိုးရေညစ်အကြောင်း ပြောရင်လည်း ပြော၊ ဘာမှ သူတို့နိုင်ငံနဲ့ယှဉ်ပြီး မြန်မာနိုင်ငံကို နှိမ်ချိုးပြောစရာမလိုပါဘူး။ ဒါကို ဘယ်လိုဖြစ်လို့ မြန်မာပိုင်ချန်နယ်လ်က လွှင့်နေတာလဲလို့ နားမလည်နိုင်ဖြစ်ရပါတယ်။ မျက်စိမမြင်တဲ့သူကို ဟဲ့ အကန်းခေါ်ရင် ကြိုက်မလား။ တွေးကြည့်သိတာပဲ၊ မှန်တိုင်းပြောစရာလား။ ညာညာတော့ ကြည့်ရင်း ကြည့်ရင်း ဘယ်သူ့ဒေါသဖြစ်ရမှန်း မသိဖြစ်လာတာမို့ ကိုယ်အတတ်နိုင်ဆုံးလုပ်ရပ်နဲ့ တုံ့ပြန်လိုက်ပါတယ်။ တီဗီခလုတ်ကို ဝုန်းဆို ထပိတ်ပစ်လိုက်တာပေါ့. . အေးရော။












funny photo funny photo funny photo funny photo funny photo funny photo funny photo funny photo funny photo funny photo funny photo

Asian Fame Media Group

funny photo funny photo funny photo funny photo funny photo funny photo funny photo funny photo funny photo funny photo funny photo















## လွန်ဆွဲပွဲ

လွန်ဆွဲပွဲဆိုတာကို မိုးခေါင်ရင် မိုးခေါ်တဲ့အနေနဲ့ လုပ်ကြတယ်လို့ ညောညောကြားဖူးပါတယ်။ ဒါပေမဲ့ အခုလွန်ဆွဲပွဲကတော့ မိုးမခေါင်ဘဲ ခါတိုင်းထက်တောင် မိုးများနေတဲ့ ရန်ကုန်မြို့ရဲ့ တစ်ခုသောကာလမှာ တကယ်ကြီးကိုဖြစ်တာပါ။ တစ်ဖက်တစ်ချက် လွန်ဆွဲသူတွေကတော့ ညောညောတို့ မီဒီယာညီမလေးတစ်ယောက်နဲ့ မင်းသမီးငယ်တစ်ဦးတို့ပါ။ သိတဲ့အတိုင်း မဂ္ဂဇင်းဂျာနယ်တွေဆိုတာကလည်း ကဏ္ဍတွေတီထွင်ပြီး ရိုက်ရတယ်မဟုတ်ပါလား။ အဝတ်အစားစပွန်ဆာ တောင်း၊ မင်းသမီးကိုဆင်၊ ကိုယ့်မဂ္ဂဇင်း၊ ကိုယ့်ဂျာနယ်လှပရေးအတွက် ကဏ္ဍလှလှတွေ ဖန်တီးရပေတယ်လေ။ ဒါပေမဲ့ စပွန်ဆာဆိုတဲ့အပိုင်းမှာ အပိုင်ပေးတာမဟုတ်တဲ့အတွက် စပွန်ဆာဆင်တဲ့ အဝတ်ကို ပြန်ပေးရတာ ထုံးစံပါ။ အခုတော့ မင်းသမီးက ဓာတ်ပုံရိုက်ပြီးတဲ့အခါမှာ စပွန်ဆာအဝတ်ကိုကြိုက်တယ်ဆိုပြီး အပိုင်တောင်းတော့တာမို့ ကဏ္ဍကို တာဝန်ယူရိုက်တဲ့ မီဒီယာညီမလေးခမျာ မျက်လုံးပြူး၊ မျက်ဆန်ပြူးဖြစ်ပြီး မရလို့ပါဆိုပြီး ပြန်ဆွဲယူ၊ မင်းသမီးကလည်း ပေးရမယ်ဆိုပြီး ပြန်ဆွဲ၊ ဒီလိုနဲ့ ဟိုဘက်ဒီဘက်လွန်ဆွဲပွဲမှာ စပွန်ဆာအဝတ်တော့ ပြဲပါပြီဆိုပြီး ဘေးနားကလူတွေ အသက်တောင် မရှူရဲလောက်အောင် ဖြစ်သွားရပါသတဲ့။ ဩော် မိုးကြီးပါတယ်ဆိုမှ သူတို့လွန်ဆွဲပွဲကြောင့် ရန်ကုန်မြို့ကြီး မိုးပိုကြီးနေရင် ဒုက္ခပါပဲနော်။



## မှားတွားလို့

တို့မြန်မာများလည်း နည်းပညာတိုးတက်မှုတွေနောက်ကို ဟပ်ထိုးပြေးလိုက်ကြတာများ အချိန်တိုင်း ဖေ့စ်ဘွတ်နဲ့ မျက်နှာအပ်၊ ဂျီတော့ခ် လေးနဲ့ ကျူူ အဆင်ကိုပြေလို့ပါ။ ဟုတ်တဲ့သတင်းရော၊ မဟုတ်တဲ့သတင်းရော အွန်လိုင်းပေါ်မှာ အချိန်နဲ့တစ်ပြေးညီ တက်နေကြတော့လည်း သတင်းဦး၊ သတင်းထူးရဖို့ အွန်လိုင်းပေါ် အချိန်မီတက်ကြစို့ပေ့ါလေ။ ညက်ညက်လည်း အီစရာမရှိသော်ငြား ကြည်စရာလေးများ တွေ့မလားဆိုပြီး အွန်လိုင်းပေါ်တက်မိတဲ့သကာလ မျက်လုံးဇီးကွက် ဖြစ်စေမယ့် ရင်ဆို့စရာသတင်းတစ်ပုဒ် ပါခဲ့ပါတယ်။ ရောခ့်စတား မြန်မာပြည်ရဲ့ ရောခ့်ဖားသား အဆိုတော် ဂေါ်ဝွင်းဂွတ်ကြီး သေရှာပြီဆိုတဲ့ သတင်းပါပဲ။ ညက်ညက်မှာ ရင်ထဲအပူလုံးကြွလာရင်း မျက်ရည်ကလည်း တစ်လုံးတစ်လုံး ဘူးသီးလုံးလောက်ပြုတ်ကျလာရင်းက အချစ်ဟောင်းကြီး သွားရှာပြီဆိုတာကို မခံစားနိုင်တော့တာမို့ နီးစပ်ရာ ဘော်ဒါများကို ဟုတ်သလား မေးရတော့တာပေ့ါ။ ဒီတော့မှ ဖြေရှင်းချက်များရောက်လာတာက ဂေါ်ဂွင်းဂွတ်သေတာမဟုတ်ပါဘူး။ သတင်းမှန်က ဂေါ်ဂွင်းဂွတ်မှာ သူ့လိုပဲ ပရိသတ်အချစ်ခံရတဲ့ မူတူးဆိုတဲ့ သားတစ်ယောက်ရှိပါတယ်။ အဲ့ဒါကို ဖေ့စ်ဘွတ်မှာ မိန်းကလေးတစ်ယောက်က သူ့ သူငယ်ချင်း ပူတူးရဲ့အဖေသေသွားပါတယ်ဆိုတဲ့အကြောင်း တဖွဲ့တနွဲ့လွမ်းဖွယ့်ကို သီလိုက်တဲ့အခါ ဖတ်လိုက်မိတဲ့ မျက်စိမွဲ မျက်နှာမွဲတစ်ယောက်က ပူတူးကို မူတူးလို့ အမှတ်မှားပြီး မူတူးအဖေသေရှာပြီ၊ မူတူးအဖေ အစ် အီကွေးရှင်းတူအဆိုတော်ကြီး ဂေါ်ဂွင်းဂွတ်လို့ အီကွေးရှင်းချကြည့်ပြီး ရောခ့်ကာကြီးသေရှာပြီလို့ သတင်းပြန်တင်လိုက်တာပါတဲ့။ ဒီမှာတင် ကြီးစွာသော အရှိန်အဟုန်နဲ့ ပျံ့နှံ့သွားပြီး ရောခ့်ကာကြီးသေပြီ ဖြစ်ရှာတာတဲ့လေ။ ဩော် ဒွတ်ခ ဒွတ်ခ။ ရယ်လိုက်ရတာ ဖတ်ဖတ်မော ရင်ဘတ်နောက်က ကျော ပါလားဟရို့။










Asian Fame Media Group

**1ST OCTOBER**
**INTERNATIONAL DAY**
**OF OLDER PERSONS**

# ဖျောက်ဆိပ်ကြွယ်ရဲ့ အလင်းတန်းလေး

နှင်း



(၁)

မလေးရှားနိုင်ငံ၊ ပီနန်မြို့လေးမှာရှိတဲ့ လမ်းတွေက အလွန်ကျဉ်းမြောင်းလှပါသည်။ မြို့လယ်လမ်းတော်တော်များများက တစ်ဖက်ပိတ်၊ တစ်လမ်းမောင်းတွေမို့ မြို့လယ်ကောင် လမ်းကျဉ်းကျဉ်းလေးတွေက နေ့အချိန်တွေမှာ ကားတွေနဲ့ ပြည့်ကျပ်နေစမြဲ။ ပီနန်ကို စရောက်တဲ့နေ့ ညနေစောင်းလောက်မှာ ကျွန်မတို့တည်းတဲ့ ဟိုတယ်ကိုပြန်တော့ ကျွန်မတို့ကားရှေ့မှာ ကားတွေပိတ်နေတာမို့ အကြာကြီး စောင့်လိုက်ရပါသည်။ ကားတွေအားလုံး ဘီးတွေ တစ်လိမ့်ချင်းလိမ့်ပြီး မောင်းနေရခြင်းရဲ့ အကြောင်းရင်းမှန်ကို တွေ့လိုက်ရချိန်မှာတော့ အလွန်အမင်း စိတ်မကောင်းဖြစ်ရသလို ရင်ထဲမှာ နာနာကျင်ကျင် ခံစားလိုက်ရပါသည်။

ကျွန်မတို့ကားရဲ့ ဘယ်ဘက်အခြမ်းမှာ သုံးဘီးတပ်လှည်းတစ်စီး တရွေ့ရွေ့သွားနေခဲ့ပါသည်။ စက်ဘီးကို ဘေးတွဲပုံစံဆင်ထားတဲ့ တွန်းလှည်းကြီးတစ်ခု၊ တွန်းလှည်းကို အနောက်ကနေ ပွဲကိုင်နေသူက အသက်အရွယ် အလွန်အိုမင်းနေပြီဖြစ်တဲ့ တရုတ်အဘိုးအိုတစ်ဦး။ အဘိုးအိုက စားသောက်ကုန်တစ်ခုခုကိုရောင်းပြီး ဆိုင်သိမ်းလို့ အိမ်ပြန်ချိန် ဖြစ်ပုံရပါသည်။

စက်ဘီးပေါ်မှာ အကျအနထိုင်နေပေမယ့် အဘိုးအိုရဲ့ ခြေထောက်တွေက စက်ဘီးခြေနင်းခုံကို နင်းဖို့ မစွမ်းသာတာမို့ သစ်သားတုတ်တံတစ်ချောင်းကို ညာလက်ကနေ ကိုင်ထောက်ပြီး တွန်းလှည်းကို ရွေ့လျားအောင် ပွဲကိုင်နေပုံရပါသည်။ အဘိုးအိုရဲ့ မျက်လုံးမွဲမွဲတွေနဲ့ နားတွေကလည်း ပတ်ဝန်းကျင်မှာ ဘာဖြစ်နေတယ်ဆိုတာကို အပြည့်အဝခံစားသိရှိတဲ့ပုံ မရပါ။

ခေါင်းတစ်ခြမ်းစောင်းပြီး ညာဘက်လက်ကကိုင်ထားတဲ့ တုတ်တစ်ချောင်းကို အားပြုလို့ သူ့ရဲ့ သုံးဘီးတပ်လှည်းကြီးကို အနိုင်နိုင်အားယူပြီး ပွဲကိုင်နေခဲ့ပါသည်။

ပတ်ဝန်းကျင်က ကားတွေက ဟွန်းသံတွေ ပေးနေပေမယ့်လည်း သတိမူမိပုံမရ၊ သံပတ်ပေးထားတဲ့ စက်ရုပ်တစ်ရုပ်လို သုံးဘီးတပ်လှည်းကြီးပေါ်မှာ ပြုယိုင်လုလု။

ကျွန်မတို့ကားလေး အဘိုးအိုရဲ့ သုံးဘီးတပ်လှည်းကြီးကို ကျော်လွန်ခဲ့ပေမယ့် စိတ်မချနိုင်စွာ သမင်လည်ပြန်လှည့်ကြည့်မိပြန်တော့ တရွေ့ရွေ့သွားနေတဲ့ အဘိုးအိုရဲ့ သုံးဘီးတပ်လှည်းတစ်စင်းနဲ့ အဘိုးအိုရဲ့ နောက်နားမှာတော့ လမ်းထဲကနေထွက်ဖို့ကြိုးစားနေတဲ့ ကားတန်းရှည်ကြီးက ဟွန်းတတီတီတီးလို့ အဝေးမှာ ကျန်နေရစ်ခဲ့ပါသည်။

(၂)

ကျွန်မတို့ သူငယ်ချင်းလေးယောက် ထမင်းစားပြီးချိန် ဧည့်ခန်းကျယ်ကြီးထဲက ကော်ဖီစက်နားမှာ ကော်ဖီခွက်တွေနဲ့ အလုပ်ရှုပ်နေဆဲမှာပဲ ဧည့်ခန်းကျယ်ကြီးထဲကို အဘိုးအိုတစ်ယောက် တုန်တုန်ယင်ယင်နဲ့ ဝင်လာခဲ့ပါသည်။

ဆောင်းရာသီ ကုန်စဆိုပေမယ့် ကန္တာရတိုင်းပြည်ပီသစွာ အပြင်မှာ ရာသီဥတုက အနည်းငယ်ပူနေခဲ့တာမို့ အဘိုးအိုမျက်နှာမှာ ချွေးစအချို့



ကို တွေ့နေရပါသည်။ တုန်တုန်ယင်ယင်လျှောက်လာတဲ့ အဘိုးအိုဟာ ကျနေတဲ့ချွေးစတွေကို သူ့ခေါင်းမှာ ပေါင်းထားတဲ့ အဖြူရောင်ခေါင်းပေါင်းစနဲ့သုတ်ရင်း ကျွန်မနဲ့ မျက်နှာချင်းဆိုင်က ဆိုဖာဆက်တီပေါ်မှာ လာထိုင်တာမို့ ဆိုဖာရဲ့အလယ်မှာ ထိုင်နေတဲ့ သူငယ်ချင်းမလေးက အခြားအစွန်းတစ်ဖက်ကို တိုးပေးလိုက်ပါသည်။

အဘိုးအို ဝတ်ဆင်ထားတဲ့ အရောင်တွေ ပြယ်လွင့်စပြုနေတဲ့ ယူနီဖောင်းနဲ့ Safety Shoe ကို ကြည့်ပြီး အဘိုးအို အလုပ်လုပ်နေတဲ့ ဌာနကို ကျွန်မတို့ သိခွင့်ရလိုက်ပါသည်။ ရာသီဥတုဒဏ်ကို ကာကွယ်ဖို့ ယူနီဖောင်း အကျႌလက်တိုရဲ့အောက်မှာတော့ ကာကီရောင်ဆွယ်တာ လက်ရှည်တစ်ထည်ကို ဝတ်ဆင်ထားပါသည်။

မျက်နှာပေါ်က ချွေးစက်တွေကိုသုတ်နေတဲ့ အဘိုးအိုရဲ့ မျက်ဝန်းတွေဟာ အရောင်လက်နေဆဲဖြစ်ပေမယ့် သူ့ရဲ့မျက်ခုံးမွေးတွေ မျက်တောင်မွေးလေးတွေပါ ဖြူဆွတ်နေခဲ့ပါသည်။ ခေါင်းပေါင်းစကို ကိုင်ထားတဲ့ အဘိုးအိုရဲ့ လက်ချောင်းလေးတွေကလည်း သိသိသာသာ တုန်ယင်လို့နေခဲ့ပါသည်။

အဘိုးအိုစဝင်လာခဲ့တဲ့ အချိန်ကစလို့ ကျွန်မတို့ သူငယ်ချင်းလေးယောက် ဆွေးနွေးနေတဲ့အကြောင်းအရာတွေကိုရပ်တန့်ပြီး အဘိုးအိုကို မသိမသာ အကဲခတ်နေမိကြပါသည်။ ဒါပေမဲ့ မည်သူတစ်ဦးတစ်ယောက်ကမှ အဘိုးအိုကို နှုတ်ခွန်းမဆက်ကြသလို အဘိုးအိုကလည်း ကျွန်မတို့ရှိနေတာကို ဂရုမထားဘဲ အသက်ကို ပြင်းပြင်းရှူရင်း အမောဖြေနေခဲ့ပါသည်။

ကျွန်မတို့နဲ့ မနီးမဝေးနေရာတစ်ခုကနေ နေပူပူကွင်းပြင်ကို ဖြတ်လို့ ဒီရုံးခန်းတွေရှိရာကို လမ်းလျှောက်လာတာမို့ မောပန်းနေတာလည်း ဖြစ်နိုင်ပါသည်။

အဘိုးအိုရဲ့ ယူနီဖောင်းတွေအရ အဘိုးရဲ့ အသက်အရွယ်နဲ့စာရင် လုပ်နေရတဲ့ အလုပ်တွေက ခက်ခဲကြမ်းတမ်းနေဆဲလို့ ပြောလို့ရပါသည်။ ဒါပေမဲ့ အဘိုးကိုလုပ်ဖော်ကိုင်ဖက်တွေက စာနာညှာတာကြမယ်ဆိုတာကိုလည်း အလုပ်ခွင်အတွေ့အကြုံတွေအရ သိနေတာမို့ စိုးရိမ်စိတ်ထက် လေးစားစိတ်နဲ့သာ ငေးမောကြည့်နေလိုက်မိပါသည်။

ခေတ္တခဏအနားယူပြီး အမောပြေသွားချိန်မှာတော့ ယိုင်နဲ့နဲ့ ခြေလှမ်းတွေနဲ့အတူ ရုံးခန်းတွေရှိရာဘက်ကို တစ်လှမ်းချင်း လှမ်းသွားခဲ့ပါသည်။ တရွေ့ရွေ့လှမ်းသွားတဲ့

**"ငါတို့ အသက်ရှည်ရှည်နေရမယ်ဆိုရင်တော့ ဒီအဘိုးလိုပဲ အလုပ်လုပ်နိုင်တဲ့ စွမ်းအားတွေ လိုချင်ပါတယ်။ မိသားစုအတွက်ပဲ ဖြစ်ဖြစ်၊ နိုင်ငံအတွက်ပဲ ဖြစ်ဖြစ်၊ နောက်ဆုံး ကိုယ့်တစ်ယောက်စာ အတွက်ပဲဖြစ်ဖြစ် ကမ္ဘာမြေအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်သရွေ့ အလုပ် လုပ်ခွင့်ရမယ် ဆိုရင်ပေါ့" လို့ . . .**

အဘိုးအိုရဲ့ ကျောပြင်ကို ငေးကြည့်ရင်း

"သူ့အသက်က ၇၀ ကျော်လောက်ပြီ၊ ဒီ့ထက်တော့ မငယ်လောက်ဘူး၊ ဒီအချိန်ထိ အလုပ်လုပ်နိုင်တာ အရမ်းလေးစားဖို့ ကောင်းတယ်" လို့ ကျွန်မက ခပ်တိုးတိုးဝေဖန်မိတော့ ကျွန်မနဲ့ အတူထိုင်နေတဲ့ သူငယ်ချင်းတွေအားလုံး သက်ပြင်းကိုယ်စီချလိုက်တာကို တွေ့လိုက်ရပါသည်။

တစ်ဦးတည်းသော ယောက်ျားလေးမိတ်ဆွေကတော့

"ငါတို့ အသက်ရှည်ရှည်နေရမယ်ဆိုရင်တော့ ဒီအဘိုးလိုပဲ အလုပ်လုပ်နိုင်တဲ့ စွမ်းအားတွေ လိုချင်ပါတယ်။ မိသားစုအတွက်ပဲဖြစ်ဖြစ်၊ နိုင်ငံအတွက်ပဲဖြစ်ဖြစ်၊ နောက်ဆုံး ကိုယ့်တစ်ယောက်စာ အတွက်ပဲဖြစ်ဖြစ် ကမ္ဘာမြေအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်သရွေ့ အလုပ်လုပ်ခွင့်ရမယ်ဆိုရင်ပေါ့" လို့ ခပ်တိုးတိုးလေး ညည်းတွားနေခဲ့ပါသည်။

(၃)

၂၀၀၁ ခုနှစ်၊ ဆောင်းရာသီရဲ့ နေ့တစ်နေ့မှာ ရှင်ဂျန်းခရိုင်ယိုဂုာ မိဘမဲ့ကလေးကျောင်းထဲကို သုံးဘီးဆိုက်ကားကို တရွေ့ရွေ့နင်းပြီး ဝင်လာသူက အသက်ကိုးဆယ်အရွယ် အဘိုးလီ။ သူ့ရဲ့ နာမည်အပြည့်အစုံက ဘိုင်ဖန်းလီ၊ ဒီမိဘမဲ့ကျောင်းလေးရဲ့ ပင်တိုင်အလှူရှင်အဘိုးအို တစ်ဦး။

"ဒီပိုက်ဆံဟာ ဒီကျောင်းက ကလေးတွေအတွက် အဘိုးရဲ့နောက်ဆုံး အလှူငွေပါ။ အဘိုးကျန်းမာရေး သိပ်မကောင်းတော့လို့ ဒီအလုပ်ကို ဆက်ပြီး မလုပ်နိုင်တော့တဲ့အတွက် ဝမ်းနည်းပါတယ်" လို့ပြောရင်း တုန်ယင်နေတဲ့လက်အစုံနဲ့ ကမ်းပေးလာတဲ့အလှူငွေကို လက်ခံယူနေတဲ့ ဆရာမတွေရဲ့ မျက်ဝန်းမှာ မျက်ရည်တွေ ဝေ့နေခဲ့ပါသည်။

အဘိုးအိုကမ်းပေးလာတဲ့ ငွေပမာဏက အမေရိကန်ဒေါ်လာ ၈၀ နဲ့ညီမျှတဲ့ ဒေသသုံးယွမ်ငွေ ငါးရာတိတိ။ မီလျံနာတစ်ယောက် မဟုတ်တဲ့ အသက်ကိုးဆယ်ကျော် အဘိုးလီရဲ့ တစ်နေ့ဝင်ငွေက ဒေသသုံးယွမ်ငွေ သုံးဆယ်ထက်မပို။ ဒီငွေနှစ်ဆယ် သုံးဆယ်လောက်ရဖို့အတွက် အဘိုးလီတစ်ယောက် နေ့မနားညမနား နှစ်ဆယ့်လေးနာရီလုံးလုံး ခရီးသည်မျှော်ပြီး ဆိုက်ကားနင်းနေရတာ ယို ဂုာကျောင်းက ဆရာမတွေ အားလုံး သိကြသည်။

တစ်နေ့လုံး မရပ်မနားရှာဖွေလို့ရတဲ့ ယွမ်ငွေနှစ်ဆယ်ကျော်သုံးဆယ်ထဲက တစ်နေ့တာ အိပ်စက်အနားယူဖို့ တဲအိုနန်းရဲ့ပိုင်ရှင်ကိုလည်း



Asian Fame Media Group

နေ့စဉ် အခန်းငှားခ ခွဲပေးရသေးသည်။ ပြီးတော့ ချွေချွေတာတာ စားသောက်ဖို့အတွက် နေ့လယ်စာနဲ့ ညစာအတွက် ဖယ်ရပြန်သည်။

နေ့လယ်စာအတွက် ပေါင်မုန့်ငယ် နှစ်လုံး၊ ညစာအတွက် မည်ကာမတ္တအသားအနည်းငယ်နဲ့ ကြက်ဥတစ်လုံးဖိုးထပ်နုတ်ပြီး မိဘမဲ့ကလေးတွေအတွက် ရည်ရွယ်ထားတဲ့ စုငွေအနည်းငယ်သာ အဘိုးအိုရဲ့ ကြေးအထပ်ထပ်လိမ်းကျံအပ်သော စက္ကူပုံးငယ်ထဲကို ရောက်ရှာသည်။

အဘိုးလီက အသက် ၉၀ ကျော်ပြီ။ သားသမီးတွေနဲ့ အဝေးမှာ မိဘမဲ့ကလေးတွေကို လှူတန်းဖို့အတွက် ချွေတာစုဆောင်းနေရှာတဲ့ အဘိုးလီကို ရှင်ဂျန်းမြို့ငယ်လေးမှာ မသိသူမရှိ။ ဖာထေးရာ ဗရပျစ်၊ ချုပ်ရိုးအထပ်ထပ်နဲ့ ဝတ်စုံကိုဝတ်ပြီး အမှိုက်ပုံက ကောက်ယူထားတဲ့ဖိနပ်အစုံကို ဝတ်ဆင်ထားပေမယ့် သူ့ရဲ့ နေ့စဉ်ဖောက်သည်တွေကို ချိုချိုသာသာဆက်ဆံတတ်တဲ့ အဘိုးလီက လူချစ်လူခင်များသူ ဆိုက်ကားသမားတစ်ဦး။

အမှန်တော့ အနေးယာဉ်မောင်းသူ အဘိုးလီက အသက် ၇၄ နှစ်မှာကတည်းက သားသမီးတွေနဲ့ အတူနေပြီး အလုပ်ကအနားယူဖို့ ဆုံးဖြတ်ခဲ့ပါသည်။

သူ့အသက် ၇၄ နှစ်အရွယ် အလုပ်က အနားယူဖို့ စဉ်းစားနေတဲ့ အချိန်ကာလလေးမှာ ခရီးသည်တစ်ယောက်ရဲ့အိမ်ကို ပို့ပေးပြီး ခေတ္တအနားယူနေတဲ့ အဘိုးလီရဲ့ မြင်ကွင်းထဲကို အသက်ခြောက်နှစ်သာသာ ခုနစ်နှစ်မရှိတရှိ ကလေးငယ်တစ်ဦး ရောက်လာခဲ့ပါသည်။ ဈေးဝယ်သူတွေကို ပစ္စည်းတွေသယ်ပေးပါရစေလို့ တောင်းပန်တိုးလျှိုးနေတဲ့ ကလေးငယ်လေးတစ်ယောက်ကို အဘွားအိုတစ်ဦးက သူဝယ်လာတဲ့ အထုပ်အပိုးတွေကို သယ်ယူခွင့်ပြုလိုက်ပါသည်။

အသက် ခုနစ်နှစ်မရှိတရှိ ကလေးငယ်က အရှိုးအပြိုင်းပြိုင်းနဲ့ မလိုက်ဖက်လောက်အောင် လေးလံတဲ့ အထုပ်အပိုးတွေကိုသယ်ပြီး အဘွားအိုကို အိမ်တိုင်ရာရောက် လိုက်ပို့ပေးနေရတာကို ပျော်ရွှင်နေပုံရပါသည်။ ခဏကြာတော့ အဘွားအိုပေးလာတဲ့ လုပ်အားခငွေကို ကျစ်ကျစ်ပါအောင် ဆုပ်ထားတဲ့ ကလေးငယ်၊ အဘိုးအိုအနားယူနေတဲ့ အမှိုက်ပုံနားကို ရောက်လာပြီး အမှိုက်ပုံထဲမှာ စားစရာတစ်ခုခုတွေ့နိုးနိုးနဲ့ ရှာဖွေနေခဲ့ပါသည်။

နောက်ဆုံးမှာတော့ အမှိုက်ပုံထဲက စားကြွင်းစားကျန်ပေါင်မုန့်တစ်လုံးကို တွေ့ရှိသွားပြီး ညစ်ပတ်ပေရေနေတဲ့ အနားသားတွေကို ဖယ်ထုတ်ကာ မြိန်ရေရှက်ရေစားသောက်နေတဲ့ ကလေးငယ်အနားကို အဘိုးလီရောက်သွားခဲ့ပါသည်။

"အမှိုက်ပုံထဲက စားကြွင်းစားကျန်တွေ ဘာလို့စားနေရတာလဲ၊ မင်း အခုရထားတဲ့မုန့်ဖိုးနဲ့ ဝယ်စားလေကွာ"လို့ အဘိုးလီက ပြောတော့

"ဒီပိုက်ဆံက ကျွန်တော့် ညီမလေးနှစ်ယောက်ကို ထမင်းဝယ်ကျွေးဖို့ ပိုက်ဆံပါ၊ သုံးလို့မရပါဘူး ခင်ဗျာ" လို့ ကလေးငယ်က ပြန်ပြောလာခဲ့ပါသည်။

"မင်းမိဘတွေ မရှိကြတော့ဘူးလား" လို့အဘိုးအိုက ထပ်မေးလိုက်တော့ "အဖေနဲ့ အမေက လွန်ခဲ့တဲ့ တစ်လလောက်က ပျောက်သွားကြပါတယ်။ ကျွန်တော်က ကျန်ခဲ့တဲ့ညီမလေးနှစ်ယောက်ကို ထမင်းကျွေးဖို့ ရတဲ့အလုပ်လေးတွေ လုပ်နေတာပါ"

ကလေးရဲ့စကားအဆုံးမှာတော့ ကလေးငယ်နေတဲ့နေရာကို လိုက်ပြနိုင်မလားလို့ အဘိုးလီက တောင်းဆိုခဲ့ပါသည်။

ကလေးငယ်သုံးယောက်နေတဲ့ တဲအိုလေးကို ရောက်တဲ့အချိန်မှာတော့ အသက်လေးနှစ်နဲ့ ငါးနှစ်အရွယ် ကလေးမလေးနှစ်ယောက်ကို သနားစဖွယ် ထပ်မံတွေ့လိုက်ရပြန်ပါသည်။ စွန့်ပစ်ခံ အရိုးပေါ်အရေတင် ပိန်ချုံးချည့်နဲ့နေတဲ့ ကလေးမလေးနှစ်ယောက်နဲ့ သူတို့ရဲ့သူရဲကောင်း အသက်ခုနစ်နှစ်မရှိတရှိ ချာတိတ်လေးကိုကြည့်ပြီး အဘိုးရဲ့ ရင်ထဲမှာ ဆို့နင့်လာခဲ့ပါသည်။ ကလေးတွေရဲ့ အိမ်နီးချင်းတွေကလည်း ကလေးငယ်တွေကို ကျွေးမွေးစောင့်ရှောက်ဖို့ မစွမ်းသာသူ အလွန်အမင်း ဆင်းရဲနွမ်းပါးသူတွေမို့ ကလေးသုံးယောက်ရဲ့ အနာဂတ်အတွက် အဘိုးလီ မချိတင်ကဲခံစားလိုက်ရပါသည်။

တစ်နေ့တည်းမှာပဲ မိဘမဲ့ကလေးသုံးယောက်ကို လက်ဆွဲလို့ ရှင်ဂျန်ခရိုင်က မိဘမဲ့ကလေးကျောင်းကို အဘိုးလီရောက်သွားခဲ့ပြီး မန်နေဂျာနဲ့တွေ့ဆုံခဲ့ပါသည်။ ကလေးတွေအတွက် လိုအပ်တဲ့ စရိတ်တွေကို ကြိုးစားရှာဖွေပြီး ထောက်ပံ့ပေးပါ့မယ်ဆိုတဲ့ ကတိနဲ့အတူ ကလေးတွေကို ပညာသင်ပေးဖို့ပါ တောင်းဆိုခဲ့ပါသည်။

၁၉၈၆ခုနှစ်ရဲ့ နေသာသောနေ့လေးတစ်နေ့။

အဲ့ဒီနေ့ကတော့ အဘိုးလီရဲ့ မိဘမဲ့ကလေးများ ကယ်တင်စောင့်ရှောက်ရေး တစ်နိုင်တစ်ပိုင်ရန်ပုံငွေစုဆောင်းခြင်းခရီးရဲ့ ပထမဆုံးခြေလှမ်းလည်း ဖြစ်ခဲ့ပါသည်။

ကလေးသုံးယောက်အတွက် လိုအပ်တဲ့စရိတ်တွေကို ရှာဖွေနိုင်ဖို့ အရင်ကထက် နှစ်ဆတိုးပြီး အလုပ်လုပ်ခဲ့ပါသည်။ တစ်နှစ်မှာ ၃၆၅ ရက်လုံးအလုပ်လုပ်ခဲ့သည်။ နေ့ရောညပါ အနားမယူစတမ်း ကြိုးစားပြီး

**တကယ်တော့ အဘိုးလီက ပညာတတ်တစ်ယောက် မဟုတ်ခဲ့ပါ။သူငယ်စဉ်က ပညာသင်ကြားခွင့် မရခဲ့၊ ပညာတတ်တစ်ယောက် မဖြစ်ခဲ့ခြင်းက အဘိုးလီရဲ့ အကြီးမားဆုံး နောင်တတစ်ခုလို့ ပြောခဲ့ပြီး နောင်လာမယ့် မျိုးဆက်သစ်တွေဟာ သူတို့ရဲ့အနာဂတ်ကို ပညာနဲ့ ပြောင်းလဲကြလိမ့်မယ်လို့ . .**



Asian Fame Media Group

အလုပ်လုပ်သည်။ ဆီးနှင်းသည်းသည်းအောက်မှာ မေးခိုက်ခိုက်တုန်အောင် ချမ်းနေတဲ့ ဆောင်းညတွေမှာလည်း အနားမယူခဲ့။ နေကျဲကျဲပူနေတဲ့ နွေလယ်ချိန်တွေမှာလည်း အနားမယူခဲ့။ ရာသီဥတုဒဏ်ကို အန်တုပြီး ကလေးတွေအရေးတွေးပြီး အလုပ်လုပ်ခဲ့သည်။

သူ့ရဲ့ခရီးသည်တွေ အားလုံးကို အပြုံးချိုချိုနဲ့ ဆက်ဆံသည်။ အဖိုးအခကို ဘယ်လောက်ဘယ်မျှ မသတ်မှတ်ထားဘဲ ခရီးသည်တွေပေးသလောက်ကိုသာ အဘိုးလီက ယူခဲ့သည်။ အဘိုးလီရဲ့ မွန်မြတ်တဲ့အလှူဒါနကို သိထားကြသူတွေကတော့ အဘိုးလီမှ အဘိုးလီ။ အဘိုးလီကို ချစ်ကြသည်။ ဆိုက်ကားနင်းခကို ကျသင့်သည်ထက် ပိုပေးပြီး အဘိုးရဲ့ ဆန္ဒတွေကို ဖြည့်ပေးကြသည်။ အဘိုးလီကလည်း ပိုက်ဆံကို သူ့အကျိုးအတွက် ဘယ်တော့မှပိုမသုံးခဲ့။ စုလို့ရသလောက် ချွေတာပြီး စုဆောင်းခဲ့သည်။ သားသမီးတွေနဲ့ ခွဲပြီး၂၄ နာရီ အလုပ်လုပ်လို့ရမယ့် မီးရထားဘူတာတစ်ခုနားက တဲစုတ်လေးမှာ အိပ်စရာနေရာ တစ်နေရာအတွက် ကျသင့်ငွေကို ပေးပြီးနေခဲ့သည်။

အဝတ်အစားကိုလည်း အသစ်မဝယ် အလဲအလှယ်အတွက် အပိုမထားခဲ့။ စွန့်ပစ်ပစ္စည်းတွေ ဖောဖောသီသီရနေတဲ့ အမှိုက်ပုံကြီးကို အဘိုးလီ ကျေးဇူးအခါခါတင်ခဲ့မိသည်။ အဘိုးလီအတွက် လိုအပ်တဲ့ ဦးထုပ်ဖိနပ်ကစလို့ တစ်ပတ်ရစ် အဝတ်အထည်အဆုံး ဝယ်စရာမလိုဘဲ ရနေတဲ့ အမှိုက်ပုံတွေကလည်း အဘိုးလီ ပိုက်ဆံများများ စုမိအောင် အကူအညီ အထောက်အပံ့ပြုခဲ့သည်။

"ငါ ပင်ပန်းရုန်းကန်ရတာ ပြဿနာမရှိပါဘူး။ ဒီကလေးတွေ နေစရာ၊ စားစရာရနေတယ်၊ ပညာသင်ကြားခွင့်ရနေတယ်ဆိုရင်ပဲ ငါ ပင်ပန်းရုန်းကန်ရကျိုးနပ်ပါပြီ" လို့ ဂုဏ်ယူဝင့်ကြွားစွာ ဆိုတတ်ပါသည်။

တကယ်တော့ အဘိုးလီက ပညာတတ်တစ်ယောက် မဟုတ်ခဲ့ပါ။ သူငယ်စဉ်က ပညာသင်ကြားခွင့်မရခဲ့။ ပညာတတ်တစ်ယောက် မဖြစ်ခဲ့ခြင်းက အဘိုးလီရဲ့အကြီးမားဆုံး နောင်တတစ်ခုလို့ ပြောခဲ့ပြီး နောင် လာမယ့်မျိုးဆက်သစ်တွေဟာ သူတို့ရဲ့အနာဂတ်ကို ပညာနဲ့ပြောင်းလဲ ကြလိမ့်မယ်လို့ မျှော်လင့်ချက်ထားမိတယ်လို့ သူ့ရဲ့ပညာရေးအလှူနဲ့ ပတ်သက်တဲ့ ရည်မှန်းချက်ကို ဖွင့်ဟခဲ့ပါသည်။

ပထမဆုံး သူကူညီထောက်ပံ့ခဲ့တဲ့ ကလေးငယ်သုံးယောက်ကို အစပြုလို့ သူ့ရဲ့တစ်ကိုယ်တော် ပညာရေးဒါနလုပ်ငန်းတွေကို အနှစ်နှစ်ဆယ်နီးပါး မပျက်မကွက် ကြိုးစားလုပ်ဆောင်ခဲ့သည်။

အသက်ခုနစ်ဆယ်ကျော် အရွယ်ကစလို့ နောက်ဆုံး သူအလုပ်လုပ်နိုင်တဲ့အချိန် အသက်ကိုးဆယ်အရွယ်အထိ ဆိုက်ကားနင်းပြီး ပညာဒါနအတွက် ရှာဖွေစုဆောင်းခဲ့သည်။ မိဘမဲ့ ဂေဟာကို အချိန်မှန်မှန် ငွေလှူဒါန်းခဲ့သည်။ အလှူလက်ခံသူများ မေ့နေသည့်တိုင် သူအလှူငွေပေးရမည့်နေ့ကို သူ မမေ့ခဲ့။

အသက် ၈၃ နှစ်အရွယ်မှာတော့ အဘိုးလီက သူ့ရဲ့ပညာရေးအလှူကို ထပ်ဆင့် တိုးချဲ့ပြီး ကလေးများကို ခွန်အားဖြစ်စေခဲ့ပြန်ပါသည်။ အဘိုးလီတစ်ယောက် အစိုးရချေးငွေနဲ့ ဖောင်ဒေးရှင်းတစ်ခု ထူထောင်ခဲ့ပြီး မိဘမဲ့ကလေးငယ်များအတွက် ပညာဒါန စီမံကိန်းကို ချဲ့ထွင်နိုင်ခဲ့ပါသည်။ ဒါပေမဲ့ သူကိုယ်တိုင်ကတော့ သူတတ်ကျွမ်းတဲ့ ဆိုက်ကားနင်းတဲ့ အလုပ်မှာ ပျော်ရွှင်စွာ လုပ်ကိုင်နေဆဲ။

"အလှူငွေပေးအပ်တဲ့ နေ့တွေမှာဆို အဘိုးလီရဲ့အပြုံးဟာ အရင်ကထက်ပိုလို့ ချိုသာပြီး အသက်ဝင်နေခဲ့ပါတယ်။ အဘိုးလီဟာ သူ့ရဲ့ အလှူအတွက် အတိုင်းမသိပျော်ရွှင်နေတတ်ပါတယ်" လို့ မိဘမဲ့ကလေးကျောင်းမှ ဝန်ထမ်းတစ်ဦးက ပြောခဲ့ပါသည်။

အလုပ်နဲ့လက်နဲ့ မပြတ်စေခဲ့တဲ့ အဘိုးလီဟာ အသက်ကိုးဆယ်ကျော်လာလို့ ခြေကုန်လက်ပန်းကျပြီး ဆိုက်ကားနင်းဖို့မစွမ်းနိုင်သည့်တိုင်အောင် ကားပါကင်တွေမှာ ကားစောင့်ပေးပြီး ငွေရှာခဲ့ရှာသည်။




မိဘမဲ့ကလေးကျောင်းကို အဘိုးလီလှူခဲ့တဲ့ အလှူငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ငါးသောင်းသုံးထောင်ကျော် (ဒေသသုံးယွမ်ငွေ သုံးသိန်းငါးသောင်းကျော်ခန့်) ရှိပါသည်။ အဘိုးလီရဲ့ ထောက်ပံ့ကြေးနဲ့ ပညာသင်ကြားခွင့်ရသူ မိဘမဲ့ကလေးငယ် အရေအတွက်ကတော့ သုံးရာကျော်ခန့် ရှိခဲ့ပါသည်။

ဒါပေမဲ့ အဘိုးလီရဲ့ ထောက်ပံ့မှုနဲ့ ဘယ်သူတွေ ပညာသင်ယူနေတယ်ဆိုတာကိုတောင် အဘိုးလီ မသိခဲ့။ သိအောင်လည်း မေးမြန်းခြင်းမပြုခဲ့ပါ။

သူ့ရဲ့ ရည်ရွယ်ချက်အရ ကလေးတွေအတွက် အချိန်မှန်အလှူငွေပို့ပေးနိုင်ဖို့ကိုသာ အဘိုးလီက စိုးရိမ်ပူပန်တတ်ခဲ့ပါသည်။အဘိုးရဲ့ မွန်မြတ်တဲ့အလှူဒါနနဲ့ ပတ်သက်လို့ ကလေးအနည်းငယ်နဲ့ တွဲပြီးရိုက်ထားတဲ့ ဓာတ်ပုံအချို့ကိုသာ တွေ့ခဲ့ရပါသည်။

အဘိုးလီရဲ့ မြင့်မြတ်လှတဲ့ ပညာရေးအလှူကို ရှင်ဂျန်နယ်သူနယ်သားတွေအားလုံး အသိအမှတ်မပြုဘဲ မနေနိုင်ကြပါ။

အသက်ကိုးဆယ်ကျော်အထိ ဆင်းဆင်းရဲရဲ ရုန်းကန်ပြီး ကလေးတွေအတွက် ပြုနေတဲ့ကုသိုလ်တွေကို အဘိုးလီရဲ့ သားသမီးများကလည်း တားဆီးပိတ်ပင်ခြင်းငှာ မစွမ်းသာခဲ့။ သားသမီးတွေအနေနဲ့ အိုမင်းမစွမ်းဖြစ်နေတဲ့ ဖခင်ကြီးကို အလုပ်ကနေ အနားယူဖို့ အမျိုးမျိုးနားချဖျောင်းဖျခဲ့ပေမယ့် အရာမရောက်၊ သူတို့စကားတွေကို အဘိုးလီက မသိကျိုးကျွန်ပြုပြီး မျက်နှာလွှဲနေခဲ့ပါသည်။

၂၀၀၅ စက်တင်ဘာလ၊ ၂၃ ရက်နေ့မှာတော့ ရှင်ဂျန်ခရိုင်က မိဘမဲ့ကလေးတွေရဲ့ မျှော်လင့်ချက်တစ်ခုဖြစ်တဲ့ အဘိုးလီတစ်ယောက် အဆုတ်ကင်ဆာရဲ့ ဖိစီးမှုနဲ့ ဆေးရုံပေါ်မှာ ကွယ်လွန်ခဲ့ပါသည်။ အဘိုးလီကွယ်လွန်ချိန်မှာ အသက် ၉၃ နှစ်ရှိပြီး သူ့ရဲ့နောက်ဆုံးအချိန်အထိ ဘဝကို ဆင်းဆင်းရဲရဲဖြတ်သန်းခဲ့ရရှာပါသည်။

မိဘမဲ့ကလေးတွေရဲ့ အလင်းတန်းဖြစ်တဲ့ အညတရပညာဒါနရှင် အဘိုးလီရဲ့စျာပနကို ဒေသခံရာပေါင်းများစွာ တက်ရောက်ခဲ့ကြပါသည်။

အဘိုးလီဟာ သူတို့မြို့ငယ်လေးက မိဘမဲ့ကလေးငယ်တွေအတွက် အရောင်အဝါ မတောက်ပပေမယ့် အလင်းတန်းပေးနိုင်စွမ်းတဲ့ ဖျောက်ဆိပ်ကြယ်လေးတစ်လုံး . . .

မြို့သူမြို့သားတွေအတွက် ကိုယ်ကျိုးမကြည့်တဲ့ စံပြရှေ့ဆောင် စေတနာရှင်တစ်ဦး။ သာမန်လူသားတွေထက်ပိုတဲ့ မေတ္တာစေတနာတွေနဲ့ မိဘမဲ့ကလေးတွေကို ချစ်ခင်ခဲ့သူတစ်ဦးအဖြစ် ပြောစမှတ်တွင်စေခဲ့ပါသည်။

**နှင်း**



# ရေအကျိုး ခုနစ်ပါး

ကျော်ဦး

**(၁) ရေသည် ခန္ဓာကိုယ်၏ အခြေခံလိုအပ်ချက်**

ရေသာမရှိလျှင် လူ့ခန္ဓာကိုယ်၏ အခြေခံလုပ်ဆောင်ချက်များသည် ပုံမှန်ဖြစ်ပေါ်နိုင်မည် မဟုတ်ချေ။ ကြွက်သားများ ရှုံ့ခြင်း ဆန့်ခြင်း၊ အသည်း၌ ဖြစ်ပေါ်သော ဓာတ်ပြောင်းမှုစသည်တို့အပါအဝင် လူ့ကိုယ်တွင်းရှိ ဓာတုပြောင်းလဲမှုတိုင်းအတွက် ရေကို လိုအပ်သည်။ ရေလျော့နည်းသွားလျှင် ကိုယ်တွင်းတစ်သျှူးများ ခြောက်သွေ့လာသည်။ ဓာတ်ပြောင်းလဲမှု နှေးကွေးလျော့နည်းလာသည်။ အဆီဓာတ်များကို လောင်ကျွမ်းစေခြင်း၊ ကိုယ်ကာယ လှုပ်ရှားခြင်းတို့ကို လုပ်ဆောင်ရန် စွမ်းအင်မရှိတော့။ ယင်းအခြေအနေသို့ မရောက်အောင်ကာကွယ်ရန် ရေငတ်ခြင်း၊ ဝမ်းချုပ်ခြင်း၊ မောပန်းခြင်း၊ ဆီးနည်းလာခြင်း စသည်တို့ကို သတိထားသင့်သည်။ ယင်းလက္ခဏာများသည် ကိုယ်တွင်းရေဓာတ် လျော့နည်းလာနေကြောင်း ညွှန်းဆိုသည့်အချက်ပြမှုများပင် ဖြစ်သည်။

**(၂) ရေကြောင့် ဗိုက်ပြည့်နေသည်ဟု ခံစားရသည်။**

ထမင်းမစားမီ ရေတစ်ခွက်ခန့်သောက်လျှင် အစာလျှော့စားလိုစိတ် ပေါ်လာတတ်သည်။ အစာကို ချင့်ချင့်ချိန်ချိန် စားတတ်သူများပင် မိမိကြိုက်သည့်အစာကို စားခွင့်ရလျှင် ရည်မှန်းထားသည်ထက် ပိုစားမိတတ်သည်။ အစာလျှော့စား၍ ကိုယ်အလေးချိန်ချလို သူတို့အတွက် ရေသည် ကြီးစွာသောအထောက်အကူပင် ဖြစ်သည်။ ရေ

Asian Fame Media Group

သောက်လျှင် အတိုင်းအတာတစ်ခုအထိ ဗိုက်ပြည့်သည်ဟု ခံစားရသည်။ သို့သော် ရေတစ်ခွက်သောက်ရုံဖြင့် စားနေကျအစာ၏ ထက်ဝက်ကိုသာ စားချင်တော့မည့် သဘောတော့ မဟုတ်ပေ။ အရည်သည် အဖတ်ထက် ကိုယ်ခန္ဓာတစ်လျှောက် စိမ့်ဝင်ပျံ့နှံ့လွယ်သဖြင့် သောက်ပြီးမကြာမီပင် ဗိုက်ပြန်ဆာလာတတ်သည်ကို သိထားသင့်သည်။







### (၃) ရေသည် ခန္ဓာတွင်းအဆိပ်နှင့် အညစ်အကြေးတို့ကို ဆေးကြောပေး၊ ထုတ်ပစ်ပေးသည်။

ကိုယ်ခန္ဓာတွင်း အင်္ဂါများမှ စွန့်ပစ်ထုတ်ပယ်လိုက်သော အဆိပ်နှင့် အညစ်အကြေးများကို ဓာတ်ပြုသန့်စင်ရန်၊ ကိုယ်ခန္ဓာပြင်ပသို့ သယ်ယူထုတ်ပစ်ရန် စသည့်ဖြစ်စဉ်များ ပုံမှန်ဖြစ်နေရန် ကိုယ်တွင်း၌ ရေပုံမှန်ပမာဏရှိနေဖို့ လိုအပ်သည်။ ကိုယ်တွင်း အဆိပ်ဓာတ်များကို ရေအဓိကပါဝင်သော ချွေး၊ ကျင်ငယ်၊ ကျင်ကြီးတို့ထဲမှ တစ်ဆင့်ပြင်ပသို့ ထုတ်ပစ်သည်။ ထိုသို့ မထုတ်ပစ်နိုင်လျှင် ကျောက်ကပ် ပုံမှန် အလုပ်မလုပ်နိုင်တော့ဘဲ အဆိပ်ဓာတ်များ စုပုံလာသည်။ စွန့်ထုတ်ရန် ခက်လာသည်။ အဆိပ်တို့ကြောင့် အသည်း၊ ကျောက်ကပ်နှင့် အစာအိမ်တို့၏ စွမ်းဆောင်မှုကို ထိခိုက်လာသည်။ သွေးထဲသို့ အဆိပ်များဝင်လာကာ ပြဿနာပေါင်းစုံ ပေါ်ပေါက်လာတော့သည်။

### (၄) ရေကြောင့် ဆီးမှန်ဝမ်းမှန်သည်။

ဆီးဝမ်းမှန်ခြင်းသည် အဆိပ်များကို ကိုယ်ပြင်ပသို့ စွန့်ထုတ်ခြင်းနှင့် ဆက်စပ်နေသည်။ ဆီးဝမ်းမှန်ခြင်းကြောင့် အခြားအကျိုးကျေးဇူးများကိုလည်း ရသည်။ မကြာခဏဝမ်းချုပ်တတ်သူသည် ဆီးချိုနှင့်အချို့သော အင်္ဂါအစိတ်အပိုင်းများ၏ ကင်ဆာစသည့်ရောဂါများ အဖြစ်လွယ်သည်ဟု ဆိုသည်။ ထို့ပြင် ဝမ်းမှန်သူသည် အဝလွန်ရောဂါမှ ကင်းဝေးတတ်သည်။

### (၅) ရေက ချွေးထွက်ရန် အကူအညီပေးသည်။

ချွေးထွက်ခြင်းကြောင့် တစ်ခါတစ်ရံ ကသိကအောက် ဖြစ်ရသော်လည်း ယင်းသည် လိုအပ်သော ကိုယ်တွင်းဖြစ်စဉ်တစ်ရပ်ပင် ဖြစ်သည်။ ပူအိုက်သောရာသီတွင် ချွေးထွက်ခြင်းကြောင့် ကိုယ်အပူချိန် ကျဆင်းသည်။ ကိုယ်ကာယလေ့ကျင့်ခန်းလုပ်နေခိုက် ချွေးထွက်ခြင်းက ခန္ဓာကိုယ်ကို အပူမလွန်အောင် ထိန်းပေးသည်။ ထိုအချိန် တွင် ကိုယ်ခန္ဓာတွင်း၌ ရေအလုံအလောက် မရှိပါက ချွေးအလုံအလောက်မထွက်နိုင်။ ချွေးမထွက်နိုင်လျှင် ကိုယ်အပူချိန် အလျင်အမြန် တက်လာပြီး ကာယလေ့ကျင့်ခန်းဆက်လုပ်နိုင်မည် မဟုတ်ချေ။ အဆိုပါ အခြေအနေတွင် အတင်းတွန်း၍ လှုပ်ရှားမှုဆက်လုပ်လျှင် အပူရှပ်နိုင်သည်။ သေဆုံးသည်အထိလည်း ဖြစ်နိုင်သည်။

### (၆) ရေကြောင့် ကိုယ်ခန္ဓာ လှုပ်ရှားနိုင်သည်။

ရေသည် ကိုယ်တွင်းအပူချိန်ကိုသာ ထိန်းညှိပေးသည် မဟုတ်၊ ကိုယ်အင်္ဂါများလှုပ်ရှားရာတွင်လည်း အထောက်အကူပေးသည်။ အဆစ်များသည် ကြားတွင်ရေရှိ၍သာ ချောမွေ့စွာ လည်ပတ်လှုပ်ရှားနိုင်ခြင်း ဖြစ်သည်။ ရေသည် ကြွက်သားများ နာကျင်ခြင်းမဖြစ်အောင်လည်း ကာကွယ်ပေးသည်။ ရေရှိမှလည်း ကြွက်သားများ ကျုံ့နိုင်၊ ဆန့်နိုင်ကြသည်။ ကြွက်သားရောဂါသည် အများအပြားသည် ရေပိုသောက်ရုံဖြင့် သက်သာရာရသည်။

### (၇) ရေသည် အခြားအရည်များ ဖြစ်ကြသော နို့၊ ဆိုဒါစသည်တို့ထက် ပိုကောင်းသည်။

ကိုယ်ခန္ဓာတွင်း လိုအပ်သော ရေဓာတ်ကို နွားနို့၊ ဆိုဒါ၊ လက်ဖက်ရည်စသည်တို့ သောက်၍လည်း ဖြည့်တင်းပေးနိုင်သည်။ သို့သော် ရေကို စျေးချိုစွာနှင့် လွယ်ကူစွာရနိုင်သည့်အပြင် နို့စသည်တို့ကဲ့သို့ ကယ်လိုရီမပါသဖြင့် ဝဖြိုးလာခြင်းမှ ကာကွယ်ပေးသည်။ ရေတွင် အခြားအရည်များကဲ့သို့ မည်သည့်အငြင်းပွားဖွယ် ပစ္စည်းမှမပါသဖြင့် ရေဓာတ်ဖြည့်တင်းရေးကိစ္စတွင် ကျန်းမာရေးရှုထောင့်မှကြည့်လျှင် အခြားအရည်များထက် များစွာသာလွန်သည်။ ဥပမာ ကိုလာအချိုရည်များတွင်ပါသည့် ဖော့စ်ဖောရစ်အက်စစ်သည် အရိုးပွစေသည်ဟု အချို့ကဆိုသည်။

**ကျော်ဦး**

Asian Fame Media Group

# YATI HOROSCOPE

## ဒေါက်တာမြတ်သစ် (မန္တလေး)




**တူရာသီ**

(စက်တင်ဘာ ၂၃ မှ အောက်တိုဘာ ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် စီးပွားရေးအဆင်ပြေစေနိုင်ပေမည်။ ဝင်ငွေ လည်း ကောင်းလာစေမည်။ လူအနေဖြင့် အထူးပင် ပင်ပန်းစေလိမ့်မည်။ မိတ်ဆွေကောင်းနှင့် လက်တွဲရသည်ကို ဂုဏ်ယူသင့်သည်။ စားပွဲသောက်ပွဲများ ဆက်တိုက်တက်လာရတတ်ပေသည်။ မင်္ဂလာပွဲခရီးအစီအစဉ်များအတွက် ပစ္စည်းအမျိုးမျိုးတို့ကို တင်ကြိုဝယ်ယူထားသင့်ပေသည်။ အလုပ်စာမေးပွဲ တော်တော်ဖြေရတတ်သည်။ ပညာရေး ကောင်းမည်။ ဘွဲ့လွန်၊ ပါရဂူအဆင့် အတွက် ဆက်၍အကျိုးရှိပေမည်။ အချစ်ရေး – စိတ် ကလေမရိုက်သင့်ပါ။ မိတ်ဆွေဟောင်းများကို ပြန်၍ လက်တွဲပါ။

**ယတြာ။ ။ပေါက်စီလှူပေးပါ။**



SCORPIO

**ဗြိစ္ဆာရာသီ**

(အောက်တိုဘာ ၂၃ မှ နိုဝင်ဘာ ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် အလုပ်အကိုင် စီးပွားအောင်မြင်ဖြစ်ထွန်း ကံကောင်းကြီးပွားတိုးတက်လာစေရန်အတွက် ပြင်ဆင်သင့်ပေသည်။ စိတ်ဓာတ်၊ လူ၊ အနေအထိုင်အစ ပြင်နိုင်လျှင် ကောင်းမည်။ ပညာရေး – ထူးချွန်မှုရှိပေလိမ့်မည်။ မိဘကျန်းမာရေး အထူးသတိပြုသင့်သည်။ ဘိုးဘွား အမွေ၊ မြေ၊ ပြဿနာများကို ဖြေရှင်းရမှု အမှုပြဿနာအထိ ရှင်းရတတ်ပေသည်။ အိမ်ထောင်ရေး – ရန်ပေါ်၍ အိမ်မှ ဆင်းသွားတတ်သည်။ မြေ အရောင်းအဝယ် အဆင်ပြေပါလိမ့်မည်။

**ယတြာ။ ။ပရုတ်ဆီလှူပါ။**




**ဓနုရာသီ**

(နိုဝင်ဘာ ၂၃ မှ ဒီဇင်ဘာ ၂၀ ကြား မွေးဖွားသူများ)

သင့်အတွက် လုပ်ငန်းပိုင်းအောင်မြင်သော်လည်း ရန် အထူးများစေတတ်ပေသည်။ အများအကျိုးအတွက် ကူညီဆောင်ရွက်ရာ၌ အဆင်ပြေမည်။ မိသားစုတွင်း စိတ်ဝမ်းကွဲတတ်သည်။ ဆွေမျိုးအချင်းချင်း မညီညွတ် အပြင်ပန်းဆက်ဆံရေးသာ ကောင်းစေတတ်သည်။ ပညာရေး – ကြိုးစားပမ်းစားဆောင်ရွက်မှုကြောင့် အောင်မြင်မှုရရှိစေတတ်ပေသည်။ လူမှုရေးကိစ္စ စကားပြောသတိပြုပါ။ တစ်ခုလပ်များ အိမ်ထောင်ကျရန် အခြေအနေပေးလာတတ်သည်။ ပြည်တွင်းလုပ်ငန်းပိုင်း အဆင်ပြေစေတတ်ပေသည်။ အလုပ်သမား ပြောဆိုရခက်ခဲ၍ စိတ်ညစ်ရတတ်ပေသည်။ အချစ်ရေး – စိတ်ညစ်ရပြီး လူကြီးမိဘ သဘောမကျဖြစ်စေနိုင်သည်။

**ယတြာ။ ။ဆန်လှူပေးပါ။**




**မကာရရာသီ**

(ဒီဇင်ဘာ ၂၂ မှ ဇန်နဝါရီ ၂၀ ကြား မွေးဖွားသူများ)

သင့်အတွက် စီးပွားအခြေအနေကောင်း ထူးထူးခြားခြား အောင်မြင်လာလိမ့်မည်။ လုပ်ငန်းကြီး လုပ်ဆောင်သူနှင့် အဆက်အသွယ် ရရှိစေတတ်ပေသည်။ စပ်တူကိစ္စ ညှိနှိုင်းမှုတို့ ပေါ်တတ်ပြီး လုပ်ဆောင်သင့်ပေသည်။ ရပ်ဝေးရောက်ရှိစဉ် အမှတ်ရစေသော တိတ်တိတ် အချစ်ရေးဇာတ်လမ်း ပေါ်စေတတ်၊ သဘောကျလက်ခံမိတတ်သည်။ စက်၊ ကား အသစ်ဝင်ရန် ရှိပေသည်။ သွေးအလှူတစ်ခု ပြုရတတ်သည်။ မိဘတို့ ပေးသော အလုပ်၊ အကြံကောင်းလက်ခံခြင်း အကောင်းဆုံး ဖြစ်စေလိမ့် မည်။

**ယတြာ။ ။အဖွေးတိုင် ၉ တိုင်လှူပါ။**


MEDIA GROUP
Asian Fame Media Group



AQUARIUS

## ကုမ်ရာသီ

(ဇန်နဝါရီ ၂၂ မှ ဖေဖော်ဝါရီ ၁၈ ကြား မွေးဖွားသူများ)

သင့်အတွက် အကျိုးဖြစ်ထွန်းသော လူအများနှင့် သဟဇာတဖြစ်စေသည့် ဆက်ဆံရေးကို လုပ်ဆောင်သင့်ပေသည်။ အသိ၊ တရားမလွှတ်သင့်ပေ။ ပင်ကိုစရိုက်အမှန်အတိုင်း မလုပ်သင့်ပေ။ ပြည်ပခရီး နိုင်ငံစုံရောက်ရှိစေတတ်ပေသည်။ သားသမီးပညာရေး စိတ်မောရတတ်ပေသည်။ စီမံကိန်းကြီးများတွင် ပါဝင်၍ စီးပွားရှာဖွေရန် စိတ်ဝင်စားမိတတ်ပေ သည်။ ရေထွက်ပစ္စည်းများ၊ ဟိုတယ်၊ ရေနံ၊ ဝါ၊ ချည်၊ ဆီထွက်ပစ္စည်းများ၊ သစ်တောထွက်အကျိုးရှိစေမည်။ အချစ်ရေး - ရွေးချယ်ရခက်ပြီး စိတ်ကြိုက် မရတတ်ပေ။

**ယတြာ။ ။စံပယ် ၃ ကုံး လှူပေးပါ။**




## မိန်ရာသီ

(ဖေဖော်ဝါရီ ၁၉ မှ မတ် ၂၀ ကြားမွေးဖွားသူများ)

သင့်အတွက် နေရာကောင်းသို့ ရာထူးတက်ခြင်းရှိလာနိုင် ပေသည်။ နာမည်ကောင်း ထိုက်ထိုက်တန်တန် ရရှိစေတတ်ပေသည်။ ဆေး၊ စက်မှု၊ လျှပ်စစ် စသည်ပညာရှင်တို့ အလုပ်စာမေးပွဲဖြေဆိုထားမှု အဆင် ပြေစေကာ နောက်တစ်ဆင့် ကံကောင်းစေလိမ့်မည်။ ပျိုရွယ်သူတို့ လိင်မှု ပြဿနာအရှုပ်ကွဲမှု ကြုံတတ်သည်။ အိမ်ထောင်ရှင်တို့ တိတ်တိတ်ခိုးစားရာမှ ပြဿနာဖြစ်တတ်သည်။ အစာအိမ်ပိုင်း ဒုက္ခပေးတတ်၍ သတိထားသင့်ပေ သည်။

**ယတြာ။ ။နှင်းဆီအနီ ၇ ပွင့် လှူပေးပါ။**



ARIES

## မိဿရာသီ

(မတ် ၂၁ မှ ဧပြီ ၂၀ ကြား မွေးဖွားသူများ)

သင့်အတွက် ပင်ကိုစရိုက် မြန်ဆန်ခက်ထန်ကြမ်းတမ်းမှု တို့ ပိုမိုပေါ်လွင်နေတတ်ပေသည်။ စိုးရိမ်စိတ်ကြီးတတ်ပေသည်။ အတ္တစိတ် ကြီးမားမှုကြောင့် အတိုက်အခိုက် အထူးများစေတတ်ပေသည်။ ငွေဝင်ကောင်းသည်။ အသုံးအစွဲ အထူးကြီးမားနေတတ်ပေသည်။ လူမှုရေးအလှူ မင်္ဂလာပွဲတို့အတွက် ရက်ရောစွာ ကူညီမှုပြုရတတ်ပေသည်။ ပညာရေး - ဖြေဆိုနိုင်ပေ မည်။ အနုပညာလေ့လာမှု ပြုရမည်။ အချစ်ရေး - မျက်နှာများမိလိမ့်မည်။ လုပ်ငန်းကို အမျိုးမျိုးလုပ်မှ အဆင်ပြေမည်။ အိမ်ထောင်ဖက် ကျန်းမာရေး ညံ့စေမည်။ အိမ်ထောင်ဖက်မသိအောင် တိတ်တိတ်ခိုးစားရခြင်းဖြင့် ကျေနပ်နေမိမည်။

**ယတြာ။ ။အနီရောင်လိုက်ကာ၊ ခန်းဆီးလှူပါ။**



TAURUS

## ပြိဿရာသီ

(ဧပြီ၂၁ မှ မေ ၂၁ ကြား မွေးဖွားသူများ)

သင့်အတွက် နေရာတကာတွင် သဘောထားကြီးလွန်းခြင်းကို ဆန့်ကျင်သင့်သည်။ မကျေနပ်ကြောင်း တစ်ခုခုလုပ်ပြသင့်သော ကာလတစ်ခုပင်ဖြစ်ပေသည်။ စီမံကိန်းများ၊ အကြံအစည်များကို ညှိနှိုင်း တိုင်ပင် လုပ်ဆောင်လျှင် ဖြစ်ထွန်းပေမည်။ ဝင်ငွေထက် ထွက်ငွေ (သို့) ရင်းနှီးမြှုပ်နှံငွေများသော အချိန်ကာလတစ်ခုပင် ဖြစ်ပေလိမ့်မည်။ ကား ဝယ်ယူမှု အကျိုးပြုမည်။ နေရာတစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းခြင်း အဆင်ပြေမည်။ မင်းမှုထမ်းအလုပ်ရရန် ဖြေဆိုမှုအဆင်ပြေမည်။ သားသမီး အတွက် အရှက်ရတတ်သည်။ အိမ်ထောင်ရေး - အနှောင့်အယှက်တွေ့နိုင် သည်။ အချစ်ရေး - အကွဲကွဲ၊ အပြဲပြဲ ရင်ဆိုင်ဆဲဖြစ်ပေမည်။

**ယတြာ။ ။ငါးကြော် ၅ ကောင် ဆွမ်းတော်လှူပါ။**

Asian Fame Media Group
MEDIA GROUP



GEMINI

**မေထုန်ရာသီ**

(မေ ၂၂ မှ ဇွန် ၂၁ ကြား မွေးဖွားသူများ)

သင့်အတွက် အခြေအနေ၊ အချိန်အခါကို စောင့်သင့်သော ကာလတစ်ခုပင်ဖြစ်ပေလိမ့်မည်။ လုပ်ငန်းသင့်ရုံသာ အောင်မြင်မှုများ ရရှိစေတတ်ပေသည်။ အနီးကပ်သစ္စာမဲ့သူများကို သတိထားသင့်ပေသည်။ အိမ်၊ မြေ ထပ်မံဝယ်ယူရန် အခြေအနေပေးမည်။ ပညာရေး - ထူးချွန်စေတတ်သည်။ သင်တန်းတက်ရောက်ခြင်း အကျိုးရှိမည်။ ကိုယ်ဝန် နနယ်သူတို့ အထူးသတိပြုပါ။ ပျက်တတ်၊ သွေးဆင်းတတ်သည်။ အချစ်ရေး - မျက်နှာများမိတတ်သည်။ အလုပ်အကိုင်အသစ်အတွက် စဉ်းစားဆဲကြံ့မည်။ ကျန်းမာရေး ညံ့စေတတ်သည်။

**ယတြာ။ ။ရေတော် ၁ ခွက်ကပ်လှူပါ။**



CANCER

**ကရကဋ်ရာသီ**

(ဇွန် ၂၂ မှ ဇူလိုင် ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် ထိုင်နေ၍ အောင်မြင်မှုမရနိုင်ပေ၊ စောင့်ကြည့်နေမည့်အစား သွားလာလှုပ်ရှားမှ၊ ခရီးဝေးအမျိုးမျိုးသွားမှ အထူးပင်အဆင်ပြေ ကံကောင်းအောင်မြင်မှုများ ရရှိနိုင်ပေလိမ့်မည်။ တစ်ပါးသူပြောစကားနားထောင်ပြီးမှ အိမ်ထောင်ဖက်နှင့် စကားပြောသင့် ပေသည်။ ဝင်ငွေအထူးကောင်းမှုသည် ရပ်ဝေးသွားခြင်း အကျိုးဖြစ်လိမ့်မည်။ ကားသစ်ဝင်၊ ကားဟောင်းထွက်မည်။ ဟိုတယ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး၊ ကား၊ ဆီ၊ စားအုန်းဆီ၊ ဆန် စသည်တို့ ဈေးကောင်း၍ အလုပ် ဖြစ်မည်၊ စည်ကားမည်။ ရွှေဈေးအတက်အကျ မတည်ငြိမ်။ အချစ်ရေး - ကံကောင်းစေမည်။ တရားမဝင် ကိုယ်ဝန်ရတတ်သည်။

**ယတြာ။ ။ဖောင်တိန်အနီရောင် ၇ ချောင်းလှူပါ။**




**သိဟ်ရာသီ**

(ဇူလိုင် ၂၃ မှ ဩဂုတ် ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် အလုပ်များ၍ တာဝန်ပိနေရတတ်ပေသည်။ ခပ်ပျော့ပျော့မလုပ်သင့်ပေ။ စီးပွားရေးလုပ်ငန်းစသည့် အခြေအနေတို့ ကောင်းမွန်တိုးတက်လာရတတ်သည်။ အခက်အခဲပြဿနာကြားမှ ထွန်းတောက်စွာ စီးပွားဖြစ်ထွန်းလာရန်မြင်သည်။ လက်တွဲဖော်ကောင်းမွန်မှု ကြောင့် အိမ်တွင်းပြဿနာသာမက လုပ်ငန်းတွင်းပြဿနာများပါ ဖြေရှင်းနိုင် ပေလိမ့်မည်။ ပညာရေးအခြေအနေ ချောမွေ့အဆင်ပြေလာနိုင်ပေသည်။ အနုပညာလုပ်ငန်း အောင်မြင်စေမည်။ နား၊ လည်ပင်းတို့တွင် ဒုက္ခပေးလာနိုင်ပေသည်။ စိန်၊ ရွှေ၊ ရတနာဝင်တတ်သည်။ အချစ်ရေး - ကံကောင်းစန်းပွင့် စေသည်။ လက်အောက်ငယ်သားသတိထား ဆက်ဆံသင့်သည်။

**ယတြာ။ ။သံဃာတော်ကို သပိတ်လှူပါ။**




**ကန်ရာသီ**

(ဩဂုတ် ၂၃ မှ စက်တင်ဘာ ၂၂ ကြားမွေးဖွားသူများ)

သင့်အတွက် အပြင်ပန်း အထင်ကြီးစရာမရှိသော်လည်း စိတ်ထားအတွင်းပိုင်း သန့်ကြောင်းအများလက်ခံလာရန် ကြိုးစားသင့်ပေ သည်။ သင့်အပေါ်အနိုင်ကျင့်ဒုက္ခပေး တိတ်တိတ်စော်ကားနေသူကို တွန်းလှန်သင့်သည်။ ဥပဒေအတိုင်း အတိအကျအများသိစေရန် လုပ်ဆောင် သင့်သည်။ ပညာရေးအခြေအနေ ဆရာများကြောင့်ပင်လျှင် ကံကောင်းလာ တတ်ပေသည်။ ကိုယ်ပိုင်စီးပွားရေးအခြေအနေ မကောင်းသေးပါ။ လခစား အလုပ် ပုံမှန်သာသင့်အတွက် အခြေအနေကောင်းစေတတ်သည်။ အချစ် ရေး - အနေအထိုင်သတိထားပါ။ ရောင်းမစွံသော မိမိပစ္စည်းများ ပျက်စီး တတ်၍ သတိထားသင့်သည်။ ကိုယ်လိမ္မာကျွမ်းကျင်သော အလုပ်ကိုသာ ဆက်ကြိုးစားပါ။

**ယတြာ။ ။ထောပတ်သီး ၃ လုံးလှူပါ။**

(၇) ရက်သားသမီးများ
၂၀၁၂ October လအတွက် ကံစမ်းထီထိုးရန်
အားကောင်းသော ဂြိုဟ်များမှာ

ပထမပတ် - တနင်္လာဂြိုဟ် (၂)၊ ဗုဒ္ဓဟူးဂြိုဟ် (၄)၊
ဒုတိယပတ် - သောကြာဂြိုဟ် (၆)၊ တနင်္ဂနွေဂြိုဟ် (၁)၊
တတိယပတ် - ဗုဒ္ဓဟူးဂြိုဟ် (၄)၊ စနေဂြိုဟ် (၇)၊
စတုတ္ထပတ် - အင်္ဂါဂြိုဟ် (၃)၊ သောကြာဂြိုဟ် (၆)၊ တို့ဖြစ်သည်။

ဒေါက်တာမြတ်သစ် (မန္တလေး)
ဖုန်း-၀၂၇၃၇၉၄

Asian Fame Media Group

# သူတို့ရွေးတဲ့ t








October လက ဂါရဝတရားကို အလေးအမြတ်ထားတဲ့ လတစ်လဆိုရင် မမှားပါဘူး။ October ၅ ရက်နေ့ကို World Teachers' Day အဖြစ် သတ်မှတ်ပြီး တစ်ကမ္ဘာလုံးမှာ ရှိကြတဲ့ တပည့်ဆိုတဲ့သူများက သူတို့ဆရာတွေကို တလေးတစားနဲ့ ဂုဏ်ပြုတဲ့နေ့လေးတစ်နေ့ပါပဲ။ မြန်မာလတွေထဲက သီတင်းကျွတ်လကလည်း အောက်တိုဘာလထဲမှာ ပါဝင်ပြီး မိဘ၊ ဆရာသမားတွေကို အလေးထား ဂါရဝပြုကြပါတယ်။ ဒါကြောင့် ဒီလရဲ့ သူတို့ပြောတဲ့ ကဏ္ဍမှာ 'T' စာလုံးကိုရွေးချယ်ခဲ့ပြီး Teaching ဆိုတဲ့စကားလုံးရဲ့ အဓိပ္ပာယ် အပါအဝင် Talent နဲ့ Teamwork စကားလုံးလေးတွေ အကြောင်းကို ဖော်ပြပေးလိုက်ပါတယ်။

**ဖြိုးစုပိုပို**

Asian Fame Media Group

# ကိုဝဏ္ဏကျော်

**Film Maker, Lecturer**
**Miracle Post**

## Teaching

ကျွန်တော့်အနေနဲ့ပြောရရင် Teaching ကတော့ တော်တော့်ကို အရေးပါတာပေါ့။ ကျွန်တော့်အဘိုး၊ အဘွားတွေကလည်း ဆရာ၊ ဆရာမတွေပဲ။ ကျွန်တော့်အဖေဆိုရင်လည်း အခုလက်ရှိ ISY ကျောင်းမှာ စာသင်တယ်၊ အမေကလည်း အငြိမ်းစားဆရာမ၊ ယောက္ခမကလည်း အငြိမ်းစားကျောင်းအုပ်၊ ဦးလေးတွေကလည်း Language တွေ သင်ပေးတဲ့ဆရာတွေလေ၊ ကျွန်တော်က သင်ကြားတယ်ဆိုတာတွေ ကြားမှာပဲ ကြီးပြင်းခဲ့ရတာပေါ့။ ကျွန်တော်ကိုယ်တိုင်လည်း အခုလက်ရှိ Video Editing နဲ့ပတ်သက်ပြီး သင်ကြားပေးနေတဲ့ Head Lecturer။ ကျွန်တော်စပြီး သင်ပေးရတဲ့သူက ကမ်းလွန်ရေနံမြေက အင်ဂျင်နီယာ ဦးအုန်းလှိုင်ဆိုတဲ့သူ။ ကိုယ်ကလည်း အဲဒီတော့မှ သင်ပေးဖူးတော့ အူကြောင်ကြောင်တော့ နိုင်ခဲ့တယ်။ သူလည်း ပျင်းတာပေါ့။ သင်ရိုးညွှန်းတမ်းကြီးအတိုင်း သင်ရတာက Active မဖြစ်ဘူးလေ။ အဲဒီတော့ ကျွန်တော်က သင်ရိုးအတိုင်းမသင်တော့ဘဲ ကျွန်တော့်အတွေ့အကြုံတွေနဲ့ယှဉ်ပြီး Discuss ပုံစံနဲ့ ပြောင်းသင်ခဲ့ရတယ်။ ပထမဆုံး အတွေ့အကြုံပေါ့။ ကျွန်တော်တို့တွေနဲ့ ရင်းနှီးခဲ့တဲ့ သင်ကြားမှုပုံစံက ၃ မျိုး ရှိခဲ့တယ်။ ပထမတစ်မျိုးက ကြက်တူရွေး ကျက်ပေါ့။ ဒါသင်ပေးတယ်။ ဒါမေးမယ်။ ရအောင်ကျက်ပေါ့။ ကျွန်တော်တို့လည်း စာတွေ အများကြီးကျက်ခဲ့ရတာပဲလေ။ နောက်တစ်မျိုးက ကျတော့ အဲဒါကို နည်းနည်းပြောင်းလိုက်တာပေါ့။ Student Centre လို့ခေါ်တဲ့ နည်းစနစ်ပေါ့။ လပတ်စာမေးပွဲတွေ ဖြေရပြီး နောက်ဆုံးစာမေးပွဲအထိ အဲဒီအမှတ်တွေ ပေါင်းတာမျိုးပေါ့။ အခုတော့ ဒီထက်တောင် ပြောင်းလိုက်ပြီ။ ကျွန်တော့်အဖေသင်တဲ့ ISY မှာဆိုရင် မနှစ်ကစပြီး IB ဆိုတာလုပ်တယ်။ အဲဒါက ဘာလဲဆိုရင် ဒီကျောင်းသားက Physics မှာတော်ရင် Physics ပဲလေ့လာတော့ ကျန်တဲ့ဘာသာတွေ မလေ့လာနိုင်တော့ဘူး။ Maths မှာတော်ရင် Maths ပဲလေ့လာ။ Music မှာ ထူးချွန်ရင် Music ပဲလေ့လာဆိုတာမျိုးပေါ့။ ဒါမျိုးတွေကို ကျွန်တော်တို့တုန်းကဆိုရင် ဆယ်တန်းအောင်ပြီး တက္ကသိုလ်တက်မှပဲ ရှိတာလေ။ ဘယ် Major သွားမလဲဆိုတာပေါ့။ အမေရိကန်တွေရဲ့ သင်ကြားရေးပုံစံက အဲဒီလိုမျိုးပေါ့။ ကျွန်တော့်အဖေဆီကနေ ဒါတွေလေ့လာရတော့ ကျွန်တော်က ဒီဘက်မှာပြန်ပြီး Apply လုပ်ဖြစ်တယ်။ သင်ကြားတာကတော့ အားလုံးက သင်ကြားနေရမှာပဲလေ။ ကျွန်တော့်အတွက်တော့ Teaching ဆိုတာက ကျွန်တော့်ဘဝကို တစ်စိတ်



Asian Fame Media Group





တစ်ပိုင်းအထိ ပြောင်းလဲသွားတဲ့အထိ အရေးပါတာပေါ့။

## Talent

Talent ဆိုတာက ထူးဆန်းတယ်ဗျ။ သူက သင်ယူလို့လည်း မရဘူး။ ကျွန်တော့်ညီဆိုရင် ကျွန်တော်နဲ့ တစ်အူထုံ့ဆင်းပေမယ့် သူက စက်ပစ္စည်းတွေပြင်တဲ့နေရာမှာ ပါရမီသွားရှိတယ်။ ၈ တန်းလောက်တည်းက အိမ်က TV တို့ဘာတို့ သူပြင်တတ်တယ်။ ၁၀ တန်းလောက်ကျတော့ ကွန်ပျူတာအထိ ပြင်တတ်တယ်။ ကျောင်းပြီးတော့ ကားပါပြင်တတ်သွားတယ်။ အခုလည်း သူက စင်ကာပူ Electronic Engineer လုပ်နေတယ်။ ပြောချင်တာက အလုပ်တစ်ခုက မွေးရာပါ ပါရမီရှိမှ အောင်မြင်တာ။ ကျွန်တော် ဆယ်တန်းအောင်ပြီးတော့ ကျွန်တော့်ဦးလေးတစ်ယောက်ဆီမှာ Programming သင်ဖူးတယ်။ လုံးဝ ကျွန်တော့်မှာ ပါရမီမရှိတော့ မဖြစ်ဘူး။ သင်ပေးတဲ့ ဦးလေးတောင် စိတ်ညစ်သွားတယ်။ လူငယ်တစ်ယောက်အတွက် အခွင့်အရေးဆိုတာမှာ သူ့ရဲ့ ပါရမီဗီဇကို ပြသခွင့်ရမယ့် အခွင့်အရေးမျိုးဆိုရင် အရမ်းကိုအောင်မြင်သွားမှာပါ။ ကျွန်တော် အခု စာသင်နေတော့လည်း ကိုယ့်ရဲ့တပည့်တွေ၊ လုပ်ဖော်ကိုင်ဖက်တွေကို ဒီလိုပဲလေ့ကျင့်ပေးရတယ်။ သူက Editing နဲ့ပတ်သက်ပြီး ပါရမီရှိရင် သူ့ကို Editing ပိုင်းကို အဓိကပိုလေ့လာခိုင်းဖြစ်တယ်။ ကင်မရာသမား ဖြစ်နိုင်လား။ Animation ပိုင်းမှာပိုပြီး Talent ရှိလားပေါ့။ ကျွန်တော်က အကြံဉာဏ်ပေးပြီး သူတို့ကို လေ့လာခိုင်းပါတယ်။ တစ်ခါတလေမှာ ကိုယ့်မှာ ဘယ်လိုပါရမီရှိလဲဆိုတာ ကိုယ်ကိုယ်တိုင်တောင် မသိဘူးဖြစ်နေတတ်တယ်။

## Teamwork

နိုင်ငံတစ်နိုင်ငံအတွက် အရေးအကြီးဆုံးက Teamwork ပဲ။ ဘယ်အလုပ်မဆို တစ်ဦးတစ်ယောက်ကောင်းနဲ့ လုပ်လို့မရဘူး။ ဥပမာ - ကျွန်တော့်အလုပ်ပဲ ကြည့်ပေါ့။ ကျွန်တော်တို့ ကုမ္ပဏီက ဖန်တီးထားတဲ့ Monkey Coffeemix ကြော်ငြာပဲကြည့်ပေါ့။ ဒီ စိတ်ကူးကတော့ ကျွန်တော့် စိတ်ကူးကပေါ့။ Creation Director က ကျွန်တော်ပေါ့။ ဒါပေမဲ့ ဒီမှာ Cartoonist ပါရတယ်။ ကိုရဲဝင်းဆိုတဲ့ သူပေါ့။ သူ့ကာတွန်းလေးတွေကို လှုပ်သွားအောင် Animation သမားလည်း ပါရတယ်။ နောက်ဆုံးပြကွက်လေး မျောက်ကခုန်သွားတော့ ကော်ဖီဖိတ်သွားတာလေးလုပ်ဖို့အတွက်က 3D သမားလိုတယ်။ အားလုံးပေါင်းပြီး လုပ်ရတယ်။ ဒီကော်ဖီဖိတ်သွားတာ လေးက ကြည့်တော့သာ ဘာမှမဟုတ်တာ။ တကယ်လုပ်တော့ တော်တော်လုပ်ရတာ။ နောက်ဆုံး နောက်ခံစကားပြောတဲ့ သရုပ်ဆောင်မသီဂီထွန်းနဲ့ လူရွှင်တော်ကိုအေးကိုတို့အသံတွေ Mood တွေလည်း လိုတာပဲ။ ပြောချင်တာက အားလုံးပေါင်းပြီး လုပ်ရတယ်။ အားလုံးကောင်းမှ အခုလို Product ကောင်းတစ်ခု ထွက်လာတာလေ။ နိုင်ငံမှာလည်း ဒီလိုပဲ၊ အစိုးရပဲ ကောင်းနေရုံနဲ့ မရဘူး။ နောက်က လူကလည်း လိုသေးတယ်။ Team Leader က ဘယ်လောက်ပဲတော်တော်၊ Teamworkမကောင်းရင် ရလဒ်ကောင်းရမှာ မဟုတ်ဘူး။ Leader မှာလည်း အဖွဲ့သားအားလုံးက သူကတော့ အရည်အချင်း ရှိပါတယ်၊ ငါတို့ကိုတော့ သူဦးဆောင်နိုင်တယ်ဆိုပြီး သဘောတူပြီးရွေးထားတဲ့ Leader နဲ့ ကိုယ့်ဘာသာကိုယ် ဇွတ် Leader နေရာယူထားတဲ့ Leader နဲ့က မတူပြန်ဘူး။ Teamwork တစ်ခုမှာက Leader ကောင်းလည်း အရေးကြီးသလို Follower ကောင်းလည်း အရေးကြီးတယ်။ အဓိကကတော့ ရလဒ်ကောင်းတွေလိုချင်ရင် Teamwork က မရှိမဖြစ်လိုတာပဲ။



Asian Family Media Group



Make up - May Thu & Thaw Zin (Kanebo), Photo - Tin Moe Wai

# တင်မိုးလွင်

**Managing Director**
**Talents & Models Co.,Ltd**

## Talent

Talent ဆိုတာ ကိုယ်ပိုင်ပါရမီ အရည်အသွေးကို ပြောတာပါ။ လူတိုင်းမှာ ပုန်းကွယ်နေတဲ့ Hidden Talent တွေရှိကြတယ်။ အဲဒီ ပုန်းကွယ်နေတဲ့ Talent တွေကို အစဆွဲ ထုတ်တတ်တဲ့သူက Talented ဖြစ်သွားတာပါပဲ။ အစဆွဲမထုတ်တတ်တဲ့ သူက ပုံမှန်ဘဝကိုပဲ ရသွားတာပေ့ါ။ ဒါကြောင့် ကလေးတစ်ယောက်က ဘယ်နေရာ Talent ရှိလဲဆိုတာ သိထားရမယ်၊ စကားပြောတာမှာလား၊ သရုပ်ဆောင်မှာလား၊ သီချင်းလား၊ အားကစားလားပေ့ါ။ ကိုယ့်ရဲ့ Talent ကဘာလဲဆိုတာလည်း သိထားရမယ်။ လူငယ်တိုင်းက ကိုယ့်ရဲ့ Talent ကို အစ ဆွဲထုတ်တတ်ရမယ်၊ ကိုယ့်ရဲ့ Talent ကို အသုံးချရမယ်၊ ကိုယ့်ရဲ့ Talent နဲ့ တိုင်းပြည်ကို အကျိုးပြုရမယ်။ အားကစားမှာ Talent ပါတဲ့သူက အားကစားနဲ့ နိုင်ငံကို ဂုဏ်ဆောင်နိုင်တယ်။ စကားပြော ကောင်းတယ်ဆိုပြီး ပြောဆိုတဲ့နေရာမှာ Talent ရှိတဲ့သူက ဗဟုသုတ ဖြစ်စေမယ့် စကားတွေ၊ အကျိုးဖြစ်စေမယ့် စကားတွေနဲ့ လူတွေကို စည်းရုံးပြီး နိုင်ငံပို တိုးတက်အောင် ဆောင်ရွက်လို့ရတယ်။ လူတွေမှာရှိတဲ့ Talent မှာ လူတိုင်းလုပ်နိုင်တဲ့ Talent နဲ့ လူတိုင်းမလုပ်နိုင်တဲ့ Talent ဆိုတာလည်း ရှိသေးတယ်။ လူတိုင်း လုပ်နိုင်တဲ့ Talent က အားကစားလုပ်တာတို့ ပညာသင်တာတို့ပေ့ါ။ လူတိုင်း မလုပ်နိုင်တာမျိုးကကျတော့ မျက်လှည့် ပညာလိုဟာမျိုးပေ့ါ။ နိုင်ငံသားတိုင်း မရှိမဖြစ်ရှိ ထားရမယ့် Talent ကကျတော့ နိုင်ငံရေး Talent ပေ့ါ။ နိုင်ငံသားတိုင်းက ကိုယ့်နိုင်ငံရဲ့ အရေးကို သိကို သိထားရမယ်။ နောက်ပြီး ယဉ်ကျေးမှုပေ့ါ။ ကိုယ့်ယဉ်ကျေးမှုကို ကိုယ်က အလေးမထားရင် ဘယ်သူမှ အလေးထားမှာ မဟုတ်တော့ဘူး။

အခုခေတ်က ဘက်စုံပညာရေးကို အားပေးတဲ့ ခေတ်ဖြစ်နေတော့ လူတစ်ယောက်က ပါရမီ အရောင်စုံတယ် Talented ဖြစ်တယ်ဆိုရင် သူ့ဘဝမှာ အနာဂတ်က အာမခံချက် တော်တော် ဖြစ်သွားပြီ။ Talented ဖြစ်တဲ့သူက အသိပညာကောင်းရင် ပိုပြီး တောက်ပသွားတာပေ့ါ။ ပါးနပ်လိမ္မာဖို့လည်း လိုတယ်။ ဒါကြောင့် ကျွန်မ ကုမ္ပဏီ စပြီး တည်ထောင်တော့ မော်ဒယ်ရှေ့မှာ စူပါတို့ဘာတို့ အဲဒီလို မော်ဒယ်ကို အားပေးတဲ့စာလုံးမျိုး ထည့်ခိုင်းကြတယ်။ ဒါပေမဲ့ ကျွန်မက လွန်ခဲ့တဲ့ ၁၅ နှစ်လောက်တည်းက Talent ဆိုတာပဲ ထည့်ဖို့ဆုံးဖြတ်ခဲ့တယ်။ ဘာလို့လဲဆိုတော့ ကျွန်မက Model ဖြစ်ဖို့ပဲ သင်ပေးမှာမဟုတ်ဘူး။ လူငယ်တွေရဲ့ ပါရမီအရည် အသွေးကိုလည်း ဆွဲထုတ်ပေးမှာဆိုပြီး ဒီစာလုံးကိုပဲ ထည့်ခဲ့တာ အဲဒီတုန်းကတော့ Talent ဆိုတာက လူတွေနဲ့ သိပ်ပြီးမရင်းနှီးခဲ့ကြဘူး။ မှတ်ရလွယ်တဲ့ မြင်သာတဲ့ စာလုံးလည်း မဟုတ်ဘူးလေ။ ဒါပေမဲ့ ကျွန်မကတော့ Talent ကို အရမ်းကြိုက်တယ်။ ကျွန်မကိုယ်တိုင်လည်း ကိုယ့်ရဲ့ Talent ကို အစဆွဲထုတ်ရင် ဒီလိုဖြစ်လာခဲ့တာပါ။ ဒါကြောင့် လူငယ်တွေကိုလည်း Talent ကို မြှင့်ပေးစေချင်တယ်။ ကိုယ်ကိုယ်တိုင်က အစဆွဲမထုတ်တတ်ရင် ဆွဲထုတ်ပေးနိုင်တဲ့သူတွေ ပတ်ဝန်းကျင်တွေဆီမှာ သင်ကြားသင့်တယ်။

## Teaching

Teaching ကတော့ သင်ကြားမှုပေ့ါ။ Teaching နဲ့ ပတ်သက်ရင် Teacher တွေက Teach လုပ်ပေးရတာပေ့ါ။ ဒါပေမဲ့ ခေတ်သစ်မှာတော့ ညွှန်ပြတယ်ဆိုပြီး Instructor လို့လည်းခေါ်တယ်။ ပြောဆိုဆွေးနွေးရင် Speaker လို့လည်းခေါ်တယ်။ တင်ဆက်ပြသပေးရင် Presenter လို့ခေါ်တယ်။ ဘယ်လိုပဲပြောပြော Teaching လို့ခေါ်တဲ့ သင်ကြားမှုကတော့ ပါနေတာပဲ။ ကျွန်မကိုယ်တိုင်လည်း အသက်မွေးဝမ်းကျောင်းအလုပ်မှာ သင်ကြားနေရတာနဲ့ပဲ လုပ်နေတာလေ။ သင်တန်းလေးတွေ ပေးနေရတာလေ။ Teaching ပိုင်းနဲ့ပတ်သက်ရင်တော့ ကိုယ့်ရဲ့ဘဝတစ်သက်တာအတွက် ကောင်းမွန်တဲ့ဘဝလမ်းကြောင်းတွေကို သင်ကြားပေးနိုင်မှ Good Teaching လို့ခေါ်တာ။ ကျွန်မသင်တန်းအတွက်ဆိုလည်း ကျွန်မက စဉ်ဆက်မပြတ် လေ့လာတယ်။ ပြီးတော့ သင်ရိုးညွှန်းတမ်းတည်ဆောက်တယ်။ သင်ကြားမှု နည်းလမ်းကို စနစ်တကျသင်ကြားပေးပါတယ်။ ပြီးရင်လည်း ကျွန်မက ကိုယ့်ရဲ့သင်ကြားမှုက ဘယ်လိုအကျိုးသက်ရောက်မှုရှိရဲ့လဲဆိုတာ ပြန်ပြီးသုတေသနလုပ်တယ်။သူတို့ဘက်က တုံ့ပြန်မှုတွေကို ပြန်ပြီးနားထောင်တယ်။ အဲဒီလို နားထောင်လို့ ကျွန်မရဲ့ Syllabus က ပြန်ပြင်သင့်တယ်ဆိုရင် ကျွန်မပြန်ပြီး ပြင်ပေးတယ်။ ကိုယ့်ရဲ့ Teaching တစ်ခုက ကလေးတစ်ယောက်အတွက် ဘယ်လောက်အထိ အရေးပါထိရောက်သွားလဲ။ ဘယ်လောက်အထိ ထိခိုက်အနာတရ ရသွားလဲ။ ပြီးတော့ ကျွန်မတို့က ကိုယ့်ရဲ့ Teaching အတွက် ဘယ်လောက်တာဝန်ယူနိုင်လဲ။ ကျွန်မတို့ သင်ပေးလိုက်တဲ့ သတင်းအချက် အလက်တွေ Message တွေက သူတို့အတွက် ဘယ်လောက် ဝေးဝေးအထိ သယ်သွားနိုင်လဲ။ ဘဝတစ်လျှောက်လုံး သယ်သွား

Asian Fame Media Group

မှာလား။ လမ်းတစ်ဝက်နဲ့ ပစ်ခဲ့ပြီလား။ အဲဒါတွေက သင်ရိုးညွှန်းတမ်းနဲ့ အများကြီးဆိုင်တယ်။ နောက်ထပ် Teaching နဲ့ ဆက်စပ်ပြီး ပြောရရင် Teacher ဆိုတဲ့ ဆရာ၊ ဆရာမပေ့ါ။ ဆရာမဆိုတာ 'မင်္ဂလာပါ' လို့ နှုတ် ဆက်ခံရတဲ့ ပုဂ္ဂိုလ်တွေထဲက တစ်ယောက်ပေ့ါ။ ဒါကြောင့် ကောင်းမွန်မှန်ကန်တဲ့ 'သုတ' ရသတွေကို ပြန်သင်ပေးမယ့် ဆရာမ တစ်ယောက်က ကောင်းမွန်တဲ့ Attitude တွေ၊ Ethics တွေနဲ့ ရှင်သန် ရင့်ကျက်လာခဲ့တဲ့သူပဲ ဖြစ်သင့်တယ်။ Image ကောင်းရမယ်ပေ့ါ။ ဒါကတော့ ကျွန်မ အမြင်ပေ့ါ။ ကျွန်မအမေဆိုလည်း ဆရာမ တစ်ယောက်ပါ။ ကျွန်မအမေက စာရိတ္တပိုင်း၊ System ပိုင်းမှာ ပြီးပြည့်စုံတယ်။ ကလေးသူငယ်ဆိုင်ရာ စိတ်ပညာတွေ ကျန်းမာရေး အသိတွေလည်း ရှိတယ်။ အဲဒီတော့ သူ့လက်က ထွက်တဲ့ တပည့်တွေ သားသမီးတွေက သူများတွေ ချီးကျူးတာခံရတယ်။ ကျွန်မလည်း ကျွန်မအမေကို စံထားပြီး ဆရာကောင်းဖြစ်အောင် ကြိုးစားပါတယ်။ ဆရာမတစ်ယောက်ရဲ့ အဝတ်အစားနဲ့ သန့်ရှင်းမှု၊ သပ်ရပ်မှုကလည်း လိုအပ်တယ်။ ပညာရေးစနစ် ကောင်းကောင်းလုပ်ချင်တယ်ဆိုရင် ပညာရေးနဲ့ ပတ်သက်တဲ့ Plan ကောင်းကောင်းချရမယ်။ အဲဒီမှာ Teaching လို့ခေါ်တဲ့ သင်ကြားမှုပုံစံရော Good Teacher ရော System ကျတဲ့ သင်ရိုးညွှန်းတမ်းတွေရော လိုပါတယ်။ နောက်ပြီး Teaching ဆိုတာက ကျောင်းမှသင်မှ Teaching မဟုတ်ပါဘူး။ အိမ်မှာ အဖေ၊ အမေ၊ အဘိုး၊ အဘွားတွေ သင်ကြား ပြသပေးတာလည်း Teaching ပဲ ဦးလေး၊ အဒေါ်က ခေတ်ရဲ့ ဗဟုသုတတွေကို သင်ပေးတာလည်း Teaching ပဲ။ ပတ်ဝန်းကျင်ကောင်းကလည်း Teaching လုပ်နေတာပါပဲ။ စီနီယာလည်း ဂျူနီယာကို Teach လုပ်ရတာပါပဲ။

## Teamwork

Teamwork ဆိုတာက Team ဆိုတဲ့ အဖွဲ့ကလုပ်လိုက်တဲ့ အဖွဲ့ရဲ့ အလုပ်ပေ့ါ။ အခုခေတ်မှာက အဖွဲ့အစည်းကသိပ်လိုတယ်။ ကုမ္ပဏီတွေတောင်မှ တစ်ခုနဲ့တစ်ခုပူးပေါင်းပြီး လုပ်နေကြတာလေ။ ကျွန်မတို့ ငယ်စဉ်တည်းကလည်း အသင်းဆိုတာတွေနဲ့ ရင်းနှီးခဲ့ပြီးသားပါ။ တစ်ဦးတည်း မွေးထားရင်တောင် ကျောင်းတက်တာနဲ့ အသင်းအဖွဲ့ထဲပါသွားတာပဲလေ။ Team ဆိုတဲ့ ကျွန်မတို့ ငယ်စဉ်တည်းက ရင်းနှီးခဲ့တာက ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗန္ဓုလဆိုတာတွေပေ့ါ။ သူတို့တွေက မြန်မာ့ရာဇဝင်ရဲ့ သူရဲကောင်းတွေပေ့ါ။ သူတို့ နာမည်တွေနဲ့ အသင်းတွေဖွဲ့ပေးတဲ့ ရည်ရွယ်ချက်က နောင်တစ်ချိန်မှာ ကျွန်မတို့လည်း သူတို့လို သူရဲကောင်းတွေ ဖြစ်လာရမယ်ဆိုတာမျိုးပေ့ါ။ အဲဒီအသင်းတွေမှာ ကျွန်မတို့က အသင်းသားဖြစ်တဲ့အခါလည်းဖြစ်၊ အသင်းခေါင်းဆောင်ဖြစ်တဲ့အခါလည်းဖြစ်ပေ့ါ။ တာဝန်ယူမှု၊ တာဝန်သိမှုတွေကို သင်ပေးတာပေ့ါ။ အဖွဲ့ခေါင်းဆောင်ကောင်း အရေးကြီးသလို အဖွဲ့သားတွေကလည်း အရည် အသွေးပြည့်မီဖို့လိုတာပဲ။ ခေါင်းဆောင်က အကြံ ဉာဏ်တွေ အရမ်းကောင်းနေပေမယ့် သူ့ရဲ့နောက်လိုက်တွေက စိတ်ဓာတ်မကောင်းသူတွေဆိုရင် အလကားပဲ။ ခေါင်းဆောင်နဲ့အဖွဲ့သားဘက်ညီဖို့လိုတယ်။ ဒါမှ Teamwork က လုပ်တဲ့ အလုပ်တွေက ရလဒ်ကောင်းတွေရမှာပါ။ Team တစ်ခုမှာ မပါမဖြစ်ပါရမှာက Plan တွေပါတယ်။ System, Order, Management တွေပါတယ်။ ပြီးတော့ Good Leader, Good Followers တွေ လိုတယ်။ ကမ္ဘာမှာလည်း အရေးကြီးတဲ့ အရာတွေ အားလုံးက Teamwork နဲ့ပဲ လုပ်ကြတာလေ။ WHO ဆို လည်း ကမ္ဘာ့ကျန်းမာရေးကို အဖွဲ့တစ်ခုဖွဲ့ပြီး စောင့်ရှောက်ပေးနေတာပဲလေ။ ကမ္ဘာမှာ ဖြစ်နေတဲ့ HIV၊ TB၊ ငှက်ဖျား၊ ပိုလီယိုရောဂါအစုံကို စောင့်ရှောက်နေတဲ့ နေရာမှာ Doctor Association တစ်ခုပဲ လုပ်နေလို့မရဘူး။ ဆရာဝန်တွေရော၊ ရောဂါဗေဒပညာရှင်တွေရော၊ ဆေးဝါးကုထုံး ပညာရှင်တွေရော၊ ပြည်သူ့ကျန်းမာရေး ပညာပေး အစီအစဉ်တွေရော ပူပေါင်းပြီး ဆောင်ရွက်ရတာလေ။ အားကစားမှာဆိုလည်း အားကစားအဖွဲ့တွေ ရှိတယ်။ အားကစား ဆိုပေမယ့်လည်း သံတမန်အရေးတွေ ချစ်ကြည်ရေးတွေ ပါတယ်။ ASEAN အဖွဲ့ဆိုလည်း ဒီလိုပဲပေ့ါ။ Team ဖွဲ့ထားလိုက်ရင် တစ်ဦးပြဿနာကို တစ်ဦးက ကူညီပေးလို့ရတယ်။ အဲဒီတော့ အဖွဲ့ တစ်ခုမှာ ပြဿနာဆိုတာတွေလည်း ရှိတာပေ့ါ။ ကိုယ့်ရဲ့ လက်ချောင်းတွေတောင် အတိုအရှည် မညီတာ အဖွဲ့ဆိုရင် ပိုပြီး ပြဿနာ များတာပေ့ါ။ အဲဒါကြောင့် Teamwork ဆိုရင် Problem Solving ဆိုတာလည်း ပါတာပေ့ါ။ ကျွန်မပြောချင်တာကတော့ လူငယ်တွေက Team တစ်ခုမှာ အဆင်ပြေပြေနဲ့ Teamwork ဖြစ်ပြီး ရလဒ်ကောင်းတွေရအောင်ကြိုးစားမှ ကျွန်မတို့ နိုင်ငံ တိုးတက်လွယ်မှာပါ။

> လူငယ်တိုင်းက ကိုယ့်ရဲ့ Talent ကို အစဆွဲထုတ်တတ်ရမယ်၊ ကိုယ့်ရဲ့ Talent ကို အသုံးချရမယ်၊ ကိုယ့်ရဲ့ Talent နဲ့တိုင်းပြည်ကို အကျိုးပြုရမယ်။ အားကစားမှာ Talent ပါတဲ့သူက အားကစားနဲ့ နိုင်ငံကို ဝုဏ်ဆောင်နိုင်တယ်။

**ဖြိုးစုပိုပို**



Asian Fame Media Group

# ခေမီကို

**Dancing Trainner**
**K-Meko Dancing Group**

## Teaching

Teaching ဆိုတာကတော့ သင်ကြားမှုပေါ့။ ခေမီအနေနဲ့ဆိုရင်တော့ သင်ကြားမှုရော၊ သင်ယူမှုရောက အရေးကြီးတယ်။ Teaching မှာက Step by Step သင်တာက အကောင်းဆုံးပဲ။ ခေမီရဲ့ လက်ဦးဆရာက Ricky.T ပါ။ တခြားဆရာတွေလည်း ရှိပါတယ်။ ကိုယ်တပည့်ဖြစ်ချိန်တုန်းကတော့ ကိုယ်က ကိုယ့်ကိုယ်ကိုယ် မှန်နေပြီပဲ ထင်တာပေါ့။ ဒါပေမဲ့ ဆရာတွေကတော့ မဟုတ်သေးဘူး၊ လိုသေးတယ်။ Mood က ဘယ်လို ကကွက်က ဘယ်လိုဆိုပြီး အမြဲသင်နေပေးရတာပေါ့။ အဲဒါကို အဲဒီတုန်းကတော့ နားမလည်ခဲ့ဘူး။ ငါ ဒီလောက်လုပ်တာတောင် မဟုတ်သေးဘူးလားပေါ့။ ဒါပေမဲ့ အခု ကိုယ်က ဆရာအနေနဲ့ ပြန်သင်ပေးချိန်မှ နားလည်ခဲ့တာ။ ကတဲ့အခါမှာ ကကြိုးကကွက်တွေအပြင် Mood ကလည်း လိုသေးတယ်။ ခေမီကတော့ တစ်ခုချင်းစီကို လိုက်ပြုပြင်ပြီး သင်ပေးပါတယ်။ အခြေခံက စပြီး သင်ပေးပါတယ်။ ခေမီကတော့ သင်တဲ့အခါ Level အလိုက်စုပြီး သင်ပေးတယ်။ Level မတူတဲ့သူတွေ စုမိပြန်ရင်လည်း Bright ဖြစ်တာနဲ့ မဖြစ်တာနဲ့ကွာသွားတော့ သင်ရတဲ့သူရော လိုက်ပြီးလေ့လာရတဲ့သူရော ပင်ပန်းစေတယ်လေ။



## Talent

နောက်တစ်ခုက ဘယ်လောက်ပဲသင်သင် ဘယ်လောက်ပဲ လုပ်ချင်စိတ်ရှိရှိ သူ့မှာ မွေးရာပါ ပါရမီခ‌ေတ်ခံ Talent ဆိုတာ ပါမလာရင်လည်း မဖြစ်ပြန်ဘူး။ ဒါက ဘယ်နယ်ပယ်မှာမဆို Talent ရှိတဲ့သူက ပိုပြီးအောင်မြင်လွယ်တယ်။ စီးပွားရေးနယ်ပယ်မှာပဲ ဖြစ်ဖြစ်၊ အနုပညာအလုပ်မှာပဲ ဖြစ်ဖြစ် talent က လိုတယ်။ အနုပညာ အလုပ်က ပိုဆိုးတယ်။ အသွေးထဲအသားထဲမှာကို အနုပညာ ပိုးက ပါလာရတယ်။ ခေမီတို့အက ကလည်း ဒီလိုပဲ။ Talent ပါလာတဲ့သူက ပိုပြီး သင်လွယ်၊ တတ်လွယ်တယ်။ ခေမီဆိုရင် အဖေက မျက်လှည့်ဆရာပေါ့။ အနုပညာမျိုးရိုးရှိတယ် ပြောရင်ရတယ်။ ဒါပေမဲ့ ခေမီက မျက်လှည့်ထက် Dance မှာ ပိုပြီး Talent ပါတယ် ပြောရမလားပဲ။ ခေမီအဖွဲ့မှာလည်း တစ်ယောက်ချင်းစီရဲ့ Talent ပေါ်မှာ မူတည်ပြီး အလုပ်လုပ်ဖြစ်တယ်။ သူက ဘယ်အပိုင်းအားသာလဲ၊ အဲဒီအပေါ်မှာပဲ မူတည်ပြီး ကကွက်ကို ဖော်ဖြစ်တယ်။

## Teamwork

Teamwork ကတော့ စုပေါင်းစိတ်ပေါ့။ တခြားဟာတော့ မသိဘူး။ ဒါပေမဲ့ ခေမီတို့အလုပ်ကတော့ Teamwork အရမ်းလိုတယ်။ အဖွဲ့သားတိုင်းရဲ့ လှုပ်ရှားမှုတိုင်းက 'က' ကွက်တိုင်းမှာ အရေးပါနေတာလေ။ အခု ခေမီတို့အဖွဲ့ကလည်း အဖွဲ့အစည်းစိတ် ရှိပါတယ်။ ဘယ်သွားသွား ဘယ်လာလာ အဖွဲ့လိုက်ပဲသွားကြတယ်။ ခေမီကလည်း Dance မှာ Group Dance ကိုပဲ ကြိုက်တယ်။ အဖွဲ့နဲ့ကရတာ ကကွက်တွေဖော်ရတာကို ပိုပြီး Feel ဖြစ်တယ်။ ခေမီတစ်ယောက်တည်း ကလည်း ရပေမယ့် အဖွဲ့ကိုပဲကြိုက်တယ်။ တစ်ယောက်တည်း အလုပ်ဆိုရင် သရုပ်ဆောင်တာတို့၊ သီချင်းဆိုတာတို့တော့ ခေမီအနေနဲ့ လုပ်ဖြစ်ပါတယ်။ ခေမီတို့အဖွဲ့က လက်ရှိအမာခံက ၇ ယောက်ပေါ့။ အဖွဲ့ဝင်တွေကတော့ အယောက် ၃၀ ကျော်ရှိတယ်။ Teamwork ရှိတယ်ဆိုတာက စစ်ထွက်တဲ့အခါ လက်နက်အပြည့် ထည့်သွားသလိုပေါ့။ အဖွဲ့အစည်းအတွက် အလိုအပ်ဆုံးက Teamwork ပါပဲ။

**ဖြိုးစုပိုပို**

Asian Fame Media Group

## ခလောက်ကလေးတွေ ကိုယ်စီနဲ့

တစ်ရက်. . .။ အေးအေးဆေးဆေးရှိသမို့ စာအုပ်လေးတစ်အုပ်နဲ့ ဇိမ်ကျနေတုန်း လက်ကိုင်ဖုန်းမြည်သံကြောင့် ရုတ်တရက် ထိတ်လန့်သွားပါတယ်။ ဒီအသံက ကျွန်တော်နဲ့ မရင်းနှီးသေးဘူး။ ကလင်. . ကလင်. . ကလင် ဆိုတဲ့ နာရီနှိုးစက်မြည်သံနဲ့ တူနေတယ်။ အတော် ဒိတ်အောက်နေတဲ့ အသံပါ။ တစ်ရက်က ဟန်းဆက်ဘက်ထရီ အားသွင်းမရလို့ တယ်လီဖုန်းပြင်တဲ့ဆိုင်ကို ပို့ရတယ်။ ပြင်ဆင်ပြီး ကိုယ့်ဆီပြန်ရောက်လာတော့ တစ်ဖက်က ဖုန်းခေါ်တဲ့အခါ မြည်တဲ့အသံက ကျွန်တော်နားထောင်နေကျ အသံမဟုတ်တော့ဘူးလေ။ အဲဒါကြောင့် တယ်လီဖုန်းထဲက ကလင် ကလင်ဘဲလ်မြည်သံကြောင့် ထိတ်လန့်သွားရတာ ဖြစ်ပါတယ်။

တကယ်တော့ တယ်လီဖုန်းမြည်သံကို ကိုယ် နှစ်သက်ရာရွေးချယ်ပြီး ပြောင်းလို့ရပါတယ်။ လိုချင်တဲ့အသံကို ပြောင်းချင်ရင် ဟောသလို. . ဟောသလို ခလုတ်လေးကို ဟိုလိုနှိပ် ဒီလိုနှိပ်လိုက်ရုံပဲ။ ခက်တာက ကျွန်တော်ကလည်း ခေတ်သမီး ခေတ်သားတွေက ပြထားပေမယ့် သိပ်စိတ်မဝင်စားတော့ မမှတ်မိတော့ဘူး။ ကိုယ်ကြိုက်တဲ့ တယ်လီဖုန်းမြည်သံကို ဘယ်လိုပြောင်းရလေမည် မသိ။ တယ်လီဖုန်းမြည်သံဆိုလို့ ပြောရဦးမယ်။ အချို့က အဲဒီမြည်တဲ့အသံကို ကိုယ်ကြိုက်နှစ်သက်ရာ သီချင်းရဲ့သံစဉ်နဲ့ တီးလုံးတွေကို ထည့်ထားတတ်ကြတယ်။ တစ်ဖက်က တယ်လီဖုန်းခေါ်တဲ့အခါ ဟန်းဆက်က သီချင်းသံလေး လွင့်မျောလာတာပေါ့။ ကောင်းပါတယ်။ ဂွတ်တယ်ထင်ရင် ဒူးသာဒူး မဟုတ်ဘူးလား။ ဒါပေမဲ့ အချို့တယ်လီဖုန်းမြည်သံတွေကတော့ (ကျွန်တော့်အတွက်)အံ့ဩစရာ။ ကိုယ်က တယ်လီဖုန်းမြည်သံ သီချင်းသွင်းထားတဲ့ ဟန်းဖုန်းကိုခေါ်လိုက်တဲ့အခါ တယ်လီဖုန်းခေါ်တိုင်း ကြားနေကျ တူ. . . တူဆိုတဲ့ အသံမျိုးမဟုတ်တဲ သူတို့သွင်းထားတဲ့ သီချင်းသံစဉ်တွေကို နားထောင်ရတတ်ပါတယ်။

တစ်ခါတလေ တစ်ဖက်က ဖုန်းမကိုင်ရင် အဲ့ဒီသီချင်းသံက တစ်ကျော့ပြန် ဝင်လာပြန်တယ်။ ဒီတော့ အဆိုပါသီချင်းသံကို ကိုယ်က ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ တစ်ဖက်က ဖုန်းမကိုင်မချင်း ကြိတ်မှိတ်နားထောင်ရပါလေရော။ မနိပ်လိုက်ပုံများ ပြောပါတယ်။ ကျွန်တော့်တူမလေးချောချော။ ခေတ်သမီးဆိုတော့ ခေတ်သီချင်းတွေကို တယ်ပြီးကြိုက်လှတယ်။ သူ့ဆီကို အကြောင်းကိစ္စရှိလို့ ဖုန်းခေါ်လိုက်ရင် သူကြိုက်နှစ်သက်လို့ တယ်လီဖုန်းထဲသွင်းထားတဲ့ ခေတ်သီချင်းသံတွေကို နားထောင်ရစမြဲ။ ပြီးတော့ မရွှေချောက တယ်လီဖုန်းခေါ်တိုင်း ဘယ်တော့မှ ချက်ချင်းကိုင်လေ့မရှိဘူး။ နှစ်ခါ သုံးခါလောက်ခေါ်ရတယ်။ ဘာဖြစ်လို့ ဖုန်းကို ချက်ချင်းမကိုင်သလဲမေးရင်

# မန္တလေးအတွေး မန္တလေးအရေး

ကိုထွန်း(လမ်း-၈၀)



Asian Home Media Group

အပြင်ရောက်နေလို့တဲ့၊ ပိုက်ဆံအိတ်ထဲထည့်ထားတာ မကြားမိလို့တဲ့။ ဒါ ကြောင့်မို့ ကျွန်တော့်မှာ သူ့ဆီဖုန်းခေါ်ရတိုင်း ခပ်လန့်လန့်၊ ခေတ်သီချင်းတွေကို မကြားချင်ဘဲ ကြားနေရတာကိုးနော့။

တချို့ကျတော့ တယ်လီဖုန်းမြည်သံကို သွင်းထားတာ သီချင်းမဟုတ်ဘူး။ အထိတ်တလန့် ဖြစ်စေတဲ့ အသံ။ တစ်ခါက ရန်ကုန်က ပြန်လာတယ်။ ကျွန်တော့်ဘေးနားမှာ ခေတ်လူငယ်လေး ရှိတယ်။ ညနေမှ ရန်ကုန်ကထွက်လာတဲ့ မော်တော်ကား၊ နေပြည်တော်ကျော်လာတော့ ည ၁၂ နာရီကျော်ပြီ၊ အိပ်ချိန်ရောက်သလို မျက်လုံးလေးမှေးပြီး စက်တော်ခေါ်ဖို့ ကြံစည်နေတုန်းမှာပဲ ခေတ်လူငယ်လေးရဲ့ တယ်လီဖုန်းအသံက ထမြည်ပါတယ်။ ရှဲ့ . ရွှတ်ရွှတ်ရွှတ်. ကလွှိကလွှိ. . ရှဲကလွှတ်ရှဲကလွှတ်။ တိတ်ဆိတ်နေတဲ့အချိန် ကိုယ့်အနားက သို့ကလို ထိတ်လန့်ဖွယ်ရာမြည်သံကြောင့် ရင်ထဲမှာ ဒိန်းခနဲဖြစ်သွားတာကလား။ ကောင်လေးကတော့ ကျွန်တော့်အဖြစ်ကို ဘာမှမသိ၊ တစ်ဖက်က တယ်လီဖုန်းခေါ်နေတာ သူ့ ကောင်မလေးလား မပြောတတ်ဘူး။ အသံတိုးတိုးလေးပြောနေတဲ့ သူ့ဆီက တဟက်ဟက်ရယ်သံကိုလည်း ကြားနေရပြန်ပါတယ်။ ကျွန်တော်လေ သူတို့ရဲ့ အချစ်ပလူးမြူးကြွနေတဲ့ အသံတွေကို မကြားချင်ယောင်ဆောင်ရင်း အိပ်ပျော်ဖို့ကြိုးစားနေရတာပဲပေါ့။ ဟောဗျာ ဒီဝဋ်ကြွေးက မကုန်သေးဘူးခင်ဗျ။

မိတ္ထီလာကျော်လာတော့ တစ်ခေါက်ကြားရပြန်တယ်။ ဒီလိုနဲ့ ရွှေ့ဆက်ရင်း မန္တလေးဆင်းခါနီး စကားအင်းဝိုင်းနားလောက်မှာ နောက်ထပ်တစ်ခါ နားဆင်ရပြန်ပါလေရော။ ရှဲ့ . ရွှတ်ရွှတ် ရွှတ်. ကလွှိကလွှိ. . ရှဲကလွှတ် ရှဲကလွှတ်။ ဒီတစ်ခါတော့ သည်းညည်းမခံနိုင်တော့ဘူး။ ထောင်းခနဲဒေါသထွက်ရင်း သူ့လက်ထဲက ဟန်းဖုန်းကိုဆွဲယူပြီး မောင်းနေတဲ့ မော်တော်ကားကြမ်းပြင်ပေါ် ချ၍ သကာလ ဖနောင့်နဲ့နင်းချေပစ်လိုက်ဖို့ စိတ်ကူးလိုက်ပါတယ်။ ဒါပေမဲ့ လက်မတင်လေးမှာ မော်တော်ကားရဲ့ TV သီချင်းသံက ကျွန်တော့်ကို ဟန့်တားလိုက်ပါတယ်။ အဲ့ဒီသီချင်းက ကျွန်တော်တို့ ငယ်ငယ်တုန်းက မနက်စောစောစီးစီးမှာ အသံချဲ့စက်ကဖွင့်လေ့ရှိတဲ့ ဒေါ်မေရှင်ရဲ့ အောင်ခြင်းရှစ်ပါးသီချင်းပါ။ မေတ္တာသည်သာ အောင်နိုင်ရာတဲ့။ နာဋ္ဌာဂီရိအမည်ရှိတဲ့ဆင်ကို အရက်အမျိုးမျိုးကို တွန်းတိုက်လို့သာ. . ဒေါ်မေရှင်ရဲ့ ချိုအေးတဲ့အသံက ကျွန်တော့်ရင်ထဲကို တိုးဝင်လာပါတယ်။ လူကလေးကိုထွန်း မမိုက်နဲ့၊ ဒေါသစိတ်ကို လျှော့ချ။ ပူလောင်တဲ့ ဒေါသစိတ်တွေဟာ လူတွေကို အမိုက်မှောင်ထဲကို တွန်းပို့နေတာကွဲ့။ မေတ္တာသည်သာ အေးမြခြင်းပါ လူကလေးရယ်. . အောင်ခြင်းရှစ်ပါးသီချင်းကို နားထောင်ရင်း ကျွန်တော့်ကိုယ်ကျွန်တော် ဆုံးမ၍သကာလ ဒေါသစိတ်တွေကို ချက်ချင်းလျှော့ချလိုက်ရပါတယ်။ အမေဒေါ်မေရှင်ရဲ့ အောင်ခြင်းရှစ်ပါးသီချင်းကြောင့်ပေါ့။ ဒီလိုမဟုတ်ရင် မလွယ်ဘူး. . ဟွန်း. . ။

အဲသလို တယ်လီဖုန်းခေါ်သံတွေ ကြားရရင် စိတ်ထဲမှာ ကလိကလိဖြစ်လာပါတယ်။ တစ်ခါတော့ ဒီလောက်ရှိလှတာ သင်းတို့လေးတွေကို ပညာပေးဦးမှလို့ တွေးလိုက်ပါတယ်။ ဟန်းဆက်ထဲမှာ ကျွန်တော့်အကြိုက် ဖွေးတုတ်သီချင်းထည့်ထားမယ်လေ။ အဲဒီလိုစီစဉ်ပြီးရင် သူတို့ခေတ်လူငယ်တွေရှိတဲ့ နေရာကိုသွားပြီး မိတ်ဆွေတစ်ယောက်ယောက်ကို တယ်လီဖုန်းခေါ်ခိုင်းလိုက်မယ်။ သူတို့ရဲ့ ရှဲ့ . ရွှတ်ရွှတ်ရွှတ်. ကလွှိကလွှိ. . ရှဲကလွှတ်ရှဲကလွှတ်ဆိုတဲ့ အော်မြည်သံလောက်တော့ ဒီက ဖွေးတုတ်တို့ကအပျော့။ ဒူးမတိုက်နဲ့ မခိုက်နဲ့ တော်ရေ၊ ငါ့မောင်ကြိုက်မှ ငါယောင်းမ၊ ဟယ် ဖွေးတုတ်ရေ၊ ဟယ်. . . ဟယ်. . ဖွေးတုတ်ရေ အဲသလိုသာဆိုရင် ချာတိတ်တွေ ထွက်ပြေးကုန်မှာ သေချာပါတယ်။ ဒါပေမဲ့ပေါ့လေ။ လူကြီးဆိုတော့လည်း စိတ်ပဲရှိတော့တာကလား၊ ကိုယ်လည်းအကျိုးမရှိ။ သူတစ်ပါးလည်း အကျိုးမဲ့တဲ့ကိစ္စဖြစ်တာကြောင့် ကိုယ့်အတွေးနဲ့ဖွေးတုတ်ကို ဒက်စတော့အုပ်ပြီး အသာခေါက်သိမ်းထားလိုက်ရပါတယ်။ ပြီးတော့ ကလေးကလားဆန်တဲ့ ကိုယ့်အဖြစ်ကိုတွေးရင်း ရယ်ချင်သွားပြီး စားပွဲပေါ်မှာချထားတဲ့ ဟန်းဖုန်းကို မျက်စောင်းထိုးလိုက်မိပါတယ်။ အကောင်သေးသလောက်စွမ်းနိုင်ပါပေ့ ငတိလေး။ သူ့ကြောင့် ကောင်းကျိုးတွေလည်း အမြောက်အမြားရှိရဲ့ ကသိကအောင့်ဖြစ်တာလည်းကြုံရရဲ့။

လွန်ခဲ့တဲ့ သုံးလေးနှစ်လောက်က ဟန်းဖုန်းကိုင်ခွင့်ရခဲ့တယ်။ လက်တစ်ဆုပ်စာလောက်ပဲရှိတဲ့ အီလက်ထရောနစ် ဆက်သွယ်ရေးကိရိယာလေးဟာ တစ်နေရာနဲ့တစ်နေရာ ဆက်သွယ်စကားပြောကြရုံသာမဟုတ် ဓာတ်ပုံရိုက်ချင်လား၊ အသံသွင်းပြီး သိမ်းထားချင်သလား၊ သီချင်းနားထောင်ချင်တာလား အားလုံးအကုန်အစုံရတာကော။

ဒါပေမဲ့ အဲသလိုရတာတွေကို ကျွန်တော်စိတ်မဝင်စားဘူး သိလည်းမသိချင်ဘူး။ သူများဆီကို တယ်လီဖုန်းခေါ်ဖို့၊ တယ်လီဖုန်းနံပါတ်တွေမှတ်တတ်ဖို့နဲ့ မက်ဆေ့(ချ်)ပို့တတ်လောက်အောင်ပဲ သင်ထားပါတယ်။ အလိုလောဘနည်းတယ်လို့ဆိုရမှာပါ။ ဒါပေမဲ့ ကျွန်တော်ဖြတ်သန်းနေတဲ့ခေတ်က ကျွန်တော့်ကို ဖိအားတွေပေးနေပါတယ်။ အင်တာနက်နဲ့ တယ်လီဖုန်းတွေ ချိတ်ခွင့်ရလိုက်တော့ ကျွန်တော်အေးဆေးစွာနဲ့ ဘယ်လိုမှ နေခွင့်မရတော့ဘူး။ သူများတွေက နေ့စဉ်ဖြစ်ပေါ်နေတဲ့ အကြောင်းအရာတွေကို ပြောနေကြတော့ ကိုယ်လည်း သူတို့လိုပြောချင်၊ သတင်းဦးသတင်းထူးတွေကို စောစောစီးစီး ကြိုသိချင်လာတယ်။ အဲသမှာ ခေတ်မီတဲ့ ဟန်းဆက်အသစ်တစ်လုံးကို မရှိမဲ့ရှိမဲ့



Asian Fame Media Group

> လူတွေမှာ ပင်ကိုစွမ်းရည်တွေ ရှိကြတယ်။ အားထုတ်မှ အားထွက်တယ်ဆိုတဲ့ စကားအတိုင်းပါပဲ။ ဒါပေမဲ့ နည်းပညာတွေ ဖွံ့ဖြိုးလာတော့ ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းအတွင်းမှာ အသစ်တီထွင်တဲ့ ပစ္စည်းကိရိယာတွေက နေးတာကို မြန်အောင်၊ အဆင်ပြေချောမွေ့အောင် အကူအညီပေးနေတာ ကြာလာတဲ့အခါ အဲဒီအရာတွေအပေါ် မသိမသာမှီခိုလွန်းလာပြီး သူမရှိရင် မလုပ်တတ်မကိုင်တတ် ဖြစ်ကုန်သွားပါရော . . .

ပိုက်ဆံလေးနဲ့ ဝယ်လဲလိုက်ရပါတယ်။ ဟုတ်ပေသကိုး‌ဗျ။ အသစ်ဝယ်လိုက်တဲ့ ဟန်းဆက်ရဲ့ စွမ်းဆောင်ရည်ကလည်း တယ်လည်းကောင်းတာကိုးနော့။ အင်တာနက်ချိတ်လို့ရတယ်။ ဓာတ်ပုံနဲ့ ဗီဒီယိုရိုက်လို့ရတယ်။ ဂိမ်းပေါင်းစုံကိုလည်း ဆော့ လို့ရတယ်။ သီချင်း နားထောင်ချင်ရင်လည်း ရတယ်။ ပြောချင်တာက အကောင်ငယ်သလောက် စွမ်းဆောင်ရည်များများ လုပ်ဆောင်ပေးနိုင်တာကိုပါ။

ငယ်ငယ်တုန်းက အိုးပုတ်ချိုးရုပ်ကလေးတွေနဲ့ ဆော့ကစားရင်း ကြီးပြင်းလာတဲ့ ကျွန်တော်ဟာ အခုတော့ ကစားစရာအသစ်အဆန်းရတဲ့ ကလေး တစ်ယောက်လို ဖြစ်နေပါတယ်။ တယ်လီဖုန်းနဲ့ အင်တာနက်ကြည့်တယ်။ သွားရင်းလာရင်းစိတ်ဝင်စားစရာရှိရင် လက်ကမြင်းပြီး ဓာတ်ပုံရိုက် တယ်။ ပြီးတော့ ဂိမ်းလည်း ဆော့လိုက်သေး၊ တစ်နေ့တစ်နေ့ အဆိုပါကိစ္စတွေနဲ့ ဗျာများနေတာ ကလား။ ကျွန်တော်တယ်လီဖုန်းနဲ့ ဂိမ်းဆော့နေတဲ့အကြောင်း ရန်ကုန်မှာနေတဲ့ သမီးတွေသိတော့ ဖေဖေက မကြီးမငယ် ဒီအရွယ်ကြီးရောက်မှ ဂိမ်းဆော့နေမှန်း မသိဘူးလို့ သူတို့အချင်းချင်း ပြောကြရင်း ရယ်နေကြသတဲ့။ ဒါတော့ ဘယ်တတ်နိုင်မလဲ။ ပြောရင်လည်းခံရတော့မှာပါ။

တကယ်တော့ သေချာစဉ်းစားကြည့်လိုက်ရင် ကျွန်တော်ရဲ့ စိတ်ဖြေဖျောက်စရာနဲ့ ပြင်ပပတ်ဝန်းကျင်ဆက်သွယ်ရေးမှာ တယ်လီဖုန်းကိုအားကိုးနေတာပါ။ တစ်ရက်က ဟန်းဆက်က ဘက်ထရီအားသွင်းတာပျက်သွားလို့ ဟန်းဆက်ပြင်တဲ့ဆိုင်ကို သွားရပါတယ်။ ဆိုင်မှာပြင်စရာတွေကများလို့ နောက်တစ်ရက်မှ လာယူဖို့ ချိန်းလိုက်ပါတယ်။

ကျွန်တော်လည်း ဟန်းဆက်ထားပြီး ပြန်လာခဲ့ရတာပေ့ါ။ အဲဒီနေ့နဲ့ ကျွန်တော်လက်ထဲ ဟန်းဆက်ပြန်မရောက်တဲ့အထိ ကျွန်တော့်ခမျာ နိစ္စဓူဝပရိဂ္ဂရမ်တွေ ချက်ချင်းရပ်ဆိုင်းသွားပါတယ်။ အဆက်အသွယ်တွေ ပြတ်တောက်သွားတယ်။ အမြဲတမ်းပြောင်းလဲနေတဲ့ ကမ္ဘာကြီးအကြောင်းမသိရှိရတော့ဘဲ တစ်ရက်တာအမှောင်ကျသွားပါတယ်။ စိတ်ပြေပျောက်ရာ ဂိမ်းလည်း မဆော့ရ၊ တယ်လည်း ခွကျတာကိုးနော့။

အဲသမှာပဲ ကျွန်တော့်တို့တစ်တွေ တိုးတက်တီထွင်တဲ့ နည်းပညာတွေအပေါ် မှီခိုတဲ့အဖြစ်ကို သတိပြုမိလိုက်ပါတယ်။ သူကိုမှီခိုလွန်းတော့ ကိုယ့်အစွမ်းတွေ ပျောက်ကုန်ပါရောလား။ တစ်ခါ တုန်းက ပညာရှင်တွေအထိတ်တလန့်နဲ့ ပြောကြပါ တယ်။ ကွန်ပျူတာတွေပေါ်လာလို့ နောက်ဆယ်နှစ် ကြာရင် ကလေးတွေဟာ ခဲတံတွေ၊ ဘောပင်တွေနဲ့ ကိုယ်တိုင် လက်ရေးလှလှပပရေးနိုင်ဖို့ ရှိပါဦး မလားတဲ့။

ကိုယ်တိုင်အားထုတ်ရေးမယ့် လက်ရေး တွေ ပျောက်ကုန်နိုင်သတဲ့။ ဖြစ်နိုင်တာပဲလို့ ကျွန်တော် တွေးမိလိုက်ပါတယ်။ အလားတူ ဆရာဝန်တွေဆေးကုတာလည်း နည်းပညာဖွံ့ဖြိုးမှုအပေါ်မှာ မှီခိုနေကြတာကလား ရောဂါရှိလို့ ဆရာဝန်ထံသွားပြရင် အီးစီဂျီရိုက်တဲ့၊ စီတီစကင်ရိုက်တဲ့ဘာတဲ့ . . . ညာတဲ့ . . အဲဒီကထွက်တဲ့ အဖြေကိုကြည့်ပြီးမှ ရောဂါရှာဖွေကုသမှုပြုလုပ်။ ဒီတော့ ဟိုတုန်းက အခုလို နည်းပညာအသစ်အဆန်းတွေနဲ့ ကိရိယာပစ္စည်းတွေမပေါ်ခင် ဘယ်လို ဆေးကုလာကြသလဲလို့ မေးစရာရှိလာပါတယ်။ နည်းပညာအသစ်နဲ့ ကရိယာပစ္စည်းတွေ အပေါ်မှာ မှီခိုလွန်းအားကြီးရင် မိမိတို့ရဲ့ပင်ကိုစွမ်းဆောင်ရည်တွေ ကျဆင်းလာတော့မှာ ဖြစ်ပါတယ်။ ဒါက ကျွန်တော် စဉ်းစားကြည့်တာပါ။

လူတွေမှာ ပင်ကိုစွမ်းရည်တွေ ရှိကြတယ်။ အားထုတ်မှ အားထွက်တယ်ဆိုတဲ့စကားအတိုင်းပါပဲ။ ဒါပေမဲ့ နည်းပညာတွေ ဖွံ့ဖြိုးလာတော့ ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းအတွင်းမှာ အသစ်တီထွင်တဲ့ ပစ္စည်းကိရိယာတွေက နေးတာကို မြန်အောင်၊ အဆင်ပြေချောမွေ့အောင် အကူအညီပေးနေတာ ကြာလာတဲ့အခါ အဲဒီအရာတွေ အပေါ် မသိမသာမှီခိုလွန်းလာပြီး သူမရှိရင် မလုပ်တတ်မကိုင်တတ် ဖြစ်ကုန်သွားပါရော။ ပြီးတော့ တစ်နေ့ထက်တစ်နေ့ ထွက်ပေါ်နေတဲ့ အသစ်အဆန်းပစ္စည်းတွေက လူတွေကိုလိုချင်မက်မောအောင် ဆွဲဆောင်နေပါတယ်။ တစ်နည်းပြောရရင် လောဘစိတ်ကို နှိုးဆွနေတာပေ့ါ။ လောဘဝင်လာပြီး အဲဒီစိတ်အားကြီးလာရင် ကိုယ်ကျင့်သိက္ခာပိုင်းမှာ ချည့်နဲ့သွားနိုင်ပါတယ်။ ဒီတော့ နည်းပညာတွေဖွံ့ဖြိုးမှုက လူ့အဖွဲ့အစည်းကို ကောင်းကျိုးတော့ပြုပါရဲ့၊ နို့ပေမယ့် သူရဲ့ မဆိုင်တဲ့ ဘေးထွက်ဆိုးကျိုးလည်း ရှိနေသေးတာကော။ ဘယ်အရာမှ သီးခြားရပ်တည်လို့ မဖြစ် အကောင်းအဆိုးတွေနဲ့ ဒွန်တွဲနေတာပါ။ ဟော . . ကြည့် ကျွန်တော်လည်း တယ်လီဖုန်းကိုပဲ မသိမသာ အားကိုးနေတော့ တဖြည်းဖြည်းနဲ့ ကိုယ့်ကိုယ်ကိုယ်ညံ့၍ ညံ့လာနေပြီ ဖြစ်ပါတယ်။ အရင်တုန်းက နှစ်ပြသုံးပြလောက်ဝေးတဲ့ ခရီးကို စက်ဘီးနဲ့သွားပေမယ့် အခုတော့ ဆိုင်ကယ်နဲ့ ဝိုးခနဲ၊ အံမယ် တစ်ခေါ်လောက်ဝေးမယ့် ကွမ်းယာသွားဝယ်ရမယ့်ကိစ္စတောင် တယ်လီဖုန်းနဲ့ လှမ်းဆက်ပြီး ဒိုးတူဒိုး အရောက်ပို့ခိုင်းနေတယ်လေ။ သွားရေးလာရေးမှာ ဆိုင်ကယ်ကိုချည်း အားကိုးနေတော့ ကိုယ်လက်လှုပ်ရှားမှုနည်းလာပြီး ကျန်းမာရေးအီစီကလီဖြစ်လာပါတယ်။ ခေါင်းနောက်ရတာနဲ့ ကျောအောင့်ရတာနဲ့ ဖင်နာရတာနဲ့ မအီမသာနဲ့ တယ်လည်း အလုပ်ရှုပ်လှတယ်။ တစ်စတစ်စ ဝချင်ချင်ဖြစ်လာတဲ့ ကျွန်တော့်ကိုယ်ကျွန်တော် ကြည့်နေမိတယ်။ တယ်လီဖုန်းရဲ့စွမ်း



Asian Family Media Group




" ဟဲ့ . . . နာရီစင်နား ရောက်တယ်ဆိုတာ ဘယ်ကနာရီစင် ပြောတာတုန်း . . .

**အဲ့သမှာ တစ်ဖက်က**

သားအဖြစ်ကြောင့် သူ့ခမျာ ဟောတော်လို့ ဖြစ်သွားရပါတယ်။

သားက

**ပြင်ဦးလွင်က နာရီစဉ်ပါ**

အမေလို့ ပြောလိုက်တာကိုး။

**ဒီလိုပါပဲလေ**

ဒီလိုပါပဲ . . . . "

ဆောင်ရည်တွေအပေါ် မှီခိုပြီး နေ့စဉ် အာရုံများနေတဲ့ ကျွန်တော်။ လူကလည်း ဝတတ၊ ဒါက ခေတ်လူသား ကျွန်တော်ရဲ့ပုံသဏ္ဌာန် ဖြစ်ပါတယ်။

ရုတ်တရက် အော်မြည်တဲ့ တယ်လီဖုန်းအသံက ကျွန်တော့်ကို လှုပ်နှိုးလိုက်ပါတယ်။ နံပါတ်ကို ကြည့်လိုက်တော့ ကျွန်တော့်မိတ်ဆွေ ဦးဘိုလေး ဆက်နေတာပါ။ ဒီတော့မှ သူနဲ့ လက်ဖက်ရည်ဆိုင်မှာ ချိန်းထားတာကို သတိရမိတယ်။ ဒါနဲ့ ဦးဘိုလေးကို လာနေပြီဆရာရေ၊ သိပ္ပံလမ်းပေါ်မှာ ရောက်နေပြီလို့ ကပျာကယာပြောလိုက်ရပါတယ်။ အမှန်တော့ အိမ်ထဲက အိမ်အပြင်ကို မထွက်သေးဘူး။ သူ့ကိုအားနာတာနဲ့ ပြောမိပြောရာပြောလိုက်မိတာပါ။ ဒါကို ဦးဘိုလေးကလည်း ရိပ်မိတယ်။ ဟော့လူ ရှိုးမနေနဲ့၊ တယ်လီဖုန်းထဲမှာ TV အသံတွေ ကြားနေရတယ်တဲ့။ ခိုးထုပ်ခိုးထည်နဲ့ မိသွားတော့ ကျွန်တော်လည်း မဖြေရှင်းတတ်တော့ဘဲ တဟဲဟဲရယ်နေရပါလေရော။ ပြီးမှ ကိုယ့်ကိုယ်ကိုယ်ဆင်ခြင်ရင်း ငါ့အကျင့်ကို မဖျောက်နိုင်သေးပါလားလို့ တွေးမိလိုက်ပါတယ်။ ငယ်ငယ်တုန်းကတည်းက အချိန်ကို မလေးစား၊ လွယ်လွယ်တွေး လွယ်လွယ်ပြောတတ်တဲ့ ကျွန်တော်ကိုး။

အဲသမှာ ဩဂုတ် ၅ ရက်နေ့က ကွယ်လွန်အနိစ္စရောက်သွားတဲ့ ကျွန်တော့်ရဲ့ကျေးဇူးရှင် ဆရာမကြီး ဒေါ်အမာတင်ကို လွမ်းသွားရပါတယ်။ ဆရာကြီးဦးဘသန်းတင်နဲ့ဆရာမကြီး ဒေါ်အမာတင်တို့ဟာ ကျွန်တော့်ရဲ့ကျေးဇူးရှင် ဖြစ်ပါတယ်။ ဆရာမိဘဆိုတဲ့အတိုင်း မိဘဆိုလည်း မမှားပါဘူး။ ကျွန်တော့်ကို ပဲ့ပြင်ဆုံးမပြီး မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်ခဲ့လို့လည်း ယနေ့ ကိုထွန်းလမ်း(၈၀) ဖြစ်လာရတာပါ။ ကျွန်တော်တွေးရင်းနဲ့ ငယ်ဘဝကိုပြန်ပြီး လွမ်းမိသွားပါတယ်။ ငယ်ငယ်တုန်းက ကျွန်တော်က တော်တော်ဆိုးခဲ့ဖူးတယ်။ ကျောင်းမှန်မှန်မတက်၊ စာမေးပွဲတွေ တဖုန်းဖုန်းကျ။ ဒါနဲ့အဖေက ဒီအတိုင်းဆိုရင် ငါ့သားလေး ကိုယ်ကျိုးနည်းရချေရဲ့လို့ တွေးမိရင်း ဆရာဦးဘသန်းတင်နဲ့ ဆရာမဒေါ်အမာတင်တို့ထံ အပ်နှံလိုက်ပါတော့တယ်။ အပ်နှံတယ်ဆိုတာ သာမန်လောက်မဟုတ်ဘူး၊ ဆရာတို့အိမ်မှာပဲ ထားတော့တာကလား။

ဆရာက စည်းကမ်းကြီးတယ်။ စာသင်တဲ့နေရာမှာလည်း အင်မတန်ထင်ရှားတယ်။ ဆရာရဲ့သင်ကြားမှုကြောင့် နှစ်တိုင်းဂုဏ်ထူးတွေ ထွက်ကြတဲ့ လူတော်လူရည်ချွန်တပည့်တွေ မရေမတွက်နိုင်လောက်အောင် အထိပါ။ အဲဒီအထဲမှာ ကျွန်တော်လည်း ပါသပေါ့။ (ဒါက ကြုံတုန်းလေး ကပ်ကြွားရတာကိုးနော့။) ကျောင်းစာကို စိတ်မဝင်စား၊ ဘယ်လိုကျောင်းလစ်ရင်ရမယ်လို့ပဲ စိတ်ကူးနေတဲ့ ကျွန်တော်ဟာ ဆရာ့အိမ်ရောက်သွားမှ ဘဝတစ်ဆစ်ချိုးပြောင်းသွားပြီး ဆယ်တန်းမှာ ဂုဏ်ထူးသုံးခုနဲ့ အောင်မြင်သွားခဲ့ပါတယ်။ အံ့သြစရာပဲ။ ကျွန်တော့်ကိုယ်ကျွန်တော်လည်း အံ့သြနေမိပါတယ်။ ၁၉၇၃ ခုနှစ်က တစ်ပြည်လုံးအတိုင်းအတာအရ အောင်ချက်ရာခိုင်နှုန်းနည်းတဲ့ အချိန်မှာ ဂုဏ်ထူးသုံးခုနဲ့ အောင်တယ်ဆိုတော့ ငါမှဟုတ်ရဲ့လားလို့တောင် ကိုယ့်ကိုယ်ကိုယ်မယုံ မကြည်ဖြစ်ခဲ့ရပါသေးတယ်။ ဒီအကြောင်းကို ပြန်လည်တွေးမိတိုင်း ပြုံးချင်ချင်ဖြစ်နေမိပါတယ်။ စဉ်းစားကြည့်လေ။ ဗရုတ်သုတ်ခနဲ့နေလာတဲ့ ကျွန်တော်ဟာ ဆရာအိမ်ကို ရောက်သွားတော့ ဘယ်လောက်များ ဒုက္ခရောက်ရသလဲဆိုတာပါ။ တစ်နေ့တစ်နေ့ စာသင်ချိန်၊ စာကျက်ချိန်၊ အိပ်ချိန်၊ နားချိန်၊ အဲသလို ပရိုဂရမ်နဲ့ တည့်တည့်တိုး တော့ ကျွန်တော် ခွကျကုန်ပြီပေါ့။

ဆရာက စည်းကမ်းကြီးတယ်။ ခိုင်လုံတဲ့ အကြောင်းပြချက်မရှိဘဲနဲ့ အပြင်ထွက်ခွင့်မရှိဘူး။ ကျွန်တော်ကလည်း ကျွန်တော်ပဲ။ ရောက်စတုန်းက ကိုယ့်ရဲ့ဉာဉ်ဆိုးကလည်း မကုန်နိုင်သေးတော့ ဆရာအလစ်မှာ လှစ်ခနဲ အပြင်ထွက်ချင်တယ်။ ဆရာမကြီးဒေါ်အမာတင်ကို ကျွန်တော်တို့က မမလို့ ခေါ်ကြတယ်။ မျက်နှာပြည့်ပြည့် ပြုံးပြုံးရယ်ရယ်နဲ့ ကျွန်တော်ဖြင့် ဆရာအိမ်မှာ သုံးနှစ်နေခဲ့တာ တစ်ခါမှ မမဒေါသဖြစ်တာကို မတွေ့မိခဲ့ဘူး။ ကျောင်းပိတ်တဲ့စနေ၊ တနင်္ဂနွေလို နေ့ရက်မျိုး။ အိမ်မှာဆရာမရှိတဲ့အချိန် ကျွန်တော် အပြင်ထွက်လည်ချင်တယ်။ အဲဒီတော့ မမကို ကျွန်တော်တို့ အပူကပ်ရတယ်။ မမကိုတော့ ကျွန်တော်တို့ ပြောရဲတယ်။ မမ ကျွန်တော် ဒီနားခဏသွားချင်လို့ ပြောလိုက်တဲ့အခါ မင်းဘယ်ကိုသွားမှာလဲ။ ဘာအတွက် သွားမှာလဲလို့ မေးလိုက်ပါတယ်။

ကျွန်တော် ဖြေရကျပ်သွားပါပြီ။ ဒီနားခဏဆိုတာ စကတည်းက အကြောင်းပြချက်ရှိတာမှ မဟုတ်ဘဲ။ ဒါပေမဲ့ မမက ခွင့်ပြုပေးပါတယ်။ အေး. . သွား . . သွား မကြာစေနဲ့တဲ့။ ကျွန်တော်ပျော်သွားတယ်။ ဖောင်းကလွှတ်တဲ့ မြင်းလို လွတ်လပ်ပေ့ါပါးစွာ ပြေးထွက်သွားတယ်။ ဒီနားခဏလို့ပြောတဲ့ ကျွန်တော်၊ အပြင်ကို သုံးလေးနာရီလောက် ယောင်တောင်ပေါင်တောင်လုပ်ပြီးမှ ပြန်လာတယ်။ ကုပ်ချောင်းကုပ်ချောင်းပြန်လာတဲ့ ကျွန်တော့်ကို မမက ဒီနားခဏဆိုတာကလည်း ကွာလို့ ပြုံးရယ်ရင်းပြောလိုက်တဲ့အခါ ကျွန်တော်ဘာပြန်ပြောရမှန်းမသိဘူး။ ပုံမတော် ဆရာကိုများ တိုင်လိုက်ရင် ငါတော့ဒုက္ခပဲလို့ တွေးမိလိုက်ပါတယ်။ တကယ်တော့ တိုင်စရာလည်း မလိုပါဘူး။ ဆရာနဲ့မမက ကျွန်တော့်အကြောင်းကို သိပြီးသားမို့ ကျွန်တော့်ရဲ့စိတ်ကို မသိမသာလေးပြုပြင်ပေးသွားတာ ဖြစ်ပါတယ်။ ဒီအကြောင်းတွေကို လူကြီးဘဝရောက်မှ ကျွန်တော် နားလည်သွားရတာကလား။ ဒါပေမဲ့ မမက ပြုံးပြုံးရယ်ရယ်နဲ့ “မင်းရဲ့ ဒီနားခဏကလည်းကွာ” ဆိုတဲ့ စကားက ကျွန်တော် အမြဲအမှတ်ရနေမိပါတယ်။ ဘဝတစ်လျှောက်လုံးအတွက် သွန်သင်ဆုံးမတဲ့ စကား။ မမ ကွယ်လွန်အနိစ္စရောက်သွားတာ ကျွန်တော် မသိလိုက်ဘူး။ ကြံတိုင်းအောင် လွယ်အိတ်ဆိုင်ပိုင်ရှင် သူငယ်ချင်းအောင်မင်းလာပြောမှ သိရတာ။ ခုတင်ပေါ်မှာ မနိုးသောအိပ်စက်ခြင်းဖြင့် အိပ်ပျော်နေတဲ့ မမကိုကန်တော့ရင်း မငိုမိအောင် ထိန်းချုပ်ထားရပါတယ်။ ဒါပေမဲ့ ရှိုက်သံတစ်ချက်ထွက်ပြီး ပါးပြင်မှာ မျက်ရည်တွေ စီးကျလာခဲ့ပါတယ်။ ဆရာနဲ့မမတို့ အိမ်မှာ နေခဲ့ရတာတွေကို ပြန်ပြီးသတိရမိတယ်။ ကျွန်တော် စာဖတ်ဝါသနာပါမှန်းသိတော့ မမက ကျောင်းစာကြည့်တိုက်က ငှားလာတဲ့ စာအုပ်တွေကို ကျွန်တော့်ကို ပေးဖတ်တယ်။ မမကိုယ်တိုင်လည်း စာဖတ်ဝါသနာပါတယ်။ အဲဒီတုန်းက လစဉ်ထုတ်စန္ဒာမဂ္ဂဇင်းကို ကိုယ်ပိုင်ဝယ်လာလေ့ရှိတယ်။ ကျွန်တော့်ကို မင်း ဒီစာအုပ်လေးဖတ်စမ်းပါဦးလို့ မပြောဘူး။ ကျွန်တော်မြင်သာလောက်တဲ့နေရာမှာ မဂ္ဂဇင်းစာအုပ်ကို ထားပေးထားတာပါ။ နေ့စဉ် ကျောင်းသင်ခန်းစာတွေ လုပ်တယ်။ အားတဲ့အချိန်မှာ ဝတ္ထုတွေ၊ မဂ္ဂဇင်းတွေဖတ်ဖြစ်တယ်။ အဲဒီလိုနဲ့ အပြင်ထွက်ပြီး လက်လျှားလက်လျှားလုပ်ချင်တဲ့စိတ်တွေ အလိုလိုပျောက်ဆုံးသွားခဲ့ပါတယ်။ အခုချိန်မှာ ဒီအကြောင်းတွေ စဉ်းစားမိတော့ ဩော်. . . လူကြီးတွေများ တော်လိုက်တာ၊ ဆူငေါက်ပြီး သွန်သင်ဆုံးမတာမျိုးမလုပ်ဘဲ အောင်မြင်တဲ့ လမ်းကြောင်းပေါ်ရောက်အောင် မသိမသာနဲ့ စိတ်ကို ပြုပြင်ပေးသွားခဲ့တာပါလား . . . လို့ တွေးမိလိုက်ပါတယ်။ အခု ကျွန်တော်တို့ လူကြီးတန်းရောက်လာပါပြီ။ တချို့သူငယ်ချင်း



တွေဆိုရင် မြေးတွေတောင် ရနေပါပြီ။ ဒါပေမဲ့ ကလေးတွေကို ဆုံးမသွန်သင်တဲ့နေရာမှာ ကျွန်တော်တို့ အတုမယူနိုင်ခဲ့ကြပါဘူး။ ကလေးတွေရဲ့စိတ်ကို မသိမသာနဲ့ ပြုပြင်သွန်သင်ပေးဖို့ ကျွန်တော်တို့မှာ အားနည်းချို့ယွင်းနေပါတယ်။ ယနေ့လူငယ်တွေ ကြုံတွေ့ရင်ဆိုင်နေရတဲ့ အကြောင်းကိစ္စတွေကို စဉ်းစားမိတိုင်း မမပြောခဲ့တဲ့ ဒီနားခဏဆိုတာတော့ကွာ . . . စကားသံက နားထဲမှာ ပဲ့တင်ထပ်မြည်ဟိန်းလာပါတယ်။ ပြီးတော့ ဒီနားခဏလို့ပြောပြီး ထွက်သွားပေမယ့် အချိန်တန်လို့ အိမ်ပြန်မလာနိုင်သေးရင် လူကြီးဆိုတာ မျှော်ရစိတ်ပူရစမြဲဖြစ်ပါတယ်။ ဒီခေတ်တော့ အဲဒီအပူအမောတွေ နည်းနည်းအေးသွားပါတယ်။ တယ်လီဖုန်းက စိတ်သက်သာအောင် ဆောင်ကြဉ်းပေးနေတာကိုး။ အပြင်သွားတဲ့ ကိုယ့်သားသမီးဘယ်မှာ ရောက်နေမလဲ။ ဘယ်အချိန်ပြန်ရောက်မှာလဲ သိချင်ရင် တယ်လီဖုန်းလှမ်းဆက်မေးလိုက်ရုံပဲပေ့ါ၊ ဟုတ်ဘူးလား။

လူငယ်တွေ ဟန်းဖုန်းကိုယ်စီနဲ့ စတိုင်မိနေတာကိုကြည့်ရင်း ကျွန်တော် ပြုံးလိုက်မိပါတယ်။ အဲဒီဟန်းဖုန်းလေးက သူတို့ကိုဆွဲပေးလိုက်တဲ့ ခလောက်လေးပါ။

ခလောက်လေးဆွဲပေးထားတော့ အိမ်မှာနေရတဲ့ မိဘတွေလည်း သိပ်စိတ်မပူရတော့ဘူး။ ဘယ်ကိုရောက်နေလဲသိချင်ရင် တယ်လီဖုန်းလှမ်းဆက်လိုက်တာနဲ့ခလောက်သံလေးက ဒိုးဒိုးဒန်ဒန် ဂိုးဂိုးဂွမ်ဂွမ်. . .။ မိတ်ဆွေတစ်ယောက်က ခလောက်ဆွဲရတဲ့ အကြောင်းပြောကြရင်း သူသိတဲ့ အကြောင်းအရာတစ်ခုကို စကားဖောက်သည်ချပါတယ်။ တစ်ရက်က သူ့မိတ်ဆွေရဲ့ဇနီးက ခလောက်ဆွဲထားတဲ့ သားတော်မောင် ပြန်မလာသေးလို့ တယ်လီဖုန်းဆက်မေးသတဲ့။ သားကလည်း တယ်လီဖုန်းနဲ့ အမေ ကျွန်တော် ပြန်လာပြီ နာရီစင်နားရောက်နေပါပြီလို့ ပြောလိုက်တာကြောင့် စိတ်အေးသွားရသတဲ့။ ဈေးချိုနာရီစင်နဲ့ အိမ်ကဘာမှမဝေးတော့ ခဏနေရင် သားဖြစ်သူ ပြန်ရောက်လာတော့မယ်လေ။ ဒါပေမဲ့ နာရီဝက်ကြာလည်း သားက ပေါ်မလာ တစ်နာရီကြာလည်း အရိပ်အယောင်မမြင်ရတော့ မိခင်ဖြစ်သူက သက်ာမကင်း ဖြစ်လာပါတယ်။ အဲဒါကြောင့် နောက်ထပ်တစ်ခါ ဖုန်းဆက်ရပြန်ပါတယ်။ ကျွန်တော် နာရီစင်ကျော်လာပါပြီ အမေ။ ရယ်သံလေးနဲ့ပြောလိုက်တဲ့ သားရဲ့အသံကို ကြားလိုက်ရပါတယ်။ ဒါပေမဲ့ အဲဒီစကားလောက်နဲ့ အမေက မကျေနပ်နိုင်တော့ဘူး။ မန္တလေးသူပီပီ ဖြစ်နိုင်တာကို ဒက်ခနဲလှမ်းတွေးလိုက်တယ်။ စိတ်ထဲသက်ာမကင်းဖြစ်လာသမို့ သားကိုတယ်လီဖုန်းနဲ့ လှမ်းမေးလိုက်ပါတယ်။

ဟဲ့. . . နာရီစင်နားရောက်တယ်ဆိုတာ ဘယ်ကနာရီစင်ပြောတာတုန်း. . အဲ့သမှာ တစ်ဖက်က သားအဖြစ်ကြောင့် သူ့ခမျာ ပောတော်လို့ ဖြစ်သွားရပါတယ်။ သားက ပြင်ဦးလွင်က နာရီစဉ်ပါအမေလို့ ပြောလိုက်တာကိုး။ ဒီလိုပါပဲလေ ဒီလိုပါပဲ။ ကျွန်တော်တို့ လူငယ်ဘဝတုန်းကတော့ ဒီနားခဏပေ့ါ။ အခုခေတ်ကျတော့လည်း တယ်လီဖုန်းရှိနေတာကြောင့် ကျွန်တော် လာနေပါပြီပေ့ါ။ အပြစ်ကင်းတဲ့ဆင်ခြေနဲ့ ကျွန်တော့်လူငယ်ဘဝကို ဖြတ်သန်းလာခဲ့ပါတယ်။ အဲသလိုပဲ ဒီခေတ်လူငယ်တွေလည်း အပြစ်ကင်းတဲ့အကြောင်းပြချက်နဲ့ သူတို့မိဘတွေရဲ့ နှလုံးစိတ်ဝမ်းကို အနည်းငယ်အေးချမ်းအောင် လုပ်ခဲ့ကြပါတယ်။ နောင်နှစ်နှစ်ဆယ်၊ အစိတ်လောက်ကြာရင် လူငယ်တွေလည်း လူကြီးတွေဖြစ်လာကြတော့မှာ ဖြစ်ပါတယ်။ အဲ့ဒီအချိန်ရောက်ရင် လူငယ်တွေက သူတို့ရဲ့စိတ်ပူပန်မှုကို အပြစ်ကင်းစွာနဲ့ ဘယ်လိုဆင်ခြေဆင်လက်တွေ ပေးကြမလဲ။ တယ်လီဖုန်းမြည်သံကြောင့် ကျွန်တော်လန့်သွားပါတယ်။ ရန်ကုန်မှာနေကြတဲ့ သမီးတွေက လှမ်းဆက်တာပါ။ ဖေဖေသမီးတို့ဆီ တယ်လီဖုန်းမဆက်တာ သုံးရက်ရှိပြီတဲ့။ နေကောင်းရဲ့လားတဲ့။ အခုဘယ်ကို ရောက်နေတာလဲတဲ့။ ဘယ်ကိုသွား ဘယ်နေရာရောက်သလဲဆိုတာ သိရအောင် ခလောက်ဆွဲပေးထားသလိုဖြစ်နေတဲ့လက်ကိုင်ဖုန်းကို စူးစိုက်ကြည့်နေမိပါတယ်။ ငါလည်း ခလောက်ဆွဲခံထားရတာပါလားလို့ တွေးရင်း သမီးတို့ကျေနပ်မယ့်အဖြေ ကျွန်တော် ဘယ်လိုပြောရပ့ါ။ နည်းပညာဖွံ့ဖြိုးတိုးတက်မှုကြောင့် တယ်လီဖုန်းကိုယ်စီနဲ့ ဟန်ကျပန်ကျ ဖြစ်နေပေမယ့်. . . ဩော်. . . တကယ်တော့လည်း လူတိုင်း ခလောက်ကိုယ်စီနဲ့ပါကလားလို့ပဲ (ကြီးကြီး ကျယ်ကျယ်မတွေးဘဲ) မှတ်ချက်ချလိုက်မိပါတယ်။ ဟဲလို. . . ရတီမဂ္ဂဇင်းက တာဝန်ခံအယ်ဒီတာ မိုးမိုးစောဝင်းရေ ညည်းဘယ်ကိုရောက်နေသလဲ. . . .။

**ကိုထွန်း (လမ်း-၈၀)**

Asian Family Media Group

ဝတ္ထုတိုရသ



ထိုစဉ်ကဆိုလျှင် ကိုရက္ခက စားပွဲပေါ်က စာမူပုံထဲမှာ ထိုင်လျက်သား နစ်မြုပ်နေတတ်သည်။ ထိုင်လျက်သားဆိုရာမှာ စားပွဲပေါ်ထိုင်နေခြင်းဖြစ်ပြီး စားပွဲဘေးမှာ ထိုင်ရအောင် ကုလားထိုင်လည်း မရှိပေ။ သို့သော် စားပွဲပတ်လည်မှာ စာမူများနှင့် မဂ္ဂဇင်းဟောင်းများသိမ်းဆည်းရာ စာအုပ်သေတ္တာ သုံးလုံးရှိပြီး ယင်းတို့အပေါ်မှာ ကဗျာဆရာ၊ စာရေးဆရာတို့ ထိုင်နေကျဖြစ်၏။

ကန်ထရိုက်တိုက် လှေကားအောက်တွင် အနံ့သုံးပေ၊ အကျယ်ငါးပေခန့်ရှိသော အခန်းကျဉ်းကလေး၏အဝတွင် ပလတ်စတစ်ဆိုင်းဘုတ်ဖြင့် 'ချစ်သူ့သတင်း' မဂ္ဂဇင်းဟု ရေးထားသည့်နေရာမှာ ကျွန်တော်တို့ ကဗျာဆရာချင်းချိန်းဆိုရာ၊ စာရေးဆရာချင်းတွေ့ဆုံ နှီးနှောရာကွန်းရိပ်လေး ဖြစ်ခဲ့သည်။

ကိုရက္ခအခန်းက ကျွန်တော်တို့လို တက်သစ်စ စာသမားတို့အတွက် လူသာဝင်ထွက်ခိုနားရာ မဟုတ်၊ စာလည်း လူတန်းစေ့နေရာယူခွင့်သာရာ တစ်နေရာ ဖြစ်ခဲ့သည်။ သူက အယ်ဒီတာပေါက်စဖြစ်၍ ကိုယ်ချင်းစာခဲ့တာလည်းပါမည်။ ဝတ္ထုတွေ၊ ကဗျာတွေ သွားပေးသည့်အခါ အဆင်ပြေလျှင် ချက်ချင်းလိုဖတ်ပေးလိုက်သည်။

"မကြိုက်သေးဘူးဗျာ"၊ "မသုံးဖြစ်ဘူးဗျာ" ဆိုတာမျိုး၊ "အင်း၊ တစ်ခေါက်လောက် ထပ်ဖတ်ကြည့်ဦးမယ်၊ တစ်ရက်နှစ်ရက်နေရင် ထပ်လာကြည့်လိုက်လေ" ဆိုတာမျိုး အပြင် ကံကောင်းလျှင်တော့ "ထားခဲ့လေ၊ မှီရာလ လုပ်လိုက်မယ်" ဆိုတာမျိုး၊ "နည်းနည်းတော့ စောင့်ရမယ်နော်၊ နှစ်လ၊ သုံးလလောက်မှ သုံးနိုင်မယ်" ဆိုတာမျိုးလည်း ကြားရနိုင်သည်။

ငြင်းတာပဲဖြစ်ဖြစ် လက်ခံတာပဲဖြစ်ဖြစ် ချက်ချင်းအဖြေရတတ်တာမျိုးက ကျွန်တော်တို့လို နုနယ်သော ကလောင်များအတွက်ရတောင့်ရခဲ အခွင့်အရေးပင်။

ဒါပေမဲ့လည်း သူ့မဂ္ဂဇင်းက ပထမတန်းမဂ္ဂဇင်းမျိုး မဟုတ် တာတစ်ခုပဲရှိသည်။ သူ့ဆီမှာပါရင်တော့ စာဖတ်သူဆီကို သိပ် မရောက်၊ စာပေအသိုင်းအဝိုင်းထဲလည်း သိပ်မပေါက်ပေမယ့် သူလိုကိုယ်လို စာပေလောကထဲ တိုးဝင်စလူတွေကြားမှာတော့ အားကျစရာ ဖြစ်ရတတ်သည်။

သူ့မဂ္ဂဇင်းက 'ချစ်သူ့သတင်း' ဆိုသည့်အတိုင်း ချစ်သူနှင့် သတင်းကို ပေါင်းထားသည်ဟုဆို၏။ ချစ်သူဆိုသည့်အောက်မှာ ရုပ်ရှင်ချစ်သူ၊ ဂီတချစ်သူ၊ ကဗျာချစ်သူ၊ ဝတ္ထုချစ်သူစသည် ကဏ္ဍစုံဖြင့် ရုပ်ရှင်၊ ဂီတအကြောင်းနှင့် ဝတ္ထု၊ ကဗျာများဖော်ပြ၏။ သတင်းအောက်မှာလည်း ရန်ကုန်သတင်း၊ နေပြည်တော်၊ မန္တလေး၊ နယ်သတင်းစသည်ဖြင့်။ ဟိုနည်းနည်း ဒီနည်း



နည်း အစုံသုပ်နှင့် တူနေသော်လည်း အရသာက ပေါ့ပျက်ပျက်နိုင်နေတတ်သည်။ ဒါပေမဲ့ ထမင်းကိုကြော်တာချင်းအတူတူ ဟိုတယ်ပေါ် ရောက်ခွင့်မရဘဲ စားအုန်းဆီခပ်ပါး ပါးဒယ်အိုးထဲရောက်ရပြီး အဆင့် မြင့်စားသုံးသူထံ စားတော်ဆက် ခွင့်မရသော 'လမ်းဘေးထမင်းကြော်' လို ဒီမဂ္ဂဇင်းလောကမှာပါ ခွင့်ရတာကိုပင် ကံကောင်းလှပါပြီဟုတွေးပြီး ကျေနပ်ရတော့သည်။

အမှန်တော့လည်း ကိုရက္ခက စိုင်ကော်ပြီး အယ်ဒီတာစားပွဲ 'ခြုံ' ပေါ်သို့ ရောက်လာသူဖြစ်ကာ မူလက ဘဝအတော်နာခဲ့သော အောက်ခြေက စခဲ့ရသူ တစ်ဦးဖြစ်သည်။ ဆယ်တန်းနှစ်နှစ် ကျခိုက် မိသားစု အခြေအနေအရ ဆောက်လုပ်ရေးလုပ်ငန်းထဲမှာ ဝင်လုပ်ရင်း တစ်ဖက်က ဝါသနာပါရာကဗျာ၊ ဝတ္ထုများ ရေးနေခဲ့သည်။ လူကြမ်းခေါ် ပန်းရန်အကူလုပ်ရင်း စာရေးသားနေသည့်သူ့ဝါသနာကို ဆောက်လုပ်ရေးကန်ထရိုက်တာက သိသွားပြီး သူကလည်း စာပေပိုးရှိ ရင်းစွဲဖြင့် သူတို့အတူ မဂ္ဂဇင်းတစ်အုပ် လုပ်ခဲ့ကြသည်တဲ့။

'ရိပ်မြုံ' ဆိုသော မဂ္ဂဇင်းမှာ ဈေးကွက်တွင်း တိုက်ခန်းနှင့်မြေယာများ ကြော်ငြာဖြင့်ရပ်တည်ရန် သူ့ဆရာက စိတ်ကူးကောင်းကောင်းဖြင့် စလုပ်ခဲ့ခြင်းဖြစ်သော်လည်း ယင်းစိတ်ကူးက ထိုကာလမှာ စောလွန်းနေမှုနှင့် ကိုရက္ခကလည်း စာပေနယ်ထဲ တိုးဝင်စ မကျွမ်းကျင်သေးမှုတို့ကြောင့် သက်တမ်းသိပ်မရှည်ဘဲ ရပ်ဆိုင်းသွားခဲ့သည်။ သို့သော် ကိုရက္ခမှာ စာပေလောကထဲ အယ်ဒီတာအဖြစ် ခြေလှမ်းချနိုင်ခဲ့သလို သူ့ကို အနုပညာမဂ္ဂဇင်းတစ်စောင် ထုတ်ဖို့ ဝိုင်းဝန်းပေးမည့်သူတချို့ ရှာနိုင်ရုံမက သူတို့မဂ္ဂဇင်းတိုက်ဖြစ်ခဲ့ရာ အခန်းလေးကိုလည်း သူ့ဆရာက ကိုရက္ခကို ဆက်လက်သုံးစွဲခွင့်ပေးထားခဲ့ခြင်း ဖြစ်သည်။

တစ်နေ့ ကိုရက္ခဆိုသောနာမည်ကို ကျွန်တော့်စိတ်ထဲတစ်မျိုး ဖြစ်နေမိသဖြင့်

"ကိုရက္ခ၊ ခင်ဗျားနာမည်က ဘာအဓိပ္ပာယ်လဲဗျ"ဟု မေးမိတော့

"ကိုရီနိုင်ကလည်းဗျာ၊ နာမည်ဆိုတာ အဓိပ္ပာယ်ရှိမှ ပေးရမှာလား၊ ဆရာ နွမ်ဂျာသိုင်းဆို ဘယ်လိုလုပ်မလဲ" ဟု ပြန်ဖြေပါသည်။ သူက တခြားလူကို မိတ်ဆက်ပေးလျှင် ကျွန်တော့်ကလောင်နာမည်ကို ပြောတတ်သော်လည်း သူကိုယ်တိုင်ကတော့ ကျွန်တော့်နာမည် ကိုရီနိုင်ကိုပဲ ခေါ်လေ့ရှိသည်။

Asian Fame Media Group

"မဟုတ်ဘူးလေဗျာ၊ ယပက်လက်နဲ့ ယက္ခဆိုရင်လည်း ဟုတ်သေး" ဟု ဆိုတော့

"ဘီလူးတော့ မဖြစ်ပါရစေနဲ့" ဟု ပြန်ပြောသည်။

ကျွန်တော်က စကားအရှိန်ရလက်စဖြင့် "ရက္ခဆိုတာ ရကိုကအောက်က ခချွေးလုံးကြီးတင် တစ်ချောင်းငင် ငသတ် ရက္ခိုင်လားလို့ တွေးနေမိတာ၊ တချို့က ရခိုင်ကို အဲဒီလို စာလုံးပေါင်းတာ တွေ့ဖူးလို့လေ။ ခင်ဗျား ရခိုင်မလေးတစ်ယောက်ယောက်ကိုများ ကြိုက်ခဲ့လို့လား" ဟုလျှာရှည်မိရာ သူက "မဟုတ်ရပါဘူးဗျာ" ဟု ရယ်ရယ်မောမော ပြန်ပြောပါသည်။

အပြန်လမ်းမှာတော့ အတူလာသူဆရာဂျိုးက ကျွန်တော့်ကို အပြစ်တင်ပါသည်။

"ခင်ဗျား မဆိုင်တာတွေ လျှောက်မပြောနဲ့၊ ရက္ခကို ဘာမှတ်လို့လဲ၊ သူ့စိတ်နဲ့ မတွေ့ရင် ခင်ဗျား ဇေဇူးလို ဖြစ်သွားမယ်"

ဇေဇူးဆိုသော ဇူးမေဂျာဘွဲ့ရ ကဗျာဆရာလေး ဘာဖြစ်သွားသည် ကျွန်တော်မသိလို့ မေးတော့မှ ဇေဇူးက ဝိုင်းတစ်ခုမှာ စကားမှားသွားခဲ့သည်တဲ့။

"မဆလခေတ်ဆိုတာ သိလားဗျ။ ကိုရက္ခ မဆလာဖျော်ခဲ့တဲ့ ခေတ် ကို ပြောတာ"

ဘိလပ်မြေမဆလာ ဖျော်ခဲ့ရသော သူ့အတိတ်ကို နောက်ပြောင်ပြောခဲ့ခြင်းအတွက် အများနည်းတူ သူလည်း ရောနှောရယ်မောခဲ့သော်လည်း ကိုရက္ခက အငြိုးအတေး ဖြစ်သွားခဲ့သည်တဲ့။

မကြာမီ ဇွန်ဇူးသည် အခြားသူ၏ကဗျာများကို ခိုးချပြီး စာမူတွေပေးတတ်သဖြင့် သူ့ကဗျာတွေကို ထည့်မပေးသင့်ကြောင်း အယ်ဒီတာအသိုင်းအဝိုင်းတွင် စကားပြန့်သွားခဲ့သည်ကို လအတော်ကြာမှ ကာယကံရှင်က သိရှာသည်တဲ့။ ဘယ်ကဖြစ်လာသည့် သတင်းမှားမှန်းမသိရသော်လည်း ယင်းကြမ္မာဆိုးမှာ 'မဆလာ' ပြက်လုံးမှ မြစ်ဖျားခံလာသည်ဖြစ်နိုင်ကြောင်း ကာလအတန်ကြာမှ ရိပ်မိသိရှိကာ အတော်လေးခက်ခဲစွာ ပြန်ဖြေရှင်းခဲ့ရပြီး စာရေးအရှိန်ပျက်သွားခဲ့ရသည်တဲ့။

ကျွန်တော်လည်း အဲဒီသတိပေးစကားကြောင့် ထိတ်ခနဲဖြစ်သွားမိသော်လည်း ကျွန်တော့်ကိုတော့ ကိုရက္ခက အမျက်မာန်ရှပုံမပေါ်။ နောင် သူ့ကံဇာတာတစ်ဆင့်မြင့်သွားသည်အထိ ကျွန်တော်နှင့် အဆင်ပြေစွာ ရှိခဲ့ပါသည်။

◆

တစ်နေ့တော့ ကိုရက္ခတစ်ယောက် သူ့ဆရာနှင့် တိတ်တိတ်ပုန်းငြိနေသော မုဆိုးမတစ်ယောက်ကို သူ့ဆရာက ဇာတ်လမ်းဖြတ်ဖို့ ကြိုးစားရာမှာ ပါဝင်ပတ်သက်ရင်း ထိုမိန်းမနှင့် ငြိတွယ်သွားခဲ့သည်။ ဒီတော့ သူ့ဆရာက သူရှင်းရခက်နေသည်ကို ဖြေရှင်းပေး၍ ကျေးဇူးတင်၊ သူ့ဆရာနှင့် ဇာတ်လမ်းစစဉ်က မုဆိုးမလေးဖြစ်ခဲ့ကာ အခု အတန်ငယ်ရင့်နေပြီဖြစ်သူ 'မမ' ကလည်း ငယ်ဂုဏ်ရှိ 'တိတ်တိတ်ပုန်း' အသစ်လေးရ၍ ပျော်ရွှင်၊ ကိုရက္ခလည်း ထိုအမျိုးသမီး၏ ခနဉစ္စာဖြင့် သူ့အိပ်မက်များ စိုက်ပျိုးဖို့ပြင်ဆင်ဖြင့် အားလုံး 'ဟဲပီးအဲန်ဒင်' ဖြစ်သွား၏။

ထို့နောက် ကိုရက္ခမှာ ထိုအမျိုးသမီးကြီးဝယ်ပေးသော ကွန်ဒိုပထမထပ်အခန်းတစ်ခုတွင် 'ကြယ်ဖြူလင်းလက်' မဂ္ဂဇင်းတိုက်၏ အယ်ဒီတာချုပ်အဖြစ် နေ့ချင်းညချင်းရောက်ရှိသွားပြီး ကျွန်တော်တို့ 'ချစ်သူ့သတင်း' စာအုပ်စုမှာ 'ချစ်သူ့အတင်း' ရှာအုပ်စုအဖြစ် သော့ပိတ်သွားပြီဖြစ်သော တိုက်ဟောင်းနှင့်မလှမ်းမကမ်း လက်ဖက်ရည်ဆိုင်မှာ စတည်းချရလေ၏။

'ကြယ်ဖြူလင်းလက်' ကို ငွေစိုက်ထုတ်ပေးသူ 'ဒေါ်ကြယ်ဖြူ' မှာ ကိုရက္ခ၏အဒေါ် အရွယ်နီးနီး ဖြစ်သော်လည်း ကိုရက္ခက 'မမကြယ်ဖြူ' ဟုခေါ်ပုံမှာလည်း ကျွန်တော်တို့ 'အတင်းခေါင်းစဉ်' ထဲတွင် ပါဝင်လေသည်။

ကိုရက္ခကို စိတ်နာစရာဖြစ်ခဲ့ဖူးသူ ဇေဇူးက . . .

"အမှန်တော့ ချစ်စနိုးမကြယ်လို့ပဲ ခေါ်ရမှာ၊ အင်း . . ဒါပေမဲ့ ရရစ်မဟုတ်ဘဲ ရပင့်ဖြစ်နေမှာ စိုးရတယ်" ဟု ပြက်လုံးထုတ်၏။



ဒါနဲ့ မကျေနပ်သေးဘဲ "ကျွန်တော် စိတ်ကူးတစ်ခုရပြီ၊ ကျွန်တော့်ဆီမှာ ကိုရက္ခလက်နှစ်ချောင်းထောင်ပြီး ရိုက်ထားတဲ့ ဓာတ်ပုံရှိတယ်။ အဲဒါကို အင်တာနက်မှာ ကြယ်ဖြူလင်းလက်မဟုတ်သော ကြယ်ဖြူ 'လင်' လက်ဆိုပြီး တင်မယ်ဗျာ" ဟုဆိုသည်။

ကျွန်တော်က မနေနိုင်ဘဲ

"မလုပ်ပါနဲ့ ဇေဇူးရာ၊ သူ့အကုသိုလ်နဲ့သူ ရှိပါစေ၊ ကိုယ်ကပါ ဝင်မယူနဲ့၊ ပြီးတော့ ဘာပဲဖြစ်ဖြစ် မင်းတို့ကိုယ်တို့ စာတွေ သူအလွယ်တကူ ထည့်ပေးခဲ့တာကို တော့ ကျေးဇူးတင်ရမှာပဲ။ အခု သူက ငွေသုံးနိုင်တဲ့ မဂ္ဂဇင်းရောက်သွားတော့ ရေမြင့်ကြာတင့်ပေါ့ကွာ၊ ကိုယ်တို့ကိုလည်း သံယောဇဉ်မကင်းတော့ သူကူညီမှာပါ။ မင်းနဲ့ဖြစ်ခဲ့တာလည်း ခွင့်လွှတ်လိုက်ပါကွာ၊ သူလည်း ဟုတ်ချင်မှဟုတ်မှာ၊ ထင်ကြေးနဲ့ ပြောကြတာပါ" ဟု ဖျန်ဖြေစကား ပြောလိုက်ရသည်။

ဇေဇူးကိုပြောမိသလို ကိုရက္ခဆက်ကူညီမည်ဟုလည်း ယုံထားသည်။ အခုအချိန်မှာ ကျွန်တော်တို့လည်း စာလောကမှာ လူသိစပြုနေပြီမို့ ကျွန်တော်တို့စာတွေထည့်ပေးလို့လည်း သူနစ်နာစရာတော့ မရှိပါ။ (စာရေးဆရာနဲ့ အယ်ဒီတာဆိုတာလည်း ကျွန်းပင်ကြီးနဲ့ ကိုင်းပင်ကြီးလို တစ်ယောက်ကိုတစ်ယောက် မှီနေရတာပဲ မဟုတ်လားဗျာ)။

ဒီလိုမျှော်လင့်ချက်ဖြင့် ကြယ်ဖြူလင်းလက်ကို ကျွန်တော်ရောက်သွားသည်။ ကိုရက္ခက ခေါင်းငုံ့ပြီး

"မလုပ်ပါနဲ့ ဇေဇူးရာ၊
သူ့အကုသိုလ်နဲ့ သူ ရှိပါစေ၊
ကိုယ်ကပါ ဝင်မယူနဲ့၊
ပြီးတော့ ဘာပဲဖြစ်ဖြစ်
မင်းတို့ကိုယ်တို့ စာတွေ
သူ အလွယ်တကူ
ထည့်ပေးခဲ့တာကိုတော့
ကျေးဇူးတင်ရမှာပဲ။ အခု
သူက ငွေသုံးနိုင်တဲ့
မဂ္ဂဇင်းရောက်သွားတော့
ရေမြင့်ကြာတင့်ပေါ့ကွာ၊
ကိုယ်တို့ကိုလည်း
သံယောဇဉ်မကင်းတော့
သူကူညီမှာပါ"

Asian Fame Media Group

စာမူပုံထဲ အလုပ်ရှုပ်နေကာ ကျွန်တော့်ကို မြင်ပုံမရ။

"ဟေ့လူကြီး၊ ဘာတွေအလုပ်ရှုပ်ချင်ယောင်ဆောင်နေတာလဲ၊ ဒီမှာ စာမူလာပေးတာဗျ" ဟု ကျွန်တော်က နှုတ်ဆက်တော့ . .

"ဟာ ကိုရီနိုင်ကြီး၊ ထိုင်ဗျာ၊ ကျွန်တော့်မှာ အလုပ်ရှုပ်ပြီး အပြင်မထွက်နိုင်ဘူး၊ ခင်ဗျားတို့စာမူတွေ မျှော်နေရတာ" ဟု ပြောလေသည် . . . ဟု ဖြစ်ရမှာမျိုး ကျွန်တော်စိတ်ကူးယဉ်ပြီး သွားခဲ့ခြင်းဖြစ်၏။

သို့သော် ကျွန်တော် ထိုသို့ နှုတ်ဆက်ပြီး ဝင်သွားတော့ သူက တစ်ချက်မော့ကြည့်ပြီး ကျွန်တော့်ကို မမြင်ဖူးသလို ပြန်ကြည့်ပါသည်။ ထို့နောက် အခန်းထောင့်တစ်နေရာက စားပွဲတစ်လုံးဆီ ညွှန်ပြပြီး

"ဟိုမှာ စာမူထိန်းရှိတယ်" ဟု ပြောပါသည်။ သူပြောတာကို ကျွန်တော် နားမလည်ပါ။ ဒါကြောင့် 'ဗျာ' ဟု အသံထွက်သွားတော့

"အဲဒီမှာ စာမူထိန်းရှိတယ်၊ စာမူပေးပြီး မှတ်ပုံတင်ပါ" ဟု ခပ်တည်တည် ထပ်ပြောလေသည်။ ဒီတော့မှ ကျွန်တော်လည်း သဘောပေါက်သွားပြီး "ဩော်၊ ဟုတ်ကဲ့၊ ဟုတ်ကဲ့"ဟု ဆိုကာ သွားပြီးပေးရ၊ မှတ်ပုံတင်ရသည်။ နောက် သူ့ထံ ပြန်လာပြီး "ကျွန်တော့်စာမူ ဘယ်တော့သိရမလဲ" ဟု မေးမိတော့ "နောက်တစ်လလောက်ကြာမှ အဲဒီမှာမေး" ဟု ခပ်တည်တည်ပြောပြီး ခေါင်းပြန်ငုံ့ကာ စာဆက်ဖတ်နေသည်။

ဒီတော့မှ ဟုတ်ကဲ့၊ ဟုတ်ကဲ့ဟု အဖြေပေးကာ ကျွန်တော် ပြန်ထွက်လာရသည်။ စိတ်ထဲတော့ မတင်မကျ။ အင်းလေ သူလည်း ဝန်ထမ်းအများကို အုပ်ချုပ်ရတဲ့ အယ်ဒီတာချုပ်ဆိုတော့ ဟန်လေးဘာလေးလုပ်ရမှာပေါ့။ ဒီလိုဖြင့် နောက်တစ်ပတ်ခန့်အကြာတွင် ကျွန်တော် ကြယ်ဖြူလင်းလက်ကို ထပ်သွားခဲ့သည်။

ထုံးစံအတိုင်း ရင်းနှီးခင်မင်စွာ . . . .

"ကိုရက္ခကြီး၊ စာမူလာပေးတာဗျ" ဆိုတော့ မျက်လုံးစိမ်းစိမ်းတွေဖြင့် မော့ကြည့်ကာ ကြားနေကျတစ်ခွန်းပဲ ထွက်လာသည်။



"ဟိုမှာ စာမူထိန်းရှိတယ်"

♦

ဒီတစ်ခါတော့ ကျွန်တော် အတော်စိတ်ပျက်သွားသည်။ နောက်ထပ်သွားချင်စိတ် မရှိတော့။ သို့သော် 'ပြောင်းလဲခြင်း' ကသာ မပြောင်းလဲခြင်းတရားဟု ဆိုသည့်အတိုင်း ပြောင်းလဲမှုကိုတော့ ကြုံလာရသည်။ တစ်နေ့ မိသားစုလို ခင်မင်နေသော မြန်မာဆေးတိုက်တစ်ခုက မဂ္ဂဇင်းသစ်တစ်ခုမှာ ကြော်ငြာလိုသည်ဟု စကားစပ်မိရာက ကိုရက္ခကို သတိရသွားမိသည်။ စိမ်းကားခြင်းတံခါးကို 'ငွေ'သော့နဲ့ ဖွင့်ဝင်ကြည့်ရမှာပဲဟု စိတ်ကူးပေါ်သွားတာဖြစ်သည်။ ဒီတစ်ခေါက်တော့ ကျွန်တော်ခပ်တင်းတင်းပဲ ကြယ်ဖြူလင်းလက်အခန်းထဲကို ဝင်သွားသည်။

"ဒီမှာ ကိုရက္ခကြီး" ဟု ခေါ်လိုက်တော့ အရင်လိုပဲ မျက်လုံးစိမ်းတစ်စုံကိုသာ မြင်ရသည်။ ဒါပေမဲ့

"ကြော်ငြာထည့်ချင်လို့ဗျ" ဟု ဆိုလိုက်တော့ မထင်တာတွေ ဖြစ်သွားခဲ့သည်။

"ဩော်၊ ဟုတ်ကဲ့၊ ဟုတ်ကဲ့ ဦးရီနိုင်၊ ထိုင်ပါခင်ဗျ" ဆိုပြီး တကယ့်မမြင်ဖူးသူကို ဆက်ဆံသလို လေးစားစွာ နေရာပေးသည်။ တစ်ဆက်တည်းပင် ကျွန်တော့် စကားကို နားမထောင်သေးဘဲ

"ဟေ့ လမင်း၊ ဧည့်သည်ဖို့ ကုတ်တစ်ဘူး ထည့်ခဲ့စမ်းကွာ" ဟု လှမ်းအော်လိုက်ရာ ဟုတ်ကဲ့၊ ဟုတ်ကဲ့ဆိုသော အသံချိုချိုကို ကြားရပြီး မကြာမီ နို့နှစ်ရောင်ကလပ်ဖန်ခွက်ထဲ ကိုကာကိုလာထည့်လျက် လာချပေးသော နို့နှစ်ရောင်ကောင်မလေးတစ်ယောက်ကို မြင်ရသည်။ ကျွန်တော် သူ့ကို သဘောနည်းနည်းပေါက်သွား၏။ အင်းလေ၊ ကြယ်ဖြူကို ကိုင်လှုပ်ပြီး လမင်းကို ခိုင်းစေနိုင်မှတော့ သူ့စိတ်တွေ ကောင်းကင်ရောက်နေတာတော့ အံ့စရာမဟုတ်ပါလေ။

"ဟုတ်ကဲ့၊ ဘာကြော်ငြာထည့်ချင်လဲခင်ဗျ" ဟု သူက စကားစလာတော့မှ လမင်းဆီအာရုံရောက်နေသော ကျွန်တော့်မျက်လုံးများကို ပြန်ရွှေ့ပြီး အကျိုးအကြောင်း ပြောပြရသည်။

ခြောက်လစာ ကြော်ငြာခကျသင့်ငွေကို သူကရှင်းပြပြီး ကြော်ငြာကိုယ်စားလှယ်ထံမှ လာလျှင် ကော်မရှင်ပေးရကြောင်း၊ ဦးရီနိုင်ကတော့ ကော်မရှင်လည်း ယူမည့်သူ မဟုတ်သဖြင့် ကြော်ငြာခကိုသာ လျှော့ပေးလိုက်မည့်အကြောင်းလည်း ပြောသည်။ ကောင်းပါတယ် ဗျာဟူသောစကားကို 'ကုတ်' တစ်ကျိုက်မျိုချရင်းတုံ့ပြန်ကာ ကျွန်တော် ဘယ်လိုလူဆိုတာ သူ သိသွားပဲဟု ကျေနပ်မိသည်။

တစ်ဆက်တည်းမှာပင် ကျွန်တော့်စာမူတွေအကြောင်း မေးရရင် ကောင်းမလားဟု စဉ်းစားမိသော်လည်း နောက်တစ်လမှ မေးပါဟုပြောထားသည်ကို အခွင့်အရေးယူလျှင်မသင့်ဟု ကိုယ့်ဘာသာဆုံးမပြီး သူ့ကို နှုတ်ဆက်ရသည်။ သူကလည်း ပျူငှာစွာ ပြန်လည်နှုတ်ဆက်ပါသည်။

"ဟုတ်ကဲ့ ဦးရီနိုင်၊ ကျွန်တော်တို့က မဂ္ဂဇင်းသစ်ဆိုတော့ ကြိုးစားနေရတယ်၊ နောက်ကိုလည်း အခုလို ကူညီပါဦးဗျာ"

♦

ဘာပဲဖြစ်ဖြစ် ကျွန်တော်မတင်မကျစိတ်ကတော့ လျှော့ခနဲ ကျသွားခဲ့ပြီ။ တံခါးစိမ်းကို ငွေသော့ဖြင့် ဖွင့်နိုင်ခဲ့ပြီပဲ။

မကြာမီ နောက်ထပ်စာမူကို လက်ထဲပိုက်လျက် ကျွန်တော် 'ကြယ်ဖြူလင်းလက်' ကို ထပ်ရောက်ခဲ့သည်။

"ဟေ့လူကြီး ကိုရက္ခ၊ ဒီတစ်ခါတော့ ကြော်ငြာမဟုတ်ဘူးဗျို့၊ စာမူ" ဟု လက်ထဲထည့်လိုက်သည့်အခါ

"အေးဗျာ၊ အရင်ပေးထားတဲ့အထဲက တစ်ပုဒ်တော့ သုံးဖြစ်မယ်၊ ကျန်တာတွေတော့ ခဏစောင့်ဦး" ဟု ပြုံးရွှင်စွာ တုံ့ပြန်လေ၏ . . . ဆိုတာမျိုး ဖြစ်မည်ဟု မျှော်လင့်မိပေမယ့် . . .

'စာမူ' ဆိုသော အသံကြားသည်နှင့် မျက်လုံးစိမ်းတစ်စုံ၊ လက်ညှိုးတစ်ချောင်းနှင့် ကြားနေကျစကားတစ်ခွန်း . . . ။

"ဟိုမှာ စာမူထိန်းရှိတယ်"

♦

ဒီတစ်ခါတော့ ကျွန်တော်သည်းမခံနိုင်အောင် ဖြစ်ရသည်။ ဒီလူ လူမှမဟုတ်ဘဲ။ ဒေါသတွေ အလိပ်လိပ်တက်လာသည်။

"အခုတော့ ရက္ခမှမဟုတ်တော့တာ၊ ယက္ခဖြစ်သွားပြီ ဒီလူ"

အစွယ်ပြူးပြူးကို အကြိမ်ကြိမ်မြင်ပြီးပါလျက် သုံးတုံးလောက်ကုန်တော့မှ ရိပ်မိစပြုလာသူ ကျွန်တော် ဒီနေ့တော့ ယခင် 'ချစ်သူ့သတင်း' တိုက်အနီးမှ 'ချစ်သူ့အတင်း' စကားဝိုင်းသို့ 'အတင်း' ပြောရန် ဒေါနဲ့မောနဲ့ ချီတက်သွားသည်။

ပြောစရာစကားကလည်း ရင်ထဲမှာ အသင့်။

"ဟေ့ကောင် ဇေဇူး၊ မင်းပြောတာ မှန်တယ်၊ တကယ်တော့ ရကောက်ကနေ ယပက်လက်ဖြစ်သွားတဲ့ ယက္ခနဲ့ ရရစ်ကြယ်ဖြူကနေ ရပင့်ဖြစ်သွားတဲ့ မိန်းမနဲ့ တွေ့တဲ့ ဇာတ်လမ်းဟေ့ သိလား"

**မောင်လွှင်မွန် (ကသာ)**

Asian Fame Media Group



# သူကြီး

## ဆိုင်မြင့်

ဝတ္ထုတိုရသ

(၁)

လက်ကိုင်ဖုန်းမြည်သဖြင့် ကျွန်တော်ကြည့်လိုက်သောအခါ blocked ဟူသော စာသားကို တွေ့လိုက်ရသည်။ ထို့ကြောင့် မြန်မာပြည်ကခေါ်သော ဖုန်းဖြစ်ကြောင်း ကျွန်တော်သိလိုက်ရ၏။

"ဟယ်လို. ."

"ဟယ်လို. . မောင်မောင်လား . . ."

အမျိုးသမီးတစ်ယောက်၏ အသံကြားလိုက်ရသည်။ ဘယ်သူများပါလိမ့်။

"ဟုတ်ပါတယ်။ ကျွန်တော် မောင်မောင်ပါ"

''ငါ. . . လဲ့လဲ့ဆွေ၊ မောင်မောင်ရဲ့"

"ဩော်. . . ကျား သားမိုးကြိုး . . ငါ့ဆီကို နင်. . ဖုန်းတွေ ဘာတွေ ဆက်လို့"

"အေး. . . နင်. . စင်ကာပူကနေ ခဏ ပြန်လာမယ်ဆို။ ငါ. . ရဲ့ ထွန်းတို့ဆီက ကြားတာ. ."

"ဟုတ်တယ်လေ။ ငါ ခွင့်တစ်လယူပြီး ပြန်လာမှာ. ."

"ကောင်းတာပေါ့ဟာ။ ဒါနဲ့ ငါ့ညီမ လင်မယားလည်း စင်ကာပူမှာ အလုပ် လုပ်နေတယ်။ သူတို့ ပစ္စည်းတွေ ထည့်ပေးချင်လို့ လူကြုံရှာနေတာတဲ့။ အေးဂျင့်နဲ့ပို့ရင်လည်း ပို့ခကများတယ်တဲ့။ နင်အပန်းမကြီးဘူးဆိုရင် သယ်လာပေးလို့ရမလား"

''ရပါတယ်ဟာ။ အချင်းချင်းတွေပဲ။ ကူညီရမှာပေါ့"

"အေး. . . အဲဒါဆို ငါဖုန်းနံပါတ်ကို သူတို့လင်မယားပေးလိုက်မယ်နော်"

"ပေးလိုက်လေ"

"ကျေးဇူးပဲ. . သူငယ်ချင်း" ဟု ပြောပြီး လဲ့လဲ့ဆွေ ဖုန်းချသွားသည်။ လဲ့လဲ့ဆွေနှင့် ကျွန်တော် ဒဂုံတက္ကသိုလ်ပထမနှစ်မှာ သူငယ်ချင်းတွေ စဖြစ်ခဲ့သည်။ ပထမနှစ်စာမေးပွဲဖြေဆိုခါနီးတွင် ကျွန်တော့်ဆီမှာ ဖြေစရာ စာမရှိသဖြင့် လဲ့လဲ့ဆွေ၏ မှတ်စုစာအုပ်တွေကို မိတ္တူကူးပြီး ကျက်မှတ်ခဲ့ရသည်။ ထို့ကြောင့် လဲ့လဲ့ဆွေ၏ကျေးဇူးတွေက ကျွန်တော့်အပေါ်မှာ ရှိသည်။ ယခု သူက အကူအညီတောင်းပြီဆိုတော့ ကျွန်တော့်အနေဖြင့် မငြင်းသာ။ ကူညီရမည့် ဝတ္တရားတွေ ရှိသည်။

(၂)

စင်ကာပူသို့ ကျွန်တော်ရောက်သည်မှာ တစ်နှစ်ပြည့်ပြီ။ အမိ

Asian Fame Media Group
AF MEDIA GROUP



Asian Fame Media Group

နိုင်ငံကိုလည်း လွမ်းဆွတ်သတိရသဖြင့် သူဌေးဆီမှာ ခွင့်တစ်လတောင်းပြီးပြန်ဖို့ ကျွန်တော် စိတ်ပိုင်းဖြတ်လိုက်သည်။ သူဌေးကလည်း လိုလိုလားလား ခွင့်ပေးသည့်အတွက် ကျေးဇူးတင်ရသေးသည်။ မြန်မာပြည်သို့ပြန်ဖို့ လေကြောင်းလိုင်းနှစ်မျိုးရှိသည့်အနက် MAI ကိုပဲ စီးမည်ဟု ကျွန်တော်ရွေးချယ်လိုက်သည်။ MAI က Silk Air ထက်စာလျှင် စင်ကာပူဒေါ်လာ တစ်ရာနီးပါး သက်သာသည်။ စင်ကာပူ ဒေါ်လာ တစ်ရာခန့် ပိုထွက်လာပါက မိမိလိုချင်သော ပစ္စည်းများကို ပို၍ဝယ်လို့ရသည် မဟုတ်ပါလား။

ကျွန်တော့်အဖို့ ဝယ်စရာတွေက များနေသည့်အတွက် သည်တစ်လအိမ်သို့ ငွေလွှဲနိုင်တော့မည်မဟုတ်။ အဖေနှင့်အမေအတွက် စင်ထရမ်အားဆေးတွေ ကျွန်တော်ဝယ်သည်။ အဒေါ်တွေအတွက် အင်ဒိုနီးရှားပါတိတ်တွေ ဝယ်သည်။ တူ၊ တူမလေးတွေအတွက် ချောကလက်ပြားတွေဝယ်သည်။ ညီမလေးမှာသော ဟန်းဆက်တစ်လုံးဝယ်သည်။ ထို့ပြင် သူငယ်ချင်းတွေအတွက် စပို့ရှပ်တစ်ယောက် တစ်ထည်စီ ဝယ်သည်။ ထို့နောက် ကျွန်တော့်လက်ထဲမှာ လက်ကျန်ငွေ တော်တော် နည်းသွားသည်။

နောက်ပြီး တစ်လတစ်လရသည့် လစာထဲမှ ဖဲ့ဖဲ့ပြီးဝယ်ထားသော စာအုပ်တွေကိုလည်း ကျွန်တော်ဖတ်ဖို့ယူသွားရဦးမည်။ မြန်မာစာအုပ်တွေရော၊ အင်္ဂလိပ်စာအုပ်တွေရော၊ စုစုပေါင်း အုပ်နှစ်ဆယ်လောက်ရှိလိမ့်မည်။ MAI က ကီလိုသုံးဆယ်ပေးသည့်အတွက် ဟန်းကယ်ရီဆယ်ကီလိုနှင့်ပေါင်းလျှင် စုစုပေါင်းကီလိုလေးဆယ်ခန့်ရသည်။ ကျွန်တော် သယ်ဆောင်ရမည့် ပစ္စည်းတွေက ကီလိုအစိတ်ခန့်ရှိသဖြင့် ဆယ့်ငါးကီလိုလောက် ပိုတန်ကောင်းပါရဲ့ဟု ကျွန်တော်တွက်ဆထားသည်။ ထိုဆယ့်ငါးကီလိုကို ရောင်းစားလျှင် ကျွန်တော့်အတွက် ငွေပိုငွေလျှံနည်းနည်းပါးပါး ထွက်လာနိုင်သေးသည်။ သို့သော်လည်း စောစောက လဲ့လဲ့ဆွေဖုန်းဆက်သဖြင့် သူညီမလင်မယားထည့်ပေးလိုက်မည့် လူကြုံပစ္စည်းတွေကို သယ်ဆောင်လိုက်လျှင် ကီလိုရောင်းစားလို့ရမှာမဟုတ်တော့။ ဒါပေမဲ့ တချို့နေရာများတွင် လူမှုရေးက ငွေရေးကြေးရေးထက် ပိုအရေးကြီးသည်ဟု ကျွန်တော် ခံယူထားမိသည်။

(၃)

"ဟယ်လို. . . ကိုမောင်မောင်လား. . "

"ဟုတ်ပါတယ်. . "

"ကျွန်တော် မလဲ့လဲ့ဆွေညီမရဲ့ အမျိုးသားပါ"

"ဪ. . ဟုတ်ကဲ့ပြောပါ"

"အစ်ကို မြန်မာပြည်ကိုပြန်ရင် လက်ဆောင်ပစ္စည်းလေးတွေ ထည့်ပေးလိုက်ချင်လို့ပါ"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ဒါနဲ့အစ်ကို. . ဘယ်နေ့အားသလဲ"

"လာမယ့် တနင်္ဂနွေနေ့ ကျွန်တော်အားပါတယ်"

"ဒါဆို. . ကျွန်တော်တို့ ပင်နင်ဆူလာမှာ ဆုံကြမယ်လေ"

သို့ဖြင့် တနင်္ဂနွေနေ့ခင်းပိုင်းတွင် သူတို့လင်မယားနှင့် ကျွန်တော် ပင်နင်ဆူလာပလာဇာမှာ ဆုံဖြစ်ကြသည်။ လူလူချင်းမမြင်ဖူးသည့်အတွက် ဘာတာဖိနပ်ဆိုင်ရှေ့မှာပဲ ချိန်းဆိုပြီး တွေ့ဖြစ်ကြသည်။ သူတို့လင်မယားက သက်တူရွယ်တူခန့်ဖြစ်ပြီး ကျွန်တော့်ထက် အနည်းဆုံး ငါးနှစ်လောက်ငယ်လိမ့်မည် ထင်သည်။ ထို့နောက် ကျွန်တော်တို့ သုံးယောက်သား မြေအောက်ထပ်ရှိ ရန့်သစ်စားသောက်ဆိုင်သို့ ရောက်ရှိခဲ့ကြသည်။

"ညီလေးနာမည်က. . "

ကျွန်တော့်ထက် အသက်ငယ်မှန်းသေချာသည့်အတွက် အမျိုးသားဖြစ်သူကို ကျွန်တော် ရဲရဲတင့်တင့်မေးလိုက်သည်။

"ကျွန်တော့်နာမည် အောင်မျိုးပါ။ သူ့နာမည်က စန်းသီတာ"

ထို့နောက် ကျွန်တော်တို့ သုံးယောက်သား ထမင်းစားရင်း သူ့အကြောင်း ကိုယ့်အကြောင်းတွေကို ပြောပြဖြစ်ကြသည်။ စန်းသီတာက. . .

"အစ်ကိုရယ်. . . အားတော့နာတယ်။ ညီမတို့ထည့်ပေးလိုက်မယ့် ပစ္စည်းတွေက နည်းနည်းများနေသလားလို့" ဟုပြောသောအခါ. . .

"ရပါတယ်။ ကိစ္စမရှိပါဘူး"

သူတို့ ကျွန်တော်နှင့်အတူ ပေးလိုက်မည့် ပစ္စည်းတွေကအထုပ်ကြီး တစ်ထုပ်နှင့် အထုပ်လတ် တစ်ထုပ်ဖြစ်သည်။

"ဥပဒေနဲ့တော့ လွတ်ကင်းပါတယ်နော်"

ကျွန်တော်ကမေးလိုက်တော့

**"မလာနဲ့ သူငယ်ချင်း။ ငါ့အိမ်ရှင်က ညှော်သည်လာရင် သိပ်မကြိုက်ချင်ဘူး။ ငါပဲ အောက်ထပ်ကို ဆင်းခဲ့မယ်။ မင်းတိုက်အောက်က တန်းလျားမှာပဲ စောင့်နေ"**

စန်းသီတာက ပြုံးလိုက်ပြီး. . .

"ဥပဒေနဲ့တော့ လွတ်ကင်းပါတယ် အစ်ကိုရယ်။ ကလေးဖိနပ်ကလေးတွေ၊ အင်္ကျီကလေးတွေ၊ ဘောင်းဘီကလေးတွေပါ"

ထို့နောက် ထမင်းဖိုးကို ကျွန်တော် ရှင်းမည်ဟန်ပြင်တော့ သူတို့လင်မယားက အတင်းလုပြီး ရှင်းသွားသည်။ ကျွန်တော်လည်း သူတို့လူကြုံပေးလိုက်သော အထုပ်နှစ်ထုပ်ကိုကိုင်ဆွဲပြီး မြေအောက်မီးရထားစီးကာ အိမ်သို့ပြန်လာခဲ့သည်။ အိမ်သို့ရောက်သောအခါ ထိုအထုပ်နှစ်ထုပ်ကို လပ်ဂေ့ထဲထည့်လိုက်ရာ လပ်ဂေ့တစ်ခုလုံး ပြည့်လုနီးနီးဖြစ်သွားသည်။ ထို့ကြောင့် ကျွန်တော့်ပစ္စည်း များကို ဟန်းဘက်အိတ်ကြီးတစ်လုံးနှင့် ဟန်းကယ်ရီလုပ်မည့် အိတ်ထဲမှာပဲ ထားရတော့မည်။ လပ်ဂေ့ထဲမှာ တိုလီမိုလီကလေးတွေပဲ ထည့်လို့ရတော့မည်။

ထို့နောက် ယင်းအထုပ်နှစ်ထုပ်ကို လပ်ဂေ့ထဲမှ ပြန်ထုတ်လိုက်ပြီး နောက်ဝိတ်စကေးနှင့် ချိန်ကြည့်လိုက်သောအခါ ဆယ်ကီလိုနီးနီးရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် ကျွန်တော့် ပစ္စည်းများအတွက်



Asian Fame Media Group

ကီလိုသုံးဆယ်ပဲကျန်တော့သည်။

(၃)

"မောင်မောင်. . . မင်း. . လာမယ့်ကြာသပတေးနေ့ ပြန်မလို့ဆို. . "

ကျွန်တော်တို့အလုပ်ထဲမှ ဆရာလို၊ အစ်ကိုလိုဖြစ်နေသော ကိုသန့်စင်က မေးသည်။

"ဟုတ်ကဲ့. . အစ်ကို"

"အေး. . ဒါဆိုရင် . . ငါမင်းကို လက်တော့တစ်လုံးလောက် ထည့်ပေးလိုက်ချင်တယ်"

"ရပါတယ်အစ်ကို. . ကိစ္စမရှိပါဘူး"

"အေးကွာ. . အီလက်ထရွန်းနစ်ပစ္စည်းတွေ အေးဂျင့်နဲ့ထည့်ပေးရင် ဈေးကြီးလို့ကွာ။ ကျေးဇူးပါပဲ"

ကိုသန့်စင်၏ ကျေးဇူးကလည်း ကျွန်တော့်အပေါ်မှာရှိသည့်အတွက် ကူညီရမည့် ဝတ္တရားရှိသည်။ ကိုသန့်စင်၏လက်တော့က သူ့မိသားစုအတွက်မဟုတ်။ သူ့သူငယ်ချင်းအတွက်ဖြစ်သည်။ သူငယ်ချင်းအတွက် လက်တော့ဝယ်ပေးတာကို သူ့အမျိုးသမီးသိလျှင် ပွစိပွစိပြောမှာ သေချာသည်။ ထိုကိစ္စကိုမဖြေရှင်းချင်သည့်အတွက် ကျွန်တော်နှင့်လူကြုံထည့်ပေးလိုက်ခြင်း ဖြစ်ကြောင်း ကိုသန့်စင်က ရှင်းပြသည်။

(၄)

အချိန်က စင်ကာပူစံတော်ချိန် ညနေခြောက်နာရီခန့်။ နက်ဖြန်ခါဆိုလျှင် ကျွန်တော် မြန်မာပြည်သို့ ပြန်တော့မည်ဖြစ်သဖြင့် သည်ကနေ့ အလုပ်မဆင်းဖြစ်တော့။ ထို့ကြောင့် ပစ္စည်းပစ္စယများကျန်မှာကို စိုးရိမ်သည့်အတွက် တစ်ခုချင်း သေသေချာချာစစ်ဆေးနေမိသည်။ ထိုစဉ် လက်ကိုင်ဖုန်းမြည်သဖြင့် ကောက်ကိုင်လိုက်ရာ ကျွန်တော့်လိုပဲ စင်ကာပူမှာ အလုပ်လုပ်နေသော သူငယ်ချင်းဇော်မင်းဖြစ်နေသည်။

"ကဲ. . ဇော်မင်း. . ပြော"

"မောင်မောင်. . မင်း နက်ဖြန်ခါ မြန်မာပြည်ကို ပြန်မလို့ဆို။ ငါ့ကို ကိုသန့်စင်ပြောတာ။ ဒီနေ့ ငါသူနဲ့ ပင်နင်ဆူလာမှာတွေ့လို့"

"ဟုတ်တယ်. . သူငယ်ချင်း"

"အေး. . . အဲဒါဆိုရင် ငါမင်းဆီကို လူကြုံထည့်ပေးလိုက်ချင်လို့။ ငါ မင်းအိမ်ကိုလာခဲ့မယ်လေ"

"မလာနဲ့သူငယ်ချင်း။ ငါ့အိမ်ရှင်က ဧည့်သည်လာရင် သိပ်မကြိုက်ချင်ဘူး။ ငါပဲအောက်ထပ်ကို ဆင်းခဲ့ မယ်။ မင်းတိုက်အောက်က တန်းလျားမှာပဲစောင့်နေ" ဟုပဲ ကျွန်တော် အကြောင်းပြန်လိုက်သည်။

"ကျေးဇူးပဲ. . သူငယ်ချင်း။ ငါတစ်နာရီအတွင်း ရောက်အောင်လာခဲ့မယ်"

"အေးအေး. . ကောင်းပြီ။ မင်းရောက်ရင်သာ ငါ့ဆီကိုဖုန်းဆက်လိုက်"

"အိုကေ. . "

ထို့နောက် တစ်နာရီအတွင်း၌ပင် ကျွန်တော့်ဆီသို့ ဇော်မင်းရောက်လာသည်။ ဇော်မင်းက တိုက်ရှေ့မှာရှိသော ပန်းခြံကလေးထဲ ရှိ ခုံတန်းလျားမှာ ထိုင်စောင့်နေသည်။

"မင်း. . ဘယ်လောက်ကြာမလဲ"

"တစ်လကြာမယ် သူငယ်ချင်း" ဟု ဇော်မင်း၏အမေးကို ကျွန်တော် ပြန်ဖြေလိုက်သည်။

"ငါ နေရှင်နယ်လိုက်ဘရီက ဖြုတ်လိုက်တဲ့ စာအုပ်တွေကို စုဆောင်းထားတာတွေရှိတယ်ကွ။ ကလေးတွေဖတ်ဖို့ စာအုပ်ကအများဆုံးဆိုပါတော့. . "

"မင်းက. . ကလေးမှ မဟုတ်ဘဲ"

"ငါ့သားလေးက ရှေ့နှစ်ခါဆိုရင် ကျောင်းစထားပြီကွ။ သူဖတ်ဖို့ စာအုပ်တွေကို ကြိုပြီးတော့ စုဆောင်းထားတာ"

"ဒါပေါ့ကွာ. . " ဟုပဲ ကျွန်တော် ပြောလိုက်ရသည်။ မျက်ခုံးကတော့ ခပ်လှုပ်လှုပ်။ ဇော်မင်းက ဆက်ပြောသည်။

"နောက်ပြီး ငါ့ညီမသွယ်သွယ် အေးကလည်း စင်ကာပူကို အော်တိုကတ်နဲ့ အလုပ်လာရှာမလို့ ပြင်နေတယ်ကွ။ သူ့အတွက် အော်တိုကတ်နဲ့ ဆိုင်တဲ့ လိုအပ်တဲ့စာအုပ်စာတမ်းတွေလည်း ငါဝယ်ထားတာတွေ ရှိသေးတယ်။ မင်း. . သူ့အတွက် သယ်သွားပေးစမ်းပါဦး ကွာ"

"အေးပါကွာ" ဟုပဲ ကျွန်တော် ပြောလိုက်ရသည်။ လေသံက အားပျော့နေတာကို မိမိကိုယ်မိမိသိသည်။

"အဲဒါဆိုရင် ငါပြန်တော့မယ် သူငယ် ချင်း၊ ဒီစာအုပ် တွေကို ငါ့အပေါ်အထိ သယ်ပေးမယ်လေ"

"ရပါတယ် ကွာ။ ငါတစ်ယောက်တည်းနိုင်ပါ တယ်" ဟုပဲ ဇော်မင်း၏အမေးကို ကျွန်တော်ပြန်ဖြေလိုက်သည်။

ကလေးအတွက် စာအုပ်များက ပါးလျလျနိုင်သော်လည်း အော်တိုကတ်စာအုပ်တွေက တော်တော် လေးထူသည်ကို ကျွန်တော် သတိပြုမိ၏။ သည်အတိုင်းဆို သတ်မှတ်ကီလို ကျော်လိမ့်မည်ထင်သည်။ မတတ်နိုင်တော့။ တစ်ဖက်သားကို ကတိပေးထားပြီး ဖြစ်သဖြင့် ကတိတည်အောင်ပဲ ကျွန်တော်ကြိုးစားရတော့မည်။ သို့ဖြင့် ကျွန်တော်သည် စာအုပ်ထုပ် ကြီးကို ဆွဲကာ ဓာတ်လှေကားဖြင့် တက်ပြီး မိမိအခန်းရှိရာသို့ သယ် ဆောင်လာခဲ့သည်။ ဆယ့်နှစ်ထပ်ရှိသော အဆောက်အဦကြီး၌ ကျွန်တော့်အခန်းက ကိုးထပ်မှာရှိသည်။

ကျွန်တော် အခန်းထဲသို့ရောက်သောအခါ ဇော်မင်းပေးလိုက်သည့် စာအုပ်များကို ဝိတ်စကေးဖြင့် ချိန်တွယ်ကြည့်လိုက်တော့ ဆယ့်ငါးကီလိုရှိတာကို တွေ့လိုက်ရ၏။ ကျွန်တော် မျက်လုံးပြူးသွားသည်။ ထို့နောက် ကျွန်တော့်ပစ္စည်းများကို ချန်လှပ်၍ လူကြုံပစ္စည်းတွေကိုပဲ သီးသန့် ချိန်တွယ်ကြည့်လိုက်ရာ ကီလိုအစိတ်ရှိသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ကျွန်တော် သယ်ဆောင်သွားရမည့် ပစ္စည်းများအတွက် ဆယ့်ငါးကီလိုသာ ခွဲတမ်းကျန်တော့သည်။ ကိုယ့်ပစ္စည်းများအနက် ဘာတွေကိုလျှော့ချပစ်ရင် ကောင်းမလဲဟု ကျွန်တော်အဖြေရှာကြည့်လိုက်တော့ စာအုပ်တွေကိုပဲ လျှော့ချရမည်ဟူသော အဖြေသာ ထွက်လာသည်။

ထို့ပြင် တစ်ယောက်ယောက်က ဖုန်းဆက်ပြီး လူကြုံပစ္စည်းထည့်ပေးလိုက်ဖို့ပြောလာခဲ့လျှင် မည်သည့်နည်းနှင့်မှ ကျွန်တော်ကူညီနိုင်မှာ မဟုတ်တော့။ ထို့ကြောင့် နက်ဖြန်ခါ လေယာဉ်မဆင်းမီ အချိန်အထိ ကျွန်တော့် လက်ကိုင်ဖုန်းကို ယာယီပိတ်ထားဖို့ စဉ်းစားနေဆဲမှာပင် ဖုန်းကမြည်လာသည်။ ဖုန်းနံပါတ်ကို ကြည့်လိုက်တော့ မရင်းနှီးသော နံပါတ်တစ်ခု။ စိတ်လှုပ်ရှားစွာနှင့်ပဲ လက်ခံစကားပြောဖို့ ဆုံးဖြတ်လိုက်သည်။

"ဟယ်လို ကိုမောင်မောင်လား" ဆိုသော အမျိုးသမီးတစ်ယောက်၏ အသံကို ကြားလိုက်ရသည်။

"ဟုတ်ပါတယ်။ ပြောပါ"

"အစ်ကို ကျွန်မတို့ သပြေနုက လက်မှတ်ဝယ်သွားတာမဟုတ်လား"

သပြေနုဆိုတာက စင်ကာပူ ပင်နင်ဆူလာပလာဇာရှိ အကျိုးတော်ဆောင် လုပ်ငန်းတစ်ခုဖြစ်သည်။ ကျွန်တော် လေယာဉ်လက်မှတ်ကို သပြေနုကပဲ ဘွတ်ကင်တင်ပြီး ဝယ်ယူထားတာဖြစ်၏။ ထို့ကြောင့် . . .

"ဟုတ်ပါတယ်။ ဘာကိစ္စရှိလို့လဲ"


"ဩော်. . နက်ဖြန်ခါ အစ်ကို ပြန်မှာဆိုတော့ ကီလိုလေးဘာလေး ရောင်းဦးမလားလို့ပါ"

"မရောင်းဘူး။ ရောင်းစရာ ကီလိုလည်းမရှိဘူး"

"ဩော်. . ဟုတ်ကဲ့ပါ" ဟု ပြောပြီး တစ်ဖက်မှ ဖုန်းချသွားသည်။

စောစောက အမျိုးသမီးကို ပြောလိုက်သော ကျွန်တော့်၏ လေသံမှာ နည်းနည်းမာသွားသည်ဟုထင်သည်။ ပြောပြီးမှတော့ မတတ်နိုင်တော့။ ပွင့်ပွင့်လင်းလင်း ပြောရလျှင် သူမ၏ပြောစကားထဲမှာ 'ကီလို' ဟူသောစကားလုံး ပါသွားသောကြောင့် လေသံမာသွားတာပဲ ဖြစ်မည်ဟု မိမိကိုယ်မိမိသုံးသပ်မိသည်။ ကီလိုအပိုကလေးများရောင်းလိုက်လျှင် လမ်းစရိတ်ကို အနည်းနှင့်အများ ကာမိလိမ့်မည်ဟူသော ကျွန်တော့်၏ စိတ်ကူးတိမ်တိုက်ကလည်း လူကြုံပစ္စည်းများဟူသော လေပြင်းတိုက်ခတ်မှုကြောင့် လွင့်ပြယ်ခဲ့ရသည်မဟုတ်ပါလား။

**နိုင်မြင့်**



# အဲယားကွန်း

မေဇဝင်းအေး

ဝတ္ထုတိုရှည်

ကျွန်မကို အမေက ဘာဖြစ်လို့ 'အေး' ပါအောင် နာမည်မှည့်ရတာလဲ။ ကျွန်မနာမည်က အေးအေးသီလေ။ နာမည်မှာ အေးပါပေမယ့် တကယ်တမ်းကျတော့ ကျွန်မဟာ အအေးနဲ့ဆန့်ကျင်ဘက်။ အပူသမား။ အအေးဆို အင်မတန် ကြောက်ပါတယ်။

အအေးဆို ဘာအအေးဖြစ်ဖြစ် ကျွန်မ ရှောင်တယ်။ တက္ကသိုလ်တုန်းက သူငယ်ချင်းတွေအားလုံး အအေးဆိုင်မှာ စိတ်တိုင်းကျမှာပြီး သေသေချာချာဖိမ်ယူ အရသာခံသောက်ကြတယ်။ သဘော်ာသီးဖျော်ရည်၊ ဖရဲသီးဖျော်ရည်၊ ဆားငန်သီးဖျော်ရည်တဲ့လေ။ မိကြာဖြူကတော့ ဒိန်ချဉ်ဆို ဖျော်ရည်စက်နဲ့ အမြှုပ်ထအောင်ဖျော်ပြီး ရေခဲတုံးသေးသေးလေးနဲ့မှ မသောက်ရရင် ဘယ်တော့မှ အိမ်မပြန်ဘူး။ ကျွန်မက



Asian Home Media Group



တော့ သူတို့နဲ့ ပြဒါးတစ်လမ်း သံတစ်လမ်း။ အပေါင်းအသင်းအနေနဲ့လိုက်တော့ သွားပါတယ်၊ ဘေးနားမှာ ငုတ်တုတ်။ ဒါကြောင့်မို့လည်း သူတို့အားလုံးက အထာနဲ့ ကျွန်မကို ခေါ်ကြတယ်။ 'အေးကြောက်' တဲ့။ နာမည်တစ်လုံးတွင်ခဲ့တာလေ။

"ဟဲ့ . . . အေးကြောက် . . . နင် ဘာသောက်မလဲ။ တစ်ခုခုတော့ သောက်ပါဟယ်။ ဟို . . . လမင်းသာဆိုင်က နွားနို့ပူပူလေး . . . ဒါမှမဟုတ် လက်ဖက်ရည်ချိုဆိမ့် တစ်ခွက် မှာပေးရမလား။ နင်က မစားမသောက်ဘဲ ဘေးကထိုင်ကြည့်နေတော့ ကြည့်ရတာ မမိုက်ပါဘူး"။

ဖြူက အားနာပါးနာပြောတိုင်း ကျွန်မလည်း နွားနို့ပူပူလေးတစ်ခွက် အမြဲသောက်ဖြစ်တယ်။

လူဆိုတာ တစ်ယောက်နဲ့တစ်ယောက် အကြိုက်နဲ့စရိုက် သဘာဝ မတူကြတာ အမှန်ပါပဲ။ မတူညီခွင့်လည်း ရှိသင့်တယ်မဟုတ်လား။ တစ်ခုတော့ ရှိတယ်။ ကွဲပြားခြားနားတာတွေကို အကြောင်းပြုပြီး နားလည်မှုနဲ့ သည်းခံမှုတွေ အစွန်းရောက်သွားရင်တော့ အရာရာဟာ အရုပ်ဆိုးအကျည်းတန်နေမှာ အမှန်ပဲ။ အဲဒီလို စရိုက်ချင်းမတူ၊ ကွဲပြားခြားနားနေပေမယ့် နားလည်မှုတွေနဲ့ တည်ဆောက်ခဲ့တဲ့ မောင်နဲ့ကျွန်မ နှစ်ယောက်တစ်ဘဝတည်းက လောလောဆယ် ကျွန်မပြောပြချင်နေမိတဲ့ အကြောင်းတစ်ခု ရှိတယ်။ ကြားမိတဲ့သူတိုင်း ဟာသတစ်ပုဒ်ကြားရသလို ရယ်မောဖြစ်ကြမှာပါ။ ဒါမှမဟုတ် အနည်းဆုံး ပြုံးစိစိလောက်တော့ ဖြစ်ချင်ဖြစ်ကြမှာ သေချာပါတယ်။

♦

မောင်က အအေးသိပ်ကြိုက်တဲ့သူ။ ပိုလာဝက်ဝံတစ်ကောင်လို အေးစက်တဲ့ရာသီကို ခုံမင်နှစ်သက်သူ။ ကျွန်မကျတော့ အအေးကြောက် အမှတ်တံဆိပ်ရထားသူ။ ချမ်းစိမ့်တဲ့ ဆောင်းရာသီကို အမြန်ဆုံးကုန်ဆုံးချင်သူလေ။ အပူနဲ့အအေး ဆန့်ကျင်ဘက်ဖြစ်တဲ့ မောင်နဲ့ကျွန်မ၊ လက်ထပ်ပြီး သျှောင်နောက်ဆံထုံးပါ မောင်ရှိရာ ရန်ကုန်ကို ရောက်လာခဲ့ရတယ်။ မြို့ပြလူနေမှုအတိုင်း မောင်ပိုင်တဲ့ တိုက်ခန်းကျဉ်းကျဉ်းလေးထဲမှာ နှစ်ယောက်တစ်ဘဝ စခဲ့ရတယ်။ မောင့်အလုပ်က အိမ်နဲ့ တော်တော်ဝေးပါတယ်။ ကျွန်မအလုပ်ကတော့ ဘတ်စကားငါးမှတ်တိုင်စီးရင် ရောက်ပြီ။ အလုပ်နဲ့နီးတဲ့ ကျွန်မက အိမ်ပြန်ရောက်ချိန် စောတတ်ပါတယ်။ အလုပ်ကအပြန် ဈေးဝင်ဝယ်ပြီး ညနေစာနဲ့ နောက်တစ်နေ့ ထမင်းဘူးအတွက် ပြင်ဆင်ချက်ပြုတ်ပြီးပါမှ မောင် အလုပ်က ပြန်ရောက်တတ်ပါတယ်။ အိမ်ရောက်တာနဲ့ မောင်က ခဏနားပြီး ရေချိုးတယ်။ ရေချိုးပြီးရင်တော့ မောင့်လက်သုံးစကားအတိုင်း 'လေ' ချိုးပါတယ်။ နားရှုပ်ကုန်ပြီလား။ 'လေ' ချိုးတယ်ဆိုတာ ပန်ကာလေခံတာကို ပြောတာပါ။ စွပ်ကျယ်ချိုင်းပြတ်တောင် မဝတ်နိုင်ဘဲ သရီးကွာတားစပန့် ဘောင်းဘီပွကြီးဝတ်ပြီး 'လေ' ချိုးလိုက်တာ ထမင်းစား၊ အိပ်ရာဝင်တဲ့အထိ မရပ်တမ်းပါပဲ။

"မောင်နော် . . . အကျႌမပါဘဲ ပန်ကာလေ ကြပ်ကြပ်ခံ၊ လေဖြတ်သွားမှ ဟုတ်ပေ့ဖြစ်နေဦးမယ်"

မနေနိုင်လို့ ကျွန်မပြောတော့ အဲဒီအခါမျိုး မောင်က ချက်ချင်းစကားပြန်တတ်တယ်။

"ဖြတ်ခါမှဖြတ်ရော။ ဘယ့်နှယ်ဗျာ ရုံးမှာလည်း ပန်ကာမရှိ ဘာမရှိ။ လူကြီးအခန်းကျတော့ အဲယားကွန်းနဲ့ ဘာနဲ့။ ကိုယ်တို့ဝန်ထမ်း အခန်းကျယ်ကြီးတစ်ခုလုံးကျတော့ မျက်နှာကြက် ပန်ကာကလေးတစ်လုံးတောင်မှုလို့ ရှုစရာမရှိဘူး။ ပြန်တော့လည်း အရှင်လတ်လတ် ငရဲရောက်နေသလိုပဲ။ ကားထဲမှာ ငါးပိသိပ်၊ ငါးချဉ်သိပ်။ ပူလိုက်တဲ့ လူငွေ့၊ လူကို သေချင်စော်နံရောပဲ။ ထီကလေးပေါက်လို့ကတော့ အဲယားကွန်းတစ်လုံးလောက်တော့ တပ်ပစ်လိုက်ဦးမှာ"

ကျွန်မ မောင့်ကို ကရုဏာသက်မိသွားတာ အမှန်ပါပဲ။ ဟုတ်တော့လည်းဟုတ်ပါရဲ့။ မြို့ပြအိမ်ခန်းတွေက ခပ်ကျဉ်းကျဉ်း၊ ပြည့်ညပ်ပိတ်သိပ်နေတဲ့ တိုက်ခန်းတွေကြားမှာ လေဝင်ပြတင်းပေါက်တွေက ရှားပါဘိ။ ဒီကြားထဲ အိမ်ရှေ့တံခါးတစ်

Asian Fame Media Group

ပေါက်၊ နောက်ဖေးတံခါးတစ်ပေါက် ပဲရှိတဲ့ ကျွန်မတို့အိမ်ခန်းကျဉ်းကျဉ်း ကလေးထဲမှာ မောင် ဘယ်လောက် ပူလောင်အိုက်စပ်နေလိုက်မလဲ။ ရုံး ကစိတ်အိုက်၊ လူအိုက်လာတဲ့ မောင်၊ ဘတ်စကားစီးတော့လည်း ကျပ်ကျပ် ညပ်ညပ် စီးလာခဲ့ရပြန်ရော။ မှတ် တိုင်ရောက်ပြန်တော့ အိမ်ကို တစ်ပြ သာသာ လမ်းလျှောက်ရပြန်တယ်။ ပြီးတော့ လေးလွှာမှာရှိတဲ့ ကျွန်မတို့ ရဲ့ အခန်းကျဉ်းကလေးဆီ လှေကား ထစ်တွေ တစ်ထစ်ချင်းနင်းတက်လာ ရတော့ အခန်းလည်း ရောက်ရော မောင့်တစ်ကိုယ်လုံး ချွေးတွေက ရွှဲ နစ်ပြီပေါ့။ အပူဝက်ပါထဲ တစ်နေ့လုံး မျောပါနေရတဲ့ မောင်တစ်ယောက် အအေးကြိုက်တာလည်း မပြောနဲ့။ ပြီးတော့ မောင်က ခပ်ဝဝ၊ ခပ်ဖိုင့်ဖိုင့် ဆိုတော့ ပိုဆိုးပြီပေါ့။

ကျွန်မကတော့ နဂိုကတည်းက ခပ်ပိန်ပိန်ပါးပါး။ တော်ရုံတန်ရုံ အပူလောက်ကတော့ ခံနိုင်ရည်ရှိပြီး သား။ ချွေးလည်း မသန်ဘူး။ မတ်၊ ဧပြီ၊ မေ အပူဆုံးလတွေမှာဆိုရင် အင်္ကျီပါးလေးဝတ်ပြီး နေရုံနဲ့တင် ကျွန်မ အပူတွေကို ခါချနိုင်စွမ်းတယ်။ နွေရာသီကျောင်းပိတ်ရက်လည်း ဖြစ်နေတော့ အိမ်မှာ နားနားနေနေ ပေါ့။ မောင်တို့ရုံးသမားတွေကတော့ ပိတ်ရက်ရှည်မရှိတော့ နွေရာသီ ရောက်တိုင်း မောင့်မှာ မြင်ရက်စရာ မရှိအောင် ချွေးတောထဲမှာနစ်လို့။

♦

မောင်နဲ့ကျွန်မ ကြင်စဦးအချိန် ကအကြောင်း ပြောပြချင်ပါသေး တယ်။ ရယ်စရာကောင်းပုံကိုလေ။ မောင်က အပူကြောက်တဲ့ကြားက ကျွန်မနဲ့ မင်္ဂလာရက်မြတ် လက်ထပ် ရတာက မေလလေ။ အီကွေတာ ရာသီရဲ့ အပူဆုံးကာလတစ်ခုပေါ့။ ကျွန်မရဲ့ နွေရာသီကျောင်းပိတ်ရက် ရှည်မှာ မင်္ဂလာလက်ထပ်ရက် ရွေး ချယ်သတ်မှတ်ရတာကိုး။ မောင်က အပူမခံနိုင်။ အအေးကြိုက်သမား၊ ကျွန်မက အအေးမကြိုက်၊ ကြောက် တတ်သူ။

ပြီးတော့ ကျွန်မက အိပ်ရာဝင် ရင် အနွေးထည်အပါးတစ်ထည် အမြဲဝတ်အိပ်လေ့ရှိတယ်။ လူဆိုတာ မအိပ်ခင်က အပူအအေးခံစားနေ တာ။ အိပ်ပျော်သွားတော့လည်း သေလူပါပဲ။ ရာသီဥတုကလည်း ဖောက်ပြန်တတ်တဲ့အမျိုး။ စိတ်ချလို့ မရဘူး။ ညဦးမှာ ဘယ်လောက်ပူပူ၊ ညဉ့်လယ်နဲ့ အရုဏ်ဦးအချိန်တွေမှာ တော့ အချိန်မရွေးအအေးဓာတ်ဝင် လာတတ်တယ်လေ။ ဒါကို ကျွန်မ အကြောက်ဆုံးပါပဲ။ ကိုယ်က ကြို တင်သတိနဲ့ အနွေးထည်ဝတ်အိပ် တော့ စိတ်ချရရောမဟုတ်လား။ နောက်တစ်ခု ရှိသေးတယ်။ ကျွန်မ အိပ်တဲ့အခါ အနည်းဆုံးဂွမ်းစောင် အပါးလေးခြုံထားမှ အိပ်ပျော်တာ။ ခွကျတာတော့ အမှန်ပဲ။

မောင်ကျတော့ တစ်မျိုးတစ် ဘာသာ။ အိပ်ရာထဲရောက်တာနဲ့ ပန်ကာကို ခြင်ထောင်အပြင်ဘက် ထုတ်ပြီး သူ့ဘေးနားမှာ တစ်ညလုံး ဖွင့်အိပ်တယ်။ သူ့ဘေးနားက ကျွန်မကတော့ အနွေးထည်ဝတ်၊ ဂွမ်းစောင်ခြုံပြီးအိပ်နေပုံကို မြင် ကြည့်လိုက်ပါ။ ရယ်စရာမကောင်း လား။ တစ်အိပ်ရာတည်း အသွင် မတူ၊ စရိုက်ခြားနဲ့ ကျွန်မတို့ဇနီး မောင်နှံ နှစ်ခြိုက်ပျော်ပိုက်စွာ အိပ် စက်လာလိုက်တာ အခုဆို နည်း နည်းနောနော နှစ်ကာလတွေလား။ ငွေရတုတောင် ဆိုက်ရောက်ရော့ မယ်။ ဒါတွေ ခိုင်မြဲရှည်ကြာလာခဲ့ တာလည်း နားလည်မှုတွေနဲ့ တည် ဆောက်ခဲ့ကြလို့ပါပဲ။

အိမ်ထောင်သက်ကြာလာမှ ကျွန်မအကြံတစ်ခု ရလာတယ်။ မောင့်အတွက်ပေါ့။ အပူလှိုင်းတွေ ကြောင့် ချွေးထွက်သန်တဲ့ မောင့် ဘက်အခြမ်းက မွေ့ရာခင်းတွေ ဆွေးရိတတ်လွန်းလို့ ကျွန်မ နှမြော နေမိတယ်။ ဒါကြောင့်မို့ မောင့် အတွက် တစ်ယောက်အိပ်သင်ဖြူး ဖျာတစ်ချပ်ကိုဝယ်ပြီး မောင့်ကို အိပ်စေတယ်။ ချွေးဘယ်လောက် ထွက်ထွက် သင်ဖြူးဖျာကပြဿနာ မရှိဘူးလေ။ မောင်ကလည်း သင်ဖြူး ဖျာအအေးဓာတ်ကို နှစ်သက်တယ်။ ဒါပေမဲ့ မီးပျက်ညတွေဆိုရင်တော့ ပန်ကာလေမရတဲ့ မောင့်မှာ ကုန်း ပေါ်ပစ်တင်ခံရတဲ့ ငါးတစ်ကောင်လို ဖျပ်ဖျပ်လူးပေါ့။

♦

ဒီလိုနဲ့ မောင်နဲ့ကျွန်မဟာ



အဲဒီနေ့က ...

ကျွန်မတို့အပါအဝင်

ဝန်ထမ်းထုတစ်ရပ်လုံးကို

လှုပ်လှုပ်ရှားရှား

ဖြစ်သွားစေခဲ့တဲ့

သတင်းထူးတစ်ခု။

မြန်မာ့ရုပ်မြင်သံကြား

သတင်းက

ထုတ်လွှင့်သွားခဲ့တယ် ...

Asian Fame Media Group

ရင့်မှည့်လာတဲ့ သစ်သီးတွေလိုပါပဲ။ အသက်တွေက သိသိသာသာကြီးရင့်လာခဲ့ကြတယ်။ ဘာလိုလိုနဲ့ အခုတော့ နှစ်ယောက်စလုံး ပင်စင်နာ အငြိမ်းစားတွေ ဖြစ်ခဲ့ရပေါ့။ သားနဲ့ သမီးအိမ်က ခွဲထွက်သွားကြတော့ အိမ်မှာ ကျွန်မတို့နှစ်ယောက်တည်း ခြောက်ခြောက်သွေ့သွေ့ ကျန်ခဲ့ရတယ်။ ဒါပေမဲ့ သူရော ကျွန်မပါ စာပေဝါသနာပါတော့ ဘ၀ အဓိပ္ပာယ်တွေက မပြီးဆုံးသေးဘူးပေါ့။

ပင်စင်လစာက နည်းနည်း၊ အခါအခွင့်သင့်လို့ ပို့သလာတဲ့ သားနဲ့သမီးရဲ့ ဆီဖိုး၊ ဆန်ဖိုးကလေးတွေနဲ့ စုဆောင်းထားတာလေးတွေကို ခြိုးခြံချွေတာသုံးစွဲလာခဲ့တာ နှစ်များတောင် ကြာမြင့်ခဲ့ပါပြီ။

တစ်နေ့ . . . . . . . ။

အဲဒီနေ့က ကျွန်မတို့အပါအဝင် ဝန်ထမ်းထုတစ်ရပ်လုံးကို လှုပ်လှုပ်ရှားရှားဖြစ်သွားစေခဲ့တဲ့ သတင်းထူးတစ်ခု။ မြန်မာ့ရုပ်မြင်သံကြား သတင်းက ထုတ်လွှင့်သွားခဲ့တယ်။ အဲဒါကတော့ ယခင်အငြိမ်းစား ဝန်ထမ်းတွေအားလုံး ယခုလက်ရှိ ခံစားနေရတဲ့ ဝန်ထမ်းတွေရဲ့ ပင်စင်လစာနဲ့တစ်ပြေးညီ ရရှိခံစားစေရမယ်ဆိုတဲ့ မင်္ဂလာသတင်းပေါ့။ ကန္တာရပေါ် ရွာလိုက်တဲ့ မိုးလိုပါပဲ။ ကြည်နူးချမ်းမြေ့သွားလိုက်တာ။

မောင်နဲ့ကျွန်မက အရင်ပင်စင်လစာခံစားနေရတဲ့ သူတွေလေ။ အခုလက်ရှိ ပင်စင်စားတွေရဲ့ လစာကို ကြားမိရလေတိုင်း ကျွန်မတို့ရတဲ့ လစာနဲ့ နှိုင်းယှဉ်ပြီး ကံဆိုးကြရလေခြင်းရယ်လို့ အမြဲခံစားနေမိတယ်။ အခုလို တန်းတူအခွင့်အရေးကြီး ခံစားရတော့မယ်ဆိုတော့ ပြောမတတ်အောင် ဝမ်းသာရတယ်။ ကံကြောင့်မဟုတ်ဘဲ ကိုယ့်တိုင်းကိုယ့်ပြည်အတွက် တစ်ထောင့်တစ်နေရာက အလုပ်အကျွေးပြုခဲ့တဲ့ လုပ်အားရဲ့ ဆုလာဘ်မို့ တန်ဖိုးထားတာပါ။ တီဗီကသတင်းသာ ဆုံးသွားတယ်။ မောင်နဲ့ကျွန်မ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး စကားတစ်ခွန်းမှ မဆိုဖြစ်ကြသေး။ မျောသွားတဲ့ ကျွန်မစိတ်ကူးထဲမှာတော့ အားဆေးတောင့်တွေ၊ အိုဗာတင်း ပုလင်းတွေ၊ ကော်ဖီမစ်အထုပ်တွေ၊ နို့ဆီ၊ သကြားနဲ့ နွားနို့စစ်စစ်၊ ပြီးတော့ . . . သစ်သီးတွေ. . သစ်သီးတွေ . . . သစ်သီးတွေ. . . ။

အဲဒီအချိန်မှာပဲ မောင်က ပက်လက်ကုလားထိုင်ပေါ်က ဝုန်းခနဲထရပ်ပြီး ကြုံးဝါးလိုက်တာကတော့ "ကိုယ်တို့နှစ်ယောက်ပေါင်း ပင်စင်လစာနဲ့ အဲယားကွန်းတစ်လုံး ဝယ်မယ်ဟေ့"

လန့်လိုက်တာ။ ကျွန်မက သူ ဘာများပြောမလဲလို့။ ခုတော့ သူ နှစ်ပေါင်းများစွာ သူ့စိတ်ကူးထဲက အဲယားကွန်းကို အကောင်အထည် ဖော်တော့မလို့ကိုး။ တစ်ဘဝလုံး သူ မက်ခဲ့တဲ့ အိပ်မက်၊ ထီပေါက်ရင် အဲယားကွန်းဝယ်မယ်ဆိုပြီး စောင့်စားခဲ့ရတဲ့ အဲယားကွန်းကတော့ မကြာမီ တပ်ဆင်ခွင့်ရတော့မှာပါ။ ကျွန်မ သူ့ကိုကြည့်ပြီး သူ့ဆန္ဒပြည့်မြောက်တော့မှာမို့ ဝမ်းသာလွန်းလို့ မျက်ရည်များတောင် စို့လာခဲ့တယ်။

◆

ပင်စင်လစာသစ်တော့ ကျပြီ။ လေးလကြာသွားတယ်။ နှစ်ယောက်ပေါင်းထုတ်တော့ လေးလစာဆိုတော့ မဆိုးလှပါဘူး။ အဲဒီတော့ မောင်နဲ့ကျွန်မ အဲယားကွန်းဝယ်ဖို့ မျက်နှာစုံညီ အစည်းအဝေးထိုင်ကြတယ်။

အဲယားကွန်းအမျိုးအစား၊ ဈေးနှုန်း၊ ဒါတွေက အရေးပါတယ်လေ။ အမျိုးအစား မကောင်းရင်လည်း ရေရှည်မခံဘူး။ အမျိုးအစားကောင်းပြီး ဈေးနှုန်းမြင့်တော့လည်း ကိုယ်တွေက တတ်နိုင်မှာမဟုတ်ဘူး။ ကိုယ့်ဝန်နဲ့ကိုယ့်အားဆိုတော့ သေသေချာချာ စဉ်းစားချင့်ချိန်ရတယ်။ မိတ်ဆွေတချို့ဆီ မေးမြန်းစုံစမ်းတီးခေါက်ကြည့်ရတယ်။ သူတို့ပြောပြလို့ အဲယားကွန်းသုတတွေ အများကြီးရလိုက်တယ်။ ကြိုက်ရာရွေးပေါ့။


ပြီးတော့ သတင်းစာတွေထဲက ကြော်ငြာတွေကလည်း သူ့ထက်ငါ အပြိုင်အဆိုင်မို့ ရွေးရခက်ကြီးပါလို့ ဆိုရမလို။ အသစ်တပ်ဆင်ပေးမယ်။ အဟောင်းကို ဈေးကောင်းပေးဝယ်မယ်တဲ့။ စုံလို့ပါပဲ။ မယုံကြည်နိုင်

လောကကြီးထဲ ခဏလေး အလည်လာခိုက်၊ ဒါမှမဟုတ် နံရံရဲ့ အခြားတစ်ဖက်စီ ထွက်ခွာဖို့ နီးနီးကပ်ကပ် ရောက်ရှိနေချိန်မှာတော့ ဖြစ်ချင်တဲ့ လက်ကျန် ဆန္ဒတွေ အနည်းအကျဉ်း ဖြစ်ခွင့်ရခဲ့ရင်ပဲ ကျေနပ်စရာ ကောင်းလှပါပြီ။





Asian Fame Media Group
MEDIA GROUP



လောက်အောင် သူတို့ မာကတ်တင်းတွေက တိုးတက်လာတယ်လို့ ဆိုရမလားပဲ။

ခါတိုင်းသတင်းစာကို ဖင်ပြန်ခေါင်းပြန်ဖတ်ခဲ့ပေမယ့် အဲယားကွန်းကြော်ငြာကတော့ ကိုယ်နဲ့မသက်ဆိုင်သလို ကျော်ပစ်ခဲ့တာချည်းပဲ။ အခုတော့ တကူးတကလေ့လာရှာဖတ်နေရပြီပေါ့။ 'ဖုန်းကလေးတစ်ချက် ဆက်လိုက်ပါ' ဆိုတဲ့ အိမ်အရောက်ဝန်ဆောင်မှုပေးမယ်ဆိုတာတွေလည်း ရှိရဲ့။ ဘာပဲဖြစ်ဖြစ် ဥစ္စာရင်လို ဥစ္စာရင်ခဲဆိုသလို ကိုယ်တိုင်ကွင်းဆင်းလေ့လာကြည့်တာ အကောင်းဆုံးပဲမို့ မောင်နဲ့ကျွန်မ အဲယားကွန်းဝယ်ဖို့ရှာပုံတော် ထွက်ရတယ်။ အဲဒီအချိန်ထိ ကိုယ့်ကိုယ်ကိုယ် အအေးဓာတ်မခံနိုင်တာ မေ့လျော့နေသေးတယ်။ သူ့အတွက် သူ့ဆန္ဒတွေပြည့်ဖို့သာပဲ အာရုံရနေတာလေ။

တစ်ခါတစ်ရံ . . . . .

အသက်ကြီးရင့်လာတဲ့ အခါထွက်ပြေးနေတဲ့ ငွေကြေးတွေနောက်ကိုလည်း လိုက်မနေချင်တော့ပါဘူး။ ပေါပေါများများ မချမ်းသာချင်နေပါစေ။ လောကကြီးထဲ ခဏလေးအလည်လာခိုက်၊ ဒါမှမဟုတ် နံရံရဲ့အခြားတစ်ဖက်စီ ထွက်ခွာဖို့ နီးနီးကပ်ကပ်ရောက်ရှိနေချိန်မှာတော့ ဖြစ်ချင်တဲ့ လက်ကျန်ဆန္ဒတွေ အနည်းအကျဉ်း ဖြစ်ခွင့်ရခဲ့ရင်ပဲ ကျေနပ်စရာကောင်းလှပါပြီ။ တရားဓမ္မတွေကို အေးအေးချမ်းချမ်းနဲ့ အားထုတ်ရင်း သက်သောင့်သက်သာဘဝကူးကောင်းဖို့ပဲ လိုအပ်တယ် မဟုတ်ပါလား။

ကျဲကျဲတောက် နေပူအောက်မှာ ထီးကိုယ်စီနဲ့ မြို့လယ်ပလက်ဖောင်းပေါ်မှာ ကျွန်မတို့ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် အဲယားကွန်းရှာပုံတော် ဖွင့်ကြတယ်။ ကိုယ်လိုချင်တဲ့ အမျိုးအစားရဲ့ ဈေးနှုန်းနဲ့ တတ်နိုင်တဲ့ငွေအားက ဟာမိုနီဖြစ်ဖို့တော့ လိုတယ်။ အဲဒီလို ကွာဟမှုမရှိအောင် ရှာဖွေရတာက ပေါ့ပေါ့သေးသေးတော့ မဟုတ်ဘူး။ တကယ်တမ်းကျတော့ ကိုယ်မကျွမ်းကျင်တဲ့ ပစ္စည်းဝယ်ဖို့ဆိုတော့ အတုမိမှာလည်း ကြောက်ရသေး။ ကုမ္ပဏီတွေက ဈေးတစ်မျိုး၊ ဒီပစ္စည်းပဲ အရောင်းဆိုင်တွေ ရောက်သွားတော့ ဈေးကတစ်မျိုး။ ကိုယ်ဝယ်တဲ့ အချိန်မှာ ဆေးလိပ်ပရိုမိုးရှင်းတွေ လုပ်နေလိုက်ကြတာ အပြိုင်အဆိုင်။ မျက်စိကိုလည်ရော။ တကယ်ဝယ်ဖို့ စိတ်ကြိုက်ပစ္စည်းလည်းတွေ့ရော အချိန်က သုံးရက်တိတိ ကြာသွားတယ်။

စရန်ငွေသတ်ပြီး နောက်တစ်နေ့ အိမ်အရောက် လာတပ်ဆင်ပေးမယ်ဆိုတဲ့ သတင်းစကားယူပြီး အိမ် ပြန်လာကြတယ်။ ကျွန်မထင်ပါတယ်။ မောင့်စိတ်ကူးထဲမှာတော့ သူ့ ကျောအောက်က သင်ဖြူးဖျာကို ဖယ်ပစ်၊ ပြီးတော့လည်း သူ့ဘေးနားမှာ အမြဲတမ်းထားတဲ့ ပန်ကာကိုလည်း ညောင်းတော့လို့ဆိုပြီး ဖယ်ပစ်နေမှာ သေချာတယ်။ လောလောဆယ်မှာ ကျွန်မကတော့ သုံးရက်တိတိချစ်ချစ်တောက် နေပူအောက်မှာ လမ်းလျှောက်လိုက်ရတော့ တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို တစစ်စစ် နာကျင်ကိုက်ခဲနေတာ အမှန်ပါပဲ။

◆

ကတိစကားအတိုင်းပါပဲ။ နောက်တစ်နေ့မှာ အဲယားကွန်းတပ်ဆင်ဖို့ ဝန်ဆောင်ပေးမယ့်သူတွေ ရောက်လာကြပါတယ်။ အားလုံး သုံးယောက်တိတိ။ ကျွန်မတို့ လေးလွှာအခန်းက ပြတင်းပေါက်အပြင်ကို ထွက်လိုက်ဝင်လိုက်နဲ့ မျောက်ကလေးတွေ ကျနေတာပဲ။ ပေါ့ပေါ့ပါးပါး ကလေးတွေ။ မောင့်စိတ်ကြိုက်နေရာမှာ တပ်ဆင်ပါတယ်။ အားလုံးသွက်သွက်လက်လက် မြန်မြန်ဆန်ဆန်ပါပဲ။ ပြီးဆုံးသွားတော့ ကြာမြင့်ချိန်က လေးနာရီတိတိ။ အားလုံးသေသေသပ်သပ်။ နောက်ဆုံး ကလေးတွေက ဟိုကြည့်ဒီကြည့်လုပ်နေရာက

"အန်ကယ် မီးမြှင့်စက်က ဘယ်နားမှာလဲ"

ဆိုတဲ့အမေးစကားသံလည်း ကြားလိုက်ရော မောင်နဲ့ကျွန်မ အူကြောင်ကြောင် ဖြစ်သွားကြတယ်။ "မီးအားမြှင့်စက်လိုလို့လား" မောင်ကမေးတော့ ဆားဗစ်ပေးတဲ့ ကောင်ကလေးတွေက ဖြေပါတယ်။ အဲယားကွန်းတပ်ရင် မီးအားမြှင့်စက်ရှိမှ

**ခါတိုင်း ပြတင်းတံခါးမရှိတဲ့**
**ကျွန်မတို့အခန်းထဲဝင်လိုက်ရင်**
**ရုတ်ခနဲ အပူလှိုင်းကြီးက**
**ဟပ်ခနဲ ဆီးဟပ်နေကျ။**
**အခုတော့ အဲယားကွန်းဖွင့်ပြီး**
**တစ်ခဏအတွင်းမှာပဲ**
**အအေးဓာတ်က**
**တစ်ခန်းလုံး စိမ့်စိမ့်ကလေး**
**ပျံ့နှံ့လာတယ်။**
**အနံ့ကလေးက သင်းမြမြလေး။**
**ကျွန်မကလည်း အမှတ်တမဲ့ပါပဲ။**
**အသစ်အဆန်းအားလုံးကို**
**ခံစားနေမိတယ်. . .**

မီးအားဘယ်လောက်ကျကျ၊ မြှင့်ပြီး သုံးနိုင်တယ်တဲ့။ အချိန်မရွေး သုံးနိုင်တယ်ဆိုတဲ့အကြောင်း သေချာရှင်းပြကြပါတယ်။

ရော . . . . ခက်တော့နေပါပြီ။ အိမ်မှာ မီးအားမြှင့်စက်က မရှိ။ ဒါဆို ဝယ်ရဦးမှာပေါ့။ နောက်ထပ်ကုန်ကျမယ့်စရိတ်တစ်ခု တိုးလာပြန်ပြီပေါ့။ တော်ပါသေးတယ်။ မောင်က စိတ်မြန်လက်မြန် တက္ကစီငှားပြီး မြို့ထဲမှာ မီးအားမြှင့်စက်တစ်လုံး ပြေးဝယ်လေရဲ့။ ကလေးတွေကလည်း စိတ်ရှည်လက်ရှည်စောင့်ပေးရှာပါတယ်။ ကျွန်မကတော့ ပွင့်ပွင့်လင်းလင်းရှင်းမပြတဲ့ အဲယားကွန်းဆိုင်ကိုပဲ စိတ်ဆိုးရမလိုလို ဖြစ်သွားမိတယ်။ အားလုံးပြီးစီးသွားတော့ ငွေစာရင်းရှင်းတမ်းချိန် ရောက်ပြီ။

မောင်က မျက်မှန်ကြီးတဝင်းဝင်းနဲ့ ဘောက်ချာစာရွက်ကိုင်ပြီး စစ်ဆေးနေတယ်။ ကျွန်မကလည်း ငွေရှင်းဖို့ ပိုက်ဆံအိတ်ကိုင်ရင်း ဘောက်ချာစာရွက်ကို ဖတ်ကြည့်လိုက်တယ်။

"အမယ်လေး"

ကျွန်မ ယောင်ပြီးအော်မိလို့ အဲယားကွန်းဆင်တဲ့ ချာတိတ်တွေက ကျွန်မကို အလန့်တကြား ပြိုင်တူလှည့်ကြည့်ကြတယ်။ ကျွန်မ မအော်ဘဲ ခံနိုင်ပါ့မလား။ ဆိုင်မှာ ဘောက်ချာဖွင့်တုန်းက ကျွန်မဝယ်တဲ့ Split Type ဈေးနှုန်း၊ ဝန်ဆောင်ခ (တပ်ဆင်ခ) ကားခ (မြို့တွင်းသာ အခမဲ့၊ သတ်မှတ်နယ်နိမိတ်ကျော်က ကျသ

Asian Fame Media Group

လောက်ခံရမယ်) ကြေးပိုက်ချောင်း အတိုအရှည် ခန့်မှန်းတန်ဖိုးအပါ အဝင် အကြမ်းဖျင်း တွက်ချက်ပေး တုန်းက ကျသင့်ငွေပမာဏက မများလှ။

"အန်ကယ်နဲ့အန်တီ စိတ်မပူပါနဲ့။ ကြေးပိုက်ချောင်းအရှည်ထွက်သလောက်ပဲ ပိုပေးရမှာပါ။ နောက်ထပ် အများကြီးမကျတော့ပါဘူး"

အခု လက်တွေ့တကယ်ငွေရှင်းပေးရတော့ အများကြီးကွာခြားသွားတာပဲ။ Split Type ဆိုတော့ အပြင်က ကွန်ပရက်ဆာနဲ့အဲယားကွန်းဘောက်စ်ကို ဆက်သွယ်တဲ့ ကြေးပိုက်ချောင်းတန်ဖိုးက သူတို့တွက်ပေးလိုက်တာနဲ့ အများကြီးကွာခြားသွားတယ်။ ဒီကြေးပိုက်ချောင်းက ဈေးအမြင့်ဆုံးကိုး။ ပေနဲ့တိုင်းပြီး တွက်ချက်ရတာလေ။ နောက်ပြီး ဆိုင်မှာပြောတဲ့ ဈေးနှုန်းက တစ်မျိုး။ ဘောက်ချာဖွင့်တော့ ဈေးက မြင့်နေတယ်။ ကြေးပိုက်ချောင်းကို စွပ်တဲ့ပလတ်စတစ် ပိုက်စွပ်တန်ဖိုးကလည်း ပါသေးတယ်။ ပြီးတော့ Safe Guard ဖိုး။ ကိုယ် မသိလိုက်တဲ့တန်ဖိုးတွေက တက်လာတယ်။ တချို့ အီလက်ထရောနစ်ပစ္စည်း (ရေခဲသေတ္တာလိုဟာမျိုး) တွေဝယ်တဲ့အခါ Safe Guard က present ပဲလို့ သိထားတော့ . . . နာပြီပေါ့။

အစကတည်းက သေသေချာချာတွက်ချက်ခဲ့တာပဲ။ ကိုယ့်မှာရှိတဲ့ ငွေနဲ့လုံလောက်တယ်ဆိုပြီး ဝယ်လိုက်တာလေ။ ဒါတောင် သေသေချာချာလွဲဖြစ်အောင် လွဲသေးတယ်။ မီးအားမြှင့်စက်က ဝယ်လိုက်ရသေးတယ်။ လွဲတာမှ အကြီးကြီးပဲ။ သင်ခန်းစာအသစ်တစ်ခု တိုးတာပေါ့လေ။ နောက်ဆုံးတော့လည်း ထုတ်ထားတဲ့ပင်စင်လစာအပြင် ကျွန်မအရေးအကြောင်းသုံးဖို့ ဖယ်ထားတဲ့ ငွေစက္ကူတစ်ထပ်ပါ အဆစ်ပါသွားတယ်။ မောင်ကတော့ ကျွန်မကို နှစ်သိမ့်ပါတယ်။

"နောက်လကုန် ပင်စင်ထုတ်တဲ့အခါ ဘာမှအပိုသုံးစရာမှမရှိတော့တာ။ မင်းဖယ်ထားတဲ့ ပိုက်ဆံပြန်ထည့်လိုက်ကြတာပေါ့" တဲ့။

◆

အိပ်ချိန်ရောက်တော့ မောင်က အဲယားကွန်း စဖွင့်ပါတယ်။ ခါတိုင်း ပြတင်းတံခါးမရှိတဲ့ ကျွန်မတို့အခန်း ထဲဝင်လိုက်ရင် ရုတ်ခနဲအပူလှိုင်းကြီးက ဟုပ်ခနဲ ဆီးဟပ်နေကျ။ အခုတော့ အဲယားကွန်းဖွင့်ပြီး တစ်ခဏအတွင်းမှာပဲ အအေးဓာတ်က တစ်ခန်းလုံး စိမ့်စိမ့်ကလေး ပျံ့နှံ့လာတယ်။ အနံ့ကလေးက သင်းမြမြလေး။ ကျွန်မကလည်း အမှတ်တမဲ့ပါပဲ။ အသစ်အဆန်းအားလုံးကို ခံစားနေမိတယ်။

"ဟား . . . ဟား . . . ဟား . . အခုမှပဲ ဟန်ကျတော့တယ်။ ဒီလိုဆို ညလည်း အိပ်ခန်းထဲမှာပဲ စာဖတ်တော့မယ်။ ဘယ့်နှယ်လဲ ရှင်မ၊ အဲယားကွန်းအအေးလောက်တော့ ခံနိုင်တယ်မဟုတ်လား"

သူပြောပြီးခါမှ ကျွန်မတစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ ထလာတော့တယ်။ တစ်ကိုယ်လုံး စိမ့်အေးသွားလိုက်တာ ရင်ထဲထိ ခိုက်ခိုက်တုန်သွားတယ်။ ခေါင်းကြီး တစ်ခုလုံး အဆမတန်ကြီးလာသလို ခံစားလိုက်ရတယ်။ လက်နှစ်ဖက်နဲ့ ခေါင်းကို ဖိထားလိုက်မိတယ်။ မောင်က ကျွန်မကိုကြည့်ပြီး စိုးရိမ်သွားတာနဲ့

"ဟင် ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ"

ကျွန်မ နားလည်လိုက်ပါပြီ။ ကျွန်မ အအေးဓာတ်ကို ခံနိုင်မယ် မထင်ဘူး။ တွေးပြီး မောင့်ကို အားနာလိုက်တာ။ ကျွန်မ သူ့ကို ဘယ်လိုပြောရပါ့မလဲ။ တစ်ခုခုတော့ ပြောရမှာပေါ့။

"သုံးရက်လောက် ဆက်တိုက် ပင်ပန်းသွားလို့လား မသိဘူး။ ခေါင်းတွေ အုံ့ခဲနေတာပဲ။ ဟတ်ချိုး . . . ဟတ်ချိုး . . . ဖျားချင်ပြီလား မသိဘူး"

"အဲဒါဆိုလည်း ဆေးခန်းသွားရမှာပေါ့။ အခုမှ ၈ နာရီခွဲရှိသေးတယ်။ ဆေးခန်းက ကိုးနာရီမှ ပိတ်တာ။ ကိုယ် လိုက်ခဲ့ပေးမယ်"

"ဟင့်အင်း မောင် မလိုက်ပါနဲ့တော့။ ဘေးခန်းက မနုကို ခေါ်သွားလိုက်မယ်"

အတော်တော့ ခွကျနေပါပြီ။ အမှန်ကို ပြောလို့မဖြစ်ဘူး။ ကျွန်မအတွက်နဲ့ သူ့အိပ်မက်တွေ ကျကွဲသွားလို့ မသင့်ဘူးလေ။ ကျွန်မ နည်းလမ်းကောင်းကောင်း တစ်ခုတော့ ရှာဖွေရပါဦးမယ်။

အသက်ကြီးလာလေလေ သူရော ကျွန်မပါ တစ်အိမ်တည်းနေပြီး တစ်နေရာဆီ ဝေးမနေချင်ပါဘူး။ ညရေးညတာဆိုတာ ရှိတယ်မဟုတ်လား။ ကွေးသောလက် မဆန့်မီ၊ ဆန့်သောလက် မကွေးမီ အချိန်ရောက်လာမှာ ကျွန်မ မသိလိုက်ဘဲဖြစ်သွားမှာ စိုးရိမ်တယ်။ အသက်ရှင်နေတဲ့ ကာလပတ်လုံးတစ်ယောက်ကိုတစ်ယောက် ကြင်ကြင်နာနာ၊ နွေးနွေးထွေးထွေးနေချင်တဲ့ သံယောဇဉ်ကြောင့်ပါ။ တစ်ယောက်ကိုတစ်ယောက် အရိပ်တကြည့်ကြည့်နဲ့ စောင့်ရှောက်သွားချင်တာကတော့ သူရော ကျွန်မပါ ဆန္ဒချင်းတူညီကြပါတယ်။ နောက်ဆုံးထွက်သက်အထိ ပခုံးပေါ် နွဲ့မှီပြီး အဆုံးသတ်သွားချင်တာပါပဲ။

◆

ကျွန်မဆေးခန်းက ပြန်လာတော့ မောင်တစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေလေရဲ့။ ပြီးတော့ တစ်ခါမှမမြင်ဖူးတဲ့ မောင့်ရဲ့ပုံစံသစ်ကို တွေ့လိုက်ရတယ်။ ရှပ်အင်္ကျီလက်တိုဝတ်ပြီး ခါတိုင်းလို ဘောင်းဘီတိုမဝတ်တော့ဘဲ ပုဆိုးဝတ်ပြီး ကွေးကွေးလေးအိပ်နေတာ ကိုပါပဲ။

သူစိတ်ချမ်းသာနေတယ်။ မြိန်ရေရှက်ရေ အိပ်ပါစေတော့။

ကျွန်မကတော့ သေတ္တာထဲက ဆောင်းတွင်းမှာ လမ်းလျှောက်ထွက်တဲ့အခါ ဆောင်းနေကျ သိုးမွေးဦးထုပ်ကိုယူပြီး ခေါင်းမှာစွပ်လိုက်တယ်။ ပြီးတော့ နားရွက်လုံအောင် ဆွဲချလိုက်တယ်။ ဝတ်အိပ်နေကျ အနွေးထည်အပါးကို မဝတ်တော့ဘဲ ခေါင်းစွပ်အနွေးထည်ခပ်ထူထူကို ရွေးဝတ်လိုက်တယ်။ ပြီးတော့ ဂွမ်းစောင်အထူကို ခေါင်းမြီးခြုံလိုက်ပါတယ်။ ခါတိုင်းနဲ့မတူဘဲ ပြောင်းလဲသွားတဲ့ ကျွန်မတို့ရဲ့ လိုက်ဖ်စတိုင်ကို ကြားမိတဲ့သူတိုင်း ပြုံးစိစိဖြစ်သွားကြမှာကို မြင်ယောင်ရင်း ကျွန်မလည်း မျက်တောင်စင်းသွားပါလေရဲ့။

**မေဇွန်အေး**

Asian Fame Media Group




Asian Fame Media Group

# မိုးဇယ်

ထက်နိုင် (တာလုပ်မြို့)

ဝတ္ထုတိုရေသ



"ပညာရှာချင်လို့ မဂ္ဂဇင်းလေး ဖတ်ပါရစေ" လူတစ်ယောက် ရိုရို ကျိုးကျိုးဖြင့် လက်အုပ်ကလေးချီကာ ဆိုင်ရှေ့လာရပ်သည်။ လူပုံက ယဉ် ကျေးသိမ်မွေ့ပုံလည်း ရသည်။ ကျွန်တော် မှင်သက်မိကာ အံ့ဩ သွားသည်။ သည်လိုအရပ်ဒေသမှာ သည်လို ယဉ်ကျေးသိမ်မွေ့သည့် လူတွေ ရှိပါသေးလားဟု အံ့ဩမှင် သက်မိခြင်းဖြစ်သည်။ ထစ်ခနဲရှိလျှင် ဓားနှင့်ခုတ် လှံနှင့်ထိုးတတ်သော အရပ်။ လယ်ထဲကိုင်းထဲ သွားသွား၊ ဗီဒီယိုရုံ သွားသွား ဓားမြှောင်တယမ်း ယမ်းနှင့် ဒေသ။ တစ်မိသားစုနှင့်

Asian Fame Media Group

တစ်မိသားစု ဆွေစဉ်မျိုးဆက် တစ်လှည့်စီသတ်ကာ အငြိုးတကြီး လက်စားချေတတ်သော အရပ်ဒေသ တစ်ခုသို့ ကျွန်တော် ရောက်ရှိနေခြင်း ဖြစ်သည်။ မြင်းခြံဆေးရုံနှင့် မြင်းခြံ ထောင်မှာ ထိုအရပ် ထိုဒေသက လူတွေ ဝင်လာမစဲ တသဲသဲဖြစ်နေ တတ်၏။ ကျွန်တော့်အမျိုးသမီး တာဝန်ကျရာ ထိုဒေသသို့ ကျွန်တော် ဆံထုံးနောက်သျှောင်ပါ လိုက်သွား မည်ဆိုတော့ သူငယ်ချင်းတစ် ယောက်က သူ့အတွေ့အကြုံတစ်ခု ပြန်ပြောပြသည်။ ထိုသူငယ်ချင်းက မြင်းခြံဆေးရုံမှာ လေးနှစ်လောက် တာဝန်ထမ်းဆောင်ဖူးသည်။

"ပြောရဦးမယ်။ မြင်းခြံဆေးရုံ ကြီး အရေးပေါ် လူနာဆောင်က ထွက်အလာ အရေးပေါ် လူနာတစ် ယောက် ထပ်ရောက်လာတယ်။ ဆွေမျိုးတော်ပုံရတဲ့တစ်ဦးက လူနာ



ကို ပွေ့ထားတယ်။ သွေးတွေက လည်း ပတ်ထားတဲ့စောင်မှာ နစ်လို့။ လူနာကမှိန်းနေတယ်။ ရင်ဘတ် က ဒဏ်ရာကလည်း မြင်မကောင်း ဘူး။ လူနာက အခြေအနေမကောင်း ဘူး။ တတ်နိုင်သလောက်တော့ ကိုယ်ကြိုးစားကြည့်တယ်။ အချိန် လွန်သွားတဲ့အတွက် သူ့ကို ကိုယ် မကယ်လိုက်နိုင်ဘူး။ ဒဏ်ရာက ချွန်ထက်တဲ့ အရာတစ်ခုနဲ့ ထိုးထား တာ။ လူနာရှင်ကို စစ်ချက်ယူတော့ ပဲလှည်းမှောက်ပြီး ဝါးချွန်နဲ့ထိုးမိတာ လို့ပဲ ဖြေတယ်။ ဘယ်လို လှည့်ပတ် မေးမေး မရဘူး။ ဒါနဲ့ ကိုယ်လက် လျှော့လိုက်ရတယ်။ မကျေနပ်သေး တာနဲ့ ရင်းနှီးတဲ့ ရွာခံတစ်ယောက်ကို ခေါ်မေးကြည့်မိတယ်။ ဝါးချွန်နဲ့ ထိုးမိတာ မဟုတ်ဘူးဆရာတဲ့။ လှံနဲ့ ထိုးသွားတာ။ လှံနဲ့ ထိုးသတ်တယ် လို့ တိုင်ချက် ဖွင့်ရင် တရားခံက လေးငါး ခြောက်နှစ် ထောင်ကျသွား မှာ။ သူတို့က အဲသလောက် မစောင့် နိုင်ဘူးတဲ့ ဆရာ။ သိပ်မကြာခင် ပြန် သတ်ကြမှာ။ အဲဒီက လူတွေက အဲလိုလူတွေ"

တကယ် ပေါင်းသင်းဆက်ဆံ ကြည့်တော့လည်း အတွင်းစိတ်အခံ က ရိုးသားဖြူစင်ကြသည်။ ဧည့် သည်တွေ အပေါ်မှာလည်း ဧည့်ဝတ် ကျေပွန်ကြသည်။ ကူညီရိုင်းပင်းချင် ကြသည့် စိတ်လည်းရှိသည်။ ကျွန်တော့် အမျိုးသမီးက ကျန်းမာ ရေးဝန်ထမ်းမို့ ပြောင်းဖူးပေါ်ချိန် ပြောင်းဖူး၊ မြေပဲပေါ်ချိန် မြေပဲ၊ ကြက်သွန်ပေါ်ချိန် ကြက်သွန်တွေ မေတ္တာလက်ဆောင်လာပေးကြ သည်။ စားမကုန်၍ ပြန်ရောင်းရ သေးသည်။ ခက်တာက အချင်းချင်း ပြဿနာပေါ်လျှင် စိတ်မထိန်းနိုင် ကြ။ တရားနှင့် မဖြေရှင်းဘဲ ဓားနှင့် ဖြေရှင်းကြသည်။

ထိုရွာလေးသို့ ကျွန်တော့်အမျိုး သမီးက ကျန်းမာရေးဝန်ထမ်းအဖြစ် တာဝန်ကျသည်။ ဇနီးသည်နောက် လိုက်ရင်း ထိုရွာလေးမှာ ဘာလုပ်ရ မလဲ ကျွန်တော်စဉ်းစားရသည်။ နယ်မြေအခြေအနေကို လေ့လာရ သည်။ ဒေသခံအားလုံးက တောသူ တောင်သား လယ်သမားတွေ။ လုပ် ကိုင်စားကွင်းက ကျယ်ဝန်းသလို ကုန်းတစ်ပိုင်း ကျွန်းတစ်ပိုင်းမို့ မိုး ခေါင်လျှင်တောင်မှ ကျွန်းက ကောက်ပဲသီးနှံ ဖြစ်ထွန်းကာ စား ဝတ်နေရေးတော့ အဆင်ပြေကြ သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး တွဲဖက်အထက်တန်း ကျောင်း နှင့် ရဲစခန်းလည်း ရှိ သည်။ ထိုရွာ ကလေးဟု ကျွန်တော် အလွယ်တကူ သုံးနှုန်းခဲ့သော် လည်း ရွာက မသေးငယ်လှ။ လေးရွာ ပေါင်းလျှင် အိမ်ခြေ နှစ်ထောင်ကျော် ရှိသည့် အုပ်စုရွာ ကြီး ဖြစ်သည်။ တစ်ခေတ်တစ်ခါကတော့ စည်ကားခဲ့ ဟန်တူ၏။ ဘုရားကျောင်းကန် စေတီပုထိုးတွေက များပြားလွန်းလှ သည်။ ရွာ၏ တချို့နေရာတွေမှာ မြို့ရိုးတွေပင် ရှိနေသေးသည်။ အံ့ဩစရာ ကောင်းတာက ထိုရွာ အုပ်စုတွင် စာအုပ်ဆိုင်တွေ ရှိမနေ ခြင်းဖြစ်သည်။ စာဖတ်ချင်လျှင် မြို့ပေါ် စာအုပ်ဆိုင်တွေ သွားကာ ငှားဖတ်ရသည်။ ဂျာနယ်တွေ ဖတ်ချင်လျှင်လည်း မြင်းခြံမြို့ပေါ် သွားကာ တကူးတက ဝယ်ဖတ် ရ၏။

အခြေအနေအရပ်ရပ်ကို တွက် ဆကာ စာအုပ်အငှားဆိုင်လေးဖွင့်ဖို့ ဇနီးသည်နှင့် တိုင်ပင်ရသည်။ ဇနီး သည်ကလည်း စာအုပ်ဆိုင်ဖွင့်ဖို့ အားပေးသည်။ ကျွန်တော်တို့ဇနီး မောင်နှံစုဆောင်းထားသည့် စာအုပ် တွေ ပြန်သယ်သည်။ အငှားဆိုင် အတွက်လိုအပ်မည့် စာအုပ်တွေ ထပ်ဝယ်ဖြည့်သည်။ မြင်းခြံမြို့ပေါ် က လကျော်မဂ္ဂဇင်းတွေ ဝယ်တင် သည်။ တဖြည်းဖြည်းနှင့် စာအုပ် အငှားဆိုင်လေး ပုံစံပေါ်လာသည်။ စာအုပ်အငှားဆိုင်လေး ပုံစံပေါ်လာ တော့ ဂျာနယ်တွေပါ တင် ရောင်း ဖြစ် သည်။ ပိုက်ဆံလေး စုမိလျှင် မန္တလေး တက် ကာ တိုက် ကျ ကာ တွန်း၊ ဝတ္ထုတွေ ဝယ်သည်။ တစ်ခါ တစ်ရံ မန္တလေးမှာ ဝတ္ထုတိုတွေနှင့် ဘာသာ ပြန်တွေပါ ဈေးပေါပေါဖြင့် ဝယ်ရတတ်သည်။

ကျွန်တော်တို့ တွက်ကိန်း မှန် သွားသည်ဟု ဆိုရပေမည်။ ညနေ ရောက်လျှင် စာအုပ်ဆိုင်လေးက စာဖတ်သူများဖြင့် စည်ကားနေတတ် သည်။ တချို့ လူငယ်တွေလည်း အရက်ဆိုင်တွေဘက် ခြေဦးမလှည့် ဖြစ်တော့ဘဲ စာအုပ်ဆိုင်ဘက် ရောက်လာကြသည်။ စာအုပ်အငှား ဆိုင်လေးက ကျွန်တော်တို့ ဇနီး မောင်နှံအတွက် ကုသိုလ်လည်းရ ဝမ်းလည်းဝ အလုပ်ဖြစ်နေတော့ သည်။ စာအုပ်အဟောင်းတွေ ဂရု တစိုက်ဝယ်တင်ရင်း စာအုပ်အငှား ဆိုင်လေးက တဖြည်းဖြည်းကြီးထွား လာခဲ့သည်။

"ပညာရှာချင်လို့ မဂ္ဂဇင်းလေး ဖတ်ပါရစေ" ဆိုသူ၏ အမည်မှာ

Asian Free Media Group

ကိုတောကျော်ဖြစ်သည်။ မကြာခဏ စာအုပ်တွေ လာဖတ်ရင်း ကိုတောကျော်နှင့် ကျွန်တော် ရင်းနှီးသွားသည်။ ကိုတောကျော် ဆိုင်ထဲဝင်လာတိုင်း ကျွန်တော်က ထိုင်ခုံတစ်လုံးချပေးရသည်။ ကိုတောကျော်က ကမ္ဘာကျော် ဆေးပေါ့လိပ်ကလေး အံခဲကာ မဂ္ဂဇင်းတွေ စာအုပ်တွေ တစ်အုပ်ပြီး တစ်အုပ် ထိုင်ဖတ်နေတော့သည်။ ကိုတောကျော်က တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သည်အထိ ကျောင်းနေခဲ့ဖူးသည်။ သူ ဆယ်တန်းအောင်သည့်နှစ်မှာ မိဘနှစ်ပါးစလုံး ကွယ်လွန်သွားကြသည်။ တက္ကသိုလ် ဆက်မတက်ဖြစ်တော့ဘဲ ပညာရေးဘဝ ဆုံးခန်းတိုင် တစ်ခန်းရပ်ခဲ့ရသည်။ ရွာဦးကျောင်းက ဦးလေးဘုန်းကြီးဆီ ကပ်နေရင်း ဘဝကို သက်သောင့် သက်သာ ဖြတ်သန်းနေသူဖြစ်သည်။

"ကိုတောကျော်ကို ကျွန်တော် တစ်ခု မေးရဦးမယ်။ မြို့ပေါ်က သူငယ်ချင်းတွေ သည်ရွာကိုအလည်ခေါ်တိုင်း မလိုက်ရဲဘူးဆိုပြီး ငြင်းကြတယ်။ ခင်ဗျားတို့ရွာက ဘာလို့ အဲသလောက်တောင် မိုက်ကြတာလဲ"

ကိုတောကျော်က သူ့ထုံးစံအတိုင်း ပခုံးကို တစ်ချက်တွန့်သည်။ ဖတ်လက်စစာအုပ်ကို စာမျက်နှာနံပါတ်မှတ်သည်။ ပြီးမှ စားပွဲပေါ် အသာအယာတင်သည်။

"သည်ကိစ္စ သမိုင်းနဲ့ ချိရမယ်ထင်တယ်"

ဒါလေးမေးတာ သမိုင်းနဲ့ ချိရမယ်ဆိုတော့ ပိုလွန်းတယ် ထင်မိသည်။

"တိုတို ပြောကြပါစို့ရဲ့။ အင်း . . . ဒါပေမဲ့ ခက်တာက သိပ်တိုလွန်းရင်လည်း ဇာတ်ရည်ကလည်မှာ မဟုတ်ဘူးဗျ။ သာသနာ သက္ကရာဇ် ၆၆၂ မှာ ကျွန်တော်တို့ရွာကို စတည်တာ။ သံသေချပ် တလုပ်တည်လို့ ရှေးပညာရှိတွေက စာစကား ထားခဲ့ကြတယ်။ သုံးပန်လှ ဆုတောင်းပြည့် စေတီတော်ကြီး သမိုင်းအဆိုအရ ဘုရားအလောင်းတော် ဇမ္ဗူကမည်သော ကျေးမင်းဖြစ်တော်မူစဉ်ကာလက စေတီတော်မြတ်ကြီး တည်နေရာမှာ သဖန်းပင် ရှိတော်မူတယ်။ အလောင်းတော် ဇမ္ဗူကကျေးမင်းဟာ ထိုသဖန်းပင်ကို အမှီပြုပြီး လောလုပ္ပတဏှာကို ပယ်တော်မူသောအားဖြင့် သဖန်းပင်မှာ အသီးကုန်ရင် အရွက်ကိုစား၊ အရွက်ကုန်ရင် အခေါက်ကိုစားကာ အရပ်တစ်ပါးသို့ မသွားဘဲ ထိုသဖန်းပင်ပေါ်၌သာလျှင် တလှုပ်လှုပ်နှင့် သစ္စာမယွင်း သီတင်းဖြူစင် အယူဖြောင့်စွာ မေတ္တာမပျက် နေတော်မူတယ်။ ထိုကဲ့သို့ ဇမ္ဗူကဘုရားလောင်းကျေးမင်း သုံးကြိမ် ဖြစ်တော်မူကာ နေတော်မူရာ သဖန်းပင်ကို စေတီတည်ရန် သိကြားမင်းက ညွှန်ကြားတယ်။ သိကြားမင်း ညွှန်ပြသောနေရာမှာ သီရိဓမ္မာသောက မင်းကြီးက "တလုပ်ဇမ္ဗူကမုဋ္ဌော" ဆိုတဲ့ဘွဲ့နဲ့ စေတီတစ်ဆူတည်တော်မူတယ်။

သာသနာတော်နှစ် ၇၇၅ ခုနှစ်မှာ ပျူစောထီးမင်းဟာ တောကစားထွက်ရင်း ယခု တလုပ်မြို့ဖြစ်မယ့် နယ်မြေကို ရောက်ရှိလာခဲ့တယ်။ သိကြားမင်း ဖန်ဆင်းတဲ့ ရွှေသမင်ကို မြင်တော်မူပြီး လက်စွဲတော် 'တေ' မှုဆိုးအား လိုက်လံဖမ်းဆီးစေတယ်။ ရွှေသမင်ကလည်း ထိုမှဤမှ ပြေးလွှားလျက် သီရိဓမ္မာသောကမင်း တည်ထားတော်မူသော "ဇမ္ဗူကမုဋ္ဌော" စေတီတော်ရှိရာအရပ်ရောက်လာတယ်။ ရွှေသမင်ကို အကြောင်းပြုပြီး ပျူစောထီးမင်းဟာ "ဇမ္ဗူကမုဋ္ဌော" စေတီတော်ကို ဖူးမြော်ခွင့်ရလိုက်တယ်။ မင်းကြီးဟာ သဒ္ဓါကြည်ညိုစိတ်ပြင်းစွာဖြစ်ပြီး ထိုစေတီကို ထပ်မံငုံကာ စေတီသစ်တည်စေပြီး "သဗ္ဗညု" ဘွဲ့တော်မှည့်ခေါ်စေခဲ့တယ်။ စေတီတော်ကို စောင့်ရှောက်နိုင်ဖို့ လက်စွဲတော် "ငတေ" မုဆိုးအား တာဝန်ပေးကာ ရွာသစ် တည်စေတယ်။ ပျူစောထီး၏ လက်စွဲတော် "ငတေ" မုဆိုးတည်တဲ့အတွက် "ငတေလုပ် မြို့" လို့တွင်စေတယ်။ နောင်မှ "င" ကိုချေပြီး "တလုပ်မြို့" လို့ ဖြစ်လာတယ်။ နံပါတ် (၁) အချက်က ကျွန်တော်တို့မြို့ဟာ မုဆိုးတည်ခဲ့တဲ့မြို့ဖြစ်တယ်"

ကိုတောကျော်က နည်းနည်း မောသွားဟန်တူသည်။ ရေအိုးစင်မှ ရေတစ်ခွက်ခပ်သောက်သည်။ ပြီးမှ စကားဆက်သည်။

"အနော်ရထာမင်းလက်ထက်ကနေ ကုန်းဘောင်ခေတ်နှောင်းအထိ ကျွန်တော်တို့ မြန်မာစစ်တပ်ဖွဲ့စည်းပုံဟာ ရှေးပဒေသရာဇ်ခေတ် တပ်မတော် ဖွဲ့စည်းပုံအတိုင်းပဲ။ မင်းနေပြည်တော်ကို စောင့်ရှောက်တဲ့ လေးပြင်လေးရပ် တပ်မှူး အနည်းအကျဉ်းမှတစ်ပါး အမြဲဖွဲ့စည်းထားတဲ့ တပ်ဆိုတာ မရှိဘူး။ စစ်မက် အရေးပေါ်ပေါက်လာမှသာ တစ်နိုင်ငံလုံးမှာရှိတဲ့ ရဲစွမ်းသတ္တိရှိသူ တွေကို ဆင့်ခေါ်စုရုံး ဖွဲ့စည်းပြီး တိုက်ခိုက်စေတာ။

မင်းတုန်းမင်းတရား နန်းတက်ပြီး သိပ်မကြာခင်ကမှ လစာရိက္ခာတော် ၃၇ သိန်း ကျခံစေပြီး အမြဲတမ်းဘုရင့်တပ်မတော်ကို စတင်ဖွဲ့စည်းခဲ့တယ်။ နန်းစဉ်စာရင်းချုပ်မှာပါတဲ့ လေးရာပြမြို့ ၂၂ မြို့မှာ တလုပ်မြို့လည်း ပါတယ်။ တလုပ်မြို့အဝန်းဟာ တာ ၅၀၀ ရှိလို့ စစ်မက်အရေးပေါ်ပေါက်လာရင် စစ်သည် ၄၀၀ စုဆောင်းပေးရတယ်။ စစ်သည် ၄၀၀ ထဲမှာ ဒိုင်းကိုင် ၅၀၊ လေးသားစစ်သည်တော် ၈၀၊ လှံစား ၅၀၊ သေနတ်ကိုင် ၈၀၊ ဝန်ထမ်း ၅၀၊ အမြောက်တွင် မီးစာကိုင် ၉၀ ယောက်တို့ ဖြစ်တယ်။

*"ခင်ဗျားနဲ့ ကျွန်တော်က အာဇာနည်တော့ ဖြစ်မှာမဟုတ်ဘူး။ ဖြစ်ချင်းဖြစ်ရင် ပိုးဟပ်တွေပဲ ဖြစ်မှာ။ ဖတ်ဖြစ်ခဲ့တဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားတွေ နည်းလားဗျာ။ ဘာတရားမှလည်း ရတယ်မထင်ပေါင်။ ဖတ်ဖြစ်ခဲ့တဲ့ တက်ကျမ်းနဲ့ လူမှု စိတ်ပညာစာအုပ်တွေ တစ်ထမ်း တစ်ပိုးပဲ။ ဘာ စီးပွားမှလည်း မဖြစ်ဘူး။ ဖတ်ဖြစ်ခဲ့တဲ့ ရသစာပေတွေလည်း မနည်းမနောပဲ။ ဘဝကတော့ ဒုံရင်းဒုံရင်းပဲ မဟုတ်လား။"*



Asian Fame Media Group

၁၈၈၅ ခုနှစ်မှာ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲ ဖြစ်ပွားတယ်။ ၁၈၈၅ နိုဝင်ဘာ ၂၄ ရက်မှာ လှေသင်း အတွင်းဝန် ဦးရွှေမောင် ဟာ တပ်ပေါင်းကိုးတပ်ကို ကွပ်ကဲ လျက် မြင်းခြံမှာ တပ်စွဲထားတယ်။ ရေကြောင်းကနေ ချီတက်လာတဲ့ ကျူးကျော်သူ အင်္ဂလိပ်တွေကို အသက်စွန့်ကာ ရှပ်ရှပ်ချုံချုံ ခုခံ တိုက်ခိုက်ခဲ့ကြတယ်။ အဲဒီတပ်ကိုး တပ်ထဲမှာ တလုပ်မြို့ဝန် မဟာ မင်းထင်မင်းခေါင်သူရိန်ရဲ့တပ်လည်း ပါဝင်တယ်။ တလုပ်မြို့သား သူရဲကောင်းတွေရဲ့ ဓားတွေဟာ နေရောင်အောက်မှာ တဖျပ်ဖျပ် လက်နေခဲ့တယ်။ သူတို့ဓားတွေဟာ သွေးတွေနဲ့ စွန်းထင်နေခဲ့တယ်။ ဒီတိုက်ပွဲဟာ အမျိုး



ဂုဏ်၊ ဇာတိဂုဏ် အတွက်တိုက်တဲ့ တိုက်ပွဲဖြစ်တယ်။ မြန်မာ့သွေးဟာ ရဲရဲနီကြောင်းပြတဲ့ တိုက်ပွဲပေါ့။ ဓားကိုင်လက်တွေမှာ သွေးတွေနဲ့ စေးပျစ်နေခဲ့တယ်။ နည်းပညာအရ ရှုံးချင်ရှုံးနိုင်ပေမယ့် သတ္တိအရာမှာ ကျွန်တော်တို့ မရှုံးနိမ့် ခဲ့ဘူး။

နေပြည်တော်ကနေ စစ်ဆက်မတိုက်ဖို့ အမိန့်စာရောက်လာခဲ့တယ်။ ဆက်လက်တိုက်ပွဲဝင်သူဟာ တော်လှန်ပုန်ကန်တဲ့သူ။ တလုပ်မြို့သားတွေရဲ့ ဓားတွေဟာ လေထဲမှာ ရပ်တန့်သွားခဲ့တယ်။ သူတို့ဟာ ဓားတွေကို ဓားအိမ်ထဲ ပြန်မထည့်ခဲ့ဘူး။ သူတို့ဓားတွေဟာ တစ်စုံတစ်ရာကို ဆာလောင်နေခဲ့တယ်။ သူတို့ဟာလည်း ဆွေစဉ်မျိုးဆက်တစ်စုံတစ်ရာကို ဆာလောင်သူတွေ ဖြစ်ခဲ့တယ်။ တစ်စုံတစ်ရာကို ဆာလောင်နေတဲ့ သူတွေဟာ လူမိုက်တွေ ဖြစ်သွားတယ်”

ကိုတောကျော်က ပညာရှိစည်ကြီးသဖွယ်ဆိုသည့် စကားအတိုင်း ကျွန်တော့်ကို ပညာတွေ ပေးသွားသည်။ မေးတာက နည်းနည်း၊ ဖြေတာက များများ။ အမေးနွားကျောင်းသား အဖြေ ဘုရားလောင်း။ သည်လိုပဲ ကိုတောကျော်က စကားကြီး စကားကျယ်တွေ ပြောတတ်သည်။ သူ စိတ်လို လက်ရရှိသည့်အခါ ကဗျာတွေ ဘာတွေလည်း ရွတ်ပြတတ်သည်။ သူ သိပ်ကြိုက်သည့် ကဗျာတွေကို အလွတ်ရအောင် ကျက်မှတ်ထားတတ်၏။ သည်နောက်ပိုင်းတော့ ကိုတော ကျော်က “ပညာရှာချင်လို့ မဂ္ဂဇင်းလေးဖတ်ပါရစေ” လို့ မပြောတော့ ပါဘူး။ သူနှင့် ကျွန်တော်က ငယ်ပေါင်းကြီးဖော်လို ရင်းနှီးသွားခဲ့ပြီ ဖြစ်သည်။

ကိုတောကျော်က မနက်လေးနာရီလောက် ထဆွမ်းချက်။ ကျောင်းဝန်းထဲမှာ အမှိုက်လှည်း။ ဆရာတော် ရေချိုးဖို့ ရေဖြည့်။ ကျောင်းဝေယျာဝစ္စလေး လုပ်။ ဆွမ်းချိုင့်ပို့။ ဆွမ်းကောက်။ ဆယ့်တစ်နာရီထိုးလို့ ရေချိုးထမင်း စားပြီးတာနဲ့ ကျွန်တော့် စာအုပ်ဆိုင်လေးဆီ ပေါက်ချလာတတ်၏။ တစ်ခါတလေလည်း စကားပြော။ တစ်ခါတလေလည်း စာအုပ်တွေ တစ်အုပ်ပြီး တစ်အုပ်ဖတ်။ ကျွန်တော် မအားလပ်သည့်အခါ ကိုတောကျော်က စာအုပ်တွေ စနစ်တကျ စီပေးတတ်သည်။ စာအုပ်တွေ ဖုန်မပေအောင် တစ်အုပ်ချင်း သုတ်ပေးနေတတ်သည်။ စာအုပ်တွေကို ကိုတောကျော်က လေးစားတန်ဖိုးထားသည်။

*သားအတွက်ပေါ့၊ ဓားတစ်*
*လက်တော့ ပေးပါ အဖေ။*
*ဓားကိုင်ကာ သားထိုင်စောင့်ပါ*
*လို့၊ အမှောက်ရန် အဖျက်များ၊*
*ဆီးတားဖို့လေ။*
*မည်းညစ်ပေ ကလိမ်ဉာဏ်နဲ့၊*
*သားတို့ခြံ အချောင်ကျူးမယ်*
*ပေါ့၊*
*သားတို့အနှံ့ အချောင်ခူးမယ်*
*ပေါ့၊ ရည်စူးလို့ လာပစေ။*
*သားဟာလေ အဖေ့သွေး၊*
*ကိုယ့်ဝန်းခြံ ကိုယ်မြတ်နိုးသူ*
*မို့၊*
*ကိုယ့်အနှံ့ ကိုယ့်တန်ဖိုးပါ*
*ကွယ့်၊ မိုးဆောင်းကုန် တစ်နွေ*
*သစ်တဲ့တိုင်၊ ဆံတစ်ပင်*
*လေလာမဟပ်နဲ့၊ သတ္တိမှာ*
*ဗျတ္တိဆင့်လိုက်မယ်၊*
*ရဲရင့်နီစွေး။ ။*

ကိုတောကျော်က သူသိပ်ကြိုက်သည့် သည်ကဗျာလေးကို ခဏခဏ ရွတ်ပြတတ်သည်။ အသံတွေက နိမ့်လိုက်မြင့်လိုက်နှင့် နားထောင်လို့ပင် ကောင်းနေသေးတော့သည်။ ကိုတောကျော် အသံနေအသံထားနှင့် ကဗျာရွတ်နေတာမြင်တော့ လမ်းသွားလမ်းလာများက ပြုံးစစဖြင့် အားပေးသွားတတ်ကြသည်။ ကိုတောကျော်ကတော့ သည်ကဗျာလေးတင် မကပါဘူး။ သူသိပ်ကြိုက်သည့် ဆရာဇော်ဂျီ၏ သင်သေသွားသော် ကဗျာ။ ဆရာတင်မိုး၏ ဆေးလိပ်လည်းတို နေလည်းညို ကဗျာ။ ဦးပုည၏ တေးထပ်တွေ။ ဆရာမင်းသုဝဏ်၏ ပျဉ်းမငုတ်တို။ လက်ဝဲသုန္ဒရ၏ မဲဇာတောင်။ ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာ တွေကို စိတ်ကူးရလျှင် ရသလို ကျွန်တော့်အား ရွတ်ဖတ်ပြတတ်သည်။

သည်လိုပဲ နေ့တွေ ညတွေကို စာတွေဖတ်ရင်း စာအုပ်တွေကြားမှာပင် ကိုတောကျော်နှင့်ကျွန်တော် ကုန်ဆုံးစေခဲ့သည်။ တစ်ခါတစ်ရံတော့လည်း ထွေရာလေးပါး ရောက်တတ်ရာရာတွေ ပြောဖြစ်ကြသည်။ စာတွေ ဖတ်ထားသည့်အတွက် ပြောစရာတွေကလည်း မကုန်မခန်း ရှိနေတတ်ကြသည်။

“အစ်ကိုလေး သည်ခေတ်သည် အခါက သူရဲကောင်းတွေ တောင်းဆိုနေတဲ့ခေတ်ပဲ။ ကျွန်တော်ထင်တယ်။ သူရဲကောင်းတွေ အာဇာနည်တွေ ထွက်ပေါ်လာလိမ့်မယ်။ ဦးသန့်ကမ္ဘာ့ခေါင်းဆောင် ဖြစ်တယ်ဆိုတာ ခေတ်က တောင်းဆိုလို့ဖြစ်တာ။



Asian Fame Media Group

ဗိုလ်ချုပ်အောင်ဆန်း အာဇာနည် ပုဂ္ဂိုလ်ဖြစ်တာ ခေတ်ကတောင်းဆိုလို့ ဖြစ်တာ။ ဂန္ဒီကြီး သမိုင်းဝင်ပုဂ္ဂိုလ် ဖြစ်သွားတာလည်း ခေတ်ကတောင်းဆိုလို့ပဲ။ ကမ္ဘာမှာရော မြန်မာမှာပါ ခေတ်ကမတောင်းဆိုဘဲ သူရဲကောင်း အာဇာနည်ဆိုတာ ထွက်ပေါ်မလာဘူး”

ကိုတောကျော်က စာတွေဖတ်ရင်း စကားကို တွေးတွေးဆဆပြောသည်။ သူက အဲသလိုပြောတော့ ကျွန်တော်ကလည်း ကျွန်တော် စဉ်းစားမိတာလေး ပြန်ပြောဖြစ်သည်။

“ခင်ဗျားနဲ့ ကျွန်တော်က အာဇာနည်တော့ ဖြစ်မှာမဟုတ်ဘူး။ ဖြစ်ချင်းဖြစ်ရင် ပိုးဟပ်တွေပဲ ဖြစ်မှာ။ ဖတ်ဖြစ်ခဲ့တဲ့ နိဗ္ဗာန်ရောက်ကြောင်းတရားတွေ နည်းလားဗျာ။ ဘာတရားမှလည်း ရတယ်မထင်ပေါင်။ ဖတ်ဖြစ်ခဲ့တဲ့ တက်ကျမ်းနဲ့ လူမှုစိတ်ပညာစာအုပ်တွေ တစ်ထမ်းတစ်ပိုးပဲ။ ဘာစီးပွားမှလည်း မဖြစ်ဘူး။ ဖတ်ဖြစ်ခဲ့တဲ့ ရသစာပေတွေလည်း မနည်းမနောပဲ။ ဘဝကတော့ ဒုံရင်းဒုံရင်းပဲ မဟုတ်လား။ ကိုတောကျော်ကို ကြုံတုန်းမို့ မေးရဦးမယ်။ ခင်ဗျားက တက္ကသိုလ်ဝင်တန်းလည်း အောင်ပြီးသား။ စာတွေလည်း ဖတ်ထားတဲ့သူ။ အရွယ်လေးကလည်း အရွယ်ကောင်း။ ခင်ဗျားဘဝကို သည်လိုပဲ ကုန်ဆုံးစေတော့မှာလား”

ကျွန်တော်က ညီရင်းအစ်ကိုလို ဖြစ်စေချင်သည့် စေတနာဖြင့် ပြောခြင်းဖြစ်သည်။ ကျွန်တော်က လူငယ်တစ်ယောက်ခွန်အားတွေကို သည်လိုကြီး ကုန်ဆုံးမသွားစေချင်။ ထက်မြက်သည့် လူငယ်တစ်ယောက်၏ ခွန်အားတွေကို လူ့အဖွဲ့အစည်းအတွက် အသုံးချစေချင်သည်။ ကျွန်တော် အဲသလိုပြောတော့ ကိုတောကျော်က ကျွန်တော့်ကို ခပ်ငေးငေးကြည့်နေသည်။ သူ့မျက်ဝန်းမှာ မျက်ရည်တွေ ရစ်ဝိုင်းနေသလား ထင်ရ၏။ ကျွန်တော့်စကားက သူ့ကို နာကျင်သွားစေသလား။

“တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ ကြီးကျယ်ခမ်းနားသည့် တစ်စုံတစ်ရာ. . . ”

ကိုတောကျော်က စကားကို ဆုံးအောင်မပြောဘဲ ခပ်လေးလေး ထပြန်သွားသည်။ သည့်နောက်ပိုင်းရက်တွေမှာ ကိုတောကျော် ကျွန်တော့်ဆိုင်ဘက် အလာကျဲသွားသည်။ ကိုတောကျော် မလာတော့လည်း ကျွန်တော့်ရင်ထဲမှာ ဟာတာတာဖြစ်နေသည်။ ရင်ထဲမှာ တစ်စုံတစ်ရာ နှုတ်ယူလိုက်သလို ခံစားရသည်။ ကိုတောကျော်နေသည့် ရွာဦးကျောင်းဘက် လိုက်သွားဖြစ်သည်။

“မအားလို့မလာတာပါ အစ်ကိုလေးရာ။ ကျွန်တော် မြို့ပေါ်သွားပြီး အင်္ဂလိပ်စာသင်တန်း တက်နေတာ။ ပြီးတော့ အဝေးသင်လည်း တက်မယ်။ အီးမေဂျာ ယူထားတယ်”

ကျွန်တော် ကိုတောကျော်အတွက် ဝမ်းသာသွားသည်။ အဝေးသင်သွားခါနီးမှာ စာအုပ်ဆိုင်ဘက် လာခဲ့ဖို့ မှာထားခဲ့သည်။ ကျွန်တော် သူ့ကို တတ်နိုင်သလောက် ထောက်ပံ့ချင်သည်။ သူ့ပညာရေးအတွက် ကူညီချင်သည်။ ဘဝတူ ပိုးဟပ်တစ်ကောင်ကို ပြောင်လက်တောက်ပစေချင်သည်။

ထနောင်းရွက် တမာရွက်တို့သည် အကြိမ်ကြိမ်မြေသက်ခဲ့လေပြီ။ ကျွန်တော်တို့ အသက်အရွယ်တွေလည်း ကြီးရင့်ခဲ့ပြီဖြစ်သည်။ ကျွန်တော်တို့ မိသားစုသည်လည်း တစ်နေရာမှ တစ်နေရာပြောင်းကာ တောင်ပေါ်မြို့လေး တစ်မြို့မှာ အခြေတကျ ဖြစ်နေခဲ့ပြီဖြစ်သည်။ ကျွန်တော်က ပိုးဟပ်တစ်ကောင်လို ကျွန်တော် ဝါသနာပါသည့် စာအုပ်ပုံတွေအကြား နစ်ဝင်နေဆဲပင် ရှိနေသေးသည်။ တစ်ခါတစ်ရံတော့ ကိုတောကျော်ကို သတိတရရှိနေခဲ့သည်။

ကိုတောကျော်က အင်္ဂလိပ်စာအဓိကဖြင့် အဝေးသင်တက္ကသိုလ်မှ ဘွဲ့တစ်ခုရရှိပြီး ရွာက တွဲဖက်အထက်တန်းကျောင်းမှာ ကျောင်းဆရာ ဝင်လုပ်နေခဲ့သည်။ သူ့အရပ်သူ့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုရေးအလုပ်တွေ ပရဟိတအလုပ်တွေနှင့် လုံးထွေးရစ်ပတ် မအားလပ်အောင် ရှိနေခဲ့သည်။

အပူလှိုင်းတွေဖြစ်ပြီး အပူရှိန်ပြင်းထန်သည့်နွေရာသီ၏ လတစ်လမှာ ကိုတောကျော်တို့ရွာလေး မီးသင့်ခဲ့သည်။ အိမ်ခြေပေါင်းများစွာဟာ နာရီပိုင်းအတွင်းမှာ ပြာကျသွားခဲ့သည်။ အိမ်ကြီးတစ်အိမ်မှာ မီးညှန့်မီးစွယ်တွေကြားက ရုန်းမထွက်နိုင်သည့် လူမမယ်ကလေးတစ်ယောက်နှင့် အဘွားကြီးတစ်ယောက်ကို ကယ်တင်ရင်း ကိုတောကျော် မီးသင့်ဆုံးပါးသွားခဲ့သည်။

ကျွန်တော်က စာအုပ်ပုံတွေကြားမှ ပိုးဟပ်လေးတွေမြင်တိုင်း ကိုတောကျော်ကို သတိရသည်။ ကိုတောကျော်ကို သတိရတိုင်း ကိုတောကျော် ပြောခဲ့သည့် စကားများကို အမှတ်တရ ရှိနေခဲ့ပါသည်။

“တစ်နေ့နေ့ တစ်ချိန်ချိန်မှာ၊ ကြီးကျယ် ခမ်းနားသော တစ်စုံတစ်ရာ . . . . ”

**ထက်နိုင် (တလုပ်မြို့)**

*သားအတွက်ပေါ့၊ ဓားတစ်လက်တော့*
*ပေးပါအဖေ။ ဓားကိုင်ကာ သားထိုင်စောင့်ပါလို့၊*
*အမှောက်ရန် အဖျက်များ၊ ဆီးတားဖို့လေ။*
*မည်းညစ်ပေ ကလိမ်ဉာဏ်နဲ့၊ သားတို့မြေ*
*အချောင်ကျူးမယ်ပေါ့၊*
*သားတို့အနံ အချောင်ခူးမယ်ပေါ့၊*
*ရည်စူးလို့ လာပစေ။ သားဟာလေ*
*အဖေ့သွေး၊ ကိုယ့်ဝန်းမြေ*
*ကိုယ်မြတ်နိုးသူမို့ ....*



Asian Fame Media Group
MEDIA GROUP

# တီအမ်တီ၏အမေတရား

## ဖူးသစ်မော်

ဝတ္ထုတိုရသ

သူ့နာမည်ကို အရင်းအတိုင်း ခေါ်သူ အတော်ရှားသည်။ သူ၏ အင်္ဂလိပ်စာသင်တန်း ကြော်ငြာများတွင် သူ့နာမည်ကို အင်္ဂလိပ်လို အတိုကောက်ထည့်ကာ T.M.T Education Centre ဟုဖော်ပြပါသည်။ သူနှင့်ကျွန်တော်ခင်မင်ရင်းနှီးခဲ့တာ အတော်ကြာပြီ။ ကျွန်တော်ကိုယ်တိုင် အများခေါ်ဝေါ်ကြသည့်အတိုင်း "တီအမ်တီ"ဟုသာ နှုတ်ကျိုးသွားပါသည်။ သူကလည်း ပညတ်ချက်တွေ အနှုတ္တသညာတွေအပေါ် သိပ်အလေးထားပုံမရပါ။

ကျွန်တော်တို့မြို့ကလေးသည် ဧရာဝတီမြစ်အနောက်ဘက်ကမ်းတွင် မြစ်ကြောင်းစီးဆင်းရာ ကျောရိုးအတိုင်း တောင်နှင့်မြောက်သွယ်တန်းလျက် တည်ရှိပါသည်။ ထို့အတူ တောင်မြောက်သွယ်တန်းနေသော လမ်းမကြီးတွေကလည်း လေးလမ်းအတိအကျရှိသည်။ ထိုအထဲမှာ လူအများ လှုပ်ရှားသွားလာကြသည့် ဦးဩဘာသလမ်းမကြီးတစ်နေရာတွင် ကျွန်တော်၏ စာအုပ်အငှားဆိုင်ရှိသည်။ အမှတ် (၂) ရပ်ကွက်တွင် နေထိုင်သော တီအမ်တီသည် ထိုလမ်းမကြီး



Asian Fame Media Group

> သားသမီးတွေဘက်က ကြည့်ရင် အမေလေ၊ ခင်ဗျားရဲ့ အမေနဲ့အဖေဟာ လက်ထပ်ပေါင်းသင်းလို့သာ လင်မယား တော်စပ်တာ၊ မပေါင်းသင်းရင် သူစိမ်းတွေပဲ၊ မိဘနဲ့ သားသမီးကျ ဘယ်လိုနည်းနဲ့မှသူစိမ်းလုပ်လို့ မရဘူး၊ အမေက အမေ၊ အဖေက အဖေပဲ၊ အတုမရှိဘူး၊ ခင်ဗျားသားသမီးတွေရဲ့ အမေဟာ ခင်ဗျားကို မွေးထုတ်ခဲ့တဲ့ အမေနဲ့အတူတူပဲ. . . .

ပေါ်တွင် စက်ဘီးဖြင့် နေ့စဉ်ဖြတ်သန်း သွားလာနေတတ်ပါသည်။

သူ့ရုပ်ပုံက အသားလတ်လတ်၊ အရပ်ခပ်ပြတ်ပြတ်၊ ပိန်ပါးပါးဖြစ်သည်။ စာပေဝါသနာကြီးသလောက် တံတောင်ဆစ်ကွေး ယဉ်ကျေးမှုကို အမြဲထုဆစ်တတ်သည်။ သူ့ယမကာယစ်မူးပုံက အချိန်အပိုင်းအခြားမရှိ၊ Limit လည်း မထားပါ။ သူစာသွားပြရသည့် ဆက်ရှင်တွေက သုံးလေးခုရှိသည်။ သည်ကြားထဲ ကျွန်တော့်ဆိုင်မှ မဂ္ဂဇင်းစာအုပ်များကို မှန်မှန်ငှားတတ်သေးသည်။ အချိန်ပြည့် နီးနီး ယမကာရီဝေ ခပ်ထွေထွေလုပ်နေသူသည် စာသင်ခန်းများတွင် မည်သို့စာပြကာ မဂ္ဂဇင်းစာအုပ်များကို မည်သို့ ဖတ်နေနိုင်ပါလိမ့်ဟု ကျွန်တော် အံ့သြမိရသည်။

အမှန်တကယ် သူ့စာဖတ်အားကိုလည်း သံသယဖြစ်စရာမရှိပါ။ သူက စကားပြောကောင်းသည်။ အချက်အလက်တွေ အကိုးအကားတွေနှင့် ဝေဝေဆာဆာ ပြောတတ်သည်။ သူဖတ်ပြီးသမျှ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ အက်ဆေးတွေကို ပြန်ပြောပြသည့်အခါ သူ့အမြင်နှင့်ခံစားမှုကိုပါ ထည့်သွင်းတန်ဆာဆင်တတ်သဖြင့် မူရင်းစာတွေ ကဗျာတွေထက် ပို၍ ရုပ်လုံးကြွ ရသမြောက်နေတတ်ပါသည်။

"ခင်ဗျား ဒီလောက် မူးမူးပေပေ လုပ်နေတာ ဆက်ရှင်တွေမှာ ပြဿနာမရှိဘူးလား၊ ကျောင်းသားတွေရဲ့ လေးစားမှုကို ရပ့ါမလား"

"လေးစားမှုဆိုတာ ကျွန်တော် မူးပေနေတဲ့ အပေါ်မှာ မတည်ပါဘူး၊ ကျွန်တော့်ရဲ့ သင်ကြားရေးအပိုင်းပေါ်မှာ တည်တယ်။ အထူးသဖြင့် ရင်းနှီးခင်မင်မှုကို ပိုရတယ်၊ ကျွန်တော့်အချိန်ရောက်လို့ စာသင်ခန်းထဲဝင်လိုက်တာနဲ့ အားလုံးလွတ်လပ်ပျော်ရွှင်သွားကြတာပဲ၊ ကျွန်တော်ကလည်း သူတို့စိတ်ပျော်အောင် သင်တယ်၊ ဒါကြောင့် ကျောင်းသားတွေကို အထူးစည်းရုံးနေစရာတောင်



Asian Fame Media Group
MEDIA GROUP

"ဆင်ခြေတွေချည်းပဲ၊ စာအုပ်ဆိုင်ဖွင့်ပြီး စာပေစိတ် တော်တော် ခေါင်းပါးတဲ့လူ၊ သဘောတရားသာ ရှိပြီး လက်တွေ့မရှိတဲ့လူ၊ မက္ကပိုင်ငှက်လို ဦးနှောက်မျိုးနဲ့လူ၊ တော်ပြီ ခင်ဗျားဆီလာဖို့တောင် တော်တော် စဉ်းစားရတော့မယ်"

မလိုဘူး၊ အကြောက်တရားတွေ ဖိအားတွေနဲ့ ခြောက်သွေ့ငြိမ်သက်နေတဲ့ စာသင်ခန်းမျိုးကို ကျွန်တော် မကြိုက်သလို ကျောင်းသားတွေကလည်း မကြိုက်ဘူးဗျ"

သူက ဖက်ကြမ်းဆေးလိပ်တိုကလေးကို မီးညှိဖွာရှိုက်သည်။

"ကျက်စာတွေ မေးလို့မရတဲ့အခါလည်း အပြစ်မပေးတတ်ပါဘူး၊ သူတို့ရလာအောင် ပြန်ပြန်နွှေးပေးရတာပေါ့၊ အားလုံးကို ကျွန်တော်ပြောထားတာရှိတယ်၊ လူရဲ့ဦးနှောက်ဆိုတာ ပြောင်ပြောင်လက်လက်တွေ့တိုင်း ကိုက်ချီလာပြီး အသိုက်ထဲမှာ စုဆောင်းထားတတ်တဲ့ မက္ကပိုင်-(Magpie) ငှက်လို ဦးနှောက်မျိုး မဟုတ်ဘူး၊ လူ့ဦးနှောက်က မှတ်သားစုဆောင်းဖို့အတွက် အသုံးပြုသလို မေ့လျော့ဖို့အတွက်လည်း အသုံးပြုတယ်၊ ဒါပေမဲ့ အမြဲတမ်း မေ့လျော့ဖို့ချည်း အသုံးပြုနေရင်တော့ သဘာဝမကျတော့ဘူး၊ ခဏလောက် ကျေးဇူးပြုပြီး မှတ်သားတတ်တဲ့ ဘက်ကို လှည့်လိုက်ကြရအောင်ဆိုပြီး ဆွဲခေါ်ရတာပေါ့"

သူက သင်ကြားရေးအပိုင်းဆီ ဆက်လက်ချီတက်သွားနေသဖြင့် လက်ပြတားလိုက်ရသည်။

"ရပြီ၊ ဒီလောက်ဆိုသဘောပေါက်ပါပြီ၊ ကျောင်းစာတွေအပြင် ဝါသနာအရဖတ်တဲ့ စာတွေကိုပါ မမေ့တတ်တာ အံ့ဩစရာပဲ၊ alcohol ဓာတ်ဟာ လူရဲ့မှတ်ဉာဏ်ကို တော်တော်ဒုက္ခပေးတယ်ဗျ၊ ခင်ဗျားလောက် ကျွန်တော်မှတ်ဉာဏ်အား မကောင်းဘူး"

"Pratice made perfect ၊ လေ့ကျင့်ရင် အောင်မြင်ပါတယ်၊ ပညာရှင်တွေရဲ့ သီအိုရီအရ ယောက်ျားတွေဟာ အကွာအဝေးကို ဆင်ခြင်ပြီး ဘဝခရီးနှင်တယ်၊ မိန်းမတွေက မှတ်တိုင်စဉ်နဲ့ မောင်းနှင်တယ်၊ ကျွန်တော်ကတော့ လေ့ကျင့်မှုတွေနဲ့ မောင်းနှင်နေတာပဲ၊ လေ့ကျင့်အားထုတ်မှုမရှိရင် ဦးနှောက်မှတ်ဉာဏ် သာမကအရာအားလုံး ကျရှုံးနိုင်တယ်၊ ကျွန်တော်က ခုချိန်အထိတော့ မေ့လျော့တတ်တဲ့ အပိုင်းကို အနိုင်ရနေတုန်းပဲ၊ ယမကာအရှိန် ပါပါ မပါပါ စာဖတ်တဲ့အခါ သတိနဲ့ မှတ်သားနိုင်အောင် လေ့ကျင့်တယ်၊ အလေ့အကျင့်အပေါ် အလေ့အကျင့်ပြန်ဖြစ်နေရင် အဆင်ပြေပါတယ်"

ကျွန်တော့်ဆိုင်သို့ တီအမ်တီ နေ့စဉ်ဝင်လာနေကျအချိန်မှာ နေ့လယ်နေ့ခင်းပိုင်းတွေ ဖြစ်သည်။ တစ်နေ့တော့ လာနေကျအချိန် မဟုတ်ဘဲ မနက်စောစော ရောက်ချလာသည်။ ဘယ်အချိန်ပဲဖြစ်ဖြစ် ယမကာ အရှိန်ကလေးတော့ ဝတ္တရားမပျက် ပါလာစမြဲ။

"ဒီနေ့ညစကုမှာ စာပေဟောပြောပွဲရှိတယ်၊ ရွှေဟောင်းကဗျာ ဆရာကြီးနှင်းဦးနဲ့ အီသီယိုးပီးယား ကာတွန်းဆရာတို့ပါ လိုက်မယ်၊ ညနေလေးနာရီ ဒီကစထွက်ကြမယ်"

"ဟောပြောမယ့် ဆရာတွေက"

"ဆရာအော်ပီကျယ်၊ နေဝင်းမြင့်၊ ခင်ခင်ထူး"

"ဘာနဲ့သွားကြမှာလဲ၊ ဟိုမှာညအိပ်ရမှာပေါ့"

"ဆယ်မိုင်ခရီးလောက်ကို စာဖွဲ့မနေစမ်းပါနဲ့၊ ကြုံရာနဲ့လိုက်၊ ကြုံရာမှာစားပြီး ကြုံရာမှာ အိပ်ကြတာပေါ့၊ ခင်ဗျားကို ဝင်ခေါ်မယ်"

"ကျွန်တော့်အခြေအနေက ခွင့်မပြုပါဘူးဗျာ၊ လူခွဲကမရှိ၊ အငှားဆိုင်ဆိုတော့ ပိတ်ပစ်ခဲ့လို့လည်း မဖြစ်ဘူး"

"တစ်ညတလေပဲဗျ၊ ခင်ဗျားတွေ့ချင်တဲ့ အေးမင်းစောဆီ ပါဝင်လို့ရတာပဲ"

"ခင်ဗျားတို့ပဲ သွားကြပါဗျာ၊ ရုတ်တရက်ကြီး မဖြစ်နိုင်လို့ပါ"

သူက ကျွန်တော့်ကို ပေစောင်းစောင်းကြည့်ရင်း ထရပ်လိုက်သည်။ ဆေးပေါ့လိပ်တိုကိုပစ်ချပြီး ဖိနပ်ဖြင့် နင်းခြေသည်။

"ဆင်ခြေတွေချည်းပဲ၊ စာအုပ်ဆိုင်ဖွင့်ပြီး စာပေစိတ် တော်တော် ခေါင်းပါးတဲ့လူ၊ သဘောတရားသာ ရှိပြီး လက်တွေ့မရှိတဲ့လူ၊ မက္ကပိုင် ငှက်လို ဦးနှောက်မျိုးနဲ့လူ၊ တော်ပြီ ခင်ဗျားဆီလာဖို့တောင် တော်တော် စဉ်းစားရတော့မယ်"

စွဲချက်တွေ အမျိုးမျိုးတင်ကာ ရှူးရှူးရှဲရှဲ ထွက်ခွာသွားပါသည်။ ဒီလူ ကလေးတစ်ယောက်လိုလည်း စိတ်ကောက်တတ်ပါလားဟု တွေးရင်း ပြုံးလိုက်မိသည်။ နောက်တစ်နေ့ မှစ၍ ကျွန်တော့်ဆိုင်သို့ သူရောက် မလာတော့ပါ။ တစ်ပတ်လောက်ကြာသည်အထိ ပေါ်မလာတော့မှ တီအမ်တီကြီး တကယ်စိတ်ဆိုးသွားတာပါလားတွေးမိပြီး စိတ်မကောင်း ဖြစ်လိုက်ရသည်။ သို့သော် တစ်ပတ်တိတိကြာပြီးမှ မမျှော်လင့်ဘဲ ကိုယ့်ဆရာ ပြန်ရောက်လာပါသည်။ ယမကာအရှိန်ကို ထိန်းချုပ်ကာ ရှုတည်တည်ပုံ ဖမ်းထားသဖြင့်



Asian Fame Media Group

ရယ်ချင်စိတ်ကို မျိုသိပ်ထားလိုက်ရသည်။

"ဒီမယ် အရာဝတ္ထု၊ လူပုဂ္ဂိုလ်၊ သတ္တဝါ၊ တစ်စုံတစ်ရာကို စိတ်မှာ နှစ်သက်၊ စွဲလမ်း၊ နှောင်ဖွဲ့လာသမျှကို သံယောဇဉ်နခေါ်တယ်၊ အရပ်သုံးနဲ့ ပြောရရင် သံယောဇဉ်ပေါ့ဗျာ"

"သံယောဇန၊ သံယောဇဉ် ဟုတ်လား၊ အင်္ဂလိပ်စာမသင်တော့ဘဲ မေဂျာပြောင်းလိုက်တာလား၊ ဒီလိုလည်း ဖြစ်တာပဲနော်"

"ဘာဆိုင်လဲဗျ၊ အစက ခင်ဗျားဆီ မလာတော့ဘူးလို့ ဆုံးဖြတ်ထားတာ၊ ဒါပေမဲ့ မနေနိုင်ဘူး၊ အဲဒီ သံယောဇဉ်ကို ပြောတာ"

"ဩော် ဒီလိုလား၊ အဟင်းဟင်း"

"ကျွန်တော်သိပါတယ်၊ ရယ်ချင်ရင် ရယ်လိုက်စမ်းပါ၊ မင်းသားကြီး မြတ်လေးပြောသလို မိုးကို ခြေကန်ပြီး ရယ်လိုက်ဦး၊ ရတယ်"

သည်တော့မှ ကျွန်တော် တကယ်ရယ်မိပါသည်။ ပြီးတော့ သူ လက်ထဲပါလာသော စာအုပ်ကို ဆွဲယူကြည့်လိုက်သည်။

"ဦးဩဘာသစာကြည့်တိုက်နဲ့ ခင်ဗျားအိမ်က လမ်းတစ်ခုပဲ ခြားတာကို မေ့နေတယ်၊ ဒါကြောင့် တစ်ပတ်လောက် ခြေရာဖျောက်နေနိုင်တာကိုး"

"လုံးဝမှားယွင်းတယ်၊ ပြောမယ့်စကားကို မပြောမီစဉ်းစား၊ စဉ်းစားပြီးမှ ပြော၊ ပြောပြီးစကား ပြန်စဉ်းစားတဲ့၊ ဘုရားဟောရှိတယ်၊ တစ်-ဦးဩဘာသ စာကြည့်တိုက်မှာ ကျွန်တော် စာဖတ်လာတာ ခင်ဗျားနဲ့ မသိခင်ကတည်းက၊ ခုမှ မဟုတ်ဘူး၊ နှစ်-စာကြည့်တိုက်မှာ ဖတ်နိုင်တဲ့ စာအုပ်မျိုး ခင်ဗျားရဲ့ အငှားဆိုင်မှာ များများမရှိသလို၊ ခင်ဗျားဆိုင်မှာ ဖတ်နိုင်တဲ့ စာအုပ်မျိုးလည်း စာကြည့်တိုက်မှာ များများမရှိနိုင်ဘူး၊ ဒါကြောင့် ခင်ဗျားစကားကို ပြန်ရုပ်သိမ်းပါ"

"ဟုတ်ပါပြီဗျာ၊ ရုပ်သိမ်းပါတယ်"

"ရွှေလထဲကျ အ. ထ. က (၁) မှာ အာစရိယပူဇော်ပွဲရှိတယ်၊ ဒီပွဲမျိုး မဖြစ်တာကြာပြီ၊ သက်ရှိထင်ရှားရှိနေကြသေးတဲ့ ခင်ဗျားတို့ ကျွန်တော်တို့ရဲ့ဆရာ ဆရာမကြီးတွေ ပါတယ်၊ ခင်ဗျားလာ ရမယ်"

"ကိုယ့်မြို့ပေါ်တင်ပဲ၊ ဘယ်လက်လွတ်ခံလို့ ဖြစ် မလဲဗျာ"

"ဒီပွဲအတွက် ကျွန်တော့်တပည့်ဟောင်းတွေ တက်ကြွလှုပ်ရှားနေကြတယ်၊ အာစရိယပူဇော်ပွဲအထိမ်းအမှတ် ကဗျာစာအုပ်ကလေးထုတ်ကြမယ်၊ ကျွန်တော့်ဆီ စာမူလာတောင်းလို့ ကဗျာတစ်ပုဒ် ပေးလိုက်တယ်"

"ဟုတ်လား၊ ခင်ဗျား ကဗျာရေးမှန်းတောင် မသိဘူး၊ စာအုပ်ထွက်လာမှ အားပေးလိုက်ဦးမယ်"

"အားပေးလိုက်ပါ၊ ကျွန်တော့်ကဗျာတော့ ပါလာမှာ မဟုတ်ဘူး"

"ဟင်၊ လာတောင်းလို့ ပေးလိုက်တယ်ဆို"

"ပေးလိုက်တယ်၊ ဒါပေမဲ့ ပယ်လိုက်ကြသတဲ့"

"ဘယ်လိုကြီးလဲ၊ ဆရာ့ဆီကို တပည့်တွေက တောင်းတယ်၊ ပြီးတော့ ပယ်တယ်၊ အငြိအစွန်းရှိလို့လား"

"မရှိပါဘူး၊ ပင်စင်သွား ဆရာတစ်ယောက်ရဲ့ ဝေဒနာကိုရေးတာပါ၊ ဖြစ်နိုင်တာ နှစ်ချက်ပဲ ရှိတယ်၊ တစ် - ကျွန်တော့်ကဗျာက သူတို့ ကြိုက်လောက်အောင် မညံ့လို့၊ နှစ် - ဆရာထက် တပည့်တွေက ပိုတော်နေလို့၊ သူတို့က လူငယ်တွေဆိုတော့ မော်ဒန်ဖြစ်မှ ကြိုက်ကြမှာကိုး၊ ကျွန်တော်က စိတ်ကူးပေါ်ရင် ပေါ်သလို ရေးချင်သလိုရေးတာ၊ ဒါပါပဲ"

"တစ်မျိုးကြီးပါလား၊ ကျွန်တော့်ကို ရွတ်ပြနိုင်မလား"

"ရွတ်ပြနိုင်တာပေါ့၊ ကျွန်တော်က သိပ်ကဗျာရွတ်ချင်တဲ့ ကောင်ဗျ၊ ကဗျာခေါင်းစီးက 'ပင်စင်နေ့'တဲ့၊ အဟမ်း"

သူက ထုံးစံအတိုင်း၊ မတ်တတ်ရပ်ကာ ဇာတ်ဟန်ပါပါ ရွတ်ပြပါသည်။

*"မနက်ရှစ်နာရီခွဲတော့*
*ကပျာကသီ အဝတ်လဲပြီး*
*ထမင်းဘူးကို ဆွဲအထွက်*
*ရုတ်တရက် မဟေသီက*
*လှမ်းအော်တယ်*
*တော် ပင်စင်ယူပြီးပြီလေတဲ့၊*
*ဩော် အေး၊ အေး*
*နေးကွေးခြေလှမ်းတွေနဲ့*
*လွမ်းစရာတွေက မကုန်နိုင်*
*ဘဝမိုင်တိုင်တွေ ရှေ့ဆက်ဖို့*
*အသက်က ခြောက်ဆယ်*
*ငါ ငယ်ပါသေးတယ်ကွာ၊*
*မြေဖြူတစ်ချောင်းဟာ*
*အိပ်မက်ဟောင်းမဟုတ်ဘူး*
*ဘဝပေါင်းများစွာကို ထုဆစ်*
*အိပ်မက်သစ်တွေနဲ့ ခရီးလမ်း*
*ငါ ပျံသန်းနိုင်ပါသေးတယ်၊*
*'မင်္ဂလာပါ ဆရာကြီး'*
*မငြီးနိုင်တဲ့ နှုတ်ဆက်တေးသံ*
*ညဥ့်ယံမှာ တိတ်ဆိတ်*
*ဘယ်လို အိပ်စက်နိုင်ပါ့"*

*"တီတီ-တီတီ- ဆရာတီအမ်တီကြွပါ"*

လမ်းပေါ်မှ အသံကြောင့် ကျွန်တော်တို့ ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။ ဆိုင်ကယ်တစ်စီးနှင့် တီအမ်တီ၏ အဂ္ဂမဟေသီ။

"ဆိုင်ကယ်ရှိရဲ့သားနဲ့ ခင်ဗျားစီးတာ တစ်ခါမှ မတွေ့ဖူးဘူး"

"ဘေးအိမ်က ဆိုင်ကယ်ငှားစီးလာတာ၊ သူကဆိုင်ကယ်စီးတတ်တယ်၊ ကျွန်တော်က မစီးတတ်ဘူး၊ ဒီနေ့ ခြောက်ပိုင်းဆက်ရှင်မှာ လစာသွားထုတ်ရမှာ၊ ကြာနေလို့ လိုက်လာတာဖြစ်မယ်၊ ကျွန်တော် သွားလိုက်ဦးမယ်"

"ကဗျာက မပြီးသေးဘူးလေ"

"ညပိုင်းကျ တစ်ခေါက် ပြန်လာခဲ့မယ်"

ကျွန်တော့်ကို လက်ပြနှုတ်ဆက်ကာ သူ့မဟေသီ၏ ဆိုင်ကယ်နောက်မှ ကုပ်ကုပ်ကလေး လိုက်ပါသွားလေသည်။ ရိုးရှင်းလှသည့် သူ့ကဗျာ တစ်ပိုင်းတစ်စက ကျွန်တော့်နားဝတွင် ခုန်ပေါက်ကျန်ရစ်ခဲ့ပါသည်။

♦

ထိုနေ့ညက သူ့စကားအတိုင်း ရောက်မလာပါ။ နောက်ရက်တွေမှာလည်း ပျောက်ကွယ်နေသည်။ လေးငါးရက်မက ရက်သတ္တပတ် ကျော်လွန်လာသည့်အခါ ထူးဆန်းသလိုဖြစ်လာသည်။ ပုံမှန်ဖြတ်သန်းသွားလာနေကျ ဦးဩဘာသလမ်းမကြီးပေါ် စောင့်ကြည့်နေခဲ့သော်လည်း အရိပ်အယောင်မျှပင် မမြင်ရပါ။ စာသင်ခန်းတွေဆီ ဘယ်လမ်းကများ သွားနေပါလိမ့်၊ သူပြော



Asian Family Media Group

ခဲ့သော သံယောဇဉ်စကားကို သတိရမိသည်။ ပြဿနာတစ်ခုခုများ ရှိနေလို့လား၊ တစ်နေရာရာကို အရေးပေါ်ခရီးထွက်နေရလို့လား၊ သူ့ကို သိကြသော စာဖတ်ပရိသတ် တချို့ကပင် စူးစမ်းလာကြသည်။

"တီအမ်တီကြီး ပျောက် နေပါလား၊ အရင်က ဒီကို အမြဲလာပြီး တော်ကီပွား နေကျပါ"

"ဟုတ်တယ်၊ ကျွန်တော်လည်း အဲဒါစဉ်းစားနေတာ၊ ဆက်ရှင်တွေ သွားတာလည်း မမြင်ဘူး၊ တော်ကီ မပွားနိုင်လောက်အောင် ရှပ်ကီများပြီး မှောက်နေပြီလား မသိပါဘူး၊ မနက်ဖြန်မှ သူ့အိမ်ဘက်သွား ကြည့်လိုက်ဦးမယ်"

တီအမ်တီနေသော အမှတ် (၂) ရပ်ကွက်က ကျွန်တော်တို့ အမှတ် (၃) ရပ်ကွက်နှင့် တစ်ဆက်တည်းမို့ သိပ်မဝေးလှပါ။ သို့သော် တီအမ်တီသည် အကြားအမြင်အာရုံ ရှိနေပုံရသည်။ ဆယ့်တစ်ရက်မြောက်မနက်ခင်း အချိန်တွင် ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ပေါက်ချလာပါသည်။ သူလာပုံက စက်ဘီးကို တွန်းထိုးဆွဲငင်ရင်း လမ်းလုံးပြည့် သိုင်းကွက်နင်းလာ ခြင်းဖြစ်သည်။ ဆံပင်တွေ ထိုး ထိုးထောင်၊ ရှပ်အင်္ကျီရင်ကွဲ၊ ပုဆိုး ခါးပုံစရှည်ကြီး တွဲလောင်းနှင့်၊ သဲသဲမဲမဲခွပ်နေရာမှ မာန်လျှော့ ထွက်ပြေးလာသော ကြက်ဖတစ်ကောင်နှင့် အတော်တူသည်။ သူ့ရုပ်ပုံကိုကြည့်ပြီး ကျွန်တော် အသံထွက်အောင် ရယ်လိုက်မိ သည်။

"နင်းမဖြစ်တဲ့ စက်ဘီးကိုများ ဒုက္ခခံပြီး တွန်းယူလာရသေးတယ်"

သူက ဘာမှ ပြန်မပြောနိုင်သေးဘဲ စက်ဘီးကို ဆိုင်ရှေ့တွင် ထောင်သည်။ စက်ဘီးက ဝုန်းခနဲလဲကျသွားသည်။ ပြန်ထောင်သည် ပြန်လဲကျသည်။ အကြိမ်ကြိမ်ထောင်လို့ မရတော့သည့်အဆုံး စက်ဘီးကို တုံးလုံးပက်လက်ထားခဲ့ပြီး ဆိုင်နောက်ဘက်သို့ ဒယီးဒယိုင်လျှောက်ဝင်သွားသည်။ တစ်ခုတည်းသော ပက်လက်ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ်ထိုင်ချလိုက်ပြီး ဆေးလိပ်တိုကို မီးညှိဖွာရှိုက်သည်။

"ဘယ်အချိန်က ထသောက်ပြီး

**သူက မိန်းမသားမို့**
**အိမ်မှုကိစ္စ ဝေယျာဝစ္စတွေ**
**လုပ်ရတယ်၊ ပြီးတော့**
**သားသမီးတွေကို**
**ကိုးလလွယ်**
**ဆယ်လဖွားရတယ်ဆိုတာ**
**အသက်နဲ့တောင်ရင်းရတဲ့**
**အလုပ်ဗျ၊ သူခံစားရတဲ့**
**အာဝေဏိက ဒုက္ခတွေကို**
**ခင်ဗျားကိုယ်တိုင်**
**ခံစားနိုင်လိမ့်မယ်**
**ထင်သလား. . .**

စောစောစီးစီး ဒီလောက်ကွဲပြဲနေတာလဲ"

သူက မေးစင်းနေသော မျက်ခွံတွေကိုအားယူပြီး ဖွဲကြည့်သည်။ ပြီးတော့ စကားကို အမှတ်စဉ်တွေ တပ်ပြီး ပြောသည်။

"တစ်- နင်းမဖြစ်တဲ့ စက်ဘီးလို့ သုံးနှုန်းလိုက်တာ မှားတယ်၊ စက်ဘီးက အကောင်း၊ လူက နင်းနိုင်စွမ်း ကုန်ခန်းနေလို့ တွန်းလာတာ၊ နှစ်- အရက်သောက်တာ အချိန်ကန့်သတ်ချက် မရှိဘူး၊ သောက်သုံးသူ အပေါ်မူတည်တယ်၊ သုံး- ကျွန်တော် တရားပတ်ဆယ်ရက်စခန်း ဝင်နေတာ၊ ဒါကြောင့် ဒီနေ့ကျမှ လာနိုင်တာ၊ လေး- ကဗျာတစ်ပိုင်း တစ်စကို ဆက်ရွတ်ဖို့ အကြွေးကျန်နေတယ်"

"ငါး- တရားပတ်စခန်းက တရားတွေ တစ်ပွေ့တစ်ပိုက်ကြီးနဲ့ ထွက်လာပြီး အတိုးချသောက်ပစ်လိုက်တယ်၊ ဒါပဲ မဟုတ်လား"

သူက မျက်လုံးတွေ မှိတ်ကာ တဟားဟားရယ်သည်။

"ခင်ဗျား သဘောပေါက်ရင် ပြီးတာပဲ၊ နံပါတ်စဉ်တွေ တိုးပြီးစွဲချက်တွေ တင်မနေပါနဲ့တော့ဗျာ၊ တရားပတ်ဝင်တဲ့ ဆယ်ရက်လုံးလုံး ကျွန်တော့်အာရုံတွေ ဖောက်ပြန်နေတယ်၊ ဝင်သက်ထွက်သက်ထဲမှာ ပုလင်းတွေ ဖန်ခွက်တွေပဲ ကခုန်နေကြတယ်၊ ပထမဆုံးအကြိမ်စမ်းကြည့်တာပါ၊ အလေ့အကျင့်လိုတယ်ဗျ၊ အလေ့အကျင့်များမှ တရားဘက်က နိုင်စရာရှိတယ်"

"စိတ်ကူးနဲ့ရရ လက်တွေ့လုပ်နိုင်တာ ခင်ဗျားတော်ပါတယ်"

"ဒါက မိုးကုတ်တရားပတ်၊ နောက်တစ်ခါ မဟာစည်တရားပတ် သွားဝင်ကြည့်ဦးမယ်၊ ကျွန်တော် ဒီကုလားထိုင်ပေါ် တစ်ရေးလောက် အိပ်ချင်တယ်ဗျာ၊ ဖြစ်မလား"

"ဖြစ်ပါတယ်၊ အိပ်ပါ၊ တစ်ရေးဆိုတာ အချိန်ဘယ်လောက်သတ်မှတ်တာလဲ"

"ခွင့်ပြုနိုင်တဲ့ အတိုင်းအတာ ကျော်ရင်နှိုးလိုက်ဗျာ၊ အဲဒါတစ်ရေးပဲ၊ ရှုး ရှေ့မှာ ကျုပ်လိုလူတစ်ယောက် သိုင်းကွက်နင်းဝင်လာတယ်၊ ကြည့်လုပ်ဦး"

ကျွန်တော်လှည့်ကြည့်လိုက်သည်။ အသက်သုံးဆယ်ကျော်အရွယ် လူတစ်ယောက်ယိမ်းထိုးဝင်ရောက်လာသည်။ သူ့လက်ထဲတွင် စာအုပ်တစ်အုပ်ပါလာသည်။ သူ့ကိုတော့ ကျွန်တော်မသိ။

"ဒီစာအုပ် ဘယ်လောက်ကျလဲ"

သူက စာအုပ်ကို ဆောင့်ကြီးအောင့်ကြီး စားပွဲပေါ်ပစ်ချလိုက်သဖြင့် ထောင်းခနဲ ဒေါသထွက်သွားသည်။ သို့သော် အမူးသမားနှင့် မဖက်ပြိုင်ချင်သောကြောင့် စိတ်လျှော့လိုက်ရသည်။

"စက်ဝိုင်းထဲက မသန်းသန်းမြင့်၊ လူကြုံပေးလိုက်တာလား"

"မဟုတ်ဘူး၊ ကျုပ်က သူ့ယောက်ျား"

"ငါးရက်ခ၊ ငါးရာကျတယ်"

"ငါးရာ ဟုတ်လား၊ တောက်"

တောက်ခေါက်သံကြောင့် ကျွန်တော်တွန့်ခနဲ ဖြစ်သွားပြန်သည်။ သူက ခါးကြားမှ ငွေစက္ကူလိပ်ကိုထုတ်ကာ ငါးရာတန်တစ်ရွက် လှမ်းပေးရင်း "အတိအကျကြီးလား၊ လျှော့ပါဦးဗျ" ဟုပြောသည်။ စကားနည်းရန်စဲ တစ်ရာတန်တစ်ရွက် ပြန်အမ်းပေးလိုက်သည်။

"ဒီမယ် နောက်ကိုအဲဒီကောင်မ ရောက်လာရင် စာအုပ်မငှားပါနဲ့၊ အလကားအရည်မရ အဖတ်မရ ဖြုန်းတီးနေတာ၊ ကျုပ် ကြိုပြောထားတာနော်၊ နောက်တစ်ခါ အိမ်မှာ စာအုပ်တွေ့ရင် မီးရှို့ပစ်မှာ၊ တာဝန်မယူဘူး"

ကျွန်တော် နားမလည်နိုင်သလို မော့ကြည့်လိုက်သည်။ ဥပမိရုပ်က မိုက်တိမိုက်ကန်းမို့ တကယ်လုပ်မည့်ပုံ။ အေဒီ ၁၂-၁၄ ခေတ်မှ ရောမမင်းဆိုးတစ်ပါးဖြစ်သည့် Caligula သေပြီး သမိုင်းခေတ်တွေ တိုင်းနိုင်ငံတွေကို ကျော်လွှားကာ မြန်မာပြည်တွင် လာဝင်စားဟန်တူသည်။ Caligula သည် ဂရိနှင့် ရောမစာဆိုကြီးများ၏ စာအုပ်တွေကို မီးရှို့ဖျက်ဆီးပစ်ရန် အမိန့်ထုတ်ပြန်ခဲ့သည် မဟုတ်လား။

"ခင်ဗျား မိန်းမကို ခင်ဗျားပြောပါ၊ ကျွန်တော်က စာအုပ်အငှားဆိုင်ဆိုတော့ ကိုယ့်ဆီလာတဲ့ ပရိသတ်ကို မငှားနိုင်ဘူးပြောလွှတ်လို့ ဘယ်ဖြစ်ပါ့မလဲဗျာ"

"ပြောရုံတင်ဘယ်ကမလဲ၊ အခုပဲ စကားများပြီး ပါးရိုက်ပစ်ခဲ့တာ၊ အမှတ်မရှိဘဲ ကျုပ်မသိအောင် လာငှားနေမှာစိုးလို့၊ ဘယ့်နှယ်ဗျာ၊ အိမ်အလုပ်တွေ ကလေးတွေတစ်ဖက်နဲ့ ဒီစာအုပ်တွေကို မဖတ်ရရင် မနေနိုင်ဘူး၊ အခုကြည့်လေ၊ ငွေ ငါးရာ သဲထဲရေသွန်ဖြစ်သွားပြီ၊ ကျုပ်မှာတော့ ပွဲရုံမှာ တစ်နေကုန် ထမ်းပိုးပြီး ငွေရှာရတာ"

"No something was wrong"

နောက်ဘက်မှ တီအမ်တီ၏ အသံ ထွက်ပေါ်လာသည်။ ကိုယ့်ဆရာ မအိပ်သေးပါလား၊ အမူးသမားချင်းငြိလျှင် shock တွေ ဆက်တိုက် ဝင်သွားနိုင်သည်။ တီအမ်တီ၏ပါးစပ်ကို အချိန်မီပြေးပိတ်ရန် နောက်သို့အလှည့် ကိုယ့်ဆရာက အရင်ရောက်နှင့်နေသည်။ ကိုဒေါသက တီအမ်တီကို ရှုသိုးသိုး ကြည့်သည်။

"ခင်ဗျားက ဘာတွေဝင်ပြောနေတာလဲ"



Asian Fame Media Group

"ဒီလိုပါ၊ တစ်- ခင်ဗျားမိန်းမက စာဖတ်ဝါသနာပါတယ်၊ နှစ်-ခင်ဗျားက စာဖတ်တာလုံးဝမကြိုက်ဘူး၊ စာအုပ်ငှားခပေးရတာကို သဲထဲရေသွန်လို့ မြင်တယ်၊ သုံး-အခုစာအုပ်ဖတ်တာမိလို့၊ ရန်ဖြစ်ပြီး ပါးရိုက်ပစ်ခဲ့တယ်၊ ဒီလိုနော်"

"အဲဒါ ခင်ဗျားနဲ့ဘာဆိုင်လို့ ဝင်ရှုပ်နေတာလဲ"

"ရှင်းတာပါ၊ ခင်ဗျားမိန်းမ စာအုပ်ဖတ်တာ ခင်ဗျား မကြိုက်သလို၊ ခင်ဗျားအရက်သောက်တာကိုရော သူကကြိုက်ရဲ့လား"

"အရက်သောက်တာကို ဘယ်မိန်းမက ကြိုက်မှာလဲဗျ"

"ဒါဆို ခင်ဗျားဘာကြောင့် သောက်တာလဲ"

"ကျုပ်သောက်ချင်လို့ သောက်တယ်ဗျာ"

"ဟုတ်ပြီ၊ သူလည်း ဖတ်ချင်လို့ ဖတ်တာပေါ့၊ ရှင်းရှင်းလေးပါ"

"ဘာဗျ"

ကိုရွှေဒေါသက လက်သီးလက်မောင်းတန်းကာ ရှေ့တိုးလာသည်။

"နေပါဦး၊ ဒေါသတွေကြီးနေရတာ ပင်ပန်းပါတယ်၊ ခင်ဗျားမိန်းမ စာအုပ်ဖတ်တာ ဘာများထိခိုက်ပွန်းပဲ့ သွားလို့လဲ၊ အရပ်တကာလည် ပြီးအတင်းအဖျင်းချတာ၊ နှစ်လုံးသုံးလုံးတွက်တာ၊ အသုံးအဖြုန်းကြီးတာ၊ အိမ်ထောင်ရေးဖောက်ပြန်တာတွေနဲ့စာရင် သူကအများကြီးမြတ်တာပဲဗျ၊ သူစာအုပ်ဖတ်တာ တစ်နေ့တစ်ရာ၊ ကဲနှစ်ရာထားဦး၊ ခင်ဗျားအရက်သောက်တာ တစ်နေ့ ဘယ်လောက်ကုန်လဲ၊ အချိုးကျရဲ့လား၊ စာဖတ်တာနဲ့ အရက်သောက်တာ ဘယ်ကိစ္စက လူကို အကျိုးယုတ်နိုင်သလဲ၊ ဒါလောက်တော့ လူတိုင်းသိပါတယ်၊ ခင်ဗျားက ယောကျ်ားမို့ ယောကျ်ားအလုပ်ကို လုပ်ရတယ်၊ သူက မိန်းမသားမို့ အိမ်မှုကိစ္စ ဝေယျာဝစ္စတွေ လုပ်ရတယ်၊ ပြီးတော့ သားသမီးတွေကို ကိုးလလွယ် ဆယ်လဖွားရတယ်ဆိုတာ အသက်နဲ့တောင်ရင်းရတဲ့ အလုပ်ဗျ၊ သူခံစားရတဲ့ အာဝေဏိက ဒုက္ခတွေကို ခင်ဗျားကိုယ်တိုင်ခံစားနိုင်လိမ့်မယ် ထင်သလား၊ ဝေးသေးတယ်၊ ဒီလိုသတ္တိမျိုးက မိခင်တွေမှာပဲရှိတာ၊ ဒီကြားထဲဗျာ စိတ်လက်အပန်းဖြေရင်း စာအုပ်ဖတ်မိလို့ ပါးရိုက်တာခံရသေးတယ်၊ ဒီမယ် ခင်ဗျားအမေကို တစ်ယောက်ယောက်က ပါးရိုက်ရင် ဘယ်လိုခံစားရမလဲ"

"ကျုပ်အမေကို မထိပါးနဲ့၊ အသက်ချင်း လဲပစ်လိုက်မယ်"

"ခင်ဗျား သားသမီးတွေရဲ့ အမေကို ထိပါးတာကျ တရားသလား"

"ကျုပ် မိန်းမကို ကျုပ်ရိုက်တာ ဘာဖြစ်လဲ၊ တော်တော့ဗျာ"

"သားသမီးတွေဘက်က ကြည့်ရင် အမေလေ၊ ခင်ဗျားရဲ့ အမေနဲ့ အဖေဟာ လက်ထပ်ပေါင်းသင်းလို့သာ လင်မယားတော်စပ်တာ၊ မပေါင်းသင်းရင် သူစိမ်းတွေပဲ၊ မိဘနဲ့သားသမီးကျ ဘယ်လိုနည်းနဲ့မှ သူစိမ်းလုပ်လို့ မရဘူး၊ အမေက အမေ၊ အဖေက အဖေပဲ၊ အတုမရှိဘူး၊ ခင်ဗျားသားသမီးတွေရဲ့ အမေဟာ ခင်ဗျားကို မွေးထုတ်ခဲ့တဲ့ အမေနဲ့အတူတူပဲ၊ အဲဒီအမြင်နဲ့ နှိုင်းချင့်စာနာပြီး ဆက်ဆံရင် ပိုမကောင်းဘူးလား၊ ကမ္ဘာပေါ်မှာ မွေးမိခင်အပေါ် တာဝန်ကျေတဲ့ သားသမီးဆိုတာ ရှိသလား၊ ကျွန်တော်တို့ ဘုရားရှင် ဗုဒ္ဓတစ်ပါးပဲ ရှိတယ်၊ နောင်တမရချင်ရင် သတိမလွတ်စေနဲ့၊ လူ့ဘဝဆိုတာ remote နဲ့ ခလုတ်နှိပ်ပြီး ပြန်ရစ်လို့ မရဘူး၊ ကမ္ဘာပေါ်မှာ နောက်ပြန်ပျံသန်းနိုင်တဲ့ ငှက်တောင်တစ်မျိုးတည်းရှိတယ်။ Hummingbird လို့ခေါ်တယ်၊ ပြောချင်တာက ကျွန်တော်တို့ ခင်ဗျားတို့ အမေတွေကို ချစ်ခင်မြတ်နိုးတန်ဖိုးထားရိုးမှန်ရင် သားသမီးတွေ မွေးဖွားပြီး ပြုစုပျိုးထောင်ပေးနေကြတဲ့ မိခင်တိုင်းကို တန်ဖိုးထားဆက်ဆံပါ၊ နိုင်ထက်စီးနင်းမလုပ်ပါနဲ့၊ ကဲ၊ ကျွန်တော့်စကားဆုံးပြီ၊ ခင်ဗျား မကျေနပ်ရင် လုပ်ချင်သလိုသာ လုပ်ပေတော့"

တီအမ်တီက ကိုဒေါသရှေ့တိုးဝင်ကာ ခေါင်းထိုးပေး လိုက်သည်။ ကိုဒေါသကား တီအမ်တီ၏ ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် ယောင်ယမ်းဆုပ်ကိုင်ရင်း တွေတွေကြီးငေးနေပါသည်။

"အမေ . . . . အမေ၊ ခင်ဗျားစကားကြောင့် အမေ့ကို သတိရလိုက်တာဗျာ၊ အမေက ကျုပ်တို့မောင်နှမကို ပင်ပင်ပန်းပန်းလုပ်ကိုင် ကျွေးမွေးခဲ့တာ၊ အဖေက တောထဲမှာ သစ်ခုတ်တယ်၊ လှေဆွဲတယ်၊ မီးသွေးဖုတ်တယ်၊ ရွာကို ပြန်လာတိုင်း ဒေါင်ချာစိုင်းအောင် မူးနေတာချည့်ပဲ၊ အမေ့ကိုလည်း သိပ်နှိပ်စက်တယ်၊ နောက်တော့ သစ်ခိုးခုတ်မှုနဲ့ အဖေထောင်ကျတယ်၊ ပြန်လွတ်လာပြီး သိပ်မကြာဘူး တောထဲမှာပဲ ငှက်ဖျားနဲ့ဆုံးတယ်၊ အမေက ကျုပ်တို့ မောင်နှမကို ကျောင်းထားပေးတယ်၊ ညီမလေးက စာကြိုးစားပေမယ့် ကျုပ်က စိတ်မဝင်စားဘူး၊ ရွာကနေမြို့တက် အလုပ်လုပ်ကြသူတွေကို အားကျတယ်၊ ကျုပ်လေးတန်းကျတဲ့နှစ်မှာ မြို့ပေါ်ကိုထွက်ပြေးလာခဲ့တယ်၊ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ အလုပ်လုပ်ရင်းနေတယ်၊ နည်းနည်းကြီးလာတော့ သစ်ခွဲစက်၊ နောက်ဆုံး အခုလုပ်နေတဲ့ ပွဲရုံမှာမြဲသွားတယ်၊ မိန်းမရတဲ့အထိ အမေနဲ့ညီမလေးဆီ တစ်ခေါက်မှ ပြန်မရောက်ခဲ့ဘူး၊ တစ်ကျပ်တစ်ပြားမှလည်း မထောက်ပံ့ခဲ့ဘူး၊ ရွာမှာပဲ အိမ်ထောင်ကျနေတဲ့ ညီမလေးကမှ အမေ့ကို အနီးကပ် ကျွေးမွေးပြုစုနိုင်ခဲ့သေးတယ်၊ ကိုင်း၊ ကျုပ်လောက် မိုက်တဲ့ကောင် ရှိသေးလားဗျာ"

"အခုသိရင် အခုပြင်လိုက်ပေါ့၊ မနှောင်းသေးပါဘူး"

"နှောင်းသွားပြီဗျ၊ နှောင်းတာမှ ခြောက်လတောင်ကျော်သွားပြီ၊ ညီမလေးက လူကြုံမှာလိုက်တယ်၊ အမေ ကျန်းမာရေးသိပ်ဆိုးနေတယ်၊ အစ်ကို အမြန်လာခဲ့ပါတဲ့၊ အဲဒါကို ခပ်ပေ့ပေ့နဲ့ သုံးလေးရက်လောက် ခြားပြီးမှ ရွာကို ကျုပ်ရောက်သွားတယ်၊ ကျုပ်ရောက်သွားတော့ အမေ အမေ အီး ဟီး ဟီး"

"ဘာဖြစ်တာလဲဗျ"

"ဘာဖြစ်ရမလဲဗျာ၊ အမေ့အသက်ကို မပြောနဲ့ အမေ့အလောင်းကိုတောင် မမီလိုက်တော့ဘူး၊ ဒါနဲ့တောင် ဟောဒီငမိုက်သားကြီးကို အမေက အမှာစကားထားခဲ့သေးတယ်၊ ညီမလေးကို မှာခဲ့တာ၊ နှင်းမြ၊ ညည်းအစ်ကိုများရောက်လာရင် လိမ်လိမ်မာမာနေဖို့ ပြောလိုက်ဦးတဲ့ ကျုပ် ကျုပ် ဘယ်လိုဖြေရတော့မှာလဲဗျာ အဟီး ဟီး ဟီး"

အခြေအနေက ပြောင်းပြန်ဖြစ်သွားပါသည်။ ကိုဒေါသသည် တီအမ်တီ၏ ပခုံးပေါ် ခေါင်းထိုးတင်ကာ ငိုနေသည်။ တီအမ်တီကလည်း ကိုဒေါသ ကျောပြင်ကို လက်ဝါးဖြင့် တဖျပ်ဖျပ်ပုတ်ပြီး နှစ်သိမ့်ပေးနေသည်။

"တော်တော့ကိုယ့်လူ၊ စာအုပ်ငှားသူတွေ ရောက်လာရင် အထိတ်တလန့်ဖြစ်ကုန်မယ်၊ အမေ့ကို တကယ်ချစ်ရင် အမေ့စကားနားထောင်ပြီး လိမ်လိမ်မာမာနေပေါ့ဗျာ"

"ခင်ဗျားပြောတာမှန်တယ်၊ ခင်ဗျားကို အရက်တိုက်ချင်တယ်၊ လာဗျာ"

"တစ်- ခင်ဗျား မိန်းမကို မိခင်တွေထဲက တစ်ယောက်အဖြစ် တန်ဖိုးထားဆက်ဆံပါ၊ ပြဿနာမရှာရဘူး၊ နှစ်-ရွာမှာရှိတဲ့ ညီမလေးမိသားစုနဲ့ အဆက်အသွယ်မပြတ်ပါစေနဲ့၊ သုံး-ကျန်းမာရေးထိခိုက်လောက်အောင် အရက်မသောက်ပါနဲ့၊ ဒီအချက်တွေ လက်ခံမှ လိုက်နိုင်မယ်"

"အားလုံး လက်ခံတယ်ဗျာ၊ လာပါ"

"နေဦး၊ ဒီအချိန်မျိုးမှာ အမြဲသောက်သလား"

"ဒီနေ့ ကျုပ် အလုပ်နားရက်ဗျ၊ ဒါကြောင့် သောက်တာ"

"အိုကေ၊ ဒါဆိုသောက်ရမှာပေါ့၊ လာ၊ သွားကြမယ်"

နှစ်ယောက်သား တစ်ယောက်ပခုံးကို တစ်ယောက်ဖက်ကာ ဆိုင်ထဲမှ ထွက်ခွာသွားကြသည်။ တီအမ်တီသည် ကျွန်တော့်ကို တစ်ချက်ကလေးမျှ လှည့်ကြည့်ပြီး နှုတ်ဆက်ဖော်မရတော့သည့်အပြင် တုံးလုံးပက်လက်ဖြစ်နေရှာသော သူ့စက်ဘီးကလေးကိုပင် မဆိုင်သလို ကျော်ခွသွားလိုက်ပါသေးသည်။

**ဖူးသစ်မော်**

Asian Fame Media Group

(၁)

ကောင်မလေးတို့စုံတွဲကို ကျွန်တော် စမြင်ဖူးတာ အပြစ်ကင်းတဲ့ ချစ်စရာမျက်နှာပေါက်ကလေးတွေနဲ့ပါ။ ရုပ်ရှင်မင်းသမီး မေသက်ခိုင်နဲ့ဆင်တင်တင်ရုပ်ခံ၊ အချိုးအစားပေါ်မှာ ခေတ်မီဝတ်စား၊ ပြင်ဆင်၊ ခြယ်သမှုမျိုးတွေ လုပ်ထားလေ့ရှိတဲ့ ကောင်မလေးဟာ ခုခေတ်မိန်းမသားအများစု သဘောကျလေ့ရှိတဲ့ ကိုရီးယားမင်းသားပုံစံ ခပ်ချောချော ကောင်လေးတစ်ယောက်နဲ့ တွတ်ထိုးစကားပြောရင်း ကျွန်တော့်ဆေးဆိုင်ရှေ့ကနေ ဖြတ်လျှောက်၊ ကျူရှင်သွားလေ့ရှိတာမို့ ကောင်မလေးတို့စုံတွဲကိုမြင်တိုင်း ဘာရယ်မဟုတ်ကြည်နူးလေ့ရှိတာ ကျွန်တော်ရယ်ပါ။

'ဒန်ကျွဲပင် ပုခက်ဆင်' နေကြတဲ့ ခေတ်ကာလကြီးထဲမှာ ကိုးတန်း၊ ဆယ်တန်းလောက်နဲ့ ရည်းစားတွေထားကြပြီး အရွယ်ရောက်ပြီးသားလူကြီးတွေအချိုးမျိုးနဲ့ နှစ်ယောက်တစ်ကမ္ဘာထင်မှတ်ရင်း မြင်သူတကာမျက်စိနောက်အောင် လုပ်တတ်လေ့ရှိတဲ့ ကောင်မလေးတို့စုံတွဲဟာ ကျွန်တော် နေထိုင်ရာ ရပ်ကွက်ထဲကတော့ ဟုတ်ဟန်မတူပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဆိုင်ရှေ့က ကတ္တရာလမ်းမကြီးအတိုင်း လက်တွဲလျှောက်တဲ့အခါ လျှောက်၊ ကောင်လေးက ကောင်မလေးပခုံးကို ဖက်ပြီးသွားတဲ့အခါ သွား၊ တစ်ခါတလေ ကောင်မလေးဘက်က စိတ်ကောက်ရန်တွေ့ရင်း နှစ်ဦးသားဟို ဆွဲဒီယမ်းနဲ့ အငြင်းပွားလိုပွားရင်း ပတ်ဝန်းကျင်ကို မေ့ပြီး မိုးမမြင်လေမမြင်

ဝတ္ထုတိုရသ



Asian Fame Media Group




Asian Fame Media Group

ဖြစ်လေ့ရှိတဲ့ ကောင်မလေးတို့ စုံတွဲဟာ ကျွန်တော်တို့ရပ်ကွက်ထဲက လူတွေကို ဂရုမစိုက်အားနေတာ သေချာနေတာကိုး။ သေချာဆိုကျယ်ပြောလွန်းလှတဲ့ ရွှေပြည်သာမြို့နယ်ထဲမှာ ရပ်ကွက်ပေါင်းစုံရှိတာကြောင့် အမှတ် ၆ ရပ်ကွက်ကြီးထဲက ၆/၁၂ ရပ် ကွက်ငယ်ကလေးထဲမှာ နေထိုင်တဲ့ ကျွန်တော်တောင် ကောင်မလေးတို့ စုံတွဲနေထိုင်ရာရပ်ကွက်တွေကို သိမနေနိုင်တာ မဆန်းလှပါဘူး။

ဘာပဲဖြစ်ဖြစ် အိမ်သူသက်ထားဇနီးမယားမရှိတဲ့၊ ဆွေမဲ့မျိုးမဲ့တစ်ကိုယ်တည်း လူပျိုကြီးကျွန်တော်ကတော့ ကောင်မလေးတို့စုံတွဲကို မြင်ရတဲ့အခါတိုင်း ကလေးကလားစိတ်နဲ့ ရင်ထဲမှာ ကျလိကျလိဖြစ်ရတာ သေချာပါတယ်။ သေချာဆိုကျွန်တော့်အသက်က ဒီနှစ်မှ ၄၀ ပြည့်တာကိုး။

(၂)

ဆေးဆိုင်ရှေ့ ပိတောက်ပင်အောက်မှာရပ်ရင်း အပြန်အလှန်ငြင်းခုံနေပုံရတဲ့ ကောင်မလေးတို့စုံတွဲကို မြင်လိုက်ရတဲ့ ကျွန်တော်ဟာ ဈေးရောင်းနေရင်းကပဲ ပြုံးဖြစ်သွားပါတယ်။ အချိန်ကတော့ ညခုနစ်နာရီသာသာပါ။ ဆိုင်ထဲမှာလည်း ဈေးဝယ်သူတွေရှိနေတဲ့အတွက် ကောင်မလေးတို့စုံတွဲကို ခဏလောက်ပဲကြည့်ဖြစ်ရင်း ကိုယ့်အလုပ်ကိုယ် ဆက်လုပ်ဖြစ်ပါတယ်။ ခဏအကြာမှာတော့ ကောင်မလေးတို့စုံတွဲဟာ ကျွန်တော့်ဆိုင်ထဲရောက်လာကြပြီး . . . .

"ဘာဆေးသောက်မှာလဲပြော"

"အိုး . . . သခင်ကြိုက်တာဝယ်ပေါ့"

ကောင်လေးရဲ့အမေးစကားကို ရှက်စနိုးပုံစံနဲ့ ပြန်ဖြေလိုက်တဲ့ ကောင်မလေးရဲ့မျက်နှာပေါက်ကို သေချာအကဲခတ်မိတဲ့အခါမှာတော့ ကျွန်တော် ထင်ထားတာထက်တောင် ပိုငယ်၊ ပိုချော၊ ပိုအပြစ်ကင်းသလို ဖြစ်နေပါတယ်။

"ချောင်းဆိုးနေတာဆို။ ဆောလ်မျူး၊ ဖလီးမစ်၊ ကိုနီဒင်း တစ်ခုခုတော့ သောက်ရမှာပေါ့"

"သခင်ကြိုက်တာ ဝယ်ပါဆို"

"မဟုတ်ဘူးလေ၊ တြာ သောက်ဖူးတဲ့ဆေးပဲ သောက်ရမှာပေါ့"

"ကိုနီဒင်း"

"ကိုနီဒင်းတစ်ကတ်ပေးပါဦး"

ကိုနီဒင်းရောင်းပေးလိုက်တဲ့ ကျွန်တော်ကတော့ ကောင်လေးနှုတ်ကထွက်ပေါ်လာတဲ့ 'တြာ' ဆိုတဲ့ နာမ်စားဟာ ကောင်မလေးရဲ့အဖျားဆွတ်နာမည်မှန်း သဘောပေါက်ရသလို ကောင်မလေးနှုတ်က ထွက်ပေါ်လာတဲ့ 'သခင်' ဆိုတဲ့ နာမ်စားဟာလည်း ကောင်လေးရဲ့ အဖျားဆွတ်နာမည်မှန်း အလိုလိုသိရပါတယ်။ ဒီလိုနဲ့ပဲ မျက်မှန်းတန်းမိသွားတဲ့ ကာလတစ်ခုမှာတော့ ကျူရှင်မတက်ဘဲ မြို့ဦးစေတီမှာ ချိန်းတွေ့လေ့ရှိကြတဲ့ ကောင်မလေးတို့စုံတွဲဟာ ကျွန်တော့်ဆိုင်မှာ အိမ်သုံးဆေးတစ်မျိုးစ နှစ်မျိုးစဝင်ဝယ်တတ်ရာကအစ ကျွန်တော်နဲ့ ခင်မင်ရင်းနှီးသွားခဲ့ကြပြီး ကောင်မလေးနာမည် ဆုလာဘ်တြာ၊ အသက်ဆယ့်ခြောက်နှစ်ဆိုတာနဲ့ ကောင်လေးနာမည် မင်းမျိုးသခင် အသက်ဆယ့်ခုနစ်နှစ်ဆိုတာပါ သိခဲ့ရပါတယ်။

ကျွန်တော့်ဆိုင်တည်ရှိရာ ၆ ရပ်ကွက်နဲ့ ကားမှတ်တိုင်လေးမှတ်တိုင်စာလောက်ဝေးတဲ့ ၈ ရပ်ကွက်ထဲမှာနေကြတဲ့ ကောင်မလေးတို့စုံတွဲထဲမှာ ကောင်လေးကဆယ်တန်းတစ်နှစ်ကျထားဖူးပြီး ဒီနှစ်မှ ဆယ်တန်းတက်တဲ့ ကောင်မလေးနဲ့ ကျူရှင်မှာဆုံကြရာကအစ ချစ်သူဘဝရောက်သွားခဲ့တာပါတဲ့။ အသင့်အတင့်အဆင်ပြေတဲ့ မိသားစုအသိုင်းအဝိုင်းက ပေါက်ဖွားလာတဲ့ ကလေးနှစ်ယောက် ဖြစ်နေခဲ့တာတွေ၊ ပြည်တွင်းကုမ္ပဏီတွေမှာ အရေးပါအရာရောက်တဲ့ ဝန်ထမ်းမိဘမျိုးရိုးတွေဆိုတာတွေ၊ ကောင်မလေးတို့နှစ်ယောက်ရဲ့ ကျောင်းချိန်၊ ကျူရှင်ချိန် ဘာညာတွေကို လေ့လာစုံစမ်းလိုက်ကြည့်တတ်တဲ့အထိ အချိန်အားမရှိကြတဲ့ မိဘဆိုတာတွေကိုပါ အချိန်ကြာလာတာနဲ့အမျှ တဖြည်းဖြည်း သိလာရတာပါပဲ။ ဘာပဲပြောပြော အိမ်ထောင်မရှိ၊ သားသမီးမရှိပေမယ့် ကျွန်တော်မွေးလိုက်ရင် ကျွန်တော့်သားသမီးအရွယ်သာ ဖြစ်နိုင်တဲ့ ကောင်မလေးတို့နှစ်ယောက်ကိုတော့ အဆင်သင့်တဲ့အခါတိုင်း ကျွန်တော့်ဘက်ကလျှာရှည်ပြီး ဆုံးမစကား ပြောလေ့ရှိပါတယ်။

"ကျူရှင်မှာ နေ့တိုင်းမြင်တွေ့နေကြရတာပဲကွာ။ တစ်ပတ်တစ်ခါလောက်ပဲ မြို့ဦးစေတီမှာ ချိန်းတွေ့၊ စကားပြောရရင် တော်ရောပေါ့။ ကျူရှင်ချိန်ဖျက်ပြီး နေ့စဉ်တွေ့နေကြတဲ့ကိစ္စကိုတော့ ဦးဘက်က အားမပေးချင်ဘူး။ အချိန်လည်း ကုန်၊ အကျိုးလည်း မရှိ၊ အခန့်မသင့်ရင် ဆယ်တန်းအောင်ဖို့တောင် ဝေးသွားနိုင်တယ်ကွ။ ပညာရှာတဲ့အရွယ်မှာ အချိန်ကို အကျိုးရှိရှိအသုံးချကြတာ အကောင်းဆုံးပဲ။ မင်းတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဘယ်လောက်အထိ ချစ်ကြတယ်ဆိုတာ ဦး ရိပ်မိပါတယ်။ ချစ်တာလည်း ချစ်ပါ။ မချစ်နဲ့လို့ ဦး မပြောပါဘူး။ ဆယ်တန်းအောင် တက္ကသိုလ်ရောက်၊ ဘွဲ့ရ၊ အလုပ်အကိုင်တွေရတဲ့အထိ တစ်ဦးကိုတစ်ဦး သစ္စာရှိရှိနဲ့ သန့်သန့်ရှင်းရှင်းချစ်ကြဖို့ပဲ အရေးကြီးတယ်။ ဦး တစ်ခုမေးကြည့်မယ်နော်။ မင်းတို့နှစ်ယောက် ရည်းစားဖြစ်ကြတာဟာ အပျော်တွဲတာလား၊ တစ်သက်စာအတွက် ရည်ရွယ်တာလား"

"ကျွန်တော့်ဘက်ကတော့ လုံးဝ သေချာတယ်။ ကျွန်တော့်ရဲ့ ပထမဦးဆုံးချစ်သူဟာ တြာဖြစ်သလို ကျွန်တော်လက်ထပ်မယ့် မိန်းကလေးဟာလည်း တြာပဲဖြစ်ရမယ်လို့ ဆုံးဖြတ်ထားတယ် ဦး"

"ကောင်းတာပေါ့ကွ။ ဒါပေမဲ့ ခုအသက်အရွယ်မှာတော့ ရိုးရိုးသားသား၊ သန့်သန့်ရှင်းရှင်းနဲ့ပဲ ခပ်ဝေးဝေးချစ်ကြပါဦးကွာ။ အချိန်တန် အရွယ်ရောက်၊ ပညာစုံ၊ အလုပ်အကိုင်ရပြီဆိုရင်တော့ မင်းဖြစ်ချင်တဲ့ ကိစ္စတွေအတွက် ရေကန်အသင့် ကြာအသင့် ဖြစ်ပြီလို့သာ မှတ်ပေါ့။ အဲဒီအချိန်ရောက်မှ ကြိုက်သလောက် ကဲ၊ ဟုတ်ပြီလား။ ခုတော့ ပညာကို အဓိကထားပြီး သင်ယူပါဦး"

"ဦးပြောတဲ့စကားတွေ ကျွန်တော် သဘောပေါက်ပါတယ်။ ဒီနှစ် ဆယ်တန်းအောင်ဖို့ ကျွန်တော်ကြိုးစားမှာပါ ဦး"

ကောင်လေးရဲ့စကားကို သဘောကျသွားရတဲ့ ကျွန်တော်ဟာ ကောင်မလေးဘက် လှည့်ကြည့်လိုက်ရင်းကပဲ

"ကဲ ဒါဆို သမီးကရော"

"သမီးလည်း သခင့်လိုပဲပေါ့ ဦးရယ်။ ဒါပေမဲ့ သခင်က ရုပ်ဖြောင့်တော့ လောလောဆယ် သမီးဘက်က သခင့်ကို စိတ်မချဖြစ်နေရတာပါ ဦးရယ်။ ပြီးတော့ ကျူရှင်မှာလည်း ပြဿနာနည်းနည်း ရှိတယ်။ သမီးနဲ့ သခင် ရည်းစားဖြစ်နေတာကို သိသိကြီးနဲ့ သခင်နဲ့ရည်းစားဖြစ်ချင်နေတဲ့ မိန်းကလေးတွေ အများကြီးပဲလေ။ အဲဒီမိန်းမတွေကို အမြင်ကတ်တာနဲ့ပဲ သမီးဆုံးဖြတ်ချက်အတိုင်း သခင်နဲ့သမီး ကျူရှင်လစ်ကြတာ ဦးရဲ့။ နောက်လဆိုရင်တော့ သမီးတို့နှစ်ယောက် ကျူရှင်ပြောင်းဖို့ စဉ်းစားထားတယ်။ အဲဒီအချိန်ရောက်မှ ဦးစကား နားထောင်တော့မယ်။ ခုတော့ ဟင်း . . . . ဟင်း. . . ဟင်း"

ဘယ်လိုပဲဖြစ်ဖြစ် မီးကုန်ယမ်းကုန် ချိန်းတွေ့ကြတာမျိုးမဟုတ်ဘဲ ကျူရှင်ချိန် နှစ်နာရီလောက်မှာ ဘုရားရင်ပြင်တော် တစ်နေရာ ယှဉ်တွဲထိုင်၊ တီးတိုးစကားဆိုကြလေ့ရှိတဲ့ ကောင်မလေးတို့စုံတွဲရဲ့ သစ္စာရှိ၊ စောင့်စည်းကြပုံတချို့ကို အားအားယားယားပုံစံနဲ့ တစ်ခါနှစ်ခါ သွားချောင်းကြည့်ဖူးလို့ မြင်ခဲ့ရသူက ဘာမဆိုင်ညာမဆိုင် ကျွန်တော်ရယ်ပါ။ ဒီလိုနဲ့ပဲ အနေအထိုင်မတတ်တဲ့ ကျွန်တော်ဟာ ကောင်မလေးတို့နှစ်ယောက်ရဲ့ 'အချစ်မြားနတ်မောင်၊ အုပ်ထိန်းသူကြီး' ဘဝရောက်မှန်းမသိ ရောက်ခဲ့ရပါတော့တယ်။

(၃)

"ဦး . . . သခင်လာရင် ပြောပေးပါနော်။ ဒီနေ့ သမီး ကျူရှင်မတက်ဖြစ်ဘူးလို့။ သမီးရဲ့မိဘတွေနဲ့ ဒင်နာတစ်ခုသွားစရာရှိလို့ပါ။ မနက်ဖြန်ညနေမှ ဆုံကြပြီး ကျူရှင်အသစ် ပြောင်းအပ်ကြမယ်လို့ပါ ပြောပေးနော် ဦး။ ပြီးတော့ သမီးတို့နှစ်ယောက် ရည်းစားဖြစ်နေကြပြီဆိုတာ သမီးမိဘတွေ သိသွားကြတဲ့



Asian Fame Media Group
MEDIA GROUP

အကြောင်း ပြောပေးဦး”

အရင်နေ့တွေကထက်ပိုပြီး လှပကြော့ရှင်းစွာ ဝတ်စားထားတဲ့ ကောင်မလေးရဲ့ အလောတကြီးပုံဟန်နဲ့ စကားသံကြောင့် မျက်မှောင်တစ်ချက်ကြုတ်လိုက်မိတဲ့ ကျွန်တော်ဟာ

“သမီးရဲ့သခင်က ဦးဆိုင်ကို လာမှာတဲ့လား”

“လာမှာ လာမှာ။ ကျူရှင်ရှေ့မှာ သမီးကိုမတွေ့ရင် ဦးဆိုင်ကို သွားမေးလို့မှာထားဖူးတယ် ဦးရဲ့။ သခင်လာမှာပါ။ သမီး မှာတာတွေသာ မမေ့နဲ့နော်။ သမီးသွားပြီ”

“စိတ်ချပါ သမီးရယ်”

မိန်းမစီး စက်ဘီးလှလှကလေးကိုအသော့နင်းသွားတဲ့ ကောင်မလေးရဲ့ ကျောပြင်ကိုကြည့်ရင်း ကျွန်တော်လည်း သက်ပြင်းရှည်တစ်ချက် ချလိုက်ရပါတယ်။ “စိတ်ချပါ သမီးရယ်” ဆိုပြီး ကတိပေးလိုက်ပေမယ့် ညရှစ်နာရီထိုးပြီးလို့ ကျူရှင်လွှတ်သွားတဲ့အထိ ကောင်မလေးရဲ့ သခင်ပေါ်မလာခဲ့ပါဘူး။ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်ထွေးနေလေ့ရှိတဲ့ ကျွန်တော်ကတော့ ဈေးဝယ်သူတွေကြောင့် ကောင်မလေးတို့ကိစ္စ မေ့သွားခဲ့ပြီး ညဆယ်နာရီဆိုင်မပိတ်ခင်အချိန်အထိ ဈေးရောင်းလိုက်၊ စာရင်းတွက်လိုက်၊ စာအုပ်ဖတ်လိုက်နဲ့ပဲ ရှိနေခဲ့ပါတယ်။ ဒါပေမဲ့ ညကိုးနာရီ ကျော်ကျော်လောက်မှာတော့ အရက်နံ့တွေထောင်းထောင်းထနေတဲ့ အသက်နှစ်ဆယ်အရွယ် ရုပ်ခပ်ဖြောင့်ဖြောင့်နဲ့ လူငယ်တစ်ယောက် ကျွန်တော့်ဆိုင်ရောက်လာခဲ့ပါတယ်။

“အကူအညီ တောင်းစရာရှိလို့ ဦး”

“ဟို အဟဲ။ ကျွန်တော့်ကောင်မလေးနဲ့ တည်းခိုခန်းသွားမိလို့။ အဲဒါ ကောင်မလေးကို . . . အဟင်း”

မူးနေတာတောင် ရှက်ရွံ့သလိုလိုဖြစ်နေတဲ့ အဲဒီလူငယ် ဘာကိုဆိုလိုချင်သလဲဆိုတာ ဒါမျိုးကိစ္စတွေ မကြာမကြာ ကြားသိ၊ ကူညီခဲ့ဖူးတဲ့ ကျွန်တော် သဘောပေါက်ပါတယ်။ ဒီလိုနဲ့ပဲ ဖြစ်စဉ်မှန်သမျှကို သေချာမေးမြန်းစုံစမ်း၊ ရောင်းသင့်တယ်လို့ ထင်တဲ့ ဆေးကတ်တစ်မျိုးကို ရောင်းချပေးလိုက်ရင်းကပဲ ဆုံးမသင့်ဆုံးမထိုက်တဲ့ စကားတွေနဲ့ပဲ ဆောင်ရန်၊ ရှောင်ရန်တွေကိုပါ ပြောပြရပါတယ်။ ဒီလိုပါပဲလေ။ တိုးတက်ခေတ်မီစပြုလာတဲ့ လူနေမှုစနစ်ကြီးထဲက ခေတ်လူငယ်အများစုဟာ မဟုတ်တရုတ်ကိစ္စတွေနဲ့ ပတ်သက်လာရင် ရှေးကလူတွေထက် ပိုသိ၊ ပိုတတ်၊ ပိုကျူးလွန်တတ်ကြလေတော့ မမှားသင့်၊ မမှားထိုက်အောင်၊ မဖြစ်သင့်တာတွေ မဖြစ်လာအောင် ဆေးရောင်းသူပီပီ လမ်းညွှန်ရတာပါပဲ။ ဒီကြားထဲ အကာအကွယ်မဲ့ အပျော်အပါးလိုက်စားမိလို့ ဒုက္ခရောက်လာတဲ့ လူငယ်တွေ။ ဖြစ်ချင်သလိုဖြစ်ခဲ့ပြီးမှ ဘူးပေါ်သလို ပေါ်လာမှာကြောက်လို့ ဆရာဝန်နဲ့ မတိုင်ပင်ဘဲ ဆေးလာဝယ်တဲ့သူတွေ။ ဆရာဝန်ညွှန်ကြားချက်မခံယူဘဲ ကြားဖူးနားဝစကားတွေနဲ့ ကိုယ့်သဘောနဲ့ကိုယ် လိုချင်တဲ့ ဆေးလာဝယ်သူတွေ အများကြီးမို့ သင့်တော်တဲ့ လူလောက်ပဲ ဆေးရောင်းပေးလေ့ရှိတဲ့ ကျွန်တော့်ကို တချို့လူငယ်တွေက သဘောကျလေ့ မရှိပါဘူး။ ပိုဆိုးတာက ဆေးခန်းပြ၊ ဆရာဝန်နဲ့တွေ့မှ ဖြစ်မယ့်ကိစ္စတွေကို ဆရာတင်ပြီး အကူအညီ လာတောင်းကြတာပါပဲ။ အဲဒါမျိုးဆိုရင်တော့ အမုန်းခံပြီး ဆရာဝန်ပြဖို့ ကျွန်တော် ညွှန်ကြားပေးလေ့ရှိပါတယ်။ မဖုံးနိုင်မဖိနိုင် ကိစ္စမျိုးဆိုရင်တော့ ခပ်ပြုံးပြုံးပုံစံနဲ့ပဲ လက်ထပ်ယူလိုက်ဖို့ ကျွန်တော် တိုက်တွန်းပေးလေ့ရှိပါတယ်။ ကျွန်တော်တို့ ငယ်စဉ်က ဒါမျိုးကိစ္စဆိုတာ မင်္ဂလာဦးညမှ ရင်ခုန်ရတာမျိုးဆိုတော့ လိုက်မမီနိုင်တဲ့ ‘ခေတ်လူနေမှုစရိုက်’ တွေကို ပဲဩချရပါတယ်။

ဘာပဲဖြစ်ဖြစ် တိုးတက်မှုနောက်က ကပ်ပါလာတဲ့ အလိုဆန္ဒနောက်ကို ကောက်ကောက်ပါအောင်လိုက်ကြလေ့ရှိတဲ့ လူငယ်တချို့ဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ ဘူးသီးနုနု အမွေးသပ်ခံလိုက်ရသလို ဖြစ်သွားကြပြီး ဘဝတိုးတက်မှု မှန်သမျှ လမ်းစပျောက်၊ အရက်သမား၊ ဆေးသမားဖြစ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျ၊ ကလေးတွေရ၊ လမ်းဘေးရောက်ကုန်တာမျိုးတွေ ရှေ့ပြည်သာမှာ မမြင်ချင်မှ အဆုံးပါ။ ဘာပဲပြောပြော မူးနေတဲ့ လူငယ်ကို တားဆေးကတ်ရောင်းပေးပြီး အတွေးပွားနေဆဲ ကျွန်တော်ဟာ ဘာရယ်မဟုတ် ကောင်မလေး တို့စုံတွဲကို သတိရလိုက်ရင်းကပဲ ရင်တွင်း စကားသံတွေနဲ့ ပြည့်လျှံ လာခဲ့ပြန်ပါတယ်။

“ကောင်မလေးတို့ စုံတွဲရေ။ ငယ်ရွယ်နုနယ်စဉ်မှာ ရိုးသားစွာပဲ ချစ်ကြပါ။ ရိုးသားစွာနဲ့ပဲ ပညာရှာကြပါ။ အတုမြင် အတတ်သင်ဆိုသလို မင်းတို့နှစ်ယောက်နဲ့ ပတ်သက်ဆက်နွှယ်နေကြမယ့် မိတ်ဆွေ၊ သူငယ်ချင်း၊ အသိုင်းအဝိုင်းထဲမှာ မူးနေတဲ့ လူငယ်လို သူငယ်ချင်းမျိုးတွေ မပါပါစေနဲ့လို့ပဲ ဦးဘက်က ဆုတောင်းပေးနေပါတယ်။ မင်းတို့နှစ်ယောက်ရဲ့ မိဘတွေနဲ့ ဆုံဖြစ်ရင်လည်း ‘သားသမီးတွေကို အချိန်ပြည့် ဂရုမစိုက်နိုင်တာတောင် အကန့်အသတ်၊ အထိန်းအကွပ်ကလေးတွေနဲ့ ထိန်းချုပ်၊ ပဲ့ပြင်၊ ဆုံးမ၊ လမ်းပြကြပါဦး’ လို့ ဦးပြောချင်ပါတယ် ကောင်မလေးတို့စုံတွဲရေ”

**ဒါ . . . ဒါ . . . အရင်က ကျွန်တော့်ဆီလာနေကျ ကောင်မလေးတို့စုံတွဲပဲ။ ဘုရား၊ ဘုရား ဟိုလူငယ်က ဟိုကိစ္စတွေ နောကျေနေပြီးသား။ ကောင်မလေးတို့စုံတွဲက ခုမှ ဆယ်တန်း။ ပြီးတော့ ကလေးတွေ။ ဟိုဘော်ဒီဂတ်လုပ်နေတဲ့ အမျိုးသမီးက ဘယ်ရောက်သွားသလဲ။ လိုက်မကြည့်တော့ဘူးလား။ ကောင်မလေးကို လုံးဝယုံကြည်သွားပြီလား။ ကောင်မလေး မိဘတွေကရော . . .**

(၄)

ကျွန်တော့်ဆုတောင်း ပြည့်တယ်လို့ပဲ ပြောရမလား။ မပြည့်ဘူးလို့ပဲ ဆိုရမလား မသိပါဘူး။ ကျူရှင်ပြောင်းကြပြီး တစ်ပတ်လောက်ကြာသွားတဲ့ တစ်ရက်မှာတော့ ကောင်လေးတစ်ယောက်တည်းသာ ကျွန်တော့်ဆိုင်ဘက် ရောက်လာခဲ့ပါတယ်။ ရောက်ဆို ကောင်မလေးရဲ့ မိဘတွေက ကောင်မလေးနဲ့ကောင်လေးရည်းစားဖြစ်နေတာကို သိသွားခဲ့ပြီး ကောင်မလေးရဲ့ဆွေမျိုး နီးစပ်အမျိုးသမီးတစ်ယောက်ရဲ့ လက်ထဲ သေချာအပ်ရင်း အချိန်ပြည့် စောင့်ကြည့်၊ ထိန်းချုပ်လိုက်လို့ပါပဲ။ ဒီလိုဖြစ်သွားခြင်းဟာ သင့်တော်တယ်လို့ ကျွန်တော့်ရဲ့အသိစိတ်က လက်ခံ၊ သဘောကျပေမယ့် အသည်းကွဲစပြုလာတဲ့ ကောင်လေးရဲ့ စိတ်လေမှု၊ လွမ်းဆွေးကြေကွဲမှုတွေကို မြင်ရတဲ့ အခါမှာတော့ စိတ်မကောင်းဖြစ်ရပြန်ပါတယ်။

“လူစောင့်တစ်ယောက်နဲ့ ထိန်းချုပ်လိုက်တယ်ဆိုတာ ယောကျ်ားပေးစားတာမှမဟုတ်တာကွာ၊ ဘာမှ စိတ်ဆင်းရဲစရာမလိုဘူး။ မင်းဘက်က ဘယ်လောက်အထိ ချစ်ကြောင်း၊ လွမ်းကြောင်း၊ သစ္စာရှိကြောင်း စာနဲ့ပဲဖြစ်ဖြစ် အင်တာနက်မှာ ချက်တင်ထိုင်လို့ပဲဖြစ်ဖြစ် ပြောဆို၊ ရင်ဖွင့်လို့ ရသေးတာပဲ။ ဦး အမြင်ပြောရရင်တော့ ခုလိုဖြစ်သွားတာ စာကျက်ချိန်တောင် ပိုရသွားတယ်ထင်တာပဲ။ တက္ကသိုလ်ရောက်အောင်သာ ကြိုးစားကွာ။ အဲဒီနေရာရောက်ရင်တော့ ခုလိုမျိုး လိုက်စောင့်နေမယ်လို့ ဦး မထင်ဘူး။ အဲဒီတော့မှ ပြန်ဆုံကြပေါ့”

"ဒါတော့ ဒါပေါ့ဦးရယ်။ တစ်ပတ်တစ်ခါ ဆုံခွင့်လေးတောင် မရတော့ဘူး။ အင်တာနက်နဲ့ဆုံဖို့ဆိုတာကလည်း ပိုဝေးပါတယ်။ တြာမိဘတွေက သုံးခွင့်မပြုတော့ဘူးလို့ကြားတာပဲ။ တြာ့ဘေးက လိုက်နေတဲ့ အဲဒီအန်တီကြီးက ကျွန်တော့်ကို ကောင်းကောင်းကြီး မြင်ဖူးထားတော့ လုံးဝအလစ်ပေးတာ မဟုတ်ဘူး။ ကျူရှင်ထဲမှာလည်း ယောကျ်ားလေး၊ မိန်းကလေး သတ်သတ်စီခွဲထိုင်ရတာဆိုတော့ စာပေးဖို့ဆိုတာလည်း ပိုဝေးတာပေါ့။ ဒီဝိုင်းက ကျူရှင်ဆရာတွေကလည်း တြာတို့မိဘတွေ သေချာမှာထားလို့ ကျွန်တော်တို့နှစ်ယောက် ဘာလုပ်တယ်ဆိုတာ အချိန်ပြည့် အကဲခတ်နေကြတာဗျ။ အဲဒါ ဦးက တစ်ဆင့်ပဲ စာပေးပေးဖို့"

ကောင်လေးရဲ့ အကူအညီတောင်းမှုကြောင့် စိတ်ရှုပ်သွားရတဲ့ ကျွန်တော်ဟာ ကောင်လေးဖြစ်နေပုံကိုကြည့်ပြီး စာနာမိတာလည်း သေချာပါတယ်။ ဒီလိုအချိန်မှာ "အစိမ်းဖြတ် ဖြတ်ခိုင်းလိုက်ရင် ကောင်းမလား" လို့လည်း စိတ်ကူးမိပါသေးတယ်။ ဒါပေမဲ့ "တစ်ဦးကိုတစ်ဦး နှစ်နှစ်ကာကာချစ်ကြတဲ့ ကောင်လေးတို့နှစ်ယောက်ရဲ့ ပညာသင်ချိန်ကာလတွေမှာ စာကလေးတစ်စောင်ဟာ ဘာမှမဖြစ်လောက်ပါဘူးလေ" ဆိုပြီးတော့ပဲ ကောင်လေးရဲ့စာကို ကျွန်တော် ယူထားလိုက်ပါတယ်။ သေချာတာတစ်ခုကတော့ အဲဒီစာကို တကူးတကပုံစံမျိုးနဲ့ ကောင်မလေးလက်ထဲရောက်အောင် ကျွန်တော်သွားပို့မှာမဟုတ်ဘဲ ကျွန်တော့်ဆိုင်ကို ကောင်မလေး ရောက်လာမှသာ စာပေးပေးတော့မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒီလိုနဲ့ပဲ နောက်ထပ်တစ်ရက်၊ နှစ်ရက်လောက်ကြာသွားပြီးတဲ့ တစ်ညနေမှာတော့ ဘော်ဒီဂတ်အမျိုးသမီးနဲ့ ကျွန်တော့်ဆိုင်ရောက်လာတဲ့ ကောင်မလေးဟာ တစ်စုံတစ်ခုကို ကျွန်တော့်ဆီက ရနိုင်တယ်ဆိုတဲ့ မျက်နှာပေါက်မျိုးနဲ့ပဲ . . .

"ဦးရေ သမီးကို ကိုနီဒင်းနှစ်ကတ်လောက်ရောင်းပေးပါ"

"ရမယ် သမီး"

ကိုနီဒင်းကတ်ထဲမှာ သေးအောင်ခေါက်ထားတဲ့ စာရွက်ကလေးကို သေချာညှပ်ပေးလိုက်ရင်းကပဲ စာပေးစာယူကိစ္စ အဆင်ပြေသွားတဲ့အဖြစ်ကို ဘော်ဒီဂတ်အမျိုးသမီးမသိတဲ့အတွက် ကျွန်တော်တောင် ပျော်သလိုလို ဖြစ်သွားရပါတယ်။ ဘာပဲဖြစ်ဖြစ် ကောင်မလေးတို့နှစ်ယောက်ကြားမှာ နှစ်ကြိမ်တိတိ စာပေးစာယူ လုပ်ပေးပြီးနောက်မှာတော့ ကျွန်တော့်ဆိုင်ဘက် ခြေဦးမလှည့်ကြပြန်ပါဘူး။ ငြိမ်သွားကြပြန်ပြီ ထင်ပါရဲ့။ ဘာပဲပြောပြော စာသင်ချိန်အရွယ်မှာ ကိုယ့်အသိစိတ်ဓာတ်နဲ့ ကိုယ့်ရည်းစားသနံကိစ္စတွေကို ဦးစားမပေးကြတာ ကောင်းတယ်ဆိုပြီး ကိုယ့်စိတ်ကူးနဲ့ကိုယ် ကျေနပ်မိပြန်တဲ့ ကျွန်တော်ကတော့ အချိန်ကြာလာတာနဲ့အမျှ ကောင်မလေးတို့စုံတွဲကို မေ့တေ့တေ့ဖြစ်သွားခဲ့တာ သေချာပါတယ်။ ဒီလိုနဲ့ပဲ တစ်လလောက်ကြာသွားပြီးတဲ့ တစ်ရက်မှာတော့ . . . . . .

"ဦး၊ ကျွန်တော့်ကို မှတ်မိသေးရဲ့လား။ ဟိုတစ်ခါ ဆေးလာဝယ်တုန်းက ဦးကိုယ်တိုင် ဆုံးမလိုက်တာလေ"

ရုပ်ခပ်ဖြောင့်ဖြောင့်နဲ့ အသက်နှစ်ဆယ်အရွယ် လူငယ်ရဲ့မျက်နှာကို သေချာစိုက်ကြည့်ရင်း ဦးနှောက်ကို အလုပ်ပေးလိုက်တဲ့အခါမှာတော့ မချိုမချဉ်မျက်နှာနဲ့ ရယ်ပြနေတဲ့ အဲဒီလူငယ်ကို လုံးဝမှတ်မိသွားခဲ့ပါတယ်။ အချိန်ကတော့ ညခုနစ်နာရီ ထိုးနေခဲ့ပါပြီ။

"သြော် ဟို ညီလေးပဲ။ ကဲ ပြော"

"ဦး၊ ဟိုတစ်ခါလို နှစ်လုံးတွဲဆေးမျိုးပဲ တစ်ကတ်လောက်ရောင်းပါဦး"

ခေတ်လူငယ်တွေရဲ့ ရောဂါမကြောက် ဘာမကြောက်၊ ငရဲမကြောက် ငအုံမကြောက် လုပ်ရပ်တွေကို တတ်နိုင်သမျှ သွန်သင်ဆုံးမပြချင်ပေမယ့် ခွေးမြီးကောက်ကျည်တောက်စွပ်နေကြတဲ့ ကာလကြီးထဲမှာ လုပ်ချင်တာလုပ်ဆိုပြီး လွှတ်လပ်ခွင့်ပေးထားတဲ့ မိဘ၊ အုပ်ထိန်းသူတွေကိုပဲ ကျွန်တော် စိတ်ခုမိပါတယ်။ ဘာပဲဖြစ်ဖြစ် အကျင့်တန်တဲ့ လုပ်ရပ်တစ်ခုကို အားပေးအားမြှောက်ပြုရာ ရောက်မှာကြောက်လို့ မရောင်းချင်ရောင်းချင်ပုံစံနဲ့ ရောင်းသင့်တယ်လို့ထင်တဲ့ တားဆေးတစ်မျိုးကို ရောင်းပေးလိုက်ရတဲ့ ကျွန်တော်ဟာ ဆိုင်ထဲက ထွက်ခွာသွားတဲ့ အဲဒီလူငယ်ရဲ့ ကျောပြင်ကိုကြည့်ရင်း သက်ပြင်းမောတစ်ချက် ချလိုက်ရပါတယ်။ မရောင်းပေးလိုက်ပြန်ရင်လည်း တစ်ဖက်မိန်းကလေးမှာ မရှုနိုင်၊ မကယ်နိုင်ဖြစ်ဦးမှာ၊ မဟုတ်ကဟုတ်က နည်းတွေနဲ့ လုပ်ကြ၊ ရှင်းကြဦးမှာဆိုတော့ . . . အဲဒီလို မဟုတ်တရုတ်ကိစ္စတွေမှာ ကြုံရာပါဖြစ်နေတဲ့ ဆေးဆိုင်ဖွင့်ထားသူ ကျွန်တော့်ကိုယ်ကျွန်တော်ပဲ စိတ်ပျက်မိပါတယ်။

ဒါပေမဲ့ ကျွန်တော့်ဆိုင်ထဲက ထွက်ခွာသွားတဲ့ အဲဒီလူငယ်ဟာ ဆိုင်ရှေ့ ပိတောက်ပင်အောက် မှောင်ရိပ်ကျနေတဲ့ဘက်မှာ ရပ်နေတဲ့ စုံတွဲတစ်တွဲအနားရောက်သွားခဲ့ပြီး ကောင်လေးတစ်ယောက်ရဲ့လက်ထဲ ဆေးကတ်ကို မသိမသာထိုးပေးလိုက်ရင်း သုံးယောက်စလုံး ထွက်ခွာသွားကြပါတယ်။ ပိတောက်ပင်အောက် မှောင်ရိပ်အလွန်မှာတော့ ဆိုင်ထဲကလျှံကျနေတဲ့ မီးရောင်ကြောင့် အဲဒီသုံးယောက်စလုံးရဲ့ နောက်ကျောကို ရှင်းလင်းစွာ မြင်လိုက်ရတာမို့ ကျွန်တော်လည်း ခေါင်းကြီးသွားခဲ့ရပါတယ်။ ပူပန်သလို ဖြစ်လာတဲ့ ရင်ထဲမှာတော့ . . . .

ဒါ. . . ဒါ. . . အရင်က ကျွန်တော့်ဆီလာနေကျ ကောင်မလေးတို့စုံတွဲပဲ။ ဘုရား၊ ဘုရား ဟိုလူငယ်က ဟိုကိစ္စတွေ နောကျေနေပြီးသား။ ကောင်မလေးတို့စုံတွဲက ခုမှ ဆယ်တန်း။ ပြီးတော့ ကလေးတွေ။ ဟိုဘော်ဒီဂတ်လုပ်နေတဲ့ အမျိုးသမီးက ဘယ်ရောက်သွားသလဲ။ လိုက်မကြည့်တော့ဘူးလား။ ကောင်မလေးကို လုံးဝယုံကြည်သွားပြီလား။ ကောင်မလေးမိဘတွေကရော၊ သူတို့သမီးကို လုံးဝစိတ်ချလိုက်ပြီလား။ ခုကော ကောင်မလေးတို့စုံတွဲ ဘယ်သွားကြမှာလဲ။ အဲဒီဆေးကတ်ကိုရော ဘယ်သူ့အတွက်သုံးမှာလဲ။ ဒီကိစ္စ ကျွန်တော့်မှာ တာဝန်ရှိနေပြီလား။ ကောင်မလေးတို့စုံတွဲကို ဒါမျိုးမလုပ်ပါနဲ့ မသင့်တော်ပါဘူးလို့ သွားတားရကောင်းမလား။ ဒါမှမဟုတ် ကောင်မလေးရဲ့ မိဘတွေကို သွားတိုင်ရရင် ကောင်းမလား။ လိပ်စာကလည်း မသိ။ လိပ်စာသိရင်တောင် ကောင်မလေးမိဘတွေက အိမ်ပြန်ရောက်ကြဦးမှာတဲ့လား။ ဒီကိစ္စဘယ်သူ့မှာ တာဝန်အရှိဆုံးလဲ။ ဟုတ်တယ် . . . ကျွန်တော့်မှာ တာဝန်ရှိတာပေါ့။ ကျွန်တော်က ကောင်မလေးတို့နှစ်ယောက်ရဲ့ မြားနတ်မောင်၊ အုပ်ထိန်းသူကြီး ခေတ္တဖြစ်ခဲ့တာလေ။ ကျွန်တော့်ဘက်က "ဟေ့ . . . မင်းတို့နှစ်ယောက် ဒါမျိုးမလုပ်ကြနဲ့၊ အိမ်ပြန်။ အဲဒီဆေးကတ် ဦးကို ပြန်ပေး။ ရော့ ပိုက်ဆံ" ဆိုပြီး သွားပြောရင် ကျွန်တော့်ကို ဘာပြန်ပြောကြမလဲ။ "ဦးနဲ့ ဘာဆိုင်လို့လဲ။ ဦးက သမီးတို့ရဲ့မိဘ၊ ဆွေမျိုး၊ အုပ်ထိန်းသူဟုတ်လို့လား"။ "ဦး ရောင်းသင့်တဲ့ ဆေးရောင်းပေးခဲ့ပြီးပြီလေ။ ကျန်တာ ကျွန်တော်တို့နှစ်ယောက်ရဲ့ကိစ္စ။ ဦးနဲ့ မဆိုင်ဘူး" ဆိုကြမလား။ ကောင်မလေးတို့စုံတွဲ အတတ်ကြူး ဘီလူးဖြစ်တော့မယ်။ ကောင်လေးက ဆယ်တန်းတစ်ခါကျ ဆယ့်ခုနစ်နှစ် ကောင်မလေးလည်း ဘာထူးလဲ၊ ခုမှ ဆယ့်ခြောက်နှစ် ဘာဆက်လုပ်ရပ့ါ။ တွေးရအကျပ်ကြီးပါလားနော်။ လောလောဆယ်တော့ ဟိုပျောက်သွားတဲ့ ဘော်ဒီဂတ်အမျိုးသမီးနဲ့ ကောင်မလေးရဲ့မိဘတွေကိုပဲ စိတ်ထဲက နုပ်နုပ်စဉ်းပစ်နေမိတယ်။

အတွေးစကားမဆုံးခင်မှာဘဲ ဆိုင်ထဲက ဖျတ်ခနဲထထွက်ပြီး ကောင်မလေးတို့စုံတွဲနောက် အပြေးလိုက်သွားမိတဲ့ ကျွန်တော်ဟာ ဘယ်လမ်းသွယ်ထဲ ဝင်သွားကြမှန်းမသိတဲ့ ကောင်မလေးတို့သုံးယောက်ကို အစအနတောင် မမြင်ရတော့ပါဘူး။ အဲဒီအခိုက်မှာပဲ ဖျတ်ခနဲ မီးပျက်သွားပါတယ်။

လမ်းသွယ်ကလေးတွေကတော့ ပိုလို့မှောင်မိုက်နေကြဆဲ။

**ထွန်းတောက်ထွဋ် (သချာ)**



Asian Fame Media Group



# အပျိုခဲ့သော ငါ့ဝ မယ်ကိုး

ရည်ညွှန်း ဖွဲ့သီ ချစ်သူဆီ

"စာအုပ်သွားငှားတာ" လို့ ကျွန်မစကားစတော့ မိတ်ဆွေက "ဩော် . . . ရတယ်လား" လို့ ရေလိုက်ငါးလိုက် ပြန်ပြောပါတယ်။ ကျွန်မ မချိမချဉ်ပြုံးနေမိပေါ့။ ရှက်ရယ်လို့ပဲ ညွှန်းရမလား။ ရည်ရွယ်ရင်းကတော့ Samuel Beckett စာအုပ်တချို့ငှားဖို့ စာကြည့်တိုက်ကို ရောက်သွားခဲ့တာ။ "ဘာငှားလာတယ် မှတ်လဲ" လို့ ဆက်ပြောမိတော့ "အင်း . . . ဘာငှားလာခဲ့လဲ" လို့ သူစကားထောက်ပေးရဲ့။ "Twilight နဲ့ New Moon" လို့ ပြောအပြီးမှာ သူက "အာ သေလိုက်ပါတော့" တဲ့။ ကျွန်မ မထိန်းနိုင်ဘဲ ရှက်စနိုးရယ်လိုက်မိပြန်။

ဟုတ်တယ် ဒါဟာ ရှက်စရာပဲ။ ဘာဖြစ်လို့ အဲဒီစာအုပ်တွေ ငှားခဲ့မှန်း စဉ်းစားမရနိုင်သေး။ စာကြည့်တိုက်ထဲ ဝင်ဝင်ချင်း မိန်းကလေးတစ်ယောက်လက်ထဲမှာ အဲဒီစာအုပ်ကို မြင်စဉ်မှာပဲ တုန်လှုပ်ရီဝေသွားခဲ့တာ။ ပြီးတော့ အဆင်အခြင်မဲ့ Young Fiction ဆိုတဲ့ စာတန်း

အောက်မှာ မျက်နှာပူနွေးစွာ အချိန်ကြာကြာရပ်နေမိတာ။ နောက်တော့ အလစ်သုတ်သူခိုးလို ဘေးပတ်ဝန်းကျင်ကို ကျီးလန့်စာစားကြည့်ကာ အဲဒီ့စာအုပ်တွေကို ဖျတ်ခနဲ အလျင်အမြန်ကောက်ဆွဲယူကာ စာအုပ်အငှားမှတ်ပေးတဲ့စက်ဆီ အလျင်အမြန်သွားခဲ့မိတာရယ်။

"ကလေးလေးလား ခင်ဗျားက" လို့ သူကဆိုတော့ ဘယ်လိုဆင်ခြေပေးရမလဲလို့ မတွေးတောနိုင်။ သေချာတာက အဲဒီသွေးစုပ်ဖုတ်ကောင်ရုပ်ရှင်ကို လုံးဝမကြိုက်ခဲ့ဘူး။ စာအုပ်ကိုရောဆိုရင် ဆယ်ကျော်သက်တွေအတွက် ရေးထားတဲ့ စာအုပ်ကို ကျွန်မ ဘယ်မှာ စွဲငြိနိုင်ပါ့မလဲ။ ဒါပေမဲ့ "စာမျက်နှာ ၄၉၈ ရွက်ကို တစ်ထိုင်တည်းဖတ်တာနော်"လို့ မလိုအပ်ဘဲ အရှက်ပြေပြောမိပြန်တာ။ "စိတ်မောတယ်"လို့ သူကနောက်တော့ ကျွန်မ ရယ်နေမိပေမယ့် အမှန်တရားဟာ လှလှပပ ရက်ရက်စက်စက် တိုက်ခိုက်ပြန်ပေါ့။ "ဘာလို့လဲ ဘဝချင်းမတူတဲ့ ချစ်သူအတွက်လား" တဲ့။ တစ်ခါ တလေမှာ စကားတစ်ခွန်းဟာ ဓားဆယ်စင်းထက် ဆိုးနိုင်ပါလားလို့ လက်ခံလိုက်ရတာ။ နှလုံးသားနံရံတစ်လွှာ အက်ကြေသွားသံကို ထပ်မံကြားရပြန်။ ဒီမေးခွန်းကို ဘယ်လို ရှောင်လွှဲရပ့ါ။ "ကျွန်မက သွေးစုပ်ဖုတ်ကောင် အကြောင်း စိတ်ဝင်စားနေတာ" လို့သာ အမှန်တစ်ဝက်ဆိုနိုင်အောင်ပဲ ကြိုးစားနိုင်ခဲ့ရဲ့။

ခက်တာက သူ့ရဲ့ ဝေဖန်ပိုင်းခြားနိုင်စွမ်းဟာ ကျွန်မထက်သာလွန်နေခဲ့။ "ခင်ဗျား အရင်လူနဲ့တူလို့လား" တဲ့။ ဒီထင်မြင်ချက်မျိုး ကိုယ်တိုင်ပေးမိမှာစိုးလို့ ကျိုးကြောင်းပြဆင်ခြေတွေ ပြင်ဆင်နေခဲ့လည်း ကြေကွဲခြင်းနဲ့သာ မျက်နှာချင်းဆိုင်ရပြန်။ "ဟုတ်"။ နောက်ဆုံးတော့ မရှောင်လွှဲနိုင်တဲ့ အမှန်တရားရှေ့မှာ လက်နက်ချလိုက်ရ။ ဒါပေမဲ့ ကံကောင်းထောက်မစွာပဲ လွတ်ငြိမ်းချမ်းသာခွင့် ရခဲ့တာ။ "တော်ပြီ အဲ့အကြောင်း မသိချင်တော့ဘူး။ ကျွန်တော် ခေါင်းမူးလိမ့်မယ်"တဲ့။ သူက စာနာစွာ စကားစ ဖြတ်ခဲ့လည်း မယုံမရှိပါနဲ့၊ လူတွေရဲ့ ငရဲဆိုတာ သူတို့ကိုယ်တိုင်

**အစွယ်**
**တဖွေးဖွေးအောက်မှာ**
**ဘဝနိဂုံး မချုပ်ချင်လို့**
**အမြဲထွက်ပြေးခဲ့ပေမယ့်**
**နှလုံးသား**
**ပါသွားတာတော့**
**ကျွန်မလည်း**
**ဘယ်တတ်နိုင်ပါ့မလဲ။**
**သူဟာ**
**ပညာရှင်ပဲ. . .**

ထွင်းတာ ရယ်။

ဘာဖြစ်လို့ ဒီလောက်အရေးအသားညံ့တဲ့ စာအုပ်တွေကို ကျွန်မ ခဏခဏ လှန်ကြည့်မိနေပါလိမ့်။ လွမ်းလို့ပါကွယ်။ အေးစက်တဲ့သူတွေ "cold ones" ဆိုတဲ့ စကားလုံးတိုင်းမှာ သူ့ကို သတိရတယ်။ သူဟာ နှလုံးသားမဲ့တဲ့ သွေးအေးသတ္တဝါ မဟုတ်ဘူးလို့ မငြင်းနဲ့နော်။ သူကိုယ်တိုင်ပဲ ပြောခဲ့တာ။ "သေသင့်ပြီ" လို့ ကိုယ့်ကိုယ်ကိုယ်ကျိန်ဆဲလည်း အမှတ်အသားမရှိတဲ့ နှလုံးသားက စွဲလမ်းခြင်းကို မဖြတ်နိုင်။ အန္တရာယ်ပေးနိုင်တယ်လို့ ကိုယ့်ကိုယ်ကိုယ် ပြောခဲ့တဲ့ သွေးစုပ်ဖုတ်ကောင်လိုပဲ သူဟာ ကြောက်စရာကောင်းတယ်။ ဘဲလ်လာဆိုတဲ့ ကောင်မလေးမှာ ဒုက္ခတွေကို ဖိတ်ခေါ်တဲ့ သံလိုက်ဆွဲအားရှိနေတယ်လို့ တင်စားခဲ့သလိုမျိုး ကျွန်မလည်း တစ်ဘဝလုံးကံဆိုးဖို့ ကျိန်စာရှိမှာပဲ။

စာအုပ်ထဲက ဒေါသသည်းတဲ့ သွေးစုပ်ဖုတ်ကောင်ကို မြင်ယောင်တိုင်း သူပဲလို့ ထင်မိရဲ့။ ဒါပေမဲ့ စိတ်ကူးယဉ် သွေးစုပ်ဖုတ်ကောင်ဟာ သူ့စိတ်ထက် အဆပေါင်းများစွာ သာလွန်ကောင်းမွန်သူရယ်။ ဟုတ်ကဲ့။ သူဟာ ကျွန်မအပေါ် ကြင်နာညှာတာမှုတစ်မှုန်ကလေးမှ မပေးခဲ့ဘူး။ ထပ်မပြောပါနဲ့။ ကျွန်မ နားလည်ပြီးသားပါ။ သူ ကျွန်မကို မချစ်ဘူး။ လုံးဝ မချစ်ခဲ့ဘူး။ သေးသေးလေး၊ မွှားမွှားလေး။ မြူတစ်စလေးတောင် မချစ်ခဲ့ဘူး။ ကျေးဇူးပြုပြီး ပုံကြီးမချဲ့ပါနဲ့။ ကျွန်မက နာကျင်ခံစားရခြင်းမှာ ပျော်မွေ့ချင်သူလို့၊ နှိပ်စက်ခံရခြင်းမှာ သာယာခဲ့တယ်လို့များ ထင်နေသလား။ အော့နှလုံးနာစရာ။ ချစ်မြတ်နိုးမှုအလုံးစုံဟာ ဒီလိုစွဲချက် အတင်ခံခဲ့ရတာ။ ရယ် . . . ရယ်ရသေးတော့လေ။

အစွယ်တဖွေးဖွေးအောက်မှာ ဘဝနိဂုံးမချုပ်ချင်လို့ အမြဲထွက်ပြေးခဲ့ပေမယ့် နှလုံးသားပါသွားတာတော့ ကျွန်မလည်း ဘယ်တတ်နိုင်ပါ့မလဲ။ သူဟာ ပညာရှင်ပဲ။ ဒီလိုသက်သေမဲ့ဆိုမိပြန်တော့ ကျွန်မသာ လွန်ကျူးသူ။ သူ့ဦးနှောက်ထဲမှာ ဇယားအကွက်ပေါင်းများစွာ။ သူ့လက်မှာ ဓားပေါင်းများစွာ။ သူလှည့်စားထားတဲ့ မှော်ဖန်ခွက်အမျိုးမျိုးက လင်းလက်နေတဲ့ သက်တံ့မျိုးစုံဟာ အရိပ်အယောင်များသာ။ ခါးလိုက်တာ။ ခံနိုင်ရည်ဟာ လွန်သွားပြီ။ သွေးစုပ်ဖုတ်ကောင်ဟာ အသက်ရှင်မှုအတွက်သာ လည်ချောင်းသွေးသောက်တာ။ သူကတော့ အပျင်းပြေသက်သက် နှလုံးသွေးနဲ့ ခြေဆေးလိုသူသာ။ မယုံဝံ့လောက်အောင် တုန်လှုပ်ကြောက်ရွံ့ဖွယ်။ ဘာဖြစ်လို့များ ဒီစာအုပ်တွေ ငှားခဲ့မိတာပါလိမ့်။ နောင်တကြီးစွာနဲ့ ကျွန်မ စာကြည့်တိုက်မှာ စာအုပ်တွေပြန်အပ်ရင်း မဆင်ခြင်ဘဲ မြစ်ဘေးထွက်ခဲ့မိပြန်တာ။

ရွေးချယ်မှုဟာ ဒီလိုပဲ အမြဲမှားနေပေါ့။ လကို ကြောက်လို့ ခေါင်းငုံ့လျှောက်နေသူဟာ ရေပြင်မှာ လရိပ်ကို မြင်စဉ်မှာ ထိန်းချုပ်နိုင်စွမ်းတွေ လွတ်ထွက်သွားပြီ။ သည်းမခံနိုင်တော့။ ဘာလဲ။ "ငါ့ရဲ့လမင်း" တဲ့လား။ သူ ဆိုခဲ့တာ။ တောမှာ သွားပြော။ ကျွန်မ တစ်ကိုယ်လုံး ဒေါသနဲ့ တုန်ရီနေပြီ။ သူ့ကို ရန်မလုပ်နိုင်လို့ လကိုပဲ ပြဿနာရှာရတော့မှာ။ ခက်တာက မြစ်ဘေးမှာ ဘာကျောက်စရစ်သေးငယ်မျှ အလွယ်တကူမရှိနေပါ။ ကျွန်မ လက်ထဲမှာ မြစ်ဆီပစ်ပေါက်ဖို့လည်း ဘာမှမရှိ။ ရေပေါ်မျောနေမယ့် ပစ္စည်းမျိုးကိုလည်း အသုံးမပြုရဲ။ ပတ်ဝန်းကျင်ညစ်ညမ်းစေမှုနဲ့ အရေးယူမခံရဘူးလို့ မပြောနိုင်။ နောက်ဆုံး ကြံရာမရတော့ ပိုက်ဆံအိတ်ထဲက အကြွေစေ့ကိုသာ အသုံးပြုရတော့မှာ။

နာကြည်းမှုတွေ စုစည်းလို့ အငြိုးနဲ့ ရည်ရွယ်ချိန်ပစ်လိုက်တော့ ရေရိပ်မှာ လဟာ အစိတ်စိတ်အမြွှာမြွှာကွဲသွား။ ဟား . . . ပျော်စရာကောင်းလိုက်တာ။ စိမ့်ထွက်လာတဲ့ မျက်ရည်များကို ပြုတ်မကျအောင် မနည်းထိန်းထားရ။ ပြီးတော့ ဆောက်တည်ရာမဲ့စွာ ကမ်းနဖူးက အုတ်ခုံလေးကားထစ်လေးတွေ အတိုင်း မြစ်ထဲ တဖြည်းဖြည်းဆင်းနေမိ။ "ဟေး. . . ရေထဲ ခုန်မချနဲ့လေ" တဲ့။ မှောင်ရိပ်အကွယ်က နောက်ပြောင်သံ သဲ့သဲ့။ ခုန်ချတော့ ဘာဖြစ်လဲ။ ခုန်ချမှာပဲ။ ကျွန်မ ရေထဲကျသွားရင် သူလာကယ်မယ်တဲ့။ ဟာ . . ဟာ။ မျက်နှာမော့ပြီး ရယ်လိုက်မိရာ မျက်ရည်တွေ လွင့်စဉ်ကျလာ။ ပူလောင်လွန်းလှချည့်။ လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောချင်မိရဲ့။ လူလိမ်။ လူလိမ်။ လူလိမ်လို့။ မုန်းတယ်။ သိပ်မုန်းတယ်။ အရမ်းမုန်းတယ်။

လည်ပြွန်ကွဲမတတ် အော်ဟစ်လိုက်လည်း အသံလေးတစ်မျှင်ပင် လွင့်ကျမလာ။ ဆင်းရဲပင်ပန်းလိုက်တာ။ ဒါပေမဲ့ ဘယ်သူမှမသိနိုင်ခဲ့ဘူး။ သူလာကယ်မယ်ဆို ကျွန်မ အရဲစွန့်ခုန်ချမှာပါ။ ဘယ်လိုလဲ။ သိပ်ရယ်စရာကောင်းတယ် မဟုတ်လား။ အဆုံးမှာတော့ သူ ပေါ့ပေါ့ပါးပါးလှည့်စားသမျှကို ဘုရားစကားလို အလေးအနက်ထားမိသူ ကျွန်မ အပြစ်တွေချည်းရယ်သာ။

အခု ကျွန်မ ရေနစ်နေပြီလေ။ ဟာသပဲနော်။ ပျော်ပျော်ရွှင်ရွှင် အောင်ပွဲခံပါဦး။

**မယ်ကိုး**

Asian Frame Media Group
MEDIA GROUP

# ဂျက်ကွမ်းပြုံကျွန်း မောင်ထမ်းလို့ ခေါ်ပါ့မယ်

(တစ်)

'မောင်ထမ်းလို့ ခေါ်ပါ့မယ် အကျိုးဆောင်လုပ်ငန်း' ဟူသတတ်။

ဘယ့်နှာကဲ့သို့သော အကျိုးဆောင်လုပ်ငန်းကြီးပေလဲမသိ။ စွန့်ဦးတီထွင်လုပ်ငန်း ရှင်တို့၏ အခန်းကဏ္ဍတွင် အနှီအကျိုးဆောင်လုပ်ငန်းမျိုးကို ဘယ့်နှာသို့သော




Asian Fame Media Group
MEDIA GROUP

အခန်းကဏ္ဍ၌ ထည့်သွင်းရလေမလဲ မသိ။ လုပ်ငန်းရှင်မှာကား သပွတ်အူ ကျေးရွာ၏ ဂုဏ်ဆောင် မဟာဝိဇ္ဇာ အဝင်းပေတည့်။

သပွတ်အူကျေးလက်၌ အခြေ စိုက်ကာ ထမ်းစင်ကလေးတစ်ခုနှင့် အတော့်ကို အလုပ်ဖြစ်နေသော အကျိုး ဆောင်လုပ်ငန်းကလေး ဖြစ်ပါ၏။ ဤနေရာ၌ ထမ်းစင်ဟု ဆိုလိုက်သည်မှာ ဘောလုံးကွင်းထဲ ရှိ ဘောလုံးသမားတို့ ထိခိုက်ဒဏ်ရာ ရရှိသွားကြလေသော အခါ ယင်းငင်း ဘောလုံးသမားတို့ကို တင်ဆောင် လျက် သူနာပြုနှစ်ဦးတို့က ရှေ့တစ် ယောက် နောက်တစ်ယောက် ကိုင် ဆောင်သယ်မ၍သွားကြရာ ထမ်းစင် ကိုပင် ဆိုလိုခြင်းဖြစ်ပါ၏။ မဟာ ဝိဇ္ဇာအဝင်းသည်ကားငင်း ထိုကဲ့သို့ သော ထမ်းစင်တစ်ခုနှင့် လူနှစ် ယောက်တို့ကို အရင်းတည် ပြီးသည် ၏သကာလ မဆွက ဖော်ပြ ထားခဲ့ ပြီးဖြစ်သော **'မောင်ထမ်းလို့ ခေါ် ပါ့မယ်'** အကျိုးဆောင် လုပ်ငန်းကို လုပ်ကိုင်ခဲ့ခြင်းပင်ဖြစ်ပါ၏။ သပွတ် အူ ကျေးရွာ၏ ရွာလယ်လမ်းမကြီး တစ်နေရာရှိ ဆိုင် ခန်းကျဉ်းကျဉ်း ကလေးတစ်ခုတွင် ခေတ်နှင့်အညီ ဖွင့်လှစ်လိုက်ချေသည့် အကျိုးဆောင် လုပ်ငန်းပေတည်း။

(နှစ်)

ဤနေရာ၌ ခေတ်နှင့်အညီဆို သော စကားသည် အလွန်အင်မတန် မှကိုပင်လျှင် သင့်တင့်လျောက်ပတ် ဆီလျော်ပေ၏။ ဘဇော့ကြောင့်နည်း။ ဟုတ်ကဲ့ ကွဲကြပြဲကြခွဲကြသော ခေတ်ကြောင့်ပေတည့်။ မှန်ပါသည်။ ယနေ့ခေတ်သည်ကား ဣတ္ထိယခေါ် မိန်းမတို့ကွဲကြပြဲကြ ခွဲကြသော ခေတ်ပင် ဖြစ်ဘိပါချေပေသည်။

ယခု ဆယ်စုနှစ် နှစ်ခုသုံးခု သို့မဟုတ် နှစ်ပေါင်းနှစ်ဆယ် သုံး ဆယ်အတွင်းဝယ်ကြီးကြီး ငယ်ငယ်၊ ရွယ်ရွယ်လတ်လတ်၊ ပုပျပ်ပျပ်၊ ပိန် ရှည်ရှည်၊ မိန်းမတွေ မှန်သမျှတို့ သည် ငင်းတို့၏ ထဘီများ စကတ် များတို့ကို ကွဲကြပြဲကြခွဲကြလေ သည်မှာ ဘယ့်နှာမှ ရစရာမရှိပါ လေတော့။ ပထမဦးစွာ ကုမ္ပဏီ ဝန်ထမ်း မိန်းမပျိုအလန်းလေးတို့က စ၍ကွဲကြ၏။ ငင်းနောက် ဘဏ် ဝန်ထမ်းမိန်းမပျို အဆန်းကလေး တို့က ဆက်၍ ပြဲကြ၏။ ထို့နောက် လန်းဝွေ့ချ်ခေါ် ဘာသာစကား သင် တန်းသူ အလွမ်းကလေးများက ဆက်၍ ခွဲကြလေ၏။ ယင်း နောက် တွင် ကားလမ်းဘေး ဈေးသည်က အစ ကုမ္ပဏီကြီးထဲက မမအဆုံး၊ ခြေသလုံးနှင့် မဟာဒူး၊ ကျူး၍ကျော် တတ်သူက ပေါင်အလယ်၊ နယ်ချဲ့ ဝါဒကို နှလုံးသွင်းသူက ပေါင်ရင်း နားဆီအထိ ကွဲကြပြဲကြ ခွဲကြပါ လေကုန်တော့၏။ ပေါင်ဖြူနှင့် ပေါင်မည်း၊ ပေါင်ဝဲထူနှင့် ပေါင် ဂွတ်တက်၊ ခြေသလုံးပလွေရိုး နှင့် ဝါးပိုးဝါးနှယ် ခြေသလုံးတုတ်တုတ် ခိုင်ခိုင်၊ အကွဲ အပြဲ အခွဲစတိုင် နောက်မှာ ကောက်ကောက်ပါ အောင် လိုက်သွားကြချေကုန်တော့ သည်တည့်။

စင်စစ် ယင်းအနှီကွဲမှု ပြဲမှုခွဲမှု တို့၏ ဒုက္ခများကလည်း သေးငယ် လှသည် မဟုတ်ပေ။ ခြေတစ်လှမ်းကို ကုဋေတစ်သန်းလုပ်လျှင်လုပ် သို့ မဟုတ်ဘဲ နည်းနည်းကလေး ကျဲ ကာ နည်းနည်းကလေးကျယ် လိုက် သည်နှင့် တစ်ပတ်လည်ကာ အကျိုး နည်းသွားနိုင်ပါ၏။

တစ်နေ့ လမ်းဖြတ်၍ကူးနေဆဲ မီးပွိုင့်မှ ကားများလွတ်ထွက်၍ လာရာ အားရပါးရ ခြေကိုဖြဲလျက် ခပ်ကျဲကျဲလှမ်းလိုက်ချေရာ စကတ် ကို ခွဲထားသည့်နေရာက ဟက်ခနဲကွဲ ထွက်သွားသည်ဖြစ်၍ ချိတ်ကလေး နှင့် ပြန်တွယ်ကာ ဟန်မပျက်အသော့ နှင်သွားလေသည့် မဟေသီတစ်ပါး ကို ကျွန်ုပ်တွေ့ဖူးပါလေ၏။

စကတ်အကွဲနှင့် ဣတ္ထိယ တို့သည် ခွေးခြေပုတုတုကလေးများ အပေါ်၌ ထိုင်ရန်လည်း အဆင်မပြေ လှပါလေ။ လမ်းဘေး လက်ဖက်ရည် ဆိုင်၊ မုန့်ဟင်းခါးဆိုင်၊ အသုပ်ဆိုင် များတွင် ဘယ့်နှာသို့ ထိုင်ကြရပါအံ့။ တစ်ခါက စွန့်စား ခန်းတစ်ခုသဖွယ် နှလုံးပိုက်ကာ ခွေးခြေပုတုတု ကလေးပေါ် ထိုင်ရင်း လက်ဖက်ရည် သောက်နေသည့် ဧကရီတစ်ပါးသည် စကတ်အကွဲက ဟပြဲကြီးဖြစ်ကာ ပေါင်တံအလယ်လောက် ရောက် သည်အထိ Open Society ဖြစ်၍ နေသည်ကြောင့် လက်ဖက်ရည်ကို

## ရတီ အသော့အထေ့



ဤနေရာ၌ ထမ်းစင်ဟု ဆိုလိုက်သည်မှာ ဘောလုံးကွင်းထဲရှိ ဘောလုံးသမားတို့ ထိခိုက်ဒဏ်ရာ ရှိသွားကြလေသောအခါ ယင်းငင်း ဘောလုံးသမားတို့ကို တင်ဆောင်လျက် သူနာပြုနှစ်ဦးတို့က ရှေ့တစ်ယောက် နောက်တစ်ယောက် ကိုင်ဆောင်သယ်မ၍ သွားကြရာ...

Asian Fame Media Group

တစ်ငုံမျှသာကျိုက် ကာ ထသွားခဲ့ရသည်ကို ကျွန်ုပ် ကြုံဖူးချေ၏။

ထို့ပြင်တစ်ဝ အနှီကွဲကြ၊ ပြဲကြ၊ ခွဲကြသည့် ကက္ကတ္ထိယတို့သည် မော်တော်ကား မီးရထားစီးနင်းရန် အတွက်လည်း ရုံခါရုံခါခက်ခဲလှချေ၏။ ပလက်ဖောင်းကောင်းကောင်းတွေက နေရာတိုင်းမှာမရှိ၊ ရှိသည့်နေရာကျပြန်တော့လည်း ကားရပ်ပေးသည်က ပလက်ဖောင်းနှင့် ယူဇနာအကွာ ဘယ့်နှာသို့တက်ရမည်မသိ။ အချို့ တောဘူတာရုံကလေးများ၊ မြို့ပတ်ရထားဘူတာရုံကလေးများသည်လည်း ထိုနည်းနှင်နှင်ဖြစ်ပါ၏။ ပလက်ဖောင်းက နေရာတိုင်းမှာမရှိ၊ ရှိသည့် နေရာကျပြန်တော့ တိုနံ့နံ့။ မီးရထားပေါ်သို့ ဘယ့်နှာတက်ရပါအံ့။ ဒိုင်နာနှယ် ခြေနင်းခုံ မြင့်သော ကားများဆိုလျှင် မှန်းဆ၍သာ ရှုမျှော်ကြပါလေတော့။ အပေါ်သို့ တက်ရန် ခြေထောက်ကို လှမ်းလိုက် တိုင်း ဒူးနားကဆွဲ၍ စည်းထားသလို ဖြစ်သောကြောင့် ယက်ကန် ယက်ကန်နှင့် ပက်လက်လန်မလိုလိုဖြစ်ကာ ကျန်ရစ်၍ နေခဲ့ရရှာချေသော မပျောသီဒေဝီ အကွဲအပြဲ အခွဲတို့ကို မကြာခဏ တွေ့နိုင်ကြပါကုန်၏။

အချုပ်ကိုဆိုရသော် ဘဇာပဲ ဖြစ်ဖြစ် သူများကွဲ ကိုယ်ကွဲ၊ သူများပြဲ ကိုယ်ပြဲ၊ သူများခွဲ ကိုယ်ခွဲတတ်ကြသည့် လောကီလူသားတို့၏ သဘာဝအတိုင်း သပွတ်အူက ကက္ကတ္ထိယတို့သည်လည်း နောင်ခါလာ နောင်ခါချေးဟု သဘောထားကာ လိုက်၍သာ ကွဲကြ ပြဲကြ ခွဲကြလေကုန်သတည်း။

(သုံး)

သပွတ်အူသည်ကား ရေတက်ရေကျရှိသော ဒီရေရောက် ရွာကလေးဖြစ်၏။ အခါတစ်ပါးဝယ် သပွတ်တံတားသို့ ကူးတို့လှေကလေး တစ်စင်း ဆိုက်ကပ်၏။ ရေကျချိန်ဖြစ်ချေရာ တံတားက အမြင့်၊ လှေက အနိမ့်။ စကတ်အကွဲနှင့် "ဆောင်းဟေမာန်နှင်း" ဆိုသူမိန်းကလေး လှမ်းတက်လိုက်ရာ ခြေထောက်ကလိုသလောက်ဟ၍မရဘဲ ဒူးနေရာ၌ တုတ်ကာ လည်ဆင်းသွားပြီး သပွတ်အူ ချောင်းအတွင်း ဝုန်းခနဲသက်ဆင်း၏။ ရေကူးတတ်၍သာ တော်သေးခဲ့ချေသည်တမုံ့။

တစ်ခါသားကမူ ရေပြင်၌ မဟုတ်ဘဲ မြေပြင်၌ဖြစ်၏။ ရွှန်းလဲ့ဝသသန်၊ ပပအေးထွန်း အိန္ဒြာတင်ယု၊ ဆည်းဆာဇော်သန်း၊ နွေနှောင်းသဥ္ဇာ၊ ဝိုင်းစုထိပ်ထား အစရှိကုန်သည့် သပွတ်အူ၏ကဗျာ ခပ်သိမ်းကလျာတို့သည် မလှမ်းမကမ်းရှိ နှာခေါင်းချောင်းကျေးရွာက ဘုရားပွဲသို့သွားရန် စုစု စုစုနှင့် ဖြစ်နေကြကုန်၏။ မလှမ်းမကမ်း၌မူ နွားလှည်းတစ်စီး။ အနို့နှင့်သွားစို့ဟူသော အသံနှင့်အတူ လှည်းပေါ်သို့ တက်ရန်ပြင်ချေသော် စကတ်အကွဲနှင့် သပွတ်အူ၏ကဗျာတို့ ဘယ့်နှာတက်ရပါအံ့ မသိကပြီ။ ဒူး၌တုတ်နေသည် ဖြစ်၍ သူတို့၏ခြေထောက်ခွကြားကို လိုသလောက်ဟ၍မရ။ ဤ၌ မဟာဝိဇ္ဇာအဝင်းက ချီပြီးတင်လိုက်ကြ ဟယ်ဟု ဆိုလိုက်သည်မှစကာ အာနိုးဆန်သော လုလင်နှစ်ယောက်က ကဲဟယ် ကဲဟယ်နှင့် ပွေ့ပွေ့ပြီး တင်လိုက်ရာမှ အဆင်ချောသွားခဲ့သော ဟူ၏။

ဤသို့ ဤနှယ်ကလေးများမှ အစချီပြီးသည်၏ သကာလ မဟာဝိဇ္ဇာအဝင်းတစ်ယောက် ဉာဏ်အလင်းပေါက်ပြီးသည် ရှိသော် မောင်ထမ်းလို့ခေါ်ပါ့မယ် အကျိုးဆောင်လုပ်ငန်းကို တည်ထောင်၏။ ခေတ်နှင့်အညီခွဲ၍၊ ကွဲ၍နေကုန်သော သပွတ်အူမမတို့ကား လှည်းဆိပ် ထော်လာဂျီဆိပ်စသည်များ၌ ထမ်းစင်နှင့် တင်ပေးချပေးသော လုပ်ငန်းဖြစ်၏။

အင်းဝခေတ်က ရှင်တေဇော သာရ ဖွဲ့ဆိုသီကုံးခဲ့လေသော ရခိုင်မင်းသမီးအလှ ရတုကဗျာထဲတွင် . . .

"ဆည်းရီညဝယ်
လွလွဖြူစင်၊ ပေါ်ရုံတင်၍
ထမ်းစင်ယာဉ်သာ၊ စီးစကာ
တည့်" ဟူသော အဖွဲ့ပါ၏။

အနို့အပြင် အင်းဝခေတ်စာဆိုတစ်ဦးဖြစ်ပြန်ချေသည့် ရှင်မဟာသီလဝံသက တောင်တွင်းကြီးမြို့သူကလေး၏ အလှကို . . .

"ဌာနဘုရား၊ ကျောင်းကန်သွားသော်
ဝတ်စားဆင်ယင်၊ ထမ်းစင်
သန်လျင်း၊ စီးနင်းတစ်သွယ်"
ဟူ၍ ဖွဲ့ဆိုခဲ့ပြန်ပါသေး၏။

ယင်းအနှီ ၎င်းတို့ကို ပေါင်းစပ်ကြည့်သည်ရှိသော် ရှေးက သမီးပျိုတို့သည် ထိုင်မသိမ်းကြီးများနှင့် ဖြစ်ကြချေရာ ထမ်းစင်နှင့်မှ အဆင်ပြေမည်မှာ ဘဇာမဆန်း။ ဟောယခု သပွတ်အူမမတို့ စကတ်အကွဲနှင့်ဖြစ်ရာ ထမ်းစင်နှင့်ထောက်ကူပေးသော် အိုကေ။

အနို့နှင့် မဟာဝိဇ္ဇာအဝင်း၏ "မောင်ထမ်းလို့ခေါ်ပါ့မယ်" အကျိုးဆောင်လုပ်ငန်းကြီး သပွတ်အူ၌ ပေါ်ပေါက်ဖွံ့ထွားလာခြင်း ဖြစ်ပါ၏။ ဆက်လက်၍ သပွတ်အူကျေးလက်တွင်သာမကဘဲ နိုင်ငံတော် အနှံ့အပြား၌ ဘတ်စကားအဆင်းအတက်၊ ရထားအဆင်းအတက်၊ မော်တော်အဆင်းအတက်၊ ဆိုင်ကယ်အဆင်းအတက် စသည်စသည်တို့တွင် အနှီ အကွဲအပြဲ အခွဲတို့ကို အဆင်ပြေပြေ တက်နိုင်ဆင်းနိုင်ရန် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများ ပေါ်ပေါက်လာသော် ကောင်းလေစွဟု ဆန္ဒပြုမိပါကြောင်း ဟူလို။ ။

**ဂျက်ကွမ်းခြံကုန်း**



Asian Fame Media Group



# ကျောက်မျက်များ တူးဖော်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လွှမ်းမိုးမှု (၃)

သိန်းပိုင်(M.Engg.Geol)

Asian Fashion Media Group

ယခင်လမှအဆက်

**တရားဥပဒေနှင့်အညီ တိုးတက်လာသော စီမံခန့်ခွဲမှု**

များစွာသော ကျောက်မျက် ထုတ်လုပ်သည့် နိုင်ငံများသည် ကျောက်မျက်များတူးဖော် ထုတ်လုပ်ခြင်းကဏ္ဍတွင် စည်းမျဉ်းစည်းကမ်း များနှင့် အညီ တရားဝင်ဖြစ်စေရန်အတွက် ရုန်းကန် နေရပြီး အထူးသဖြင့် တစ်ပိုင်တစ်နိုင် တူးဖော် ထုတ်လုပ်ခြင်းနှင့် လက်လုပ်လက်စား ကျောက်မျက် တူးဖော်သူများအတွက် ဖြစ်ပါသည်။ နိုင်ငံအများစုမှာ ၎င်းတို့၏စည်းမျဉ်းစည်းကမ်း ဥပဒေများကို လက်လုပ်လက်စား ကျောက်မျက် တူးဖော်သူများနှင့် အသေးစားထုတ်လုပ်မှုများအတွက် တိတိကျကျကြိုတင်ပြင်ဆင်မှုများ မပြုလုပ်ခြင်းမှာ စိတ်ပျက်စရာပင် ဖြစ်ပါသည်။ များစွာသော အစိုးရများသည် ယင်းတို့နှင့် ပတ်သက်သော အပြောင်းအလဲများကို အကောင်အထည်ဖော်လျက်ရှိပြီး ဥပဒေနှင့် နည်းဥပဒေများ အတည်ပြုခြင်းကို တိုးတက်လာစေရန် မဖြစ်မနေ ကြိုးစားအားထုတ်လာကြပါသည်။ ယင်းမှာ ကျောက်မျက်များ တူးဖော်ထုတ်လုပ်သည့် များစွာသော နိုင်ငံများတွင် အဓိကပြဿနာဖြစ် နေပါသည်။ ဌာနဆိုင်ရာများ၏ နာတာရှည်ရောဂါကဲ့သို့ အမြစ်တွယ် အကျင့်ပါနေသော အကျင့်ပျက်ခြစားမှုများနှင့်အတူ ဝန်ထမ်းအင်အား မလုံလောက်မှုနှင့် အရည်အချင်းမပြည့်ဝသော



ဝန်ထမ်းများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်သော ဥပဒေ၊ နည်းဥပဒေများကို အတည်ပြုမှုရယူရာတွင် နှေးကွေးကြန့်ကြာနေခြင်းများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စစ်ဆေးမှုများ၊ စောင့်ကြည့်သတိပေးမှု လုပ်ထုံး လုပ်နည်းနှင့် အစီအစဉ်များအပေါ် အကြီးအကျယ် နှောင့်နှေး ကြန့်ကြာစေပါသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် နည်းဥပဒေများကို ကျောက်မျက်များ တူးဖော်ထုတ်လုပ်သူများနှင့် အမှန်တကယ် အကောင်အထည် ဖော်နိုင်ခဲ့ပါက ကောင်းမွန်ခိုင်မာသော အထောက်အထားများ ဖြစ်လာမည် ဖြစ်ပါသည်။ ယင်းတို့သည် ကျောက်မျက်ထုတ်လုပ်သူများ၏ အရွယ်အစားနှင့် သဘာဝ များကို အဆင်ပြေ အောင် ပြုလုပ်ပေးရမည် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းတို့သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းစည်း ကမ်းများနှင့် နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရန် အသိပညာဗဟုသုတ (သို့) အားကိုးအားထား အခြေအမြစ်များ မရှိသောကြောင့် ဖြစ်ပါသည်။အကြီးစား ကျောက်မျက်တူးဖော်ထုတ်လုပ်သူများ သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေစည်းမျဉ်းစည်း ကမ်းများနှင့်ကိုက်ညီစေရန် ပိုမိုပဓာနကျပြီး တစ်ပိုင်တစ်နိုင် ကျောက်မျက် ထုတ်လုပ်သူများထက် သဘာဝပတ်ဝန်းကျင်အပေါ် အရှိန်အဟုန်ဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ပေးရန် ပိုမိုတာဝန်ရှိသည်ဟု ယူဆကြပါသည်။ ကမ္ဘာတစ်ဝှမ်းတွင် တစ်ပိုင်တစ်နိုင် ကျောက်မျက်တူးဖော်ခြင်း လုပ်ငန်းများသည် တိုးပွားလာလျက်ရှိသည်နှင့်အညီ ကျောက်မျက်များ တူးဖော်ထုတ်လုပ်သူများလည်း များပြားလာကာ ဝင်ငွေရရှိရန် ပိုမိုလိုအပ်သဖြင့် ကျောက်မျက်ရင်းမြစ်သိုက်များကိုလည်း ရှာဖွေကြရပါသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများသည် ကျောက်မျက်များ တူးဖော်ထုတ်လုပ်ခြင်းနှင့် ဆက်စပ်လျက်ရှိပြီး ဆက်လက်၍လည်း တိုးတက်နေကာ ယင်းစိန်ခေါ်မှုများကို နိုင်ငံတော် အစိုးရများသည် စက်ရုံ အလုပ်ရုံများနှင့် ပူးပေါင်း၍ စီမံကွပ်ကဲခြင်းများကို ကြိုတင်ဆောင်ရွက်ထားရန် လိုအပ်ပါသည်။ အချို့သော အပြောင်း အလဲများကို တိုးတက်သော ကမ္ဘာကြီး၏ အစိုးရများသည် လွယ်ကူချောမောအောင် မစွမ်းဆောင်နိုင်သဖြင့် တကယ်တမ်းတွင် အပြစ်သာ မြင်နေသည်ဟု "Hilson" က ၂၀၀၂ ခုနှစ်တွင် မှန်ကန်စွာ သုံးသပ်တင်ပြခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော်များစွာသော အဖြစ်အပျက်များတွင် ထိထိရောက်ရောက် မဆောင်ရွက်နိုင်ခြင်း နှင့် ရေရှည်တွင် စဉ်ဆက်မပြတ် လုပ်ဆောင်နိုင်ခြင်းမရှိသောကြောင့် ဖြစ်ပါသည်။

ကျောက်မျက်တူးဖော်ထုတ် လုပ်သူများနှင့် ပျက်စီးလွယ်သော သဘာဝပတ်ဝန်းကျင်စနစ်အကြား အပြန်အလှန်အားဖြင့် လျစ်လျူရှု၍ မရပါ။ ဥပမာအားဖြင့် မဒါဂါစကား (Madagascar) ရှိ "Ankarana" နှင့် "Isalo" အမျိုးသားဥယျာဉ်များ၊ မိုဇစ်ဘစ်နိုင်ငံရှိ အမျိုးသားကာကွယ် တောများတွင် ကျောက်မျက်တူး ဖော်သူများနှင့် ဘေးအန္တရာယ် ကျရောက်နေသည့် တိရစ္ဆာန်မျိုးစိတ်များ၏ လိုအပ်ချက်များကို လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်ရန်ထက် အခြားနည်းလမ်းများ လုပ်ဆောင်လျက်ရှိရာ အောင်မြင်မှုထက် ကျရှုံးနိုင် ခြေပိုများသည်ဟု ၂၀၀၉ ခုနှစ်တွင် "Cartier" ကလည်းကောင်း၊ ၂၀၁၀ ခုနှစ်တွင် "Pardieu" ကလည်းကောင်းပြောကြားထားပါသည်။

ယင်းသည် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ(သို့) လက်နက် ကိုင်အဖွဲ့အစည်းများဖြင့် ကြားဝင် ဖျန်ဖြေခြင်းများပြုလုပ်၍ မရဘဲ ၎င်းနေရာများသို့ ဝင်ရောက်လာ ခြင်းများကို ကျောက်မျက်တူးဖော် ထုတ်လုပ်သူများကသာ ကာကွယ်နိုင်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှုများကို အောက်ခြေ အဆင့်မှစ၍ ထိရောက်သည့် ဒေသဆိုင်ရာ စီမံကွပ်ကဲခြင်းများကို မဖြစ်မနေ ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဟု ၂၀၀၉ ခုနှစ်တွင် "Canave-sio" က ပြောကြားခဲ့ပါသည်။ အမှန်မှာ ယင်းစိန်ခေါ်မှုများသည် ရှုပ်ထွေး၍ ပြင်းထန်သည့် သဘောသဘာဝရှိသော တစ်ပိုင်တစ်နိုင် ကျောက်မျက်တူးဖော်ခြင်းလုပ်ငန်းများကို ထိန်းချုပ်သည့် မဟာဗျူဟာကို ရှာဖွေဖော်ထုတ်ရန်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်၏ စဉ်ဆက်မပြတ် တည်ရှိမှုများနှင့် လူမှုစီးပွားရေး ဘဝများကို တိုးတက်ဖွံ့ဖြိုးစေရန် စည်းစနစ်တကျ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

နောက်ဆုံးတွင် နိုင်ငံအများစုမှာ သိသာထင်ရှားသည့် ဖြစ်ပေါ် တိုးတက်မှုများမရှိဘဲ ယခု လက်ရှိ အချိန်တွင် မဒါဂါစကာ (Madagascar) နိုင်ငံမှာ အသိသာဆုံးဖြစ်ပြီး သတ္တုတွင်းကဏ္ဍတွင် ဥပဒေ၊ နည်း ဥပဒေများကို ပြဋ္ဌာန်း၍ ပြန်လည် ဖွဲ့စည်းခဲ့သော်လည်း နိုင်ငံတော်နှင့် ဒေသဆိုင်ရာတို့တွင် နိုင်ငံနီးကြားမှု မရှိခဲ့သဖြင့် စဉ်ဆက်မပြတ်တိုးတက်မှုကို ရှာဖွေခဲ့ရာ အောင်မြင်မှုမရရှိခဲ့ပါဟု ၂၀၀၈တွင် "Dickison" နှင့် "Deleon" တို့ မှ ပြောဆိုခဲ့ပါသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းကျောင်းမှုများကို တိုးမြှင့်နိုင်ရန်အတွက် အားလုံးသော နယ်ပယ်အသီးသီးမှ ဦးဆောင်ဦးရွက်ပြု သူများက စုပေါင်းလုပ်ကိုင်ရန် လိုအပ်ပြီး မှန်မှန်ကန်ကန် တာဝန်ယူ မည်ဟူသော အတွေးအခေါ်ကို ဆုပ်ကိုင်ထားရန် လိုအပ်ပါသည်။

၁၉၉၉ ခုနှစ်က "Zamora" တင်ပြခဲ့သည့် ကိုလံဘီယာနိုင်ငံရှိ ကျောက်မီးသွေးတူးဖော်ထုတ်လုပ်ပုံနှင့် ၂၀၁၀ ခုနှစ်က "Blore" တင်ပြခဲ့သော ဂူယာနာရှိ စိန်တူးဖော်ထုတ်လုပ်ပုံသည် တစ်ပိုင်တစ်နိုင်နှင့် အသေးစားထုတ်လုပ်မှုများ အပေါ် ထိရောက်စွာထိန်းကျောင်းနိုင်ခဲ့ပြီး သဘာဝပတ်ဝန်းကျင်ထိ ခိုက်မှုများကိုလည်း လိုက်လျောညီထွေစွာ စီမံကွပ်ကဲနိုင်ခဲ့ပါသည်။ အကယ်၍ လိုအပ်သော အထောက်အပံ့များကိုလည်း ဖြည့်ဆည်းပေးနိုင်ပြီး ပြဿနာရပ်များကိုလည်း အတိအကျညွှန်ပြနိုင်ပါက စီမံထိန်း ကျောင်းမှုများသည် အခြေခံအနေအရပ်ရပ်ကို တိုးတက်လာပါလိမ့်မည်။

### သဘာဝပတ်ဝန်းကျင်စနစ်နှင့် အသက်မွေးဝမ်းကျောင်းမှုများ

### ငှက်ဖျားရောဂါအကြောင်း

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရှုပ်ထွေးမှုများသည် သဘာဝပတ် ဝန်းကျင်ဆိုင်ရာ ကျန်းမာရေးနှင့် လူမှုစီးပွားရေးဖြစ်တည်မှုများနှင့် အတူခွဲခြား ၍ မရနိုင်လောက်အောင် ပေါင်းစပ်ယှက်နွယ် လျက်ရှိသည်ဟု ၂၀၀၆ ခုနှစ်တွင် "Kitula" က ပြောဆိုခဲ့ပါသည်။ ၂၀၀၄ ခုနှစ်တွင် "Yapabandara" နှင့်အဖွဲ့မှ ကျောက်မျက်တူးဖော်ထုတ် လုပ်သည့် ဒေသများနှင့် ငှက်ဖျားရောဂါဖြစ်ပွားမှု အတိုင်းအတာတို့ကို ဆက်စပ်၍ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကူးစက်ရောဂါများကို ကျယ်ကျယ်ပြန့်ပြန့်



Asian Fame Media Group



လေ့လာခဲ့ရာတွင် ကျောက်မျက်များ ရောင်းချမှုတွင် နာမည်ကျော်ကြားသော သီရိလင်္ကာနိုင်ငံရှိ " Elahera" ဒေသပါဝင်ခဲ့ပြီး အုပ်ချုပ်သူများ၊ အလှူရှင်များနှင့် စက်မှုလုပ်ငန်းရှင်များအတွက် အထောက်အထားများရရှိခဲ့ပါသည်။ ၎င်းမှာ အတိတ်ကဖြစ်ပျက်ခဲ့သော ပြဿနာများ၏ အဖြေကို ရှာဖွေရန် မဖြစ်မနေပြုလုပ် ဆောင်ရွက်ရမည့် အချက်ဖြစ်ပါသည်။ ငှက်ဖျားရောဂါဖြစ်ပွားခြင်း၏ အတိုင်းအတာပမာဏသည် တူးဖော်ပြီး မြေကျင်းများကို ပြန်မဖို့ သည့်အတွက် ရေဝပ်ဧရိယာများ ရှိနေခြင်းကြောင့် လွန်စွာတိုးတက် များပြားလာခဲ့ပါသည်။

၂၀၀၄ ခုနှစ်က "Yapaban- dara" နှင့်အဖွဲ့သည် အဝေးဆုံးသို့တိုင် သွားရောက်လေ့လာ၍ ဖော်ပြခဲ့သည်မှာ ကျောက်မျက်များတူးဖော်နေသည့် အရပ်ဒေသများတွင် တူးပြီးသား ကျောက်မျက်တွင်းများကို သေသေချာချာ ပြန်မပိတ်ခဲ့ခြင်းနှင့် သင့်လျော်သည့် ထိန်းချုပ်မှု နည်းစနစ်များကို ဖြစ်ဖြစ်မြောက်မြောက် မပြုလုပ်နိုင်ခြင်းတို့သည် ၎င်းအရပ်ဒေသအတွင်း ဝင်လိုက်ထွက်လိုက်နှင့် များစွာသော ရွှေ့ပြောင်း အလုပ်သမားများကြောင့် တစ်နိုင်ငံလုံးသို့ ငှက်ဖျားရောဂါ ပျံ့နှံ့ကူးစက်မှုသည် ကြောက်မက်ဖွယ်ရာဖြစ်ပါသည်။ ရှင်းလင်းပြတ်သားသည့် ပေါ်လစီနှင့်အတူ တရားမဝင် တူးဖော်နေသော ကျောက်မျက်တွင်းများနှင့် လိုင်စင်များကိုလည်း ပိတ်သိမ်းပစ်ရန်လိုအပ်ပါသည်။အထက်တွင် ဖော်ပြခဲ့သော ပြင်ပအခြေအနေများကြောင့် ယင်းအရပ်ဒေသများတွင် လူဦးရေတိုးပွားလာရုံသာမက ငှက်ဖျားရောဂါဖြစ်ပွားမှုလည်း တိုးတက်များပြားလာပါသည်။

**ခက်ခဲသော သင်ခန်းစာများနှင့် အဖြေရှာခြင်း**

ကျောက်မျက်များ၊ သတ္တုမိုင်းများတူးဖော် ခြင်းနှင့် စပ်လျဉ်းသည့် အားလုံးသော သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ပြေလည်စေမည့်နတ်ဆေးကဲ့သို့ ရောဂါမှန်သမျှ ပျောက်ကင်းစေမည့် နည်းလမ်းကောင်းတော့ မရှိပါ။ ကျောက်မျက်များ တူးဖော်ထုတ်လုပ်ခြင်းတွင် ကောင်းသည့်အချက်တစ်ခုမှာ ရွှေတွင်းများတူးဖော် ထုတ်လုပ်မှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကိုထိန်းချုပ်ရခြင်းထက် ပိုမိုလွယ်ကူခြင်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရွှေသတ္တုကို သန့်စင်ထုတ်လုပ်ရာတွင် ပြဒါး(သို့)ဆိုင်ရာနိုက် (Cyanide) ကဲ့သို့သော ဓာတုပစ္စည်းများကို အသုံးပြုခြင်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူသားများအပေါ် ထိခိုက်မှုရှိသော်လည်း ကျောက်မျက်တူးဖော် ထုတ်လုပ်ရာတွင် ယင်းဓာတုပစ္စည်းများကို မသုံးရခြင်းပင် ဖြစ်ပါသည်။ ပြန်လည် တည်ဆောက် ရေးတွင် အဆင့် (၂) ဆင့် ပါဝင်ပြီး မှန်ကန်သော ဥပဒေနှင့်နည်းဥပဒေများ ချမှတ်ဆောင်ရွက်ခြင်းနှင့်ပို၍ အရေးကြီးသည်မှာကျောက်မျက်များ တူးဖော် ထုတ်လုပ်ရာတွင် နည်းစနစ်များ တိုးတက် ကောင်းမွန်လာစေရန် ဖြစ်ပါသည်။ တိုးတက်လာသော တူးဖော်ထုတ်လုပ်နည်း စနစ်များနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ နည်းပညာများ၊ ဥပမာအားဖြင့် လွန်တွင်းတူးခြင်း၊ ယမ်းများ အသုံးပြုခြင်း၊ တွင်းတူးသည့် နည်းစနစ် များသည် တစ်ပိုင်တစ်နိုင်နှင့် အသေးစား ထုတ်လုပ်မှု အဆင့်တွင် ထိခိုက်မှုအနည်းဆုံးနှင့် ပိုမိုအကျိုးရှိအောင် ထုတ်လုပ်သင့်ပြီး သဘာဝပတ်ဝန်းကျင်နှင့် အလုပ်သမားများ၏ ဘေးကင်းလုံခြုံမှုနှစ်ခုစလုံးကို လုပ်ဆောင်သင့်ပါသည်။ မတူညီသော အခြားကိစ္စရပ်တစ်ခုမှာ ကျန်းမာရေးစနစ်ဖြစ်ပြီး ကျောက်မျက်တူးဖော်ထုတ်လုပ်နေသောအဖွဲ့ အစည်းများရှိ လူများအတွက် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်သော်လည်း၊ တစ်ပိုင်တစ် နိုင် ကျောက်မျက်တူးဖော်ရေး ကဏ္ဍတွင် ရှားရှားပါးပါး ဖော်ပြခံရသည့်ကိစ္စရပ်တစ်ခုသာ ဖြစ်ပါ သည်။ ၎င်းမှာ သင့်လျော်သော နည်းပညာများကို အသုံးပြုခဲ့သော်လည်း သောက်သုံးရေ ညစ်ညမ်း မှုကဲ့သို့သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုသည် ကျန်းမာရေး စံနှုန်းများအရ လုံလောက်မှုမရှိဘဲ သွေဖည်လျက်ရှိ နေသည်ဟု ၂၀၀၈ ခုနှစ်တွင် "Tilley" နှင့် အဖွဲ့က ပြောကြားခဲ့ပါသည်။



တန်ဇန်နီးယားနိုင်ငံသည် အသေးစား တူး ဖော် ထုတ်လုပ် ခြင်းနှင့် သက် ဆိုင်သော ဥပဒေပြုခြင်းကို မိတ်ဆက်ခဲ့ပြီး သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုကို တိုးတက် စေရန် အဆင့်များစွာကို အင်နှင့်အားနှင့် တည်ဆောက်နိုင်ရန် ကြိုးစား အားထုတ်ခဲ့ပါသည်။ အားလုံးသော ခွင့်ပြုချက်များကို ရရှိသောအခါ ကျောက်မျက်တူးဖော် ထုတ်လုပ်သူများသည် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများအပေါ် အကဲဖြတ်ဆန်းစစ်ခြင်းများ ပြုလုပ်ဆောင်ရွက်ရန် ငွေအရင်းအနှီးနှင့် ကျွမ်းကျင်မှုများမရှိဘဲ ဖြစ်နေရပါသည်။ တန်ဇန်နီးယား၏ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများသည် ကျောက်မျက်ဆေးကန်များ တည်ဆောက်ခြင်းအတွက် လိုအပ်ချက်များ၊ မြစ်ချောင်း အနီးနားရှိ အပင်များကို ခုတ်ထွင်ရှင်းလင်းမပြုရန် တားမြစ်ချက်များ၊ တူးပြီးသား တွင်းဟောင်းများကို မြေပြန်ဖို့ခြင်း၊ ကလေးလုပ်သားများကို အကာအကွယ်ပေးခြင်း၊ အိမ်သာတွင်းများ တည်ဆောက်ခြင်းတို့အပေါ် အခြေတည်ထားပြီး ကျောက်မိုင်းတူးဖော်ထုတ် လုပ်သူ များအား ပိုမိုသေချာစေကာ အကာ အကွယ်လည်း ရစေမည်ဟု ၂၀၀၆ ခုနှစ်က "Mutagwaba" မှ ပြောကြားခဲ့ပါသည်။

မျှော်လင့်ချက်မှာ ယင်း ဥပဒေသများသည် တဖြည်းဖြည်းပုံစံတကျ ဖြစ်လာပါက အခြေအနေများ တိုးတက်လာလိမ့်မည်ဖြစ်သော်လည်း သက်ဆိုင်ရာ တစ်ပိုင်တစ်နိုင် ကျောက်မျက်တူးဖော်ခြင်းများနှင့်အတူ ၎င်းမှာ စိန်ခေါ်မှုတစ်ရပ်အနေဖြင့် ကျန်ရှိနေပေလိမ့်မည်။ ၂၀၀၆ ခုနှစ်တွင် "Mutagwaba"သည် လေ့လာမှုများ ပြုလုပ်ခဲ့ပြီး တန်ဇန်နီး ယားနိုင်ငံ၏ ကျောက်မျက်နှင့် သတ္တုတူးဖော်ခြင်းကဏ္ဍတွင် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေရေးဆွဲရေးအတွက် ပြုလုပ်ခဲ့ပါသည်။ ယင်းကဲ့သို့ ပြုလုပ်ရာတွင် ဥပဒေနှင့် နည်းဥပဒေများကို ထိရောက်သော အတည်ပြုမှုများကို ကန့်သတ်ထားခြင်းသည် ပြဿနာများကို ဖြစ်ပေါ်စေပြီး ဥပဒေမှာကိုယ်၌ကပင် အားနည်းချက်များကို ဖြစ်ပေါ်စေကာ ယင်းအားနည်းချက်များနှင့်ပေါင်း စပ်ထားသော နည်းစနစ်ကို တာဝန် ခံရသည့် ဆောင်ချက်များသာ ဖြစ်ပါသည်။ ဂါနာနိုင်ငံနှင့် ဇင်ဘာဘွေနိုင်ငံတို့တွင်လည်း အခြေအနေ များကို တိုးတက်လာစေရန် ကြိုးစား အားထုတ်ခဲ့ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆိုင်ရာ အကဲဖြတ် ဆန်းစစ်ချက်များကို

Asian Fame Media Group

ရောထွေးနေ သော ရလဒ်များနှင့်အတူ ဖွံ့ဖြိုးလာခဲ့သည်ဟု "Hilson" က ၂၀၀၂ ခုနှစ်တွင် ပြောကြားခဲ့ပါသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် နည်းဥပဒေ များသည် အမေရိကန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့ရှိ ကျောက်မျက်တူးဖော်သူများအပေါ် သက်ရောက် မှုရှိပြီး အနာဂတ်တွင် မြေမျက်နှာပြင်များ ပြန်လည်ပြုပြင်ထိန်းသိမ်းရန် လိုအပ်သော ငွေကြေးများကိုထည့်ဝင်ရန် ပြန်လည်ပြုပြင်ရေး ကတိစာချုပ်များချုပ်ဆို၍ ပြဋ္ဌာန်းထားပါသည်။ ယင်းမှာ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးအတွက် မည်ကဲ့သို့ ကတိစာချုပ်များ ချုပ်ဆိုရမည်ဆိုသည့် အယူအဆကို စူးစမ်းရှာဖွေရန် အရေးကြီးပြီး ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများအတွက် လက်ခံနိုင်သော အစီအစဉ်တစ်ခုအနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြုပြင်ထိန်းသိမ်းမှုအတွက် ဘဏ္ဍာငွေများကို ထည့်ဝင်ကြရန်ဖြစ်ပါ သည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများ တိုးတက်ဖြစ်ပေါ် မှုအဖြေများကို တစ်ပိုင်တစ်နိုင် ကျောက်မျက်တူးဖော်သူများသို့ ချပြပြီး လက်တွေ့ကျကျနှင့် ကုန်ကျ စရိတ်အနည်းဆုံး လုပ်ဆောင်ရန် လိုအပ်ပါသည်။ တစ်ပိုင်တစ်နိုင်ကျောက်မျက်တူးဖော်သူများအတွက် ၎င်းနည်းလမ်းကို လွယ်ကူ လျင်မြန်၍ ငွေကြေးသက်သာစွာဖြင့် အကောင်အထည်ဖော်ရမည် ဟု "Hinton" နှင့်အဖွဲ့က ၂၀၀၃ ခုနှစ်တွင် ပွင့်ပွင့်လင်းလင်းနှင့် အခိုင် အမာပြောကြားခဲ့ပြီး တစ်ပိုင်တစ်နိုင်ကျောက်မျက်တူးဖော်သူများသည် နည်းပညာအတွက် (သို့) လိုအပ် သော စက်ကိရိယာပစ္စည်းများအတွက် ငွေကြေးတစ်စုံတစ်ရာ ပေးစရာမလိုသလို ပြန်ရစရာလည်း မရှိပေ။ ယင်းအချက်သည် စိတ်ထဲတွင် ရှင်းရှင်းလင်းလင်းဖြစ်နေရန် အရေးကြီးပါသည်။ နည်းဥပဒေ စည်းမျဉ်း စည်းကမ်းများနှင့် စိတ်ဓာတ် တက် ကြွလာအောင် လှုံ့ဆော်ပေးခြင်းနှစ်ခုစလုံးကို တကယ့်ဒေသခံ အစစ်များက လက်ခံလာစေရန် လိုအပ်ပါသည်။ စွန့်ပစ်ပစ္စည်းများကို လျှော့ချ၍ ထုတ်ကုန်များ တိုးတက်စေမည့် နည်းလမ်းများနှင့် သန့်ရှင်းရေးပစ္စည်းများ ထုတ်လုပ်မှုနည်းစနစ်တို့ကို ရှာဖွေသင့်ပါသည်။ ကျောက်မျက်များ တူးဖော်ထုတ်လုပ်နေသည့် အချိန်ကာလအတောအတွင်း ရွှေ့ပြောင်းနေထိုင်မှုများကြောင့် ထိခိုက်မှုများကိုလည်း အလေးအနက် ဂရုထားသင့်ပါသည်။


**အကြံပြုချက်များနှင့် နိဂုံး**

ကျောက်မျက်များတူးဖော် ထုတ်လုပ်ခြင်းနှင့် သုံးစွဲခြင်း၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုး ဆက်များသည် အားလုံးသော လုပ်ငန်းရှင်များ၏ တာဝန် ပင်ဖြစ်ပါသည်။ ယင်းအတိုင်းအတာ သည် ကျောက်မျက်တူးဖော်ထုတ်လုပ်သူ များမှသည် ကျောက်ကုန်သည်များ၊ လက်ဝတ်ရတနာ ရောင်း ဝယ်သူများနှင့် ဝတ်ဆင်သူများ၊ စက်မှုလက်မှု လုပ်ငန်းရှင်များမှသည် နိုင်ငံတော် အစိုးရထိ အောင် ကျယ်ပြန့်ပါသည်။ သဘာဝ ပတ်ဝန်းကျင်သည် ဝင်ငွေအတွက် အရေးပါသော အရင်းအမြစ်ဖြစ်ပြီး တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများ ပြီးဆုံးသွားပြီးနောက် ရေရှည်အသက်မွေးဝမ်းကျောင်းကို အထောက်အပံ့ဖြစ်ရန် လိုပါသည်။ သို့ပါ၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို မဖြစ်မနေလျှော့ချရန် လိုအပ်ပါသည်။ ထို့ကြောင့် အောက်ဖော်ပြပါ ရည်မှန်းချက်များ ပေါက်ရောက် အောင်မြင်အောင် ယေဘုယျအကြံပြုချက်များကို ဖော်ပြအပ်ပါသည်။


(၁) နိုင်ငံတော်အစိုးရများသည် ကျောက်မျက်နှင့် သတ္တုတွင်းကဏ္ဍ ကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားဝင်ဖြစ်အောင် ရှင်းလင်းပြတ်သားစွာတိုးမြှင့်လုပ် ဆောင်သင့်ပါသည်။ သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုအတွက် အထူးလေ့လာမှုများနှင့်အတူ အမျိုးသား ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အတွင်းမှတစ်ပိုင်တစ်နိုင်နှင့် အသေးစားတူးဖော်ထုတ်လုပ်သူ များအတွက် တိကျသော ကြိုတင် ပြင်ဆင်မှုများကိုလုပ်ဆောင်သင့်ပါသည်။

(၂) အစိုးရအာဏာပိုင်အဖွဲ့အစည်းများ၊ ကျောက်

ဝန်ထမ်းအင်အား
မလုံလောက်မှုနှင့်
အရည်အချင်းမပြည့်ဝသော
ဝန်ထမ်း များကြောင့် သဘာဝ
ပတ်ဝန်းကျင်နှင့်
ပတ်သက်သော ဥပဒေ၊
နည်းဥပဒေများကို အတည်
ပြုမှုရယူရာတွင်
နှေးကွေးကြန့်ကြာ
နေခြင်းများသည်
သဘာဝပတ်ဝန်း ကျင်ဆိုင်ရာ
စစ်ဆေးမှုများ၊
စောင့်ကြည့်သတိပေးမှု
လုပ်ထုံးလုပ်နည်းနှင့်
အစီအစဉ်များအပေါ်
အကြီးအကျယ်
နှောင့်နှေးကြန့်ကြာ
စေပါသည်။



Asian Fame Media Group



မျက်တူးဖော်ထုတ်လုပ်သူများနှင့် ကျောက်မျက်ကုန်သည်များသည် ထုတ်လုပ်မှုနှင့် ကုန်သွယ်မှု အဆင့်တိုင်း တွင်ပိုမို၍ ပွင့်ပွင့်လင်းလင်းနှင့် ထင်သာမြင်သာရှိသော အလုပ်များအဖြစ် ဦးတည်ဆောင်ရွက်သင့်ပါသည်။

(၃) စက်မှုလုပ်ငန်းများသည် နိုင်ငံတော်အစိုးရ၏ ကျောက်မျက် သယံဇာတများအပေါ် စီမံခန့်ခွဲမှု တာဝန်ဝတ္တရားကို လေးစားလိုက်နာသင့်ပါသည်။

(၄) ဥပဒေရေးဆွဲသူများကလည်း ဒေသခံတို့၏ အမှန်တကယ်ဖြစ်ရပ်များနှင့် လိုက်လျောညီထွေမှုရှိသည့် လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်း စည်းကမ်းများကို သေချာအောင် ပြုလုပ်သင့်ပြီး ဥပဒေများနှင့် ညွှန်ကြားချက်များသည် သဘာဝကျကျ မှန်မှန်ကန်ကန် အတည်ပြုနိုင်ရန် လိုအပ်ပါသည်။

(၅) သုတေသနပညာရှင်များနှင့် တိုးတက်ဖွံ့ဖြိုးရေးအဖွဲ့အစည်းများသည် ဦးစီးဦးဆောင် ပြုလုပ်၍ ပုံစံများရေးဆွဲထားသင့်ပြီး နိုးကြားတက်ကြွသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးမှူးများက စူးစိုက်လုပ်ဆောင်သင့်ပါသည်။ ဆိုလိုသည်မှာ စံနမူနာမြောက် အတင်းအကျပ် ပြုလုပ်ခြင်းထက် ရှေးဦးစွာ လေ့ကျင့်သင်ကြားပေးမှုများနှင့် အထောက် အပံ့များကို ပြုလုပ်ပေးသင့်ပါသည်။

(၆) အားလုံးသော ပါဝင်ဆောင်ရွက်သူများသည် ယင်းလုပ်ဆောင်မှုအပေါ် အမြင်ကြည်လင်စေပြီး ကျောက်မျက်များထုတ်လုပ်မှုသည် ဒေသဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် ခေတ်ကူပစ္စည်းတစ်ခုအနေဖြင့် ရရှိနိုင် ကာယင်းကိစ္စမှ အကျိုးကျေးဇူးများ ရရှိစေရန် ကြိုးပမ်းသင့်ပေသည်။

(၇) သုတေသနပညာရှင်များသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံ ခန့်ခွဲမှုများကို တိုးတက်လာစေရန် သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးမြှင့်တင်ပေးနိုင်မည့် တီထွင်ကြံဆမှုများကို လုပ်ဆောင်၍ ကျောက်မျက်တူးဖော်ထုတ်လုပ်သူ များကို ဆွဲဆောင်သင့်ပါသည်။



(၈) နိုင်ငံတော်အစိုးရများနှင့် တိုးတက်ဖွံ့ဖြိုးရေးအဖွဲ့အစည်းများသည် တစ်ပိုင်တစ်နိုင် ကျောက်မျက်တူးဖော်သူများနှင့် အသေးစား တူးဖော်ထုတ်လုပ်သူများ အဖွဲ့ အစည်းများ ဖွဲ့စည်းရေးကို အားပေး အားမြှောက်ပြုသင့်ပါသည်။

(၉) သုတေသနပညာရှင် များနှင့် တိုးတက်ဖွံ့ဖြိုးရေးအသင်းအဖွဲ့များ သည် လုပ်ငန်းစဉ်များကို တိုးတက် အောင်ပြုလုပ်သင့်ပြီး ကျောက်မျက်တူးဖော်ထုတ်လုပ်သူများအား လက်ရှိနည်းစနစ်များကို အကောင်းဆုံး ပြုလုပ်ခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင် သန့်ရှင်းရေးပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်းနည်းလမ်းများကို ကူညီပံ့ပိုးပေးသင့်သည်။

(၁၀) သုတေသနပညာရှင်များသည် မည်သည့်ကျန်းမာရေးဆိုင်ရာ နည်းပညာများသည် တူးဖော်ထုတ်လုပ်သည့်နေရာဒေသကွာခြားမှု အပေါ်မူတည်၍ အသင့်လျော် ဆုံးဖြစ်နိုင်သည်ကို စူးစမ်းလေ့လာသင့်ပါသည်။

(၁၁) ဒေသလုံးဆိုင်ရာ သုတေသန ပညာရှင်များသည် ကျောက်မျက်များ တူးဖော်ထုတ်လုပ်သည့် ဒေသများတွင် ရှေးဦးလမ်းပြစီမံကိန်း များကို ဖွဲ့စည်းတည်ဆောက်၍ လက်တွေ့ကျကျ ဘေးအန္တရာယ်များ လျော့ပါး သွားစေနိုင်မည့် နည်းပညာများကို စုစည်း၍ ညွှန်ပြပြီး ခိုင်မာအောင် ဆောင်ရွက်သင့်ပါသည်။

(၁၂) သုတေသနပညာရှင်များသည် ရိုးစင်းသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို တီထွင်ကြံဆသင့်ပြီး ကျောက်မျက်များ ထုတ်လုပ်နေသည့် လုပ်ငန်းကြီး တစ်ခုလုံးကလည်း အတိတ်ကာလမှ ကျောက်မျက်များ တူးဖော်ထုတ်လုပ်မှုအကျိုးဆက်ကြောင့် မြေမျက်နှာပြင်များပြန်လည်ပြုပြင်ထိန်းသိမ်းရန် လိုအပ်သော ရန်ပုံငွေများ ရရှိနိုင်မည့်နည်းလမ်း ချမှတ်ဆောင်ရွက်သင့်ပါသည်။

ယခုအခါ အကြီးစား ကျောက်မျက်တူးဖော်ထုတ်လုပ်သူများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ရှင်သန် ဖြစ်ထွန်းမှုကို တိုး မြှင့်ရန် တက်ကြွစွာ ဆောင်ရွက်လျက်ရှိပါသည်။ မျှော်လင့်ချက်ကြီးစွာဖြင့် ယင်းကဲ့သို့ ကြိုးစားအားထုတ်မှုသည် တစ်ပိုင်တစ်နိုင် ကျောက်မျက်တူးဖော်သူများကဏ္ဍကိုပါ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာစေပြီး ကျောက်မျက်များထုတ်လုပ်နေသည့် လုပ်ငန်းကွန်ရက်ကြီး တစ်ခုလုံး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်မှုများကို တိုးတက်ဖြစ်ထွန်းလာစေနိုင်ပါသည်။

**သိန်းဝိုင်** (M.Engg.Geol.)

Ref: Laurent E. Cartier, Ph.D candidate, "In color , All about colored Gemstone," Issue 15, pp.16-19, "Environmental stewardship" in Gemstone Mining.